The **Commerce** Journal

http://www.commercejournal.com.mm

စီးပွားရေးသတင်းဂျာနယ်

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ


VOL .15, NO . 24 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | June 29 , 2015

## စစ်ကိုင်းမြို့၏ သမားရိုးကျ

# ငွေထည်ကြေးထည် ထုဆစ်ခြင်းမှသည်

## အိမ်တွင်းစက်မှုလုပ်ငန်းများဆီသို့

| ကောသီအောင် ၊ စားသုံးသူရေးရာ (စစ်ကိုင်း) | ၂၀



## မြန်မာ့သရက်ပွဲတော်မှသည်

### ပြည်တွင်း/ပြည်ပ

### ဈေးကွက်ချဲ့ထွင်ရေးသို့



၁၄

နယ်စပ်ဒေသများရှိ စီးပွားရေးဌာနများ၌ စင်ကာပူကုမ္ပဏီများအား ရင်းနှီးမြှုပ်နှံမှုပြုရန် ထိုင်းဝန်ကြီးချုပ်မှ ဖိတ်ခေါ် ၁၂

မုံရွာကုန်စည်ဒိုင် ဇွန်လစတုတ္ထပတ်ပဲဈေးကွက် အရောင်းအဝယ်မသွက်ဘဲ ဈေးအေးနေ ၆

ရွှေဘိုခရိုင်တွင် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် နွေစပါးရိတ်သိမ်းသူများပြားလာ ၂၈

# ATP AUTO TOP POWER

Car Sales Center

လာရောက်ဝယ်ယူသူ

**Customer** များအား

အထူးကျေးဇူးတင်ပါသည်။



အမှတ်(၂၃၂)၊ ဓမ္မစေတီလမ်း၊ အနောက်ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်။

(စင်္ကာပူသံရုံးဘေး)၊

ဖုန်း - ၀၉-၃၁၂၈၂၃၃၃၊ ၀၁-၅၄၄၇၂၄








# ဧရာဝတီ-ချောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (အက်မက်စ်) စီးပွားရေးဖိုရမ် ၂၀၁၅ သို့ ပြည်ထောင်စုဝန်ကြီး တက်ရောက်

မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ပါဝင်ဖွဲ့စည်းထားသည့် ဧရာဝတီ-ချောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (အက်မက်စ်) စီးပွားရေးဖိုရမ် ၂၀၁၅ ကို ဇွန်လ ၂၂ ရက်တွင် နေပြည်တော် Kempinski ဟိုတယ်၌ ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့် အက်မက်စ်စီးပွားရေးဖိုရမ်သည် ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လာစေရန် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ အကြားရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှု မှတ်တိုင်တစ်ခုအဖြစ် ကိုယ်စားပြုပါကြောင်း၊ အက်မက်စ် အဖွဲ့ဝင်နိုင်ငံများ အကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုတို့အတွက် အလွန်အရေးပါသည့် အခန်းကဏ္ဍဖြစ်သည်ကိုလည်းငြင်း၍ မရပါကြောင်း၊ ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကို လျော့ကျစေရေးနှင့် အက်မက်စ်အဖွဲ့ ပိုမိုတောင့်တင်းခိုင်မာစေမယ့် နည်းလမ်းများကိုလည်း တွေ့မြင်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် အက်မက်စ်ပါဝင်မှုကဏ္ဍကို ပိုမိုမြင့်တင်နိုင်စေရန်ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) အထွေထွေအတွင်းရေးမှူးချုပ် ဦးမိုးမြင့်ကျော်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ ၂၀၁၆-၂၀၁၈ အက်မက်စ် လုပ်ငန်းစီမံချက် မဟာဗျူဟာအပေါ် အက်မက်စ်စီးပွားရေးကောင်စီ၏ အကြံပြုတင်ပြချက်များကို အက်မက်စ် စီးပွားရေးကောင်စီ (မြန်မာ) အထွေထွေအတွင်းရေးမှူး (UMFCCI) ဗဟိုအလုပ်အမှုဆောင် ဦးမိုးကျော်က ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အက်မက်စ် စီးပွားရေးဖိုရမ်တွင် ၂၀၁၆-၂၀၁၈ ခုနှစ်အတွင်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့် ပတ်သက်၍ ကမ္ဘောဒီးယားနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌ Mr. Oknha Tuy Kyမှလည်းကောင်း၊ စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ စက်မှုနှင့်စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် အထူးစီးပွားရေးဇုန် အခွင့်အလမ်းများနှင့်ပတ်သက်၍ လာအိုနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်၊ အထွေထွေအတွင်းရေးမှူး Ms. Sengdavone Bangonesengdet ကလည်းကောင်း၊ သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး၊

➲ စာမျက်နှာ ၂၁ သို့

## ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ပညာထူးချွန်သူ ကျောင်းသား၊ ကျောင်းသူများနှင့် သင်တန်းထူးချွန်သူဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်



၂၀၁၅ ခုနှစ်အတွက် ပညာထူးချွန်ကျောင်းသား၊ ကျောင်းသူများနှင့် သင်တန်းထူးချွန်သူဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သင်တန်းထူးချွန်ဝန်ထမ်းများ၊ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏ မိဘများတက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်မှ ပညာရေးမြှင့်တင်မှု အစီအစဉ်များ ဆောင်ရွက်လျက်ရှိရာ မိမိတို့ဝန်ကြီးဌာနအနေဖြင့် မျိုးဆက်သစ်လူငယ်များ ပညာရည်မြင့်မားရေး တစ်တပ်တစ်အားပါဝင်ချီးမြှင့်ပံ့ပိုးတဲ့အနေနဲ့ ဝန်ထမ်းသား၊ သမီးကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်နှစ်အစတွင် ပညာသင်ထောက်ပံ့ကြေးပေးခြင်းနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ ဂုဏ်ထူးဖြင့် အောင်မြင်တဲ့ ကျောင်းသား၊ ကျောင်းသူများ၊ ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် သင်တန်းထူးချွန်ဆုရဝန်ထမ်းများအတွက် ဂုဏ်ပြုဆုငွေချီးမြှင့်ခြင်းဖြစ်ကြောင်း၊ မြန်မာ့လူငယ်အဖွဲ့အစည်းအား အနာဂတ်ဒီမိုကရေစီနှင့် အံဝင်ခွင်ကျဖြစ်ပြီး နိုင်ငံကြီးသား ပီသသူများ၊ ဗလငါးတန် ပြည့်ဝသူများ၊ တီထွင်ဖန်တီးနိုင်စွမ်းရှိသည့် မျိုးဆက်သစ်များ ဖြစ်ပေါ်လာစေရန် လေ့ကျင့်မွေးထုတ်နိုင်ရေး စီမံဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း၊ ပညာရဲရင့်ပွဲလယ်တင့်ဆိုတဲ့အတိုင်း ထူးချွန်ထက်မြက်တဲ့ ပညာရှင်တွေဖြစ် အောင် ယခုရတဲ့ထူးချွန်မှုလောက်နဲ့ ကျေနပ်မနေသင့်ဘဲ ဆတက်ထမ်းပိုး ကြိုးစားသွားကြရန်နှင့် တိုင်းပြည်၏အနာဂတ်မှာ အားကိုးအားထားပြုရတဲ့ လူတော်လူကောင်းများဖြစ်ရန် ရည်မှန်းချက်ထားပြီး ကြိုးစားသွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပညာသင် ထောက်ပံ့ကြေးများအား တာဝန်ရှိသူများထံသို့ပေးအပ်ပြီး တက္ကသိုလ်ဝင်တန်းတွင် ခြောက်ဘာသာဂုဏ်ထူးရ ကျောင်းသားတစ်ဦးအား ရွှေတစ်ကျပ်သား၊ ငါးဘာသာဂုဏ်ထူးရ ကျောင်းသားသုံးဦးတို့အား ရွှေ(၁၃ ပဲသား) ဆွဲပြားတစ်ခုစီတို့အားလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းမှ လေးဘာသာဂုဏ်ထူးရ ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုငွေအားလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဆုများအသီးသီး ချီးမြှင့်ကြပြီး ဘက်စုံထူးချွန်ဆုရ ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့အခမ်းအနားတွင် ပညာသင်ထောက်ပံ့ကြေး ၉၅ သိန်း၊ ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် သင်တန်းထူးချွန်ဆုရဝန်ထမ်းများအတွက် ချီးမြှင့်ငွေ ၄၈ သိန်း စုစုပေါင်း ၁၄၃ သိန်း ထောက်ပံ့ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မှူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၃၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.24 Monday June 29 2015

# ဆန်အဝင်ပါးနေတာမို့ လဆန်းရက်မှာ ဆန်အဝယ်ပြန်လိုက်လာနိုင်

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)ရဲ့ လက်ကားဆန်ဈေးမှာ ဖျာပုံ၊ နယ်စုံပေါ်ဆန်းလတ်စ တစ်အိတ်ကို ၃၅၀၀၀ကျပ်၊ ဖျာပုံထိပ်စ ၃၇၀၀၀ကျပ်၊ နယ်စုံ ထိပ်စ ၃၆၅၀၀ ကျပ်၊ ရွှေဘိုပေါ်ဆန်းဈေး ၄၃၅၀၀ ကျပ်မှ ၄၅၀၀၀ ကျပ်တို့ဖြင့် ဈေးဆက်ငြိမ်နေပြီး မြောင်းမြ၊ ပုသိမ် ပေါ်ဆန်းထိပ်စ တစ်အိတ်ကို ၄၀၅၀၀ ကျပ်ဖြစ်ခဲ့လို့ ယခင်အပတ်ထက် ၅၀၀ ကျပ်ခန့် ဈေးအနည်းငယ်ကျခဲ့ကြောင်း၊ ပြီးခဲ့သည့်ရက်တွေက မိုးဆက်တိုက်ကောင်းနေခဲ့လို့ လက်လီနှင့် လက်ကားအရောင်းအဝယ်များပါ အေးနေပြီး ဈေးငုတ်အတိုင်း ထိန်းရောင်းဝယ်နေကြကာအရည်အသွေးမကြိုက်တဲ့ဆန်စအချို့သာ ဈေးအနည်းငယ်ကျခဲ့ရတာဖြစ်ကြောင်း၊ ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထလတ်စ တစ်အိတ်ကို ၁၉၅၀၀ ကျပ်ဖြင့် ဈေးဆက်ငြိမ်နေသော်လည်း ထိပ်စ ၂၁၀၀၀ ကျပ်၊ မိုးသုခ ၂၁၀၀၀ ကျပ်မှ ၂၁၅၀၀ ကျပ်၊ ရက် ၉၀ မီးကောက် ၂၁၅၀၀ ကျပ်မှ ၂၂၀၀၀ ကျပ်၊ ဆင်းသွယ်လတ် ၂၂၀၀၀ ကျပ်မှ ၂၂၅၀၀ ကျပ်၊ နွေဆန်ရှယ် ၁၈၅၀၀ ကျပ်မှ ၁၉၅၀၀ ကျပ် အသီးသီးဖြစ်ခဲ့ကြလို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၅၀၀ ကျပ်မှ ၁၀၀၀ ကျပ်အတွင်း ဈေးအနည်းငယ်ဆက်ကျလာတာ တွေ့ရပါတယ်။

တယ်လီဖုန်း ဆက်သွယ်ရေးစနစ်များ၏ အပြိုင်အဆိုင်ကောင်းမွန်လာမှုကြောင့် ဒေါ်လာဈေးအတက် သတင်းအချက်အလက်ကို အချိန်နှင့်အမျှ သိရှိနေကြပြီး အချိန်မီစပါးဈေး၊ ဆန်ဈေးတွေ ချိန်ညှိလိုက်တက်ခဲ့ရာမှ ပြည်တွင်းဆန်ဈေးများ သိသာစွာ မြောက်တက်သွားရာမှ ဒေါ်လာဈေးပြန်ကျလာခဲ့ခြင်းနှင့် တရုတ်ဘက်လမ်းကြောင်း စစ်ဆေးမှုကြောင့် အရောင်းအဝယ် ယခင်လောက် မသွက်ဘဲ မူဆယ်လိုင်း အဆွဲလျော့ခဲ့တဲ့အတွက် ဆန်ကြမ်းဈေး ပြန်ကျလာခဲ့ရခြင်းဖြစ်ကြောင်း ဆန်ဈေးကွက်မှ သိရှိရပါတယ်။ ယခုအခါဝါးတန်းဒိုင်သို့ ဆန်အဝင်အနည်းငယ်ပါးနေကာ အဝယ်လည်းအေးနေလို့ ဈေးမပြတ်တာ၊ အရောင်းအဝယ်မပြတ်တာဖြစ်ကြောင်း သိရှိရပါတယ်။

ရန်ကုန်ဈေးကွက်အတွင်း ဧည့်မထ ၂၅ မှတ် (ပြည်ပ) ဆန်တစ်အိတ် ၅၀ ကီလိုကို ၁၆၈၀၀ ကျပ်ခန့်ရှိနေပြီး ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၃၀၀ ကျပ်ခန့်ဈေးကျဆင်းခဲ့သော်လည်း အရောင်းအဝယ် ငြိမ်နေကြောင်း၊ ရန်ကုန် FOB အတင်သမားလည်း ငြိမ်နေကြောင်း၊ EMATA MYANMAR 25%FOB(YANGON) ဈေး 310-315-340USD/MT ခန့် ဆန်အရည်အသွေးနှင့် တင်ပို့မည့်နိုင်ငံအလိုက် ဈေးနှုန်းကွာဟ တင်ပို့ရသော်လည်း ယခုအခါ ငြိမ်နေကြောင်း၊ တရုတ်-မူဆယ်လိုင်းသို့ ရန်ကုန်မှတင်ပို့မှုမှာလည်း တော်တော်လျော့သွားပြီး တွက်ခြေမကိုက်ဟု သိရှိရပါတယ်။

တရုတ်လိုင်း- မူဆယ်မှာ ဇွန်လ ၂၆ ရက်နေ့ဆန်ဈေးများမှာ ဧည့်မထ ၅ မှတ် နွေရှယ်၊ မှော်ဘီ၊ စူပါ တစ်အိတ်ကို ၁၄၀-၁၄၃ ယွမ်၊ ဧည့်မထ ၁၀ မှတ် မှော်ဘီ၊ စူပါ၊ ရတနာတိုး တစ်အိတ်ကို ၁၃၇-၁၃၉ယွမ်၊ ဧည့်မထ ၁၅ မှတ် မနောသုခ ၁၃၂-၁၃၅ ယွမ်၊ ဧည့်မထ ၂၅ မှတ် မနောသုခ ၁၂၇-၁၃၀ ယွမ်၊ ဧည့်မထ ၃၅ မှတ် မနောသုခ ၁၂၂-၁၂၄ ယွမ်၊ B 2,3,4 တစ်အိတ်ကို ၉၄-၉၇ ယွမ်၊ B 1,2 ၉၈-၁၀၁ ယွမ်၊ B EXTRA ၁၀၂-၁၀၇ ယွမ်ဖြစ်ခဲ့ကြလို့ ဇွန်လ ပထမပတ်ထက် ဆန်တစ်အိတ်ကို ၁ ယွမ်မှ ၅ ယွမ်ခန့်ဈေးကျခဲ့ပြီး ဆန်ကွဲတစ်အိတ်ကို ၄ ယွမ်မှ ၆ ယွမ်အတွင်း ဈေးကျခဲ့တာ တွေ့ရပါတယ်။ မူဆယ်ရှိ ဇွန်လ ၂၆ ရက်နေ့ ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၈၇ ဒသမ ၆၁ ကျပ်ဖြစ်ခဲ့လို့ ယခင်ဇွန်လပထမပတ်ထက် ၃ ဒသမ ၆၁ ကျပ်ပိုခဲ့ကြောင်း၊ ယခုတစ်ပတ်အတွင်း မူဆယ်သို့ပြည်တွင်းနယ်စုံမှ ဆန်တန် ၂၀၃၀၀ ခန့်ဝင်ရောက်ခဲ့ကြောင်း၊ မူဆယ်သို့ တရုတ်ဆန်ကုန်သည် ယခင်လောက်မလာသော်လည်း အရောင်းအဝယ်တော့ ရှိနေကြောင်း၊ တရုတ်ဘက်မှာ လမ်းကြောင်းစစ်ဆေးမှု များနေလို့ နည်းသွားရတာဖြစ်တယ်လို့ ကြားသိရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲ ပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇွန် ၁၉ ရက်ထိ တန်ချိန် ၄၅၄၆၆၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅၆ သန်းကျော် တင်ပို့ထားပြီး၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၁၈၄၃၈၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၇ သန်းကျော်ဖိုး ပိုမိုတင်ပို့ထားနိုင်တာတွေ့ရပါတယ်။ ပြည်တွင်းဆန်ဈေးကွက် ရှေ့အလားအလာ အနေဖြင့် လကုန်ထိတော့ ဒီအတိုင်း ခပ်အေးအေးသွားနေနိုင်ပြီး လဆန်းရက် နေလည်းပွင့်လာလျှင် ဆန်အဝင်ကလည်းပါးနေတာမို့ အဝယ်ပြန်လိုက်လာနိုင်တယ်လို့ ဆန်ဈေးကွက်မှ သုံးသပ်လျက်ရှိကြောင်း တင်ပြလိုက်ရပါတယ်။

**သန်းအေး-ဆန်စပါး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၅-၆-၂၀၁၅ | ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၈၂ | ၃၈၉ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၃ | ၃၈၀ | △ | ၃၄၅ | ၃၄၅ | □ | ၃၆၅ | ၃၈၅ | △ | ၃၈၀ | ၃၇၅ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၆၂ | ၃၆၈ | △ | ၃၂၅ | ၃၂၅ | □ | ၃၅၀ | ၃၅၀ | □ | ၃၃၅ | ၃၄၀ | △ |
| ပေါင်းဆန် | ၃၆၀ | ၃၆၅ | △ | - | - | - | ၃၆၀ | ၃၆၅ | △ | ၄၀၀ | ၃၉၅ | ▽ |

***Source: oryza.com***

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၅-၆-၂၀၁၅ | ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၅၀ | ၄၅၀ | □ | ၅၆၅ | ၅၆၅ | □ | ၅၅၅ | ၅၅၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၄၀ | ၄၄၀ | □ | - | - | - | - | - | - |

***Source: oryza.com***

## ပြည်တွင်းမြို့ကြီးများ၏ (၂၆-၆-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၇၃၆ | △ | ၁၈၅၀၀ | □ | ၇၅၄၄ | □ | ၄၀၀၀၀ | △ |
| ပုသိမ် | ၄၆၀၀ | □ | ၂၁၀၀၀ | □ | ၇၈၈၅ | □ | ၃၇၀၀၀ | □ |
| ပဲခူး | ၄၅၅၀ | □ | ၁၉၀၀၀ | □ | ၆၆၀၀ | □ | ၃၀၀၀၀ | □ |
| ရွှေဘို | ၄၉၅၀ | □ | ၂၃၅၀၀ | □ | ၁၁၄၅၀ | △ | ၃၉၅၀၀ | △ |
| စစ်တွေ | ၄၇၀၀ | △ | ၁၉၀၀၀ | △ | ၇၈၀၀ | □ | ၃၀၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၃၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၆၅၀ | □ | ၁၉၅၀၀ | □ | - | - | ၃၄၅၀၀ | ▽ |
| မန္တလေး | ၅၅၀၀ | □ | ၂၁၀၀၀ | □ | - | - | ၃၄၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၃၀၀၀ | □ | - | - | ၄၀၀၀၀ | □ |
| မော်လမြိုင် | ၄၈၀၀ | □ | ၁၈၅၀၀ | □ | ၇၆၀၀ | □ | ၃၂၀၀၀ | □ |
| လှိုင်ကော် | ၆၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မြိတ် | ၅၀၀၀ | △ | ၂၁၅၀၀ | □ | - | - | ၃၉၀၀၀ | □ |
| ဘားအံ | ၄၇၀၀ | △ | ၂၁၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| တောင်ကြီး | - | - | ၂၂၀၀၀ | □ | - | - | ၄၂၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စုံအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

## ယခုသီတင်းပတ်တွင် မြန်မာ-တရုတ်နယ်စပ်မှ ဆန်ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ လွယ်ဂျယ်စခန်းမှ ဇွန်လ ၁၃ ရက်မှ ၁၉ ရက်ထိ ရက်သတ္တပတ်အတွင်း ဆန်တန်ချိန် ၂၃၀၄၃ တန် တင်ပို့နိုင်ခဲ့ပါတယ်။ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၈ ဒသမ ၄၄၄ သန်းဖိုးဖြစ်ပြီး၊ ယခင်တစ်ပတ်တင်ပို့မှုထက် ၄၃၈ တန် ပိုခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှု တွေကတော့ မူဆယ်(၁၀၅) မိုင်မှ ငစိန်ဆန် ၁၄၇၁၄ တန်၊ ဧည့်မထ ၆၁၉၈ တန်ကျော်နဲ့ လွယ်ဂျယ်မှ ၂၁၃၀ တန်ကျော်ဖြစ်ပါတယ်။တရုတ်နိုင်ငံကို နယ်စပ်စခန်းများမှ ဆန်တင်ပို့မှုမှာ တစ်ရက်လျှင် တန်ချိန် ၃၀၀၀ ကျော်လောက်ပုံမှန်တင်ပို့မှုရှိနေကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ ဆန်တင်ပို့မှုပိုပေမယ့် ဆန်ကွဲတင်ပို့မှုလျော့ကျခဲ့ပါတယ်။မူဆယ်မှ ကန်ဒေါ်လာ ၃ ဒသမ ၃၈၆ သန်းဖိုးရှိ ဆန်ကွဲ ၁၀၄၁၇ တန်ကျော်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ထက် တန်၆၇၀ ခန့်လျော့နည်းခဲ့ပါတယ်။လွယ်ဂျယ်စခန်းမှာတော့ ယခင်တစ်ပတ်အတိုင်း ဆန်ကွဲ တန် ၁၀၀၀ တင်ပို့ခဲ့ပါတယ်။ ကောက်ညှင်းဆန် ၅၈၉ တန်ကိုတော့ မူဆယ်(၁၀၅)မိုင်မှတင်ပို့နိုင်ခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

## ပုသိမ်ဆန်စပါးဈေးကွက် ယခင်လထက် အရောင်းအဝယ်အေးကာ ဈေးနှုန်းကျဆင်းလျက်ရှိ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ဆန်စပါးဈေးကွက်တွင် မေလအတွင်းက အရောင်းအဝယ်သွက်ခဲ့ပေမယ့် ယခုဇွန်လ ဒုတိယပတ်မှစတင်၍ အရောင်းအဝယ်အေးသွားကာ ဆန်စပါးဈေးနှုန်းများ ကျဆင်းသွားကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

ပုသိမ်မြို့ ဆန်စပါးဈေးကွက်မှာ ဒေသအတွင်း စားသုံးမှုနဲ့ ရန်ကုန်၊ အညာဒေသများသို့ တင်ပို့ရောင်းချလျက်ရှိပြီး အဓိကဈေးကွက်မှာ အညာဈေးကွက်သို့ ပိုမိုတင်ပို့ရောင်းချလျက်ရှိကြောင်း မေလတွင် စပါးဈေးနှုန်းမှာ ဧရာဝတီပေါ်ဆန်း (၅၂) ပေါင်ခွဲ တင်း ၁၀၀ ကို ကျပ် ဆယ်သိန်းခွဲဈေးမှ ယခု ကျပ် ဆယ်သိန်းဈေး၊ ပေါ်ဆန်းရင်စပါး (၅၂) ပေါင်ခွဲ တင်း ၁၀၀ ကို ယခင် ကျပ် ကိုးသိန်းခွဲမှ ယခု ကျပ် ကိုးသိန်းဈေးနှုန်း ကျဆင်းလျက် စပါးတင်း ၁၀၀ ကို ကျပ်ငါးသောင်းခန့် ဈေးနှုန်းကျဆင်းသွားပြီး၊ ရွှေသွယ်စပါး ပေါင် (၅၀) တင်း ၁၀၀ ကို ယခင်မေလ ကျပ် ခြောက်သိန်းဈေးမှ ယခု ကျပ် ငါးသိန်းခုနစ်သောင်း၊ ငါးသိန်းရှစ်သောင်းကျပ်ဈေးနဲ့ ဧည့်မထအုပ်စု၊ မီးကောက်၊ မနောသုခ၊ သီးထပ်ရင် ပေါင် (၅၀) တင်း ၁၀၀ ကို ယခင် ကျပ် ငါးသိန်းဈေးမှ ယခု ကျပ် လေးသိန်းခုနစ်သောင်း၊ လေးသိန်းရှစ်သောင်းဈေး ဈေးနှုန်းကျဆင်းသွားပြီး စပါးတင်း ၁၀၀ ကို နှစ်သောင်းကျပ်၊ သုံးသောင်းကျပ် ပတ်ဝန်းကျင် ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း ဆန်စပါးဈေးကွက်မှ သိရပါတယ်။ စပါးဈေးနှုန်းများ ကျဆင်းလာမှုနဲ့အတူ ဆန်ဈေးနှုန်းမှာလည်း ယခင်လကထက် တစ်အိတ်ကို ၁၀၀၀ ကျပ်ဝန်းကျင် ဈေးနှုန်းကျဆင်းလျက်ရှိပြီး ယခင် မေလ ဧရာဝတီပေါ်ဆန်း တစ်အိတ်ကို ၄၀၀၀၀ ကျပ်-၄၁၀၀၀ ကျပ်မှ ယခု ၃၉၀၀၀ ကျပ်-၄၀၀၀၀ ကျပ်၊ ပေါ်ဆန်းရင် ဆန်တစ်အိတ်ကို ယခင် ၃၈၀၀၀ ကျပ်-၃၉၀၀၀ ကျပ်မှ ယခု ၃၇၀၀၀ ကျပ်-၃၈၀၀၀ ကျပ်ဈေး၊ ရွှေသွယ်ဆန် တစ်အိတ်ကိုယခင် ၂၃၀၀၀ကျပ်-၂၄၀၀၀ကျပ်မှ ယခု ၂၂၀၀၀ ကျပ်-၂၃၀၀၀ ကျပ် ဈေးဖြစ်သွားပြီး၊ ဧည့်မထအုပ်စုဝင် မီးကောက်၊ မနောသုခ၊ သီးထပ်ရင် ဆန်တစ်အိတ်ဈေးမှာလည်း ယခင် ၂၁၀၀၀ ကျပ်မှ ၂၁၅၀၀ ကျပ်ဈေးမှ ယခု ၂၀၀၀၀ ကျပ်-၂၀၅၀၀ ကျပ် ဈေးနှုန်းကျဆင်းသွားကြောင်း၊ ဆန်စပါးဈေးကွက်မှာ နယ်မှ အဝယ်လျော့နည်းသွားသည့်အတွက် အရောင်းအဝယ်အေးပြီး ဈေးနှုန်းလည်း ကျဆင်းသွားကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှ သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၆-၆-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၉/၆ | ၂၆/၆ | ပြောင်းလဲမှု | ၁၉/၆ | ၂၆/၆ | ပြောင်းလဲမှု | ၁၉/၆ | ၂၆/၆ | ပြောင်းလဲမှု | ၁၉/၆ | ၂၆/၆ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၁၉၅ | ၂၁၄၉ | ▼ | ၂၂၅၀ | ၂၂၁၇ | ▼ | ၂၂၀၀ | ၂၀၅၀ | ▼ | ၂၀၀၀ | ၁၉၅၀ | ▼ |
| ၂ | ပဲစင်းငုံ | ၂၀၅၄ | ၂၀၆၆ | ▲ | - | - | - | ၂၀၁၀ | ၁၉၉၀ | ▼ | ၂၀၀၀ | ၁၉၅၀ | ▼ |
| ၃ | ပဲတီစိမ်း | ၁၉၁၅ | ၁၉၁၅ | ■ | ၂၀၄၄ | ၁၇၇၈ | ▼ | ၂၀၅၃ | ၁၉၅၈ | ▼ | ၁၇၉၀ | ၁၈၄၂ | ▲ |
| ၄ | ကုလားပဲရိုးရိုး | ၁၅၆၀ | ၁၄၈၀ | ▼ | - | - | - | - | - | - | ၁၂၆၃ | ၁၂၂၆ | ▼ |
| ၅ | ပဲလွန်းဖြူ | ၁၂၃၀ | ၁၂၀၀ | ▼ | - | - | - | - | - | - | ၈၁၅ | ၈၀၅ | ▼ |
| ၆ | ထောပတ်ပဲ | ၇၈၀ | ၇၈၀ | ■ | ၉၄၂ | ၈၈၉ | ▼ | - | ၇၁၁ | - | ၆၁၀ | ၇၈၉ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၆-၆-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွမ်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၁၈/၆ | ၂၅/၆ | ပြောင်းလဲမှု | ၁၈/၆ | ၂၅/၆ | ပြောင်းလဲမှု | ၁၈/၆ | ၂၅/၆ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၁၄၀ | ၁၁၃၀ | ▼ | ၁၂၂၂ | ၁၂၀၃ | ▼ | ၁၂၂၂ | ၁၁၄၈ | ▼ |
| ၂ | ပဲစင်းငုံ | ၁၀၈၀ | ၁၀၇၀ | ▼ | ၁၁၂၀ | ၁၁၃၂ | ▲ | ၁၁၁၂ | ၁၁၀၈ | ▼ |
| ၃ | ပဲတီရွှေဝါ | ၁၀၄၀ | ၁၀၄၀ | ■ | ၁၀၁၈ | ၁၀၄၉ | ▼ | ၁၀၄၉ | ၁၀၃၈ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၆၅၀ | ၆၅၀ | ■ | ၇၁၅ | ၆၉၇ | ▼ | ၆၉၇ | ၆၇၆ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၁၃.၆.၁၅)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၂၀.၆.၁၅)ထိ | ပြည်ပတင်ပို့မှု (၁.၄.၁၅) မှ (၂၀.၆.၁၅) ထိ |
|---|---|---|---|
| မတ်ပဲ | ၃၅၈၂၃ | ၂၇၃၁၄ | ၂၇၀၁၀၅ |
| ပဲတီစိမ်း | ၄၇၇၇ | ၁၉၄၄ | ၆၇၇၀၀ |
| ပဲစင်းငုံ | ၅၀၀၄ | ၃၃၇၆ | ၇၂၂၂၅ |
| ကုလားပဲ | ၂၂၉၂ | ၁၈၄၁ | ၁၀၃၅၀ |
| ပဲလွန်းဖြူ | ၄၆၈ | ၉၁၄ | ၇၈၆၈ |
| မြေထောက်ပဲ | ၄၅၇ | ၅၉၅ | ၇၈၂၂ |

# ဇွန်လစတုတ္ထပတ် ဆီထွက်သီးနှံဈေးကွက် မြေပဲဆန်ဈေး ပြန်ငြိမ်လာ


မုံရွာကုန်စည်ဒိုင် ဇွန်လစတုတ္ထပတ် ဆီထွက်သီးနှံဈေးကွက်မှာ ပြီးခဲ့တဲ့ ရက်ပတ်က တစ်ဟုန်ထိုးတက်ခဲ့တဲ့ မြေပဲဆန်ဈေး ပြန်ငြိမ်လာခဲ့ရာ မြေပဲဆန် (ဖြူ) တစ်ပိဿာ ၂၈၅၀ ကျပ်နဲ့ မြေပဲဆန် (နီ) တစ်ပိဿာ ၂၈၇၅ ကျပ် အသီးသီးပေါက်ဈေးဖြစ်ပေါ်ခဲ့ပါတယ်။ အညာဆန်လို့ခေါ်တဲ့ ဟုမ္မလင်းဘက်က မြေပဲဆန်တွေအနည်းငယ်အဝင်သွက်ခဲ့ပြီး တစ်ရက်အိတ် ၅၀၀ မှ ၁၀၀၀ ထိ ဝင်သလောက်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

နှမ်းဈေးကွက်မှာတော့ နွေနှမ်းတွေ ဈေးကွက်ထဲဝင်လာပေမယ့် ယခုနှစ်ရာသီဥတုကြောင့် အထွက်နှုန်းထိခိုက်နိုင်လို့ အရင်နှစ်တွေလောက်မဝင်ဘူးလို့ ပွဲရုံရပ်ကွက်က ဆိုပါတယ်။

ယခုတစ်ပတ် နှမ်းဈေးအနေနဲ့ နှမ်းညိုဟာ တစ်တင်း ၂၆၅၀၀ ကျပ်မှ ၂၇၅၀၀ ကျပ်အတွင်း နှမ်းဖြူဟာ တစ်တင်း ၃၂၅၀၀ ကျပ်မှ ၃၃၀၀၀ ကျပ်အတွင်း ဈေးငြိမ်နေပြီး အရောင်းအဝယ်အနေနဲ့ ပုံမှန်သာ ဖြစ်ခဲ့တယ်လို့ ဈေးကွက်ကဆိုပါတယ်။

ဇွန်လ စတုတ္ထပတ် စားသုံးဆီဈေးကွက်မှာတော့ ပဲဆီဈေးဟာ ယခင်တစ်ပိဿာ ၄၈၀၀ ကျပ်မှ ၅၀၀၀ ကျပ်သို့ တက်ဈေးဖြစ်ခဲ့ပြီး၊ နှမ်းဆီက တစ်ပိဿာ ၄၀၀၀ ကျပ်နဲ့ စားအုန်းဆီက တစ်ပိဿာ ၁၅၆၀ ကျပ်မှ ၁၅၈၀ ကျပ်ကြား ဈေးငြိမ်လျက်ရှိတာ တွေ့ရပါတယ်။

**ထွန်းလှိုင်-မုံရွာ**



# ပြည်ပဲမျိုးစုံဈေးကွက်မှာ ဇွန်လတတိယပတ်အတွင်း မတ်ပဲ၊ ပဲစင်းငုံဈေးဆက်ကျဆင်းခဲ့ပြီး ပဲကြီးဈေးမြင့်တက်

ပြည်ပဲမျိုးစုံဈေးကွက်၏ အရောင်းအဝယ်ဖြစ်ခဲ့သော ပဲများ၏ ဈေးနှုန်းများနှင့် အရောင်းအဝယ်ဖြစ်မှု ပမာဏများကို လေ့လာရာ၌ ပဲကြီး၊ ဘိုကိတ်၊ စားတော်ပဲသီးနှံလောက်သာ ဈေးအနည်းငယ်မြင့်လာပြီး ပြည်ပဝယ်လိုအားရှိတဲ့ မတ်ပဲနှင့် ပဲစင်းငုံ ပဲများကတော့ ဈေးလျော့နည်းသွားသလို ပဲပုပ်နဲ့ ပဲနီပြားသီးနှံမှာ ဈေးငြိမ် အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။

မတ်ပဲသီးနှံမှာ ပန်းတောင်း၊ ပေါက်ခေါင်းမြို့နယ်များမှ ဝင်ရောက်ပြီး အိတ် ၂၀၀ ကျော်သာ အဝင်ရှိခဲ့ပါတယ်။ လှောင်ပဲလက်ကျန်များလည်း အသင့်အတင့်ရှိခဲ့ပြီး ဝယ်လိုအားကတော့ ရန်ကုန်ဝယ်လက်သာ အဝယ်ရှိပေမယ့် တစ်ရက် အိတ် ၂၀၀ ကျော် ပုံမှန် အရောင်းအဝယ်ဖြစ်ခဲ့သလို တချို့ရက်များမှာတော့ အိတ် ၄၀၀ ကျော်အထိ အဝယ်လိုက်ခဲ့ကြောင်း သိရပါတယ်။

ပဲဈေးမှာ ယခုတစ်ပတ်တွင် တစ်တင်း ၄၁၁၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ကထက် ထပ်မံဈေးလျော့ခဲ့တာကို တွေ့ရပါတယ်။ မတ်ပဲဈေးမှာ ဇွန်လဆန်းမှစ၍ ကျပ်လေးသောင်းအထက်ရရှိလာကာ ဒုတိယပတ်တွင် ပြည်ပဝယ်လိုအားလည်း ကောင်းခဲ့တဲ့အတွက် ရန်ကုန်ဝယ်လက်များ ဈေးကောင်းပေးအဝယ်ရှိလို့ တစ်တင်း ၄၄၅၀၀ ကျပ်ထိ ဈေးအမြင့်ဆုံးရရှိခဲ့ကာ ယခင်တစ်ပတ်မှစ၍ ဈေးပြန်အေးသွားခဲ့လို့ တစ်တင်း ၄၂၀၀၀ ကျပ်သာရရှိပြီး ဒီတစ်ပတ်အတွင်းမှာလည်း ၄၁၀၀၀ ကျပ်ပတ်ဝန်းကျင် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

ပဲစင်းငုံသီးနှံမှာလည်း မေလမှစ၍ ဝယ်လိုအားကောင်းခဲ့လို့ ဈေးတဖြည်းဖြည်း မြင့်တက်လာခဲ့ရာ မတ်ပဲဈေးနည်းတူ တစ်တင်း ၄ သောင်းကျပ်ကျော်အထိ ရရှိခဲ့ပါတယ်။ ယခင်ပတ်က တစ်တင်း ၄၁၅၀၀ ကျပ်ထိ ရရှိခဲ့ပြီး၊ ယခုတစ်ပတ်မှာတော့ မတ်ပဲဈေးအေးသွားသလို ပဲစင်းငုံလည်း ဈေးကျဆင်းခဲ့လို့ တစ်တင်း ၄၀၀၀၀ ကျပ်ဖြင့် လှောင်ပဲလက်ကျန်များ ဝယ်လိုအားပေါ် မူတည်၍ အိတ် ၄၀၀ ကျော် အရောင်းအဝယ် ဖြစ်ခဲ့ကြ ပါတယ်။ ယခင်နှစ်က ပဲစင်းငုံဈေးမှာ ဇွန်လအတွင်း တစ်တင်း ၁၉၀၀၀ ကျပ်ခန့်သာ ရရှိခဲ့တဲ့အတွက် ယခုနှစ်ဈေးကတော့ ပြည်ပဝယ်လိုအားရှိခဲ့လို့ မတ်ပဲဈေးနဲ့အပြိုင် ဈေးကောင်းခဲ့တဲ့ ပဲဖြစ်ခဲ့ပါတယ်။ မတ်ပဲနှင့်ပဲစင်းငုံသီးနှံမှာ ပြည်ပသို့ အဓိကတင်ပို့ရောင်းချနေရသဖြင့် ယခုတစ်ပတ်မှာ ပြည်ပဝယ်လိုအားနည်းသွားသလို ငွေဈေးနှုန်းများလည်း အတက်အကျဖြစ်ခဲ့လို့ ပဲဈေးများ လျော့နည်းသွားခြင်းဖြစ်ကြောင်း သိရပါတယ်။

ပဲကြီးသီးနှံဈေးနှုန်းများကတော့ မေလမှ ဇွန်လဆန်းအထိ ဈေးငြိမ်နေခဲ့ရာမှ ယခု တတိယပတ်အတွင်း ရွှေကျွန်းရော ကမ်းနားပါဈေးမြင့်တက်လာခဲ့ပါတယ်။ ပဲအဝင်ရှိသော်လည်း ပဲကြော်ဖို သမားများသာ အဝယ်ရှိခဲ့လို့ တစ်ရက အိတ် ၂၀၀ မှ ၃၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးနှုန်းများ (ရွှေကျွန်း) တစ်တင်း ၂၇၀၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၄၀၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ကထက် တစ်တင်း ၂၀၀၀ ကျပ်ခန့် အသီးသီးဈေးပိုရခဲ့ကြောင်း သိရပါတယ်။

စားတော်ပဲသီးနှံမှာ လက်လီအဝယ်ရှိပြီး တစ်ရက်အိတ် ၁၅ အိတ်ကျော် အရောင်းအဝယ်ဖြစ်ခဲ့သလို ဈေးမှာလည်း တစ်တင်း ၂၇၅၀၀ ကျပ်ထိ ရရှိခဲ့ပါတယ်။ ပဲပုပ်နဲ့ ပဲနီပြားသီးနှံဈေးမှာလည်း ယခင်တစ်ပတ်အတိုင်း ပဲပုပ် တစ်တင်း ၁၆၅၀၀ ကျပ်၊ ပဲနီပြား တစ်တင်း ၁၈၅၀၀ ကျပ်ဖြင့် လက်လီသမားများသာ တစ်ရက်အိတ် ၂၅ အိတ်ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြတယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# စစ်ကိုင်းတိုင်းဒေသကြီး ပဲစင်းငုံ ၆၀ ရာခိုင်နှုန်းကျော်စိုက်ပျိုးပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီးမှာ (မိုး) ပဲစင်းငုံကို ဧက ၅ ဒသမ ၆၅ သိန်းလျာထားပြီး ဇွန်လ ၁၉ နေ့ထိ ၃ ဒသမ ၄၀ သိန်း ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် ရာခိုင်နှုန်း ၆၀ ကျော် စိုက်ပျိုးပြီးကြောင်းသိရပါတယ်။

ယခင်နှစ်ကာလတူထက် စိုက်ဧက သုည ဒသမ ၂၆ သိန်း ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး၊ ယင်းမာပင်ခရိုင်၊ ရွှေဘိုခရိုင်နဲ့ မုံရွာခရိုင်တို့မှာ အများဆုံးစိုက်ပျိုးကြောင်း သိရပါတယ်။

ပဲစင်းငုံနီဈေးမှာ ပြည်ပဝယ်လက်မှ ဝယ်ယူမှုမြင့်တက်ခဲ့ရာ တစ်တင်း ၄၂၀၀၀ ကျပ်ထိ စံချိန်တင်ဈေးမြင့်တက်ခဲ့သဖြင့် ယခုနှစ် ပဲစင်းငုံနီကို စိုက်ပျိုးသူများ ပြားလာနိုင်ကြောင်း ကုန်သည်များကသုံးသပ်ကြပါတယ်။

**အောင်မင်း-တန့်ဆည်**

# လလယ်ဈေးနှုန်းထက် ဈေးပိုလာတဲ့ ပြည်ဘိုကိတ်

ဇွန်လ တတိယပတ်အတွင်း ပြည်ဈေးကွက်ရဲ့ လက်လီအရောင်းအဝယ်ဖြစ်တဲ့ ဘိုကိတ်ပဲသီးနှံဟာ ဈေးအနည်းငယ်မြင့်တက်လာခဲ့တာကိုတွေ့ရပါတယ်။

ပဲအဝင်မရှိဘဲ လှောင်ပဲလက်ကျန်လောက်သာရှိပြီး၊ လက်လီသမားကတော့ နေ့စဉ်ဝယ်ယူသလို လက်ကားသမားအချို့လည်း တစ်ခါတစ်ရံအဝယ်ရှိတဲ့ရက်မှာ အိတ် ၄၀ ကျော် ၅၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

ပဲတစ်တင်း ၁၆၀၀၀ ကျပ်ဖြင့် လလယ် ဈေးနှုန်းထက် ၅၀၀ ကျပ်ခန့် ပိုရလာခဲ့ ပါတယ်။ လဆန်းရက်မှ လလယ်အထိ ပဲတစ်တင်း ၁၅၅၀၀ကျပ်ဖြင့်သာ ရရှိခဲ့တယ်လို့သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ယခင်နှစ်ထက် ဈေးပိုရခဲ့တဲ့ ပြည်ပဲလွန်းဖြူ

ယခုတစ်ပတ် ပြည်ဈေးကွက်မှာ ပဲလွန်းဖြူသီးနှံ အရောင်းအဝယ်အေးသွားသလို ဈေးလည်းအနည်းငယ် ကျဆင်းခဲ့တာကို တွေ့ရပါတယ်။ တစ်တင်း ၂၁၀၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ထက် တစ်တင်း ၁၀၀၀ ကျပ်လျော့သွားခဲ့ ပါတယ်။ ဇွန်လဆန်းမှစ၍ လလယ်အထိ တစ်တင်း ၂၂၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေခဲ့ရာမှ ယခုတစ်ပတ်မှာ ပဲအရည်အသွေးလည်း ကျဆင်းခဲ့သလို အရောင်းအဝယ်လည်းနည်းတဲ့အတွက် ဈေးလျော့နည်းခဲ့ခြင်းဖြစ်ကြောင်း သိရပါတယ်။ ယခင်နှစ်က ဇွန်လအတွင်း ပဲလွန်းဖြူဈေးမှာ တစ်တင်း ၁၄၅၀၀ ကျပ်မှ ၁၆၀၀၀ ကျပ်အထိသာ ရရှိခဲ့လို့ ယခုနှစ်ဈေးကတော့ တစ်တင်း ၆၀၀၀ ကျပ်ခန့်ပိုရခဲ့တဲ့ သီးနှံဖြစ်ခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## မြင်းခြံခရိုင်မှာ ပဲတီစိမ်းစိုက်ဧကတိုး

မြင်းခြံခရိုင်တွင် မိုးပဲတီစိမ်းများကို မေလ၊ ဇွန်လများတွင်စိုက်ပျိုးခဲ့ရာ လျာထားဧက ၅၅၃၉၅ အပေါ် ယနေ့ထိ ဧက ၁၆၈၀၀ ကျော်စိုက်ပျိုးပြီး၊ ယခင်နှစ် ကာလတူစိုက်ဧကမှာ ၁၄၃၀၀ ဧကဖြစ်ပါတယ်။ မြို့နယ်အလိုက် စိုက်ပျိုးနိုင်မှုမှာ မြင်းခြံမှာ ဧက ၁၁၀၀ ကျော်၊ တောင်သာမှာ ၁၂၂၀၀ ကျော်၊ နွားထိုးကြီးမှာ ဧက ၃၂၀၀ ကျော်၊ ငါန်းဇွန်မှာ ဧက ၃၀၀ ကျော်စိုက်ပျိုးပြီးဖြစ်ပါတယ်။

ပဲတီစိမ်းစိုက်ပျိုးသူတောင်သူများမှ မျိုးရွေးချယ်ရာတွင် မျိုးကောင်း၊ မျိုးသန့် အထွက်ကောင်းသော ရေဆင်း (၁၁) မျိုးများ၊ ရေဆင်း (၁၄) မျိုးများ အပြင် အိန္ဒိယမျိုးများလည်း စမ်းသပ်စိုက်ပျိုးနေကြောင်းနဲ့ ယခင်နှစ်စိုက်သူများ တစ်ဧက ပျမ်းမျှ ၁၀ တင်းနှုန်းထွက်ရှိတဲ့အတွက် တစ်ဧကဝင်ငွေ ကျပ် ၄ သိန်းခန့်ရရှိပြီး၊ တစ်ဧကကုန်ကျစရိတ်မှာ ကျပ် ၁ ဒသမ ၃ သိန်းခန့်ရှိပြီး တစ်ဧကအကျိုးအမြတ်မှာ ကျပ် ၂ ဒသမ ၇ သိန်းခန့်ရရှိကြောင်း ဈေးကွက်တွင် တစ်တင်း ၃၆၀၀၀ ကျပ်မှ ၃၈၀၀၀ ကျပ်ထိရှိကြောင်းနှင့် နေ့စဉ်ပျမ်းမျှအိတ် ၅၀ မှ ၁၀၀ ကြား အရောင်းအအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

**စိုးမိုးထွန်း-မြင်းခြံ**

## ပြည်ထောပတ်ပဲ ပဲသစ်ပေါ်စတွင်သာ ဈေးကောင်းရပြီး လက်ကျန်နည်းလာချိန်မှာ တဖြည်းဖြည်း ဈေးလျော့လာ

ပြည်ပဲဈေးကွက်မှာ အခြားလက်လီပဲများ ပုံမှန်အရောင်းအဝယ် ဖြစ်ခဲ့ပေမယ့် ပြည်ထောပတ်ပဲသီးနှံမှာ အရောင်းအဝယ်အေးနေခဲ့တာကို တွေ့ရပါတယ်။ လက်လီသမားလောက်သာ ဝယ်ယူလို့ အိတ်အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့ကာ ပဲဈေးမှာ တစ်တင်း ၁၂၀၀၀ ကျပ်ဖြင့် ယခင်ပတ်အတိုင်း ဈေးငြိမ်နေခဲ့ပါတယ်။

ထောပတ်ပဲသီးနှံရဲ့ ယခုနှစ်ဈေးနှုန်းများမှာ ပဲသစ်ပေါ်စတွင်သာ တစ်တင်း ၁၇၅၀၀ ကျပ်ဖြင့် ဈေးကောင်းခဲ့ သော်လည်း ပဲလှိုင်လာသည့်အချိန်မှစ၍ ဈေးနှုန်းများတဖြည်းဖြည်းကျဆင်းလာခဲ့ကာ မေလအတွင်းမှာ တစ်တင်း ၁၃၅၀၀ ကျပ်ဖြင့် တစ်လလုံးဈေးငြိမ်နေခဲ့ကာ ယခု ဇွန်လဆန်းမှစ၍ တစ်တင်း ၁၂၀၀၀ ကျပ်သာ ယခုချိန်ထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ကုလားပဲ ဈေးဆက်ကောင်းနေဆဲ

သာယာဝတီခရိုင်ဘက်မှ ပြည်ဈေးကွက်သို့ ဝင်ရောက်မှုရှိခဲ့တဲ့ ကုလားပဲသီးနှံဟာ တစ်ရက် အိတ် ၂၀၀ ကျော် ၃၀၀ အထိ အဝင်ရှိခဲ့ပါတယ်။ ပန်းတောင်း၊ ကံမဘက်မှလည်း ဝင်ရောက်သလို ဒေသတွင်း ကုန်သည်များမှလည်း လက်ကျန်ပဲများရှိခဲ့လို့ ဝယ်လိုအားရှိသလောက် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

ပဲခွဲစက်သမားများအပြင် လက်လီသမားလည်း အဝယ်ရှိခဲ့တဲ့အတွက် တစ်ရက် အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ပြီး ပဲဈေးနှုန်းမှာ မတ်ပဲ၊ ပဲစင်းငုံသီးနှံများ ဈေးနှုန်း လျော့နည်းသွားပေမယ့် ကုလားပဲဈေးကတော့ တစ် တင်း ၂၅၈၀၀ ကျပ်နဲ့ ဆက်လက်ဈေးကောင်းရနေဆဲဖြစ်ကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# မုံရွာကုန်စည်ဒိုင် ဇွန်လစတုတ္ထပတ်ပဲဈေးကွက် အရောင်းအဝယ်မသွက်ဘဲ ဈေးအေးနေ

မုံရွာကုန်စည်ဒိုင် ဇွန်လ စတုတ္ထပတ်ပဲဈေးကွက်မှာ ပြည်ပပို့ကုန်ပဲတွေ နယ်အဝင်လျော့လာသလို ဈေးလည်းအေးသွားခဲ့တာ တွေ့ရပါတယ်။ အထူးသဖြင့် စိမ်းကြီးမှာ ဈေးကွက်အတွင်း တစ်တင်း ၄၀၅၀၀ ကျပ်ထိ အမြင့်ဆုံးပေါက်ခဲ့ရာက ယခုတစ်ပတ်မှာ တစ်တင်း ၃၇၅၀၀ ကျပ်ထိ ကျဈေးဖြစ်ခဲ့တာ တွေ့ရပါတယ်။ ဒိုင်ကို ပဲဝင်ရောက်မှုမှာလည်း ရေဦး၊ ချောင်းဦးမြို့နယ်နဲ့ မုံရွာမြို့နယ်ရဲ့ ကျွန်းမြေ ဒေသတွေက အဝင်လျော့လာကာ တစ်ရက် အိတ် ၁၅၀၀ ခန့်သာရှိခဲ့ပြီး ဝင်သလောက်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ကုန်သည်ရပ်ကွက်က ဆိုပါတယ်။

ပြည်ပပို့ကုန်ပဲတွေဖြစ်ကြတဲ့ ငုံနီနဲ့ မတ်ပဲဈေးကွက်မှာလည်း မုံရွာဒိုင်မှာ ရောင်းလက်ရှားနေပြီး၊ ရန်ကုန်ဝယ်လက်တချို့ ပဲလက်ကျန်ရှိတဲ့ မုံရွာကုန်သည်တွေနဲ့ ချိတ်ဆက်စုဆောင်းဝယ်ယူမှုသာရှိခဲ့လို့ တစ်ရက်အိတ် ၂၀၀-၃၀၀ စီသာ အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ဒိုင်ရပ်ကွက်ကဆိုပါတယ်။ ယခုတစ်ပတ် ပေါက်ဈေးအနေနဲ့ ပဲစင်းငုံနီဟာ တစ်တင်း ၄၂၀၀၀ ကျပ်ကနေ ၄၀၀၀၀ ကျပ်၊ မတ်ပဲဟာ တစ်တင်း ၄၄၀၀၀ ကျပ်ကနေ ၄၂၀၀၀ ကျပ်အသီးသီးဈေးလျော့သွားတာ တွေ့ရပါတယ်။


ယခုတစ်ပတ်ကုလားပဲမျိုးစုံ ဈေးကွက်အနေနဲ့ အမြင့်ဈေးမှာငြိမ်နေလို့ ဒေသတွင်းလုပ်ငန်းသုံးသမား ဝယ်လိုအားလျော့နေသလို ရန်ကုန်၊ မန္တလေးဝယ်လိုအားလည်း လျော့သွားခဲ့ကာ တစ်ရက် ကုလားပဲမျိုးစုံ အိတ် ၄၀၀ မှ ၅၀၀ ကြားသာ အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ကုန်သည်တစ်ဦးက ဆိုပါတယ်။ ယခုတစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့တဲ့ ပေါက်ဈေးများမှာ ကုလားပဲ (ဝမ်) တစ်တင်း ၂၃၈၀၀ ကျပ်၊ V2 တစ်တင်း ၂၃၂၀၀ ကျပ်၊ 929 တစ်တင်း ၂၃၇၀၀ ကျပ်အသီးသီး ဈေးမာနေတာ တွေ့ရပါတယ်။

ယခုတစ်ပတ် ပြည်တွင်းလုပ်ငန်းသုံး ပဲဈေးကွက်မှာတော့ စွန်တာနီတစ်တင်း ၁၄၀၀၀ ကျပ်မှ ၁၄၇၀၀ ကျပ်ကြား၊ ပဲနီလုံးကြားမှာ တစ်တင်း ၁၅၀၀၀ ကျပ်မှ ၁၅၅၀၀ ကျပ်ကြား ဈေးအနည်းငယ် အတက်အကျဖြစ်ခဲ့ပြီး ဒေသခံကုန်သည်လှောင်လက်နဲ့ ပဲလက်လီပုံမှန်အဝယ်ရှိနေလို့ တစ်ရက်အိတ် ၅၀၀ မှ ၁၀၀၀ ကြား အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ပွဲရုံရပ်ကွက်က ဆိုပါတယ်။

ဒေသတွင်း လုပ်ငန်းသုံးပဲတွေဖြစ်ကြတဲ့ ထောပတ်ပဲနဲ့ ပဲကြီးတွေလည်း ယခုတစ်ပတ်မှာ ဈေးအနည်းငယ် အေးခဲ့ရာ ပဲကြီးမှာ တစ်တင်း ၂၅၀၀၀ ကျပ်နဲ့ ထောပတ်ပဲမှာ ၁၃၅၀၀ ကျပ်အသီးသီးပေါက်ဈေးဖြစ်ခဲ့ပြီး အရောင်းအဝယ်အားဖြင့် တစ်မျိုး အိတ် ၂၀၀ မှ ၃၀၀ ကြားရှိတယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်က သိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## မတ်ပဲနဲ့ပဲစင်းငုံနီကို အိန္ဒိယဘက်မှ အဝယ်ပြန်အေးလို့ ဈေးကျလာ ပဲတီစိမ်းကြီးအဝင်လှိုင် တရုတ်ဝယ်လက်က အရည်အသွေးပေါ် မူတည်ပြီးအဝယ်ရှိနေ



ပြည်တွင်းပဲမျိုးစုံဈေးကွက်တွင် ဒီတစ်ပတ် မတ်ပဲနဲ့ ပဲစင်းငုံနီကို အိန္ဒိယဘက်မှ ဝယ်လိုအား ပြန်အေးသွားလို့ ဈေးကျဆင်းလာသလို ရောင်းသူကုန်သည်များကလည်း ဈေးကွက်မျှော်လင့်ချက်ဖြင့် အရောင်းနည်းခဲ့ကြောင်း သိရပါတယ်။

ပဲတီစိမ်းကြီးအနေဖြင့် နယ်ဈေးကွက်မှာ အဝင်လှိုင်လာသလို တရုတ်ဝယ်လက်ကလည်း ပဲရဲ့အရည်အသွေးပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနဲ့ ကုလားပဲ (ထိုင်ဝမ်) ကိုတော့ ပဲခွဲစက်၊ ကြာဆံစက်နဲ့ အမှုန့်ကြိတ်စက်များက ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။

မတ်ပဲ (RC) ကို ဘုရင့်နောင်ဈေးကွက်မှာ မေလတွင် အိန္ဒိယဘက်မှ ဝယ်လိုအားမြင့်လာတာကြောင့် တစ်တန်ကို ၁၄ သိန်းနီးပါး ဈေးကောင်းရခဲ့ပေမယ့် ဒီတစ်ပတ်မှာ အိန္ဒိယဘက်မှာ မုတ်သုံပုံမှန်ဝင်ရောက်လို့ ပဲစိုက်ဧကတိုးချဲ့ရန် စီစဉ်တာကြောင့် မြန်မာ့မတ်ပဲ ဝယ်လိုအား ပြန်အေးခဲ့ကြောင်း သိရပါတယ်။

ပဲဈေးကလည်း အနည်းငယ်ကျငွေဈေးကလည်း ပြန်ဆင်းလာလို့ ဒီတစ်ပတ်မှာ မတ်ပဲ (RC) ရောင်းဈေးက တစ်တန်ကို ၁၃၃၀၀၀၀ ကျပ်ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပြည်တွင်းရှိ ကုန်သည်များရဲ့လက်ဝယ်မှာ ပဲလက်ကျန် တန်ချိန် တစ်သိန်းအောက်သာရှိတော့လို့ ကုန်သည်များက ဈေးကွက်မျှော်လင့်ချက်ဖြင့် အရောင်းပါးလာကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

**ပဲစင်းငုံနီ**အနေဖြင့် ဘုရင့်နောင်ဈေးကွက်တွင် အိန္ဒိယဘက်မှ ဈေးဖွင့်အဝယ်နည်းခဲ့ပေမယ့် နယ်ဈေးကွက်ဖြစ်တဲ့ မန္တလေး၊ မုံရွာ၊ မကွေး၊ ပခုက္ကူ၊ ပြည်နှင့် အောင်လံဈေးကွက်တွေမှာတော့ တစ်ပိဿာ ၂၀၀၀ ကျပ် (တစ်တန်ကို ၁၂၂၄၇၈၀ ကျပ်) ဈေးဝန်းကျင်ဖြင့် အရောင်းအဝယ် ခပ်ပါးပါးဖြစ်ခဲ့ကြောင်းသိရပါတယ်။

**ပဲစင်းငုံနီ** အနေဖြင့် ပြည်တွင်းလှောင်လက် ကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန် တန်ချိန် သောင်းကဏန်းဝန်းကျင်သာ ကျန်ရှိနေလို့ ဈေးကောင်းရမှ ထုတ်ရောင်းကြတဲ့အတွက် အခုလိုဈေးကျချိန်မှာတော့ ဈေးကွက်မျှော်လင့်ချက်ဖြင့် အရောင်းနည်းခဲ့ကြောင်း သိရပါတယ်။

**ပဲစင်းငုံနီ** အနေနဲ့ ဒီနှစ်မှာ ရာသီဥတုမမှန်တာကြောင့် အထွက်နှုန်းလျော့ခဲ့ပေမယ့် ဈေးကောင်းရရှိတာကြောင့် တောင်သူရော၊ ကုန်သည်ပါ ထိုက်သင့်တဲ့အကျိုးအမြတ်ရရှိခဲ့တယ်လို့ ဈေးကွက်အတွင်းမှသိရပါတယ်။ ကုလားပဲဖြူလုံးကြီးနဲ့ ကုလားပဲ (ထိုင်ဝမ်) အနေနဲ့ မန္တလေး၊ မုံရွာ၊ ပခုက္ကူနဲ့ ပြည်ဈေးကွက်မှာ ပဲခွဲစက်များ၊ ကြာဆံစက်များနဲ့ အမှုန့်ကြိတ်စက်များက ဝယ်လိုအား ပုံမှန်ရှိခဲ့တာကြောင့် ဈေးမြင့်လာကြောင်း၊ အရောင်းအဝယ်အနေနဲ့ ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၁၂၂၀ ကျပ် (တစ်တန်ကို ၇၄၇၁၁၅ ကျပ်)၊ ကုလားပဲ (ထိုင်ဝမ်) တစ်ပိဿာ ၁၂၆၀ ကျပ် (တစ်တန်ကို ၇၇၁၆၁၁ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်းသိရပါတယ်။

ပဲမျိုးစုံကို ခြုံငုံသုံးသပ်ပါက မတ်ပဲအနေဖြင့် အိန္ဒိယဘက်မှ ဝယ်လိုအားနည်းနေသလို ကုန်သည်လက်ဝယ်မှာလည်း ပဲလက်ကျန်လျော့နည်းလာတာကြောင့် ရောင်းသူကုန်သည်များအနေဖြင့် ဈေးကွက်အခြေအနေကို စောင့်ကြည့်နေကြောင်း၊ ပဲစင်းငုံအနေနဲ့ ပြည်တွင်းကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန် နည်းနေပြီး ဈေးကောင်းရမှ ထုတ်ရောင်းမည့် အနေအထား ရှိနေကြောင်း၊ ပဲတီစိမ်းကြီးကတော့ နယ်စုံမှာ အဝင်လှိုင်နေသလို တရုတ်ဘက်ကလည်း ပဲရဲ့အရည်အသွေးပေါ် မူတည်ပြီး ဝယ်လိုအားဆက်တိုက်ရှိတာကြောင့် ဈေးအနည်းငယ် မြင့်လာနိုင်ကြောင်းသိရပါတယ်။

**ခင်မောင်မောင်အုန်း**

## နနွင်း



### နနွင်းတန်ချိန် ၁၇၀ ကျော်ထိ တင်ပို့

သီတင်းတစ်ပတ်ဖြစ်တဲ့ ဇွန်လ ၁၄ ရက်မှ ဇွန်လ ၂၀ ရက်သီတင်းပတ်အတွင်း နနွင်း ၁၇၉ တန် ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံကို ၁၇၄ တန်နဲ့ စင်ကာပူနိုင်ငံကို ၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်နနွင်း ၄၈ တန်သာ တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၃၁ တန်ကျော် တင်ပို့မှုပိုခဲ့ပါတယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၅၈၅၀၄ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း(DOT)**

### ရှမ်းနနွင်းဈေးကွက်မှာ ပုံမှန်သာ အရောင်းအဝယ်ဖြစ်

ရှမ်းနနွင်းကတော့ ပုံမှန်သာအရောင်းအဝယ်ဖြစ်နေပါတယ်။ အဝင်ကတော့ နည်းသွားပါပြီ။ တောင်သူတွေလက်ထဲမှာ ကုန်သလောက်ဖြစ်သွားပြီး လှောင်လက်တွေဆီမှာတော့ အနည်းငယ်သာကျန်ရှိနေ တယ်လို့ သိရပါတယ်။ ဒီနှစ်မှာ နနွင်းကို တစ်ခါတည်းများများစားစား ရောင်းရတာမျိုး အနည်းငယ်သာရှိခဲ့ပြီး၊ ဈေးပတ်သမားတွေနဲ့ စစ်တွေ၊ မုံရွာဝယ်လက်တွေက တစ်ခါဝယ်ရင် နည်းနည်းနဲ့ ဝယ်ယူနေလို့ နေ့စဉ်၊ အပတ်စဉ်တော့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။

ဟင်းခတ်အမွှေးအကြိုင်အပြင် ကျန်းမာရေးအတွက် ဆေးဖော်ဖို့လည်း ဝယ်ယူနေလို့ အရင်နှစ်တွေထက်တော့ ရောင်းနေရတယ်လို့လည်း နနွင်းပွဲရုံတွေက သိရပါတယ်။ ပင်လောင်းနနွင်းစတွေကတော့ အောင်ပန်းဈေးကွက်ကို သိပ်ပြီးမဝင်လာတော့ပါဘူး။ အရင်နှစ်တွေကလည်း လိန်းလီကတစ်ဆင့် စီးဆင်းသွားတယ်လို့ သိရပါတယ်။ ပင်လောင်းနနွင်းက နှစ်တိုင်းအရောင်းထိုင်း ခဲ့တော့ ဒီနှစ်မှာလည်း အစိုက် နည်းသွားပါတယ်။ ပင်လောင်းစတွေက သီးသန့်စိုက်ပျိုးမှုနည်းပြီး၊ သဘာဝအလျှောက် တောထဲမှာရှိတဲ့ နနွင်းကို ဖော်ကြတာကြောင့် အကောင်းကနည်းပြီး ညံ့စသာများပါတယ်။

ဒါကြောင့် ဈေးကွက်သိပ်မဝင်ပါဘူး၊ ခြင်ဆေးခွေအဖြစ်ရယ်၊ အမှုန့်ကြိတ်တဲ့အခါမှာ ထိပ်စတွေနဲ့ အနည်းငယ်ရောပြီး ကြိတ်တာရယ်အတွက်သာ ဝယ်ယူမှုရှိပါတယ်။ အောင်ပန်းဈေးကွက်မှာ နနွင်း တစ်ပိဿာပေါက်ဈေးက အနိမ့်ဆုံး ၁၅၀၀ ကျပ်မှ အမြင့်ဆုံး ၂၀၀၀ ကျပ်ဈေးရှိပါတယ်။ တစ်ပတ်အတွင်း ပိဿာချိန်ပေါင်း သုံးသောင်းနှစ်ထောင် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

**ဇေခိုင်-တောင်ကြီး**

| ၂၂-၆-၂၀၁၅ မှ ၂၆-၆-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 164 | 11,175,068.836 |
| 2 | Form D | 41 | 3,146,458.920 |
| 3 | Form E | 60 | 836,263.670 |
| 4 | Korea GSP | 4 | 67,220.650 |
| 5 | Form AK | 31 | 1,783,752.960 |
| 6 | Form AJ | 10 | 416,263.073 |
| 7 | Form AI | 38 | 1,929,966.600 |
| 8 | Form AANZ | 1 | 2,133.400 |
| 9 | Form DFTP | - | - |
| **Grand Total** | | **349** | **19,357,128.109** |

## ချင်း

### မူဆယ်နယ်စပ်မှ ချင်းစို / ချင်းခြောက်တင်ပို့

ဇွန်လ တတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၃၈၄၀ တန်ဖိုးရှိ ချင်းစို ၁၂ တန်နဲ့ ကန်ဒေါ်လာ ၂၉၈၆၅ တန်ဖိုးရှိ ချင်းခြောက် ၁၈ တန်ကျော်ကို တင်ပို့ခဲ့သလို မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေမှလည်း ကန်ဒေါ်လာ ၃၈၀၀ တန်ဖိုးရှိ ချင်းစို ၅ တန်တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က မူဆယ်မှ ချင်းစို ၉ တန်နဲ့ စစ်တွေမှ ချင်းစို ၄ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ချင်းတင်ပို့မှု ပိုမိုလာတယ်လို့ဆိုရပါမယ်။ မူဆယ် နယ်စပ်မှာ ချင်းစိုတစ်တန်ရဲ့ မိမိဖက်ပေါက်ဈေးဟာငွေလဲနှုန်းအရ ၃၇၉၂၀၀ ကျပ်ခန့်ဈေးရှိပြီး စစ်တွေမှာတော့ တစ်တန်ကို ၈၃၉၈၀၀ ကျပ် ဈေးရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

### ပြည်ချင်းဈေးကွက်သို့ ချင်းဥမများ စတင်ဝင်ရောက်

အောင်ပန်းနဲ့ တောင်ကြီးဈေးကွက်မှ ချင်း(ဥမ) များ ယခုတစ်ပတ်ပြည်ဈေးကွက်သို့ ပိဿာ ၃၀ ဝင်အိတ် ၁၅၀ ခန့်နဲ့ ဝင်ရောက်မှုမှာ ယခင်အပတ်ထက် အဝင်များပြီး၊ အခြားတိုင်းဖြစ်သော ဧရာဝတီနဲ့ရခိုင်ပြည်နယ်သို့ ပိဿာချိန် ၅၀၀ ခန့်ကို ဈေးကွက်မှတစ်ဆင့် တင်ပို့ခဲ့ကြောင်းသိရပါတယ်။

ပြည်ဈေးကွက်မှာ မိုးများ အဆက်မပြတ် ရွာသွန်းနေတာကြောင့် ချင်းပွဲရုံများတွင် တစ်ရက်ကိုပိဿာချိန် ၂၀၀ ခန့်နဲ့အရောင်းအဝယ်အေးလျက်ရှိပြီး ဈေးနှုန်းမှာ တစ်ပိဿာကို ချင်း(ရှယ်) ၁၅၀၀ ကျပ်၊ (ဂွန်) ၁၂၀၀ ကျပ်၊ ချင်းဥမ ၁၁၀၀-၁၂၀၀ ကျပ်တို့နဲ့ အသီးသီးရောင်းဝယ်လျက်ရှိပြီး ယခင်အသစ်ဈေးအတိုင်း မပြောင်းလဲဘဲ ဈေးငြိမ်နေတာ တွေ့ရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

### အောင်ပန်းဈေးကွက်သို့ ချင်းဥမများ အဝင်လှိုင်

ဒီတစ်ပတ်မှာ မိုးကလည်းရွာလိုက်တော့ တောင်သူတွေအတော်များများကလည်း ဖော်လို့ရလာတာကြောင့် အောင်ပန်းချင်းဈေးကွက်မှာ ချင်း (ဥမ) တွေ အဝင်များနေတယ်လို့ သိရပါတယ်။ ချင်းတက်တွေကတော့ ပြီးခဲ့တဲ့တစ်ပတ်ကစပြီး အဝင်နည်းသွားပါတယ်။ လက်ကျန်ရှိနေတဲ့ တောင်သူတွေထံမှာတောင် ပိဿာချိန်က ထောင်ချီခန့်သာ ကျန်ရှိတော့တယ်လို့ သိရပါတယ်။

ချင်းတက်တွေ နည်းလာတဲ့အချိန်မှာ ဝယ်လက်တွေက ဝင်လာတဲ့ ချင်း (ဥမ) ကိုသာ ပိုပြီးဝယ်ယူနေတယ် လို့လည်း သိရပါတယ်။ ပြည်ပတင်ပို့ဖို့ဝယ်လက်တွေကလည်း ဒီဈေးနဲ့ဆိုရင် မကိုက်လို့ ဈေးအကျကို စောင့်နေကြတယ်လို့လည်း သိရပါတယ်။

ဒါကြောင့် ပြည်တွင်းသုံးဈေးပတ်သမားတွေသာ ဝယ် ယူမှုရှိနေပါတယ်။ ဥမကချင်းတက်တွေလို တာရှည်အထားမခံတာကြောင့် တောင်သူတွေ၊ လှောင်လက်တွေကလည်း ချင်းတက်တွေလို သိပ်ပြီး မလှောင်ထားချင်ကြပါဘူး၊ ဟိုပုံးချင်းဈေးကွက်မှာတော့ ချင်းတက်ကလက်ကျန် လုံးဝမရှိတော့ပါဘူး။

အထွက်နှုန်းကလည်း နည်းတာကြောင့် လွန်ခဲ့တဲ့ နှစ်လခန့်ကစပြီး ပစ္စည်းလက်ကျန်ပြတ်သွားတယ်လို့ သိရပါတယ်။ ချင်း (ဥမ) တွေကလည်း အောင်ပန်းထက်နောက်ကျမှ ထွက်တာကြောင့် ဒီလကုန်မှသာ ဈေးကွက်ကိုဝင်လာနိုင်တယ်လို့ သိရပါတယ်။ ချင်းစိုကလည်း ဈေးကောင်းခဲ့တာကြောင့် ချင်းခြောက်လည်း မကျန်ဘူးလို့ သိရပါတယ်။ ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်း (ဥမ) က တစ်ပိဿာ ၈၀၀ ကျပ်ဈေးရှိပြီး၊ ချင်းခြောက်က တစ်ပိဿာ ၂၅၀၀ ကျပ်မှ ၂၆၀၀ ကျပ်ဈေးပေါက်နေပါတယ်။ တစ်ပတ်အတွင်း ချင်း (စို) ပိဿာချိန် ရှစ်သောင်းလေးထောင်၊ ချင်းခြောက် ပိဿာချိန် ငါးသောင်းအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ အောင်ပန်း ပွဲရုံတွေထံက သိရပါတယ်။

**ဇေခိုင်-တောင်ကြီး**



## ကြက်သွန်

### ကြက်သွန်နီ တင်ပို့မှု အနည်းငယ်လျော့ကျ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဇွန်လ ၁၃ ရက်မှ ၁၉ ရက်တာ ကာလအတွင်း ကန်ဒေါ်လာ ၃၁၆၉၁၈ တန်ဖိုးရှိကြက်သွန်နီ ၁၂၂၂ တန်ခွဲနဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၂၈၉၅၂ တန်ဖိုးရှိကြက်သွန်နီ ၄၈၈ တန်ခွဲ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှ ၁၉၁၈ တန်ကျော်၊ မြဝတီမှ ၈၉၇ တန်ခွဲနဲ့ တာချီလိတ်မှ တန် ၁၀၀ တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ် ကြက်သွန်နီတင်ပို့မှု ၁၂၀၅ တန်ကျော် လျော့နည်းခဲ့ပါတယ်။ ယခုရက်ပိုင်းတွင် မိုးကြက်သွန် ပေါ်ကာစက တစ်ပိဿာ ၂၀၀-၂၅၀ ကျပ်ရရှိနေရာမှ ဆောင်းကြက်သွန်ပေါ်လာလို့ ၂၅၀-၃၀၀ ကျပ်နဲ့ ဈေးစဖွင့်ပေမယ့် လက်ထဲမှာ လှောင်မထားနိုင်တာကြောင့် ရာသီပေါက်ဈေးနဲ့ ရောင်းရတဲ့အတွက် အရှုံးပေါ်ကြောင်း၊ တောင်သူတွေလက်ထဲမှာ ပစ္စည်းလက်ကျန်နည်းသွားမှ ဈေးတက်လာမှာဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ရေစကြိုမှ ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောပါတယ်။

**မော်မော်အောင်**

### စားဖိုဆောင်သီးနှံ ပြည်ကြက်သွန်နီဈေး ဆက်တက်လာခဲ့

ဇွန်လနောက်ဆုံးပတ်ရဲ့ ပြည်ကြက်သွန်နီပွဲရုံများမှာ အရောင်းအဝယ်အေးနေသော်လည်း ကြက်သွန်နီဈေးတွေ ထပ်တက်လာတာ တွေ့ရပါတယ်။ ကြက်သွန်နီထွက်ရှိရာဒေသများဖြစ်တဲ့ တောင်တွင်းကြီး၊ မကွေး၊ အောင်လံ၊ မင်းတုန်း၊ ရေနံချောင်း၊ ချောက်၊ ဆိပ်ဖြူမြို့များဟာ ဆက်သွယ်ရေးကောင်းမွန်ခြင်းကြောင့် တိုက်ရိုက်တင်ပို့နေပါတယ်။

ယခင်လို ပြည်မှတစ်ဆင့်ခံ တင်ပို့ခြင်းမျိုးမဟုတ်တော့တာကြောင့် တိုင်းအတွင်း၊ ဒေသတွင်း အရောင်းအဝယ်ရှိမှုလောက်သာရှိခဲ့လို့ အရောင်းအဝယ်အေးနေခဲ့တာ ဖြစ်ပါတယ်။ ယခုတစ်ပတ် ကြက်သွန်နီ ဝင်ရောက်မှုလည်း ပုံမှန်ထက်နည်းနေပြီး ရန်ကုန်သို့တိုက်ရိုက်တင်ပို့နေပါတယ်။

ပြည်ပွဲရုံ ကြက်သွန်နီဈေး တစ်ပိဿာ (ကြီး) ၆၀၀ ကျပ်၊ (လတ်) ၅၅၀ ကျပ်၊ (သေး) ၅၀၀ ကျပ်တို့ဖြစ်ပြီးလက်လီဈေး (ကြီး) ၇၀၀ ကျပ်၊ (လတ်) ၆၅၀ ကျပ်၊ (သေး) ၅၅၀ ကျပ်အထိ ဒေသတွင်း ဈေးမြင့်တက်လာကြောင်းလည်း သိရပါတယ်။ ပွဲရုံများတွင်လည်း တစ်ရက်လျှင် အိတ် ၂၅၀ လောက်သာ အရောင်းအဝယ်ဖြစ်နေပါတယ်။

**နီနီဝင်း-ပြည်**

Vol: 15, No.24 Monday June 29 2015

# ဂလိုဘယ်ဝန်းကျင်မှာ စီမံခန့်ခွဲခြင်း

|မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)|




ကမ္ဘာကြီးကရွာဖြစ်လာပြီ။ အိုင်စီတီဖွံ့ဖြိုးမှုနဲ့ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်ပေါ်မှုတွေဟာ စီးပွားရေးလုပ်ငန်းတွေရဲ့ စီမံခန့်ခွဲမှုအပေါ် သက်ရောက်မှုရှိလာပါပြီ။ အခုဆိုရင် စီမံခန့်ခွဲမှုဆိုင်ရာ နိုင်ငံတကာရှုထောင့်ရဲ့ အရေးပါမှုက ကြီးထွားတိုးတက်လို့ လာပါပြီ။ အောင်မြင်တဲ့ ကုမ္ပဏီတွေဟာ သူတို့စီးပွားရေးလုပ်ငန်းတွေကို နိုင်ငံရပ်ခြားမှာ တိုးချဲ့နေကြပါပြီ။ ပြည်တွင်းမှာလည်းနိုင်ငံခြားကုမ္ပဏီတွေနဲ့ အောင်မြင်စွာ ယှဉ်ပြိုင်လို့နေပါပြီ။ ဂလိုဘယ်နယ်ပယ်မှာရှိတဲ့ စီးပွားရေးလုပ်ငန်း တွေ ဟာ အထူးစွန့်စားမှုတွေနဲ့ အခက်အခဲ တွေကြုံတွေ့လာရပါပြီ။ ဘာကြောင့်လဲဆိုတော့ ရှုပ်ထွေးတဲ့စီးပွားရေး၊ ဥပဒေ၊ နိုင်ငံရေးနဲ့ လူမှု ယဉ်ကျေးမှုစွမ်းအားစုတွေကြောင့်ပါပဲ။ အခုဆိုရင် ဂလိုဘယ်ပတ်ဝန်းကျင်ဟာ လျင်လျင်မြန်မြန်ပြောင်းလဲလို့နေပါပြီ။ သာဓကပြရင် ဥရောပသမဂ္ဂနဲ့ မြောက်အမေရိကလွတ်လပ်သောကုန်သွယ်မှုသဘောတူညီမှု တွေဖြစ်ပေါ်လာပြီးတဲ့နောက် အရှေ့ဥရောပဘက်ဆီသို့ စီးပွားရေးလုပ် ငန်းတွေရွှေ့ပြောင်းဦးတည်လာတာတွေ့ရပါတယ်။ နိုင်ငံခြားဈေးကွက် တွေအတွက် အဓိကရွေးချယ်စရာလမ်းတွေကတော့ ပို့ကုန်ပြုလုပ်ခြင်း၊ လိုင်စင်ပြုလုပ်ခြင်း၊ ဖက်စပ်လုပ်ငန်းတွေမှတစ်ဆင့် တိုက်ရိုက်ရင်းနှီး မြှုပ်နှံခြင်း၊ ကော်ပိုရိတ်ရုံးခွဲများ ဖွင့်လှစ်ခြင်းတို့ပဲ ဖြစ်ပါတယ်။

နိုင်ငံခြား ဈေးကွက်တွေအတွက်
အဓိက ရွေးချယ်စရာလမ်းတွေကတော့
ပို့ကုန်ပြုလုပ်ခြင်း၊ လိုင်စင်ပြုလုပ်ခြင်း၊
ဖက်စပ်လုပ်ငန်းတွေမှတစ်ဆင့်
တိုက်ရိုက်ရင်းနှီးမြှုပ်နှံခြင်း၊ ကော်ပိုရိတ်
ရုံးခွဲများ ဖွင့်လှစ်ခြင်းတို့ပဲ ဖြစ်ပါတယ်။

နိုင်ငံတကာဈေးကွက်တွေဟာ အခွင့်အလမ်းများစွာရရှိသလို ဝရုန်းသုန်းကားအခက်အခဲတွေနဲ့လည်း တွေ့ကြုံရပါတယ်။ ထင်ရှားတဲ့ Case Study တစ်ခုအနေနဲ့ စီမံခန့်ခွဲမှုဆိုင်ရာစိန်ခေါ်မှုဖြစ်ရပ်တစ်ခုကို တင်ပြချင်ပါတယ်။ အဲဒါကတော့ ကမ္ဘာကျော်ကုမ္ပဏီကြီးဖြစ်တဲ့ Wal-Mart ရဲ့ စီမံခန့်ခွဲမှုဆိုင်ရာ စိန်ခေါ်မှုဇာတ်လမ်းတစ်ပုဒ်ပါပဲ။

Wal-Mar't ရဲ့ မမှားသင့်တဲ့အမှားကတော့ ဘောလုံးအားကစားထွန်းကားတဲ့ နိုင်ငံတစ်နိုင်ငံလုံးမှာ ဘောလုံးနဲ့ပတ်သက်တဲ့ ဆိုင်တွေရဲ့ စင်ပေါ်မှာ ၎င်းရဲ့ပစ္စည်းတွေထားရှိခြင်းပါပဲ။ ဘရာဇီးနိုင်ငံရှိ ဆော်ပေါ် လိုမြို့ရဲ့ ဆင်ခြေဖုံးအရပ်တွေမှာ အလွန်အောင်မြင်တဲ့ အမေရိကန်ကုမ္ပဏီကြီးက ၎င်းရဲ့အရောင်းအဝယ်ပြုလုပ်မှုနည်းလမ်းတွေ၊ သဘောထားတွေဟာ နိုင်ငံတကာနဲ့ကောင်းစွာအသွင်မပြောင်းခဲ့တာကို တွေ့ရှိနားလည်ခဲ့တယ်။ အမိနိုင်ငံမှာ တိုးတက်မှုဆုတ်ယုတ်တဲ့အတွက် အခွင့်အလမ်းတွေရှာဖွေဖို့အတွက် Wal-Mart ကုမ္ပဏီကြီးဟာ ဘရာဇီး၊ အာဂျင်တီးနား၊ တရုတ်နဲ့ အင်ဒိုနီးရှားနိုင်ငံတွေရဲ့ ကြီးထွားတိုးတက်လာတဲ့ဈေးကွက်တွေမှာ "နေ့စဉ်နည်းပါးတဲ့ ဈေးနှုန်းများ" ကို ဖော်ဆောင်ဖို့ကြိုးပမ်းဆောင်ရွက်မှုပြုလုပ်ခဲ့တယ်။ ဒါပေမဲ့ နိုင်ငံတကာမှာ စီးပွားရေးလုပ်ဆောင်ခြင်းဟာ လေ့လာမှုတစ်ရပ်ဖြစ်ပြီး တစ်ခါတစ်ရံမှာတော့ဆုံးရှုံးမှုဖြစ်တတ်ပါတယ်။ တောင်အမေရိကရှိ Wal-Mart ရဲ့ ပထမနှစ်နှစ်တာကာလမှာ ခန့်မှန်းခြေအားဖြင့် ဒေါ်လာ ၄၈ သန်းဆုံး ရှုံးခဲ့ရပါတယ်။

အခက်အခဲတစ်ခုကတော့ ဘရာဇီးနိုင်ငံမှာ အလွန်အားကောင်းစွာခြေကုပ်ယူထားတဲ့ ဘရားဇီးနိုင်ငံရဲ့ Group Pao de Aeucar SA နဲ့ ပြင်သစ်နိုင်ငံရဲ့ Carrefour SA ကုမ္ပဏီတွေရဲ့ ပြင်းထန်တဲ့ယှဉ်ပြိုင်မှုတွေနဲ့ကြုံတွေ့ရခြင်းပဲ ဖြစ်ပါတယ်။ ဆန်းစစ်အကဲဖြတ်ဝေဖန်သူတွေက Wal-Mart ကုမ္ပဏီကြီးကို အပြစ်တင်ခဲ့ကြတယ်။ ဘောလုံးပစ္စည်းတွေ ရှင်သန်ရာ ဆော်ပေါ် လိုမြို့မှာ ဘောလုံးအစားခြေအိတ်တွေ စင်ပေါ်တင်ခဲ့တာက Wal-Mart ပြုလုပ်ခဲ့တဲ့အမှားပါပဲ။

Wal-Mart ယူဆောင်ခဲ့တဲ့ ကုန်ပစ္စည်းကိုင်တွယ်ကိရိယာတွေက စံသတ်မှတ်ထားတဲ့ ဒေသသုံးကုန်ပစ္စည်းနဲ့ အလုပ်မဖြစ်တာတွေ့ရပါတယ်။ Wal-Mart ရဲ့ ကွန်ပျူတာနည်းစနစ်သုံးစာရင်းထိန်းစနစ်က ဘရာဇီးနိုင်ငံရဲ့ ရှုပ်ထွေးလှတဲ့ အခွန်စနစ်အရစာရင်းပြုလုပ်ဖို့ အဆင်မပြေတာတွေ့ရပြန်တယ်။ Wal-Mart ဆောင်ရွက်တဲ့ နည်းလမ်းတွေဟာ ဒေသဆိုင်ရာပစ္စည်းပေးသွင်းသူအချို့နဲ့ ဝန်ထမ်း တွေဖီလာဆန့်ကျင်ဖြစ်နေတာတွေ့ရပါတယ်။

ဒီလိုဆိုရင် Wal-Mart ရဲ့ အမေရိကန်နည်းအတိုင်း နိုင်ငံရပ်ခြား အောင်မြင်မှုရရှိရေး ကူးယူဆောင်ရွက်ခြင်းမှာ ခုလို အခက်အခဲမျိုး ဘာကြောင့်ဖြစ်ခဲ့တယ်လို့ သင်ထင်ပါသလဲ။ ကြီးထွားတိုးတက်နေတဲ့ ဈေးကွက်တွေကိုဆက်လက်ရှာဖွေနေတဲ့ Wal-Mart မန်နေဂျာတွေအတွက် သင်ဘယ်ဟာတွေကို အကြံပေးချင်ပါသလဲ။

အဲဒီမေးခွန်းတွေဖြေဆိုဖို့အတွက် အဖြေတွေရှိခဲ့ပါတယ်။ Wal-Mart ဟာ ၎င်းရဲ့ရောင်းရေးဝယ်တာပုံစံကိုပြန်လည်သုံးသပ်ခဲ့ပါတယ်။ ဘရာဇီး နိုင်ငံမှာရှိတဲ့ ဒေသဆိုင်ရာ ယဉ်ကျေးမှုနဲ့ ပိုမိုကောင်းမွန်လိုက်ဖက်တဲ့ Wal-Mart ရဲ့ နည်းဗျူဟာအချို့ကို ပြောင်းလဲခဲ့ပါတယ်။ သာဓကပြရရင် ဘရာဇီးနိုင်ငံမှာ Wal-Mart ဟာ စတိုးဆိုင်တွေရဲ့ အရွယ်အစားစကေးကို ပြန်ကြည့်ခဲ့ပါတယ်။ ယှဉ်ပြိုင်မှုသိပ်မကြီးမားတဲ့ အလယ်အလတ်မြို့တွေကို စတိုးဆိုင်တွေရွှေ့ပြောင်းခဲ့ပါတယ်။ ဘရာဇီးနိုင်ငံရဲ့ ယဉ်ကျေးမှုနဲ့လိုက်ဖက်တဲ့ စီးပွားရေးလုပ်ငန်းအသွင်ပြောင်းဖို့ Wal-Mart ဟာဒေသဆိုင်ရာ စီးပွားဖက်တွေနဲ့ အလုပ်လုပ်ဖို့ ကြိုးစားခဲ့တယ်။ ပြဿနာများရှိပေမဲ့ Wal-Mart ကုမ္ပဏီကြီးဟာ ဘရာဇီးနဲ့ အာဂျင်တီးနားနိုင်ငံတွေမှာ စတိုးဆိုင်တွေပိုမိုဖွင့်လှစ်နိုင်ခဲ့တယ်။ Wal-Mart ရဲ့ နိုင်ငံတကာ အော်ပရေးရှင်းအကြီးအကဲ Bob Martin က နိုင်ငံတကာဈေးကွက်တွေဟာ စွန့်စားရမှုတွေနဲ့ ထိုက်တန်တယ်လို့ ယုံကြည်ထားပါတယ်။

"ဈေးကွက်က ကျွန်တော်တို့အတွက် ကျယ်ကျယ်ပြန့်ပြန့်ပွင့်လာပါပြီ"လို့ Bob Martin ကပြောပါတယ်။

အထက်ပါ Case study ကိုလေ့လာကြည့်ရင် စီမံခန့်ခွဲမှုဆိုင်ရာအသိ ပညာတွေ လင်းလက်နိုင်ပါတယ်။

Wal-Mart ဟာ အောင်မြင်တဲ့ နိုင်ငံတကာ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးမှာ ကြီးမားတဲ့စိန်ခေါ်မှုတွေ ရင်ဆိုင်နေရတဲ့ ကောင်းစွာ ထူထောင်ထားတဲ့ ကုမ္ပဏီကြီးဖြစ်ပါတယ်။ MC Donland's, IBM, Coca-Cola နဲ့ Gillette တို့လို ကုမ္ပဏီတွေဟာ အရောင်းနဲ့ အမြတ်အစွန်းများများစားစား ရရှိရေးအတွက် နိုင်ငံတကာစီးပွားရေးကို အားထားကြတယ်။ အမေရိကန်အခြေစိုက်အင်တာနက်ကုမ္ပဏီတွေဖြစ်တဲ့ Amazon, Yahoo နဲ့ Amerca Online တို့ဟာ နိုင်ငံတကာဈေးကွက်ကို လျင်လျင်မြန်မြန်တိုးချဲ့လိုနေကြတယ်။ အဖွဲ့အစည်းအားလုံးဟာ နိုင်ငံ ခြားတိုင်းပြည်တွေရဲ အန္တိုင်းမဲ့လိုအင်တွေအတွက် သူတို့ရဲ့ ထုတ်ကုန် ပစ္စည်းတွေနဲ့ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုကို အံဝင်ခွင်ကျဖြစ်ဖို့ ကြိုးစား ရာမှာ အထူးပြဿနာတွေတွေ့ကြုံနေတာ တွေ့ရတယ်။ ဒါပေမဲ့ သူတို့ အောင်မြင်ခဲ့ရင် ကမ္ဘာကြီးတစ်ခုလုံးဟာ သူတို့ရဲ့ဈေးကွက်တစ်ခုဖြစ်လာ မှာပါ။

စီမံခန့်ခွဲမှုအကြောင်းကို လေ့လာရာမှာ နိုင်ငံတကာစီးပွားရေးက ဘယ်လောက်အရေးကြီးပါသလဲ။ သင်ဟာ နိုင်ငံတကာစီးပွားရေးကို မစဉ်းစားရင် ဘယ်စီးပွားရေးစီမံခန့်ခွဲမှုကို စဉ်းစားတွေးခေါ်နေပါသလဲ။ ဒါဟာလေးနက်တဲ့ကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့ စီးပွားရေးလုပ်ငန်းတွေနဲ့ လူအဖွဲ့အစည်းတွေကို ဒေသဆိုင်ရာဆက်နွယ်မှုထက်စာရင် ဂလိုဘယ် ဆက်နွယ်မှုက ပိုင်းဖြတ်ပေးလိမ့်မယ်။ ၁၉၉၅ ခုနှစ် Fortune မဂ္ဂဇင်း ဆောင်းပါးတစ်ပုဒ်မှာ Intel ရဲ့ ဥက္ကဋ္ဌ Andrew Gove ရဲ့ သတိပေးချက်ကို စီးပွားရေးလုပ်ငန်းခေါင်းဆောင်တွေထံ ထုတ်ပြန်ခဲ့တယ်။

"ဂလိုဘယ်လိုက်ဇေးရှင်းက ပုံသွင်းတဲ့ကမ္ဘာကြီးမှာ လုပ်ငန်းဆောင် ရွက်ဖို့ရွေးချယ်စရာအခြားမရှိတော့ပြီ"လို့ Andrew Gove ကသတိပေးခဲ့တာပါ။

နည်းပညာနဲ့ဆက်သွယ်ရေးမှာ တိုးတက်လျင်မြန်မှုဟာ ပြင်ပပတ်ဝန်းကျင်ရဲ့အရေးကြီးတဲ့အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ နိုင်ငံတကာဒိုင်မင်းရှင်းကို ဖော်ဆောင်ခဲ့ကြပြီ။

စီးပွားရေးအမြင်အများဆုံးပြုတဲ့ ဘယ်နေရာတွေမဆို ကုမ္ပဏီတွေအဖွဲ့အစည်းရဲ့ ကွဲပြားခြားနားတဲ့ အစိတ်အပိုင်းတွေကို နေရာချနိုင် ပြီဖြစ်ပါတယ်။ ဒီလိုဆိုရင် ထိပ်တန်းခေါင်းဆောင်တွေက တစ်နေရာမှာ ရှိနေမယ်။ နည်းပညာဆိုင်ရာ ဦးနှောက်ပါဝါနဲ့ ထုတ်လုပ်မှုက အခြား နေရာတွေမှာရှိနေကြမယ်။ ကိုရီးယားအီလက်ထရွန်းနစ်ကုမ္ပဏီကြီးဖြစ်တဲ့ ဆမ်ဆောင်း (Samsung) ဟာ ၎င်းရဲ့ တစ်ပိုင်းလျှပ်ကူးပစ္စည်းတွေကို ထုတ်လုပ်ရာမှာ အကောင်းဆုံးနဲ့ လက်တွေ့အကျဆုံးဖြစ်ဖို့ Silicon Valley သို့ ရွှေ့ပြောင်းခဲ့တယ်။ ဂျာမနီနိုင်ငံရှိ Siemens ကုမ္ပဏီကြီးဟာ ၎င်းရဲ့ အီလက်ထရွန်းနစ် ultrasound ဌာနကို အမေရိကန်သို့ ပြောင်းရွှေ့ခဲ့တယ်။ အမေရိကန် ကုမ္ပဏီဖြစ်တဲ့ Du Pont ဟာ ၎င်းရဲ့ အီလက်ထရွန်းနစ် အော်ပရေးရှင်းရုံးချုပ်ကို ဂျပန်နိုင်ငံသို့ ရွှေ့ပြောင်းခဲ့တယ်။

ကုမ္ပဏီတွေရဲ့ ပတ်ဝန်းကျင်ဟာ အလွန်အမင်းရှုပ်ထွေးလာပြီး ယှဉ်ပြိုင်လာရသလို ဖွံ့ဖြိုးမှုနည်းတဲ့နိုင်ငံတွေမှာရှိတဲ့ ကုမ္ပဏီရဲ့ လုပ်ငန်း များများမှာ စိန်ခေါ်မှုတွေနဲ့တွေ့ကြုံရတယ်။ အိန္ဒိယနိုင်ငံဟာ ဆော့ဖ်ဝဲ ဖွံ့ဖြိုးမှုမှာ အဓိကကျတဲ့နိုင်ငံဖြစ်လာပြီး အီလက်ထရွန်းနစ်ထုတ်လုပ်မှုမှာ ဂျပန် နိုင်ငံဟာ အာရှဒေသနိုင်ငံတွေဆီ လျင်မြန်စွာရောက်ရှိလာခဲ့ပါတယ်။

နိုင်ငံတကာ စီးပွားရေးလုပ်ငန်းမှာ တိုးတက်မှုများစွာကို နိုင်ငံစုံကော်ပိုရေးရှင်း (MNCs) လို့ခေါ်ကြတဲ့ ကြီးမားတဲ့စီးပွားရေးလုပ်ငန်းတွေက ဆောင်ရွက်ခဲ့ကြတယ်။ အဲဒီကုမ္ပဏီကြီးဟာ နယ်နိမိတ်မဲ့ကမ္ဘာမှာရှိပြီး အကြီးမားဆုံးစွမ်းဆောင်မှုတွေ၊ အကြီးမားဆုံးစွမ်းဆောင်ရည်တွေရရှိဖို့ နိုင်ငံအများအကြား စိတ်ကူးစိတ်သန်းတွေ၊ ထုတ်ကုန်ပစ္စည်းတွေ ကုန်ထုတ်လုပ်မှုတွေနဲ့ ဈေးကွက်နယ်ပယ်အတွင်း လွတ်လပ်မှုကို အားပေးနေ ကြကြောင်း တင်ပြလိုက်ပါတယ်။

## ဓာတ်ဆီ/ဒီဇယ်

# ဓာတ်ဆီ၊ ဒီဇယ် တန်ချိန်၁၀၁၈တန်ကျော်ဝင်

ဇွန် ၁၄ ရက်မှ ၂၀ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၈၃၇၇၉၇၄ တန်ဖိုးရှိ ဓာတ်ဆီ ၂၇၃ ဒသမ ၀၅၇ တန်နဲ့ ကန်ဒေါ်လာ ၅၀၅၇၀၅၀၆ တန်ဖိုးရှိ ဒီဇယ် ၇၄၄ ဒသမ ၉၇၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းရန် သွင်းကုန်လိုင်စင်လျှောက်ထားခဲ့တယ်လို့ သိရပါတယ်။ယခင်တစ်ပတ် ဓါတ်ဆီအဝင်မှာ ၃ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ် မှာ တန်ချိန် ၂၇၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ဒီဇယ်ကလည်း ယခင်သီတင်းပတ်မှာ တန်ချိန် ၃၀ ကျော်ဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၇၁၀ ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ဒီတစ်ပတ်ဒီဇယ်ရောဓါတ်ဆီပါအဝင်ပိုခဲ့ပါတယ်။

ပြည်တွင်း ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာဇွန်လ ၂၂ ရက်နေ့မှ ၂၆ ရက်နေ့ အတွင်းရောင်းချနေတဲ့ ဓာတ်ဆီ၊ဒီဇယ်ဈေးများက မော်လမြိုင်နဲ့တောင်ကြီးမှာ ဈေးငြိမ်နေပြီး ရန်ကုန်မှာဈေးကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ် ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီရော ဒီဇယ်ပါ ဈေးနည်းနည်းကျ လာတယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာဈေးကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာဒီဇယ်၇၁၀ ကျပ်၊အောက်တိန်း (၉၂) ၇၅၀ ကျပ်၊ အောက်တိန်း (၉၅)၈၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါဈေးများမှာ ဇွန်လ ၂၂ ရက်နေ့ ဓာတ်ဆီ ဝယ်ဈေး ၁၄၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၂၀၀၀ ကျပ်နဲ့ တစ်ပတ်လုံးဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီဇယ်ဈေးမှာ ဇွန်လ ၂၂ ရက်မှာ ဝယ်ဈေး ၁၅၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၂၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ ၂၅ ရက်နေ့တွင် ဝယ်ဈေး၁၄၂၀၀၀ ကျပ်၊ ရောင်းဈေး၁၄၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန် ဝယ်ဈေး၊ ရောင်းဈေးများမှာ ဓာတ်ဆီဈေးက တစ်ဂါလန် ၄၀၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၅၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ် လို့ဓါတ်ဆီ၊ဒီဇယ်အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ ဓာတ်ဆီနဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ တစ်လီတာ ၇၇၀ ကျပ်၊ အောက်တိန်း ၈၀၀ ကျပ်၊ ဒီဇယ် ၇၃၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၈၀၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ပြင်ပလက်လီဆိုင်များမှာအရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇွန် ၂၂ ရက်နေ့မှာ ဒီဇယ် ဝယ်ဈေး ၁၄၂၀၀၀ ကျပ်၊ရောင်းဈေး ၁၄၅၀၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်ရာတစ်ပတ်လုံး ဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ ဇွန် ၂၂ ရက်နေ့ ဝယ်ဈေး၁၄၂၀၀၀ ကျပ်၊ရောင်းဈေး ၁၄၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ပြီး၂၄ ရက်တွင် ဝယ်ဈေး၁၄၈၀၀၀ ကျပ်၊ရောင်းဈေး ၁၅၁၀၀၀ ကျပ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင်ဒီဇယ်ရော ဓါတ်ဆီပါ ဈေးနည်းနည်းကျခဲ့တယ်လို့သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၄၀၀ ကျပ်၊ ဓာတ်ဆီ ၃၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ၊ ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်ပြီးအရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီ တစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၂၈၅ ကျပ်၊ အောက်တိန်း ၃၄၆၅ ကျပ်နဲ့ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၈၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၃၀၀ ကျပ်၊ အောက်တိန်း ၃၅၀၀ ကျပ် နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် စက်သုံးဆီဈေးများ ငြိမ်နေတယ်လို့ သိရပါတယ်။ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီတစ်ဂါလန် ၃၄၀၀ ကျပ်၊ ဒီဇယ်၃၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ၄၀၀၀ ကျပ်၊ ဒီဇယ် ၃၁၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**MIRT-DOT**

## Energy NYMEX 26-6-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 59.74 | 0.04 | 0.07 |
| Brent Crude Futr (USD/bbl) | 63.52 | 0.32 | 0.51 |
| Gasoline Rbob Fut (Cent/gal) | 203.55 | -0.13 | -0.06 |
| Natural Gas Futr (USD/MMBtu) | 2.83 | -0.02 | -0.56 |
| Heating Oil Futr (Cent/gal) | 186.92 | 0.69 | 0.37 |

# ပြင်ပငွေဈေးကွက်တွင် တစ်ပတ်အတွင်း တစ်ဒေါ်လာကို ကျပ် ၂၀ကျော်မြင့်တက်ခဲ့ပြီး ပြန်လည်ကျဆင်း

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ကျဆင်းခဲ့သည့် ငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် တစ်ဒေါ်လာကို ကျပ် ၂၀ ကျော်မြင့်တက်ခဲ့ပြီးမှ ပြန်လည်ကျဆင်းလာခဲ့သည်။ ငွေလဲနှုန်းများ အဆမတန် မြင့်တက်လာမှုကြောင့် သွင်းကုန်ဈေးနှုန်းများ မြင့်တက်လာခဲ့သဖြင့် နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများ၏ ဝင်ရောက်ဖြေရှင်းပေးမှုဖြင့် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ငွေလဲနှုန်းများပြန်လည်ကျဆင်းလာခဲ့သည်။

ဗဟိုဘဏ်နှင့် အစိုးရဘဏ်များ၊ ပုဂ္ဂလိကဘဏ်များက စက်သုံးဆီ၊ စားသုံးဆီနှင့် သွင်းကုန်ပမာဏအများအပြားတင်သွင်းသည့် လုပ်ငန်းရှင်များကို အမေရိကန်ဒေါ်လာများ ရောင်းချပေးရန် ညွှန်ကြားခဲ့ပြီးနောက် ငွေလဲနှုန်းများ သိသိသာသာ ကျဆင်းသွားခဲ့သည်။

သို့သော် ဈေးကွက်အတွင်းတွင်မူ ပုဂ္ဂလိကဘဏ်များအနေဖြင့် ငွေလဲကောင်တာများ၏ အရောင်းကောင်တာများကို ပိတ်ထားမြဲပိတ်ထားဆဲပင်ဖြစ်ရာ နိုင်ငံခြားငွေလိုအပ်သည့် သွင်းကုန်လုပ်ငန်းရှင်များမှာ ပြင်ပဈေးကွက်ကိုပင် အားထားနေရဆဲပင် ဖြစ်သည်ဟု သွင်းကုန်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

"အခုဆို အပြင်ဈေးကွက်ထဲမှာပဲ လိုက်ဝယ်နေကြတယ်။ ဗဟိုဘဏ်က ကြေညာတုန်းကတော့ တစ်ရက်နှစ်ရက်လောက် ဈေးပြန်ကျသွားတယ်။ ဒါပေမယ့် ပုဂ္ဂလိကဘဏ်တွေကမှ ရောင်းမပေးနိုင်တာ။ အဲဒါကြောင့် လိုအပ်တဲ့ငွေကို အပြင်ကနေပဲ လာဝယ်နေကြတာပဲ။ ဒီလိုမျိုးလိုက်ဝယ်နေတဲ့အတွက် ဈေးကွက်ထဲမှာ ငွေလဲနှုန်းက သိသိသာသာကို ပြန်တက်သွားပါတယ်"ဟု ပြင်ပဈေးကွက်တွင်လှုပ်ရှားနေသူတစ် ဦးက ဆိုသည်။

ပြင်ပငွေလဲဈေးကွက်တွင် ဇွန်လ ၂၂ ရက်နေ့က ရောင်းဈေး ၁၁၈၅ကျပ် ဝယ်ဈေး ၁၁၇၅ကျပ်ရှိခဲ့ပြီး ဇွန် ၂၄ရက်တွင်မူ နာရီပိုင်းအတွင်းမှာပင် ၁၀ ကျပ်နီးပါးမြင့်တက်ခဲ့သည်။ ထိုနေ့ ကငွေလဲနှုန်းသည် တစ်ပတ်အတွင်း အမြင့်ဆုံးဈေးဖြစ်သည့် ၁၂၀၃ ကျပ်သို့ ရောက်ရှိခဲ့သည်။

ဇွန် ၂၅ရက်တွင် အနည်းငယ်ပြန်လည်ကျဆင်းလာခဲ့ကာဈေးကွက် ပိတ်ချိန်တွင် ရောင်းဈေး ၁၁၈၅ကျပ်၊ ဝယ်ဈေး ၁၁၆၅ ကျပ်ရှိခဲ့သည်။ ဇွန်လ ၂၆ရက်နေ့ ဈေးကွက်ပိတ်ချိန်တွင် ရောင်းဈေး ၁၁၈၅ကျပ် ဝယ်ဈေး ၁၁၇၅ ကျပ်ရှိခဲ့သည်။

**မယ်သီတာ**

# အတက်အကျရှိသေးသည့် မြန်မာ့ရွှေဈေးကွက်

ယခုတစ်ပတ်အတွင်း မြန်မာ့ရွှေဈေးကွက်သည် အတက်အကျများဖြင့် လှုပ်ရှားနေကြောင်း သိရသည်။ ပြည်တွင်း ငွေလဲနှုန်းမြင့်တက်မှုနှင့် လေပတ်ကားများ၏ ဈေးကစားမှုများကြောင့် ရွှေဈေးနှုန်းများ အတက်ကြမ်းခဲ့သလို အကျကြမ်းခဲ့သဖြင့် ဈေးကွက်အတွင်း အထိနာသူများ များပြားခဲ့ရကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဈေးတက်တုန်းက လေပတ်ကားသမားတွေကြောင့် ဈေးကွက်လည်း ပျက်ခဲ့ရတယ်။ ဈေးကွက်ပျက်သွားသလို ကုန်သည်တချို့လည်း အထိနာခဲ့ကြတယ်။ အခုဒီတစ်ပတ်မှာလည်း ငွေလဲနှုန်းက တက်လာပြန်တော့ ဇွန်လ ၂၄ရက်နေ့က ရှစ်ထောင်လောက် ပြန်တက်သွားတယ်။ ဒါပေမယ့် နောက်နေ့လည်းကျရော ဈေးကပြန်ကျသွားတယ်။ တစ်ရက်တည်းနဲ့ ဈေးအတက်အကျဖြစ်တော့ ရောင်းသူရော ဝယ်သူပါနစ်နာတာပေါ့။ ငွေလဲနှုန်းတက်တာနဲ့ ဈေးကလိုက်တက်လာတယ်။ ဈေးကွက်ထဲမှာ ခုလိုမျိုးအတက်အကျတွေများနေရင် ဘယ်လိုမှအလုပ်မဖြစ်တော့ဘူး။ ခုဆိုဈေးကွက်ထဲမှာ အရောင်းလည်းမရှိ အဝယ်လည်းမရှိဖြစ်နေတယ်"ဟု ရွှေကုန်သည် ဦးလှဦးက ပြောကြားခဲ့သည်။

မြန်မာ့ရွှေဈေးသည် ဇွန်လ ၂၂ ရက်နေ့က ကျပ် ၇၃၈၀၀၀ ရှိခဲ့ရာမှ ဇွန်လ ၂၅ရက်နေ့တွင် ကျပ် ၇၄၃၀၀၀ သို့ မြင့်တက်ခဲ့သည်။ သို့သော် ဇွန်လ ၂၅ ရက်နေ့တွင် ကျပ် ၇၃၈၀၀၀ သို့ ပြန်လည်ကျဆင်းလာခဲ့ကာ ဇွန်လ ၂၆ ရက်တွင် ကျပ် ၇၃၆၀၀၀ သို့ ထပ်မံကျဆင်းခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဇွန်လ ၂၂ ရက်နေ့က ၁၁၉၈ ဒေါ်လာ ရှိခဲ့ပြီး ဇွန်လ ၂၅ ရက်နေ့တွင် ၁၁၇၇ ဒေါ်လာသို့ ကျဆင်းခဲ့သည်။ ဇွန်လ ၂၆ရက်နေ့တွင် ၁၁၇၄ ဒေါ်လာသို့ ဆက်လက်ကျဆင်းခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

June 26, 2015

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.30 |
| BDT | Bangladesh Taka | 77.75 |
| CAD | Canada Dollars | 1.24 |
| CNY | China Yuan Renminbi | 6.21 |
| EUR | Euro | 0.89 |
| HKD | Hong Kong Dollars | 7.75 |
| INR | India Rupees | 63.60 |
| IDR | Indonesia Rupiahs | 13304.66 |
| JPY | Japan Yen | 123.44 |
| MYR | Malaysia | 3.77 |
| PKR | Pakistan Rupees | 101.74 |
| PHP | Philippines Pesos | 45.11 |
| RUB | Russia Rubles | 54.78 |
| SGD | Singapore Dollars | 1.34 |
| KRW | South Korea Won | 1117.81 |
| LKR | Sri Lanka Rupe | 133.62 |
| THB | Thailand Baht | 33.78 |
| GBP | United Kingdom Pounds | 0.64 |
| VND | Vietnam Dong | 21770.81 |

*Source : xe.com*

## World Gold Price

June, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 22 | 1193 | 1193 | 1194 |
| 23 | 1183 | 1184 | 1184 |
| 24 | 1176 | 1176 | 1176 |
| 25 | 1175 | 1175 | 1175 |
| 26 | 1170 | 1171 | 1172 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 22-6- 2015 | 734.00 | 733.90 |
| 23-6- 2015 | 740.00 | 741.80 |
| 24-6- 2015 | 747.00 | 746.00 |
| 25-6- 2015 | 735.00 | 735.10 |
| 26-6- 2015 | 737.00 | 736.70 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇွန်လ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 22 | 6 .21 | 33.64 | 77.54 | 63.49 |
| 23 | 6. 21 | 33.73 | 77.73 | 63.60 |
| 24 | 6 .21 | 33.79 | 77.95 | 63.65 |
| 25 | 6 .21 | 33.78 | 77.76 | 63.62 |
| 26 | 6.21 | 33.78 | 77.75 | 63.60 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 22-June | 16.10 | 2056.32 | 1667.46 | 5742.24 | 1075.00 |
| 23-June | 16.11 | 2068.64 | 1699.04 | 5833.63 | 1066.00 |
| 24-June | 15.84 | 2082.75 | 1705.54 | 5851.78 | 1068.00 |
| 25-June | 15.89 | 2061.47 | 1689.41 | 5831.39 | 1077.00 |
| 26-June | 15.74 | 2056.77 | 1695.01 | 5843.71 | 1078.00 |

Source:kitco.com

## ဘိလပ်မြေ



### ဒီတစ်ပတ်ဘိလပ်မြေ အဝင်လျော့

သီတင်းတစ်ပတ်ဖြစ်တဲ့ ဇွန်လ ၁၄ ရက်မှ ၂၀ ရက်အတွင်း ပြည်တွင်းကို ကန်ဒေါ်လာ ၁၉၀၀၈၀၀ တန်ဖိုးရှိ ဘိလပ်မြေ ၂၂၀၆၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ မှာယူတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၁၀၈ တန်၊ အိန္ဒိယနိုင်ငံမှ ၇၈၄ တန်နဲ့ ထိုင်းနိုင်ငံမှ ၂၁၁၇၂ တန်ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ထိုင်းနိုင်ငံမှ ဆင်တံဆိပ်နဲ့ အိန္ဒိယမှ **DALMIA** တံဆိပ်များ ဝင်လာခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန်၉၉၂၆၇ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၇၇၂၀၃ တန်ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။

### ဈေးငြိမ်ပြီး အရောင်းအဝယ်ပုံမှန်ရှိနေဆဲဘိလပ်မြေ

ဒီတစ်ပတ်ဘိလပ်မြေဈေးကွက်အခြေအနေများမှာ-

ဇွန်လ ၁၄ ရက်မှ ၂၀ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှဘိလပ်မြေအဝင်မှာ ၂၂၀၆၄ တန်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ ၉၉၂၆၇ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေတန် ၇၇၂၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၉၇၀၀ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၈၈၀၀ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန် ၉၁၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ ရောနယ်စပ် လမ်းမှပါ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်ဘိလပ်မြေဈေးကွက်အခြေအနေများမှာ-

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ မိုးကာလရောက်လာတာကြောင့် အရောင်းအဝယ်က ဒီလိုပဲအေးတတ်တယ်။ ဒီရက်ပိုင်း မိုးကလည်းများတော့ အရောင်းက တော်တော်ကိုအေးတယ်လို့ သိရပါတယ်။ ဆင်နဲ့စိန်က ဈေးငြိမ်နေပေမယ့် ကြံ့(မြိုင်ကလေး)က ၅၀ ကျပ်ဈေးကျလာတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ ဈေးက ဆင် (ထိုင်း) ၅၄၀၀ ကျပ်၊ကြံ့(မြိုင်ကလေး) ၅၁၀၀ကျပ်၊ စိန် ၅၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာ ဘိလပ်မြေက အရောင်းအဝယ်ပုံမှန်ရှိပေမယ့် ဈေးကတော့ အရင်တစ်ပတ်ဈေးနဲ့ပဲ ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ ဆင်(ထိုင်း) ၆၀၀၀ကျပ်၊ စိန် ၅၉၀၀ ကျပ်၊ ကြံ့နှစ်ကောင် (အနီ) ၅၅၀၀ ကျပ်၊ ကြံ့နှစ်ကောင်(အစိမ်း) ၅၂၀၀ ကျပ်နဲ့အရောင်း အဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဘိလပ်မြေက အရောင်းပုံမှန်ရှိပေမယ့် ဒီတစ်ပတ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ ဆင်(ထိုင်း) ၇၃၀၀ ကျပ်၊ စိန်(ထိုင်း) ၇၃၀၀ကျပ်၊ အေသုံးလုံး ၅၇၀၀ကျပ်၊ မြန်မာဆင် ၅၁၀၀ကျပ်၊ ဆင်မင်း (ကျောက်ဆည်) ၅၀၀၀ ကျပ်၊ ကျားခေါင်း ၅၀၀၀ ကျပ်၊ မြင်းခေါင်း ၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### ယခင်တစ်ပတ်ထက် တန်ချိန် ၂၉၀၀ ကျော်ပိုဝင်

ဇွန် ၁၄ ရက်မှ ၂၀ ရက် သီတင်းပတ်အတွင်းမှာ ပြည်တွင်းကို ကန်ဒေါ်လာ ၉၀၂၄၄၃ ကျော်တန်ဖိုးရှိ မြေဩဇာ ၂၇၆၂ ဒသမ ၀၇၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၂၆၈ ဒသမ ၂၈၂ တန်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၃၀၀၊ မလေးရှားမှ ၈၈ တန်၊ စင်ကာပူနိုင်ငံမှ ၁၆၁၁ ဒသမ ၇၉၅ တန်နဲ့ ထိုင်းနိုင်ငံမှ ၄၉၄တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ကွန်ပေါင်း၊ဩဂဲနစ်၊ဆာလဖိတ်စတဲ့ မြေဆီများ အများဆုံးတင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်မှာ မြေဩဇာတန်ချိန် ၇၇၁၉ ထိဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၄၉၅၇ တန် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### အရောင်းအေးနေတဲ့ ဓာတ်မြေဩဇာ

ဇွန်လ ၁၄ ရက်မှ ဇွန်လ ၂၀ ရက်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာ ၂၇၆၂ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာတန်ချိန် ၇၇၁၉ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် မှာ ၄၉၅၀ တန်ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေဩဇာ အဝင်မှာ ၁၂၄၇၃ တန် ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၆၆၁၃ တန် ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၄၁၃၀ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်မှာလည်း ရာသီချိန်ဖြစ်တာကြောင့် မြေဩဇာ အရောင်းလိုက်တယ် လို့ သိရပါတယ်။ ဒါပေမယ့် ယခင် တစ်ပတ်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ တစ်ပတ်ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးနှုန်းတွေမှာပုလဲ-အသေး၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ၂၁၅၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ၃၈၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) (ထိုင်း) ၃၁၈၀၀ ကျပ်၊ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ၂၉၅၀၀ ကျပ်၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ၂၀၀၀၀ ကျပ် ၊တီစူပါ၁၆% (မြားကမ္ဘာ-တရုတ်) ၁၁၅၀၀ ကျပ်နဲ့အရောင်းအဝယ် ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေဩဇာက အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ငွေဈေးလည်း နည်းနည်းကျလာပြီး အရောင်းလည်း ပါးတာကြောင့်မြေဩဇာဈေးလည်း နည်းနည်းကျလာတယ်လို့ သိရပါတယ်။ ယူရီးယား(ရွှေတောင်) ၁၁၀၀ ကျပ်၊ ယူရီးယား(ပန်းဖူး) ၁၀၀၀ ကျပ်၊တီစူပါ ၄၆%၆၀၀ ကျပ်၊ တီစူပါ ၁၆% ၃၀၀ ကျပ်နဲ့ ကွန်ပေါင်း ၁၀း၁၀း၅ က၁၁၀၀ ကျပ်ဈေး ကျခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ ယူရီးယား (ပန်းဖူး-တရုတ်) ၂၂၀၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၂၁၄၀၀ ကျပ်၊ တီစူပါ (**GTSP** ၄၆%-တရုတ်) ၁၉၆၀၀ ကျပ်၊ တီစူပါ (**GSSP** ၁၆%-တရုတ်) ၉၉၀၀ ကျပ်၊တီစူပါ(**GSSP** ၁၂%-တရုတ်) ၉၃၀၀ ကျပ်၊ကွန်ပေါင်း ၁၀း၁၀း၅ ၁၃၅၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ရာသီချိန်မဟုတ်တာကြောင့် မြေဩဇာ အရောင်းအဝယ်ပါးတယ်လို့ သိရပါ တယ်။ ဒီတစ်ပတ်မှာ မြေဩဇာဈေးများ နည်းနည်းကျလာတယ်လို့ဆိုပါတယ်။ ယူရီးယားက ၇၀၀ ကျပ်၊ တီစူပါက ၂၀၀ ကျပ်၊ ဓာတ်ဆားနဲ့ ယူရီးယား (ယူအေအီး) က ၅၀၀ ကျပ်၊ မြားကမ္ဘာက ၉၀၀ ကျပ် ၊ တီစူပါ ၁၅ ပတ်လည်က ၁၀၀၀ ကျပ်ဈေးကျခဲ့တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်း အဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်) ၂၂၈၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ၂၂၈၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)၂၃၃၀၀ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၀၈၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၁၄၀၀ ကျပ်၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ၃၇၀၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ၁၅၇၀၀ကျပ်၊ ဓာတ်ဆား (တရုတ်) ၁၆၅၀၀ ကျပ်၊ ပိုတက် (တရုတ်) ၂၄၀၀၀ ကျပ်၊ ယူရီးယား (ယူအေအီး) ၂၁၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၅၃၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဒီတစ်ပတ် မြေဩဇာက အရောင်းအဝယ်အေးပြီး ဈေးတွေ နည်းနည်းကျလာတယ်လို့သိရပါတယ်။ ယူရီးယားက ၁၂၀၀ ကျပ်၊ တီစူပါက ၁၀၀ ကျပ်၊ ကွန်ပေါင်းက ၂၅၀၀ ကျပ် ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ၂၁၃၀၀ ကျပ် ၊ယူရီးယား (နေရွက်လှေ-တရုတ်) ၂၁၃၀၀ ကျပ်၊ တီစူပါ(သံကွင်း-တရုတ်) ၂၀၂၀၀ ကျပ်၊ ပိုတက် (အိန္ဒိယ)၂၃၀၀၀ ကျပ်၊ ကွန်ပေါင်း(နေရွက်လှေ- တရုတ်) ၁၅း၁၅း၁၅ ၃၄၀၀၀ကျပ် ၊ကွန်ပေါင်း ၂၅း၇း၇ (တရုတ်) ၃၁၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### ဒီတစ်ပတ် နို့ဆီရော နို့မှုန့်ပါ အဝင်လျော့

ပြည်တွင်းကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၁၆၆၂၀၀ တန်ဖိုးရှိ နို့ဆီ ၅၃ ဒသမ ၂၈ တန်ကို ဇွန် ၁၄ ရက်မှ ဇွန် ၂၀ ရက် သီတင်းပတ်အတွင်းမှာ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မာရီဂိုးနို့ဆီ ၄၉ ဒသမ ၆၈ တန်၊ ဒွန်းနို့ဆီ ၃ ဒသမ ၆၀ တန် တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်နို့ဆီအဝင်မှာ တန်ချိန် ၂၇၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၂၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၁၂၇ ဒသမ ၆တန်၊ စင်ကာပူမှ ၂၆ ဒသမ ၅၇၇ တန်၊ဂျပန်မှ သုည ဒသမ ၁၄၂ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ ၇ တန်တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်မှာ တန်ချိန် ၅၈၀ ကျော်ထိ ဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၂၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

**နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ**

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၁၃/၆ မှ ၁၉/၆ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၆/၆ မှ ၁၂/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၁၇၄.၂၅ | ၉၆၄.၇၅ | (+) | ၂၀၉.၅၀ |
| ၂။ | လွယ်ဂျယ် | ၃၂၉.၀၀ | ၅၁၆.၀၀ | (-) | ၁၈၇.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၂၄၈၀.၅၀ | ၃၀၇၅.၇၅ | (-) | ၅၉၅.၂၅ |
| ၅။ | တာချီလိတ် | ၂၀၀၀.၀၀ | ၃၅၀၀.၀၀ | (-) | ၁၅၀၀.၀၀ |
| ၆။ | မြဝတီ | ၅၄၄.၆၄ | ၁၇၂.၈၀ | (+) | ၃၇၁.၈၄ |
| ၇။ | ကော့သောင်း | ၂၉၂၂.၅၀ | ၈၅၇၂.၀၀ | (-) | ၅၆၄၉.၅၀ |
| ၈။ | မြိတ် | ၂၅၀.၀၀ | ၂၀၀၀.၀၀ | (-) | ၁၇၅၀.၀၀ |
| ၉။ | မောင်တော | - | - | | - |
| | စုစုပေါင်း | ၉၇၀၈၈၉ | ၁၈၈၀၁၃၀ | (-) | ၉၁၀၀.၄၁ |

မြင့်မြင့်မာ MIRT (DCCA)

**နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ**

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၁၃/၆ မှ ၁၉/၆ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၆/၆ မှ ၁၂/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၁၇၀၅.၄၀၀ | ၁၄၇၁၁.၇၆၉ | (-) | ၃၀၀၆.၃၆၉ |
| ၂။ | လွယ်ဂျယ် | ၅၉.၈၀၀ | ၂၃၃.၀၀၀ | (-) | ၁၇၃.၂၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၉၀.၇၉၀ | ၁၁၀၅.၇၅၀ | (-) | ၉၁၄.၉၆၀ |
| ၄။ | တာချီလိတ် | - | ၃၀.၀၀၀ | (-) | ၃၀.၀၀၀ |
| ၅။ | မြဝတီ | ၄၃၀.၅၈၅ | ၃၉၄.၀၅၀ | (+) | ၃၆.၅၃၅ |
| ၆။ | ကော့သောင်း | ၈၇.၀၀၀ | ၁၃၉.၀၀၀ | (-) | ၅၂.၀၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | - | - | | - |
| | စုစုပေါင်း | ၁၂၄၇၃.၅၇၅ | ၁၅၀၄၀.၂၅၀ | (-) | ၄၁၃၉.၉၉၄ |

တင်တင်ထွန်း MIRT (DCCA)

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

## နှမ်း

### နှမ်းတွေလှိုင်လှိုင်ပေါ်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် တွင် နှမ်းစိုက်ဧကမှာ ဧက ၃၃၀၀၀ ကျော်၊ စစ်ကိုင်းမြို့နယ်တွင် ဧက ၁၈၈၀၀ ကျော်၊ မြစ်သား မြို့နယ်တွင် ဧက ၂၁၉၀၀ ကျော်၊ တံတားဦးမြို့နယ်တွင် ဧက ၉၀၀ ကျော်၊ စုစုပေါင်း ၇၄၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။

ကျောက်ဆည်ခရိုင်မှာ ဧက ၄၃၀၀ ကျော်ရိတ်သိမ်းပြီး တစ်ဧကပျမ်းမျှအထွက်နှုန်းအနေဖြင့် ၁၄ ဒသမ ၂၅၊ အထွက် စုစုပေါင်း တင်း ၆ ဒသမ ၁၈ သိန်းရှိကြောင်း သိရပါတယ်။ နှမ်းဖြူကို မတ်လဆန်းပိုင်းမှာ ပက်ကြဲစနစ်နဲ့ အများဆုံးစိုက်ပျိုးပြီး တစ်ဧကကို (၁၀ တင်း၊ ၁၅ တင်း) ထွက်ရှိလျက် ဧပြီလတွင် နှမ်းဖြူကိုစိုက်ပျိုးရင် အသီးများ အပြည့်အဝအောင်မြင်ဖြစ်ထွန်းမှုမရှိဘဲ တစ်ဧကလျှင် ၅၊ ၆တင်းသာထွက်ရှိတာတွေ့ရပါတယ်။ နှမ်းညို၊ နှမ်းနက်များကို ဧပြီလတွင် စိုက်ပျိုးပြီး တစ်ဧကလျှင် ၇ တင်းမှ ၁၀ တင်း အထိ ထွက်ရှိတာတွေ့ရပါတယ်။

နှမ်းဈေးနှုန်းအနေနဲ့ နှမ်းဖြူတစ်တင်း ၃၉၅၀၀ ကျပ်၊ နှမ်းညိုတစ်တင်း ၂၇၅၀၀ ကျပ်၊ နှမ်းနက်တစ်တင်း ၃၃၀၀၀ ကျပ်ဈေးရှိပြီး ယခင်နှစ်ကထက် နှမ်းတစ်တင်းလျှင် ၁၀၀၀၀ ကျပ်ဝန်းကျင် ဈေးနိမ့်နေကြောင်း တွေ့ရပါတယ်။ နှမ်းတစ်ဧကစိုက်ပျိုးရင် ၇၅၀၀၀ ကျပ်မှ ၉၀၀၀၀ ကျပ်ဝန်းကျင်ကုန်ကျပြီး ၊ အကျိုးအမြတ်အနေဖြင့် နှမ်းဖြူဆိုရင် သုံးသိန်းကျော်မြတ်ပြီး နှမ်းညို၊ နှမ်းနက်ဆိုရင် နှစ်သိန်းကျော် အကျိုးအမြတ်ရရှိတယ်လို့ နှမ်းစိုက်တောင်သူများထံမှ သိရပါတယ်။

**မြင့်မြင့်ဝင်း-ကျောက်ဆည်**

### မြဝတီမှ နှမ်းနက်နဲ့ မူဆယ်မှ နှမ်းဖြူ (အခွံချွတ်)တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဇွန်လတတိယပတ်တွင် ကန်ဒေါ်လာ သုည ဒသမ ၀၆၇ သန်းတန်ဖိုးရှိ နှမ်းဖြူ(အခွံချွတ်)၃၈ တန်တစ်မျိုးတည်းသာ တင်ပို့ခဲ့ပြီး မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၈၀၀၀ တန်ဖိုးရှိနှမ်းနက် ၁၂ တန်တင်ပို့ခဲ့ပါတယ်။ချင်းရွှေဟော်မှ ယခုတစ်ပတ်တွင် နှမ်းတင်ပို့မှုမရှိခဲ့ပါဘူး။ ယခင်တစ်ပတ်က မူဆယ်နဲ့ ချင်းရွှေဟော်မှ နှမ်းရောင်စုံ ၂၆၉ တန်ကျော် တင်ပို့ခဲ့ပါတယ်။

ဒီတစ်ပတ်မှာ ငွေလဲနှုန်းတွေ မြင့်တက်နေလို့ ကုန်သည်တွေက အရှုံးပေါ်မှာစိုးလို့ အရောင်းအဝယ်တွေမှာ ထိန်းထားကြတာဖြစ်ပြီး ရှေ့တစ်ပတ်မှာ အရောင်းအဝယ်တွေ ပုံမှန်အနေအထားကို ပြန်ရောက်လာနိုင်တယ်လို့ ချင်းရွှေဟော်နယ်စပ်ကုန်သည်များက မျှော်လင့်နေကြပါတယ်။

**မော်မော်အောင်**

## စားအုန်းဆီ

### ရင်းဂစ်တန်ဖိုး ကျဆင်းမှုနဲ့ ပဲပုပ်ဈေး မြင့်တက်မှုကြောင့် စားအုန်းဆီဈေးမြင့်တက်

ရင်းဂစ်ငွေကြေးတန်ဖိုး ထပ်မံကျဆင်းမှုကြောင့် မလေးရှားစားအုန်းဆီဈေးက ဇွန်လ ၂၄ ရက်မှာ တတိယမြောက်နေ့အဖြစ် ဆက်လက်မြင့်တက်လာခဲ့ပါတယ်။ တစ်ချိန်တည်းမှာ ပင်လယ်ရပ်ခြားဈေးကွက်တွေမှာ ပဲပုပ်ဆီဈေးမြင့်တက်လာတာမျိုးကလည်း စားအုန်းဆီဈေးမြင့်တက်လာဖို့ အထောက်အကူဖြစ်ခဲ့ကြောင်း မလေးရှား၊ အင်ဆိုက်ဒါသတင်းမှာ ဖော်ပြပါတယ်။

မလေးရှားရင်းဂစ်တန်ဖိုးက ဇွန်လ ၂၅ ရက်နေ့မှာ တစ်ဒေါ်လာကို ၃ ဒသမ ၇၆၇၀ ရင်းဂစ်နှုန်း ရှိခဲ့ပြီး တတိယမြောက်နေ့အဖြစ် ကျဆင်းခဲ့ပါတယ်။ ဒီနှုန်းက ဇွန်လ ၈ ရက်နောက်ပိုင်း အနိမ့်ဆုံးဖြစ်ခဲ့တဲ့အတွက် ရင်းဂစ်ကို နိုင်ငံခြားဖောက်သည်တွေက ဝယ်ယူလိုမှုနည်းခဲ့ပါတယ်။ တစ်ချိန်တည်းမှာ အမေရိကန်ပြည်ထောင်စုရဲ့ အဓိက သီးနှံရပ်ဝန်းတွေမှာ ပဲပုပ်စိုက်ပျိုးမှုကျဆင်းတယ်ဆိုတဲ့သတင်းတွေကြောင့် ပဲပုပ်ဈေး မြင့်တက်လာသကဲ့သို့ စားအုန်းဆီဈေးကလည်း အလားတူမြင့်တက်ခဲ့ပါတယ်။

“ရင်းဂစ်တန်ဖိုးက တစ်ဒေါ်လာကို ၃ဒသမ ၇၆ ရင်းဂစ်အထိကျဆင်းမှုနဲ့ပဲပုပ်ဆီဈေးမြင့်တက်မှုက စားအုန်းဆီကြမ်းရဲ့ အနာဂတ်စာချုပ်ဈေးနှုန်းက မြင့်တက်ခဲ့ပါတယ်” လို့ ကွာလာလမ်ပူရှိ နိုင်ငံခြားကုန်စည် အကျိုးဆောင်လုပ်ငန်းတစ်ခုက ပြောပါတယ်။

အမေရိကန်ပြည်ထောင်စုမှာ ဇူလိုင်အတွက် ချုပ်ဆိုတဲ့ စာချုပ်ဈေးက အာရှဈေးကွက်မှာ သုညဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ပြီး ဒါလီယံကုန်စည်ဒိုင်မှာ ဇန်နဝါရီအတွက် စာချုပ်ဈေးနှုန်းက သုညဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။ ပဲပုပ်စိုက်ပျိုးတဲ့ပြည်နယ်တွေဖြစ်တဲ့ မစ်ဆိုရီ၊ ကင်ဆပ်နဲ့ အများဆုံးစိုက်တဲ့ အီလီနွိုက် ပြည်နယ် တွေမှာ ပဲပုပ်စိုက်ပျိုးမှု နောက်ကျနေတာကိုတွေ့ရပါတယ်။

ဘာဆာမလေးရှား ကုန်စည်ဒိုင်မှာ စက်တင်ဘာ စားအုန်းဆီကြိုပွဲ့ဈေးက နေ့လယ်ဘက်ဈေးကွဲချိန်မှာ သုည ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်တန်ကို ၂၂၈၀ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၀၇) ရှိပါတယ်။ စောစောပိုင်း ဈေးနှုန်းတွေက တစ်တန်ကို ၂၂၈၅ ရင်းဂစ်နှုန်းထိရှိခဲ့ပြီး ဇွန်လ ၁၇ ရက်နောက်ပိုင်းမှာ အမြင့်ဆုံးနှုန်း ဖြစ်ခဲ့ပါတယ်။


စုစုပေါင်းကုန်သွယ်မှုပမာဏ ၂၅ တန်ရှိအတွဲ ၁၃၀၀၇ တွဲရှိခဲ့တဲ့အတွက် ပျမ်းမျှရောင်းချနှုန်းဖြစ်တဲ့ ၁၂၅၀၀ တွဲထက် ကျော်လွန်နေပါတယ်။

ရင်းနှီးမြှုပ်နှံသူတွေက ဝယ်လိုအား ပမာဏတွေနဲ့ မလေးရှားနိုင်ငံရဲ့ စားအုန်းဆီကြမ်းထုတ်လုပ်မှုကို လေ့လာအကဲခတ်လျက်ရှိပါတယ်။ ကမ္ဘာ့ဒုတိယအများဆုံး စားအုန်းဆီထုတ်လုပ်တဲ့နိုင်ငံဖြစ်တဲ့ မလေးရှားနိုင်ငံက မေလအကုန်မှာ တန်ချိန် ၂ ဒသမ ၂၄ သန်းထွက်ရှိပြီး ခြောက်လအတွင်း အမြင့်ဆုံးထုတ်လုပ်ခဲ့ပါတယ်။

မလေးရှားနိုင်ငံမှာ စားအုန်းဆီအများဆုံးထုတ်လုပ်တဲ့ ဆားဗားပြည်နယ်မှာ စားအုန်းဆီထုတ်လုပ်မှု ကျဆင်းတဲ့အတွက် ဇွန် ၁ ရက်ကနေ ၂၀ ရက်ထိထုတ်လုပ်မှုက ယခင်လကာလတူနဲ့ နှိုင်းယှဉ်ရင် ၁ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း မလေးရှားစားအုန်းဆီအသင်းက ပြောပါတယ်။

မလေးရှားနိုင်ငံရဲ့ စားအုန်းဆီတင်ပို့မှုက မေလ ၁ ရက်မှ ၂၅ ရက်အတွင်း ၁၃၈၂၇၈၂ တန်ရှိခဲ့ရာ ဇွန်လ ၁ ရက်မှ ၂၅ ရက်အတွင်း ၁၄၀၀၁၆၂ တန် တင်ပို့နိုင်ခဲ့တဲ့အတွက် ၁ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့ Intertek Testing Service က ပြောပါတယ်။

**UNT**



### ပြည်တွင်းဆီဈေးနှုန်းများ (၂၆-၆-၂၀၁၅) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၂၀၀ | ၄၂၀၀ | □ | ၁၇၅၀ | ၁၇၅၀ | □ |
| ရန်ကုန် | ၅၃၀၀ | ၅၃၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၄၇၀ | ၁၄၂၀ | ▽ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၅၉၀ | ၁၅၃၀ | ▽ |
| ပဲခူး | ၃၃၀၀ | ၃၃၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၆၂၀ | ၁၅၀၀ | ▽ |
| မကွေး | ၄၇၀၀ | ၄၇၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| မုံရွာ | ၄၈၀၀ | ၅၀၀၀ | △ | ၄၀၀၀ | ၃၈၀၀ | ▽ | ၁၆၂၀ | ၁၅၅၀ | ▽ |
| စစ်တွေ | ၃၄၀၀ | ၃၄၀၀ | □ | ၃၂၀၀ | ၄၀၀၀ | △ | ၁၉၀၀ | ၂၀၀၀ | △ |

*Source: mirt*

### စားအုန်းဆီဈေးနှုန်းများ (၂၂-၆-၂၀၁၅ မှ ၂၆-၆-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၂၂-၆-၂၀၁၅ | ၆၇၅ |
| (၂) | ၂၃-၆-၂၀၁၅ | ၆၇၅ |
| (၃) | ၂၄-၆-၂၀၁၅ | ၆၇၅ |
| (၄) | ၂၅-၆-၂၀၁၅ | ၆၉၀ |
| (၅) | ၂၆-၆-၂၀၁၅ | ၆၈၅ |

Source: ဆီကုန်သည်များအသင်း

### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၆-၆-၂၀၁၅ US$/Ton

| အမျိုးအစား | ဇွန်လတတိယပတ် | ဇွန်လစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၃၂.၅၀ | ၆၁၄.၅၀ | ▽ |
| RBD P.Olein | ၆၃၁.၀၀ | ၆၃၁.၅၀ | △ |
| RBD P.Strarin | ၅၆၅.၅၀ | ၅၅၈.၀၀ | ▽ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၆- ၆ - ၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx Earning)/ 612 | ၁၃၂၆.၃၅ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x Earning)/612 | ၃.၃၂ |
| Bill စရိတ် | (CIF x 0.50% x Earning )/612 | ၆.၆၃ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၁၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၁.၈၂ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှာထား | (CIF x 35/-)/ 612 | ၃၉.၁၇ |
| ဆိပ်ကမ်းကပ်ခ | (3x Earning )/ 612 | ၅.၈၁ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၄၆၆.၀၁ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၆-၆-၂၀၁၅နေ့ (CIF ဈေး Cloud Point 8 ˚C Max၆၈၅ဒေါ်လာ၊ FOB ၆၆၀ ဒေါ်လာနှင့် Earning ဈေး ၁၁၈၅ ကျပ်ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။
၂။ ၂၆-၆-၂၀၁၅နေ့ ဝယ်ယူပြီးနောက် (၁၀) ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၁၁၀ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ် လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်း မရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါ ဈေးနှုန်းများသည် အချိန်နှင့်အမျှအတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# နယ်စပ်ဒေသများရှိစီးပွားရေးဇုန်များ၌စင်ကာပူကုမ္ပဏီများအား ရင်းနှီးမြှုပ်နှံမှုပြုရန်ထိုင်းဝန်ကြီးချုပ်မှဖိတ်ခေါ်

ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာသည် ၂၀၁၅ ခုနှစ် ဇွန်လ ၁၁ ရက်နှင့်၁၂ ရက်နေ့များတွင် စင်ကာပူနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့ရာ စင်ကာပူဝန်ကြီးချုပ်လီရှန်လွန်းက လက်ခံတွေ့ဆုံလျက် နှစ်နိုင်ငံကြားကုန်သွယ်မှုနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

ဇွန် ၁၁ ရက်နေ့တွင် ပြုလုပ်သည့် နှစ်နိုင်ငံခေါင်းဆောင်များဆွေးနွေးပွဲ၌ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့အကြား ၁၉၇၅ ခုနှစ်အတွင်းကချုပ်ဆိုခဲ့သော စာချုပ်အပေါ် စကားရပ်များပြင်ဆင်လျက် အခွန်နှစ်ကြိမ်ထပ်ကောက်ခံမှုရှောင်ကြဉ်ရေးသဘောတူညီချက် (Revised Avoidance of Double Taxation Agreement) အသစ်ကို စင်ကာပူနိုင်ငံခြားရေးဝန်ကြီးကေရှန်မူဂန်နှင့် ထိုင်းနိုင်ငံခြားဝန်ကြီးတနာဆတ်ပါတီမပရာဂွန်တို့က လက်မှတ်ရေးထိုးခဲ့ပါသည်။ ထို့အပြင်နှစ်နိုင်ငံအကြားပင်လယ်ရေကြောင်း အပျော်ခရီးသွား လာမှုလုပ်ငန်းတိုးတက်စေရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှု စာချွန်လွှာကိုလည်းလက်မှတ်ရေးထိုးခဲ့ ပါသည်။

အလားတူစင်ကာပူနိုင်ငံ ကုန်ထုတ်လုပ်ငန်းရှင်များအသင်းချုပ် (SMF)နှင့်ထိုင်းနိုင်ငံစက်မှုလုပ်ငန်းရှင်များအသင်းချုပ် (TFI)တို့အကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (MOU on promoting economic cooperation) ကိုလည်းကောင်း၊ စင်ကာပူနိုင်ငံ သတင်း မီဒီယာဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှု အာဏာပိုင်အဖွဲ့နှင့်ထိုင်းနိုင်ငံဆော့ဖ်ဝဲကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ရေး အေဂျင်စီတို့အကြား ရုပ်သံထုတ်လွှင့်မှု၊ ရုပ်ပုံနည်းပညာအသုံးချဖန်တီးမှု၊ ဂိမ်းများထုတ်လုပ်မှုနှင့်သတင်းမီဒီယာနယ်ပယ်တို့၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MOU on cooperation in the field of broadcast, audiovisual, animation, games and digital media) ကိုလည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြပါသည်။

SMF နှင့် TFI တို့၏သဘောတူညီချက်များအရ နှစ်နိုင်ငံစီးပွားရေးအဖွဲ့အစည်းများ အကြားအထူးသဖြင့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ကုန်သွယ်မှု ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးရာလုပ်ရှားဆောင်ရွက်မှုများနှင့်လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လေ့ကျင့်သင်တန်းပေးမှုများတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်မည်ဖြစ်ပါသည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၂ ရက်နေ့တွင် စင်ကာပူအပြည်ပြည်ဆိုင်ရာစီးပွားရေးအဖွဲ့အစည်း (IE Singapore) မှစီစဉ်ကျင်းပသော စင်ကာပူစီးပွားရေးလုပ်ငန်းရှင်များနှင့်တံခါးပိတ်တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပါသည်။ စင်ကာပူနိုင်ငံဘက်မှ ရေအရင်းအမြစ်နှင့်ပတ်ဝန်းကျင်ရေးရာ ဝန်ကြီးဗီဗီယန်ဘာလာခရစ်ရှ်နန်၊ IE Singapore ၏ အမှုဆောင်အရာရှိချုပ် တီအိုအန်ချီအွန်တို့ဦးဆောင်လျက် စင်ကာပူနိုင်ငံရှိ သယ်ယူပို့ဆောင်ရေး၊ အိမ်ခြံမြေ၊ အဆင့်မြင့်နည်းပညာနှင့် ကုန်ထုတ်လုပ်ငန်းနယ်ပယ်များမှ ထိပ်သီးစီးပွားရေးခေါင်းဆောင် ၁၇ ဦးတို့တက်ရောက်ခဲ့ကြပါသည်။ ၎င်းဆွေးနွေးပွဲ၌ ထိုင်းဝန်ကြီးချုပ်က ထိုင်းနိုင်ငံ၌ နိုင်ငံရေးမငြိမ်မသက်ဖြစ်ပေါ်ခဲ့မှုကြောင့် စိန်ခေါ်မှုပေါင်းများစွာကျန်ရှိနေသော်လည်းအခြေခံအဆောက်အအုံနှင့် စားသုံးသူ ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍများ၌ စင်ကာပူကုမ္ပဏီများ ဝင်ရောက်လုပ်ကိုင်နိုင်မည့်အခွင့်အလမ်းများစွာရှိနေကြောင်း၊ စင်ကာပူလုပ်ငန်းရှင်များအနေဖြင့် ထိုင်းနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့်ထိစပ်လျက်ရှိသည့် နယ်စပ်ဒေသတစ်လျှောက်တွင် တည်ထောင်လျက်ရှိသော အထူးစီးပွားရေးဇုန်များ၌ ရင်းနှီးမြှုပ်နှံမှုပြုရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားခဲ့ပါသည်။ ထို့နောက် ထိုင်းဝန်ကြီးချုပ်သည် စင်ကာပူနိုင်ငံ Marina Bay Cruise Centre သို့ သွားရောက်လေ့လာခဲ့သည်။

အဆိုပါဆွေးနွေးပွဲ အပြီး IE Singapore၏သတင်းထုတ်ပြန်ချက်အရ ထိုင်းနိုင်ငံအစိုးရသည် ဘတ်ငွေ ၃ ဒသမ ၃ ထရီလီယံတန်ဖိုးရှိသော အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်တစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်ရှိကြောင်း၊ စင်ကာပူကုမ္ပဏီများအနေဖြင့် အဆိုပါ စီမံချက်အရ ဆောင်ရွက်မည့် သုဝဏ္ဏဘူမိလေဆိပ်တိုးချဲ့မှုလုပ်ငန်း၊ ပင်လယ်အပျော်ခရီးသွားဆိပ်ကမ်းတည်ဆောက်မှုလုပ်ငန်းနှင့်မြို့ပြစီမံကိန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများရှိကြောင်း၊ ၎င်းစီမံကိန်းများ၌ စီမံခန့်ခွဲခြင်း၊ စက်မှုနှင့်လျှပ်စစ်ဆိုင်ရာအတိုင်ပင်ခံဆောင်ရွက်ခြင်း၊ စက်ပစ္စည်းကိရိယာများပေးသွင်းခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းစသည်တို့ကိုလုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင်ဖရန်ချိုက်လုပ်ငန်း သဘောတူညီချက်များအရ စားသုံးသူ ဈေးကွက်ဝန်ဆောင်မှုတွင်လည်း လုပ်ကိုင်ရန် အခွင့်အရေးများရှိကြောင်းဖြင့် ဖော်ပြပါသည်။

နှစ်နိုင်ငံအကြားခရီးသည်များ သွားလာမှုမှာ တိုးတက်လျက်ရှိပြီး ၂၀၁၄ ခုနှစ်တွင် စင်ကာပူနိုင်ငံသားခရီးသည်ဦးရေရှစ်သိန်းကျော်သည် ထိုင်းနိုင်ငံသို့လည်းကောင်း၊ ထိုင်းနိုင်ငံသားငါးသိန်းကျော်သည် စင်ကာပူသို့လည်းကောင်း ခရီးသွားလာခဲ့ကြောင်းသိရှိရပါသည်။ နှစ်နိုင်ငံကုန်သွယ်မှုပမာဏမှာ လွန်ခဲ့သောဆယ်စုနှစ်တာကာလအတွင်းတိုးတက်လာခဲ့ရာ ၂၀၁၄ခုနှစ်၌ စင်ကာပူဒေါ်လာ ၃၀ ဘီလီယံ အထိရောက်ရှိခဲ့ပါသည်။ ယခင်နှစ်က ထိုင်းနိုင်ငံသည် စင်ကာပူ၏ ကိုးနိုင်ငံမြောက်အဓိကကုန်သွယ်ဖက်နိုင်ငံအဖြစ် တည်ရှိခဲ့ပြီး စင်ကာပူနိုင်ငံသည်လည်း ထိုင်းနိုင်ငံ၏ဒုတိယမြောက်ပြည်ပရင်းနှီးမြှုပ်နှံမှုအများဆုံးဖြစ်ခဲ့ကြောင်း သိရှိရပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ စင်ကာပူမြို့**

# ထိုင်းနိုင်ငံနှင့်တူရကီတို့ လွတ်လပ်စွာ ကုန်သွယ်ရေး ညှိနှိုင်းဆွေးနွေးမှု ပြန်လည်စတင်မည်

ထိုင်းနိုင်ငံနှင့်တူရကီနိုင်ငံတို့သည် လွတ်လပ်စွာကုန်သွယ်မှုဒေသတည်ထောင်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများကိုပြန်လည်စတင်မည်ဖြစ်ပါသည်။ ဆွေးနွေးညှိနှိုင်းမှုများကို တစ်နှစ်ခွဲအတွင်း အပြီးသတ်ဆွေးနွေးနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြပါသည်။

အစိုးရအဖွဲ့သို့ တင်ပြရန် ဆွေးနွေးညှိနှိုင်းမည့်မူဘောင်ကိုပြင်ဆင်ပြီးဖြစ်ကြောင်း၊ ဆွေးနွေးညှိနှိုင်းမှုများကို ယခုနှစ်အတွင်း စတင်နိုင်ဖွယ်ရှိကြောင်း၊ တူရကီနိုင်ငံသည် ထိုင်းနိုင်ငံပြည်ပတင်ပို့မှုအတွက် အလွန်အရေးပါသော ဈေးကွက်ဖြစ်ကြောင်း၊ တူရကီနိုင်ငံသည် ဥရောပနှင့်အရှေ့အလယ်ပိုင်းဒေသသို့ တစ်ဆင့်ခံ ပြန်လည်တင်ပို့ရာနေရာဖြစ်ကြောင်း ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေးဌာန၏ ညွှန်ကြားရေးမှူးချုပ်မစ္စတာသာဝပ်ချိုင်းကပြောကြားခဲ့ပါသည်။

၂၀၁၃ ခုနှစ်၌ ထိုင်းနိုင်ငံနှင့်တူရကီနိုင်ငံတို့၏ လွတ်လပ်စွာကုန်သွယ်ရေး သဘောတူစာချုပ်ချုပ်ဆိုခြင်းနှင့်ပတ်သက်၍ ဖြစ်နိုင်ခြေလေ့လာဆန်းစစ်မှုပြုလုပ်ခဲ့ရာ ထိုင်းနိုင်ငံ၏စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုတန်ဖိုး (GDP) ကို သုည ဒသမ ၀၃ ရာခိုင်နှုန်းမြင့်တက်စေနိုင်သည်ဟု တွေ့ရှိခဲ့ပါသည်။

တူရကီနိုင်ငံသည် တစ်နှစ်လျှင်ခရီးသွားဧည့်သည်သန်း၃၀ ကို ဆွဲဆောင် လျက်ရှိသည့်နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ထို့ပြင် G20 အဖွဲ့ဝင်ဖြစ်ပြီး ဥရောပနှင့်အာရှအကြား မဟာဗျူဟာကျသော ကွင်းဆက်(ဆက်သွယ်ပေးသောနေရာ)ဖြစ်ပါသည်။ ထိုင်းနိုင်ငံအတွက် ဥရောပ၊ အရှေ့ဥရောပ၊ အရှေ့အလယ်ပိုင်းဒေသ၊ အာဖရိကဈေးကွက်များသို့ ထိုးဖောက်ဝင်ရောက်ရန် အချက်အချာကျသောနေရာဖြစ်ပါသည်။

ထိုင်း-တူရကီနှစ်နိုင်ငံ ကုန်သွယ်မှုသည် ၂၀၁၃ ခုနှစ်က ၈ ဒသမ ၁၉ ရာခိုင်နှုန်းမြင့်တက်၍ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၃ ဘီလီယံရှိခဲ့ကြောင်း၊ တူရကီနိုင်ငံသို့တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁ ဘီလီယံဖြစ်ပြီး တူရကီနိုင်ငံမှတင်သွင်းမှုသည် အမေရိကန်ဒေါ်လာ ၃၁၉ သန်းဖြစ်ကြောင်း၊ တူရကီသို့ အဓိကတင်ပို့သောကုန်ပစ္စည်းများမှာ စားသောက်ကုန်၊ ရေခဲသေတ္တာ၊ ပလတ်စတစ်၊ မော်တော်ကားနှင့် ကားအပိုပစ္စည်းများ၊ ရော်ဘာထုတ်ကုန်များဖြစ်ကြောင်း၊ တူရကီမှ စကျင်ကျောက်၊ ကျောက်မျက်ရတနာ၊ အဝတ်အထည်စသည်တို့ကို အဓိကတင်သွင်းကြောင်း သိရှိရပါသည်။

ထို့ပြင် ဖြစ်နိုင်ခြေလေ့လာမှုပြီးစီးပါက ထိုင်းနိုင်ငံသည် အီးယူနှင့်လည်း FTA ဆွေးနွေးညှိနှိုင်းမှုများပြန်လည်စတင်နိုင်ရန် ကြိုးပမ်းမည်ဖြစ်ကြောင်း ပီရူးနိုင်ငံနှင့် FTA ဆွေးနွေးညှိနှိုင်းမှုများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ပိုမိုပူနွေးပြီး အောက်စီဂျင်နည်းသည့် ရေပြင်သည် ရေနေသတ္တဝါများအား နေရာရွှေ့ပြောင်းကျက်စားရန် တွန်းအားပေးလျက်ရှိကြောင်း သုတေသီများက ထုတ်ဖော်ပြောကြား

ကမ္ဘာကြီးပိုမိုပူနွေးလာမှုကြောင့် ရေမျက်နှာပြင်များ၏အပူချိန် မြင့်တက်လျက်ရှိပြီး အနာဂတ်တွင်လည်း ရေပြင်အပူချိန်ဆက်လက်မြင့်တက်မည်ဟု ခန့်မှန်းကြောင်း ယင်းကဲ့သို့ရေပြင်ပိုမိုပူနွေးလာမှုသည် ရေနေသတ္တဝါများ၏ ဇီဝဖြစ်စဉ် အတွက် အောက်စီဂျင်လိုအပ်မှုကို ပိုမိုလျင်မြန်စွာ ဖြစ်ပေါ်စေနိုင်သော်လည်း ပူနွေး သည့်ရေသည် အောက်စီဂျင်ကို ထိန်းသိမ်းနိုင်မှုလျော့နည်းကြောင်း၊ သို့ဖြစ်၍ပူနွေး သည့်ရေပြင်သည် ရေနေသတ္တဝါများအား နေရာရွှေ့ပြောင်း ကျက်စားရန်ဖြစ်ပေါ် စေနိုင်ကြောင်း ဝါရှင်တန်တက္ကသိုလ်မှ သုတေသီများနှင့်ပူးပေါင်းဆောင်ရွက်သူ များကဇင်းတို့၏ ရှာဖွေတွေ့ရှိချက်ကို ယခုလ အစောပိုင်းက ထုတ်ပြန်ကြေညာခဲ့ ပါသည်။

ကမ္ဘာ့ရေမျက်နှာပြင် ပိုမိုပူနွေးလာမှုသည် ရေနေသတ္တဝါများ၏ ဇီဝဖြစ်စဉ်ကိုပိုမိုလျင်မြန်စွာ ဖြစ်ပေါ်စေခြင်းကြောင့် သတ္တဝါများအနေဖြင့် အောက်စီဂျင်လိုအပ်မှု ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း၊ ယခုအခါ သမုဒ္ဒရာများတွင် ရာသီဥတုပူနွေး လာမှုကြောင့် အောက်စီဂျင်လျော့ကျလျက်ရှိပြီး ဆက်လက်၍ လျော့ကျနိုင်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားပါသည်။

အဆိုပါသုတေသနအဖွဲ့သည် အတ္တလန္တိတ်သမုဒ္ဒရာရှိ သတ္တဝါမျိုးစိတ်လေးခုဖြစ်သည့် Atlantic cod, Atlantic rock crab, sharp snout seabream နှင့် eelpout တို့အပေါ် အဓိကထား၍ သုတေသနပြုခဲ့ပါသည်။ ကမ္ဘာကြီးတွင် ယခုနှုန်းအတိုင်း ဓာတ်ငွေ့ဆက်လက်ထုတ်လွှတ်နေမည်ဆိုပါက ၂၁ ရာစုအကုန်တွင် သမုဒ္ဒရာရေမျက်နှာပြင်၏ အပူချိန်သည်များစွာ မြင့်တက်မည်ဟု ခန့်မှန်းကြောင်း၊ အဆိုပါအပူ ချိန်၌ အောက်စီဂျင်ကို ထိန်းသိမ်းထားနိုင်မှုသည် ယခုထိန်းသိမ်းထားနိုင်မှုထက် ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့ ကျဆင်းမည်ဖြစ် ကြောင်း သိရှိရပါသည်။

**အေးစန္ဒာလွင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဝါရှင်တန်မြို့။**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အမေရိကန်နိုင်ငံတွင် ကြက်၊ ငှက်တုပ်ကွေးရောဂါကြောင့် ကြက်ဥအထွက်နှုန်းကျဆင်းသဖြင့် အချို့နေရာများတွင် ကန့်သတ်ရောင်းချ

အမေရိကန်နိုင်ငံတွင် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ ကြက်၊ ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု ၂၁၇ ခု ဖြစ်ပေါ်ခဲ့ကြောင်း အမေရိကန် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက စစ်ဆေးတွေ့ရှိခဲ့ပါသည်။ ကြက်နှင့်ကြက်ဆင်ကောင်ရေ ၄၆ သန်းကျော် ရောဂါကူးစက်ခံခဲ့ရသဖြင့် အမေရိကန်နိုင်ငံသမိုင်းတစ်လျှောက်တွင် အကြီးမားဆုံး ရောဂါကူးစက်မှုဖြစ်ပါသည်။ ကြက်၊ ငှက်တုပ်ကွေး ရောဂါဖြစ်ပွားမှုကြောင့် ကြက်ဥရောင်းလိုအား ၃၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ အမေရိကန်နိုင်ငံရှိ အိုင်အိုဝါ၊ အင်ဒီယားနား၊ ကယ်လီဖိုးနီးယား၊ ဝါရှင်တန်၊ အော်ရီဂွန်နှင့် အာကန်ဆောပြည်နယ်များ အပါအဝင် ပြည်နယ် စုစုပေါင်း ၁၅ ခုတွင် အဆိုပါကူးစက်ရောဂါဖြစ်ပွားခဲ့ပါသည်။

သို့ပါ၍ အချို့သောပြည်နယ်များရှိ စတိုးဆိုင်များတွင် ကြက်ဥများကို အကန့်အသတ်ဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရပါသည်။ ကြက်ဥအထွက်နှုန်း ကျဆင်းခြင်းကြောင့် အစားအစာလုပ်ငန်းများကိုလည်း ထိခိုက်လျက်ရှိပါသည်။ ယခုအချိန်တွင် ပြည်ပမှကြက်ဥတင်သွင်းရန် လိုအပ်နေသော်လည်း ကနေဒါနိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့သာ အမေရိကန်နိုင်ငံသို့ တင်သွင်းရန် သတ်မှတ်ချက်များနှင့်ပြည့်မီကြောင်း သိရှိရပါသည်။ အမေရိကန်နိုင်ငံသို့ ကြက်ဥတင်သွင်းမည် ဆိုပါက ဦးစွာ US. Food and Drug Administration (FDA) ၌ မှတ်ပုံတင်ရန် လိုအပ်ပါသည်။။

**အေးစန္ဒာလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

# အမေရိကန်နိုင်ငံတွင် မေလအတွင်းက ပို့ကုန်သွင်းကုန်ဈေးနှုန်းများ မြင့်တက်ခဲ့

အမေရိကန်နိုင်ငံတွင် ၂၀၁၅ ခုနှစ်၊ မေလ၌ ပို့ကုန်သွင်းကုန်ဈေးနှုန်း နှစ်ရပ်စလုံးမြင့်တက်ခဲ့ကြောင်း အလုပ်သမားဝန်ကြီးဌာန၏ Bureau of Labour Statistics ကဇွန်လ ၁၁ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ပါသည်။

ယခုနှစ်မေလတွင် လောင်စာဆီဈေးနှုန်းများ မြင့်တက်ခြင်းကြောင့် သွင်းကုန်ဈေးနှုန်းများသည် ၁ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ရာ ၂၀၁၄ ခုနှစ်၊ ဇွန်လနောက်ပိုင်းတွင် ပထမဆုံးအကြိမ် ပြန်လည်မြင့်တက်လာခြင်း ဖြစ်ပါသည်။ သွင်းကုန်ဈေးနှုန်းသည် ဖေဖော်ဝါရီလတွင် သုည ဒသမ ၄ ရာခိုင်နှုန်းနှင့်မတ်လနှင့်ဧပြီလအတွင်းကမူ သုည ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ မေလအတွင်းက သွင်းကုန်ဈေးနှုန်းမြင့်တက်ခဲ့သော်လည်း ယခင်နှစ်အလားတူကာလရှိ ဈေးနှုန်းထက် ၉ ဒသမ ၆ ရာခိုင်နှုန်း လျော့နည်းပါသည်။

လောင်စာဆီတင်သွင်းမှု (Fuel Imports) ဈေးနှုန်းသည် ဧပြီလတွင် ၁ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ရာမှ မေလတွင် ၁၁ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ရာ ၂၀၀၉ ခုနှစ်၊ ဇူလိုင်လနောက်ပိုင်းတွင် အမြင့်ဆုံးဖြစ်ပါသည်။ လောင်စာဆီမှအပအခြားသွင်းကုန်များ (All Imports Excluding Fuel) ၏ဈေးနှုန်းသည် ဧပြီလတွင် သုည ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းပြီး မေလတွင်မူ ပြောင်းလဲမှုမရှိကြောင်း သိရှိရပါသည်။ မေလတွင် အစားအစာ၊ အဖျော်ယမကာဈေးနှုန်းများ မြင့်တက်သော်လည်း အရင်းအနှီးကုန်စည်များ လောင်စာဆီမဟုတ်သည့် စက်မှုလုပ်ငန်းသုံးပစ္စည်းများနှင့်မော်တော်ယာဉ်တို့၏ ဈေးနှုန်းများသည် ကျဆင်းခဲ့ပါသည်။

၂၀၁၅ ခုနှစ်၊ မေလတွင် ပို့ကုန်ဈေးနှုန်းများသည် သုည ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ရာ ၂၀၁၄ ခုနှစ်၊ မတ်လ နောက်ပိုင်းအမြင့်ဆုံးဖြစ်ပါသည်။ မေလတွင် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ၏ ဈေးနှုန်းသည် တစ်ရာခိုင်နှုန်းကျဆင်းပြီး စိုက်ပျိုးရေးမဟုတ်သည့်ထွက်ကုန်များ၏ ဈေးနှုန်းသည် သုည ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါသည်။

**အေးစန္ဒာလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

# Samsonite ဒီဇိုင်းစင်တာအား အီတလီနိုင်ငံမှ ဘယ်လ်ဂျီယံနိုင်ငံသို့ပြောင်းရွှေ့




ခရီးဆောင်အိတ်များအား ထုတ်လုပ်ခြင်းနှင့်လက်လီရောင်းချခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် အမေရိကန်ကုမ္ပဏီတစ်ခုဖြစ်သော Samsonite သည် အီတလီနိုင်ငံရှိ ၎င်း၏ ဒီဇိုင်းစင်တာအား ဥရောပရှိ ၎င်း၏ဌာနချုပ်တည်ရှိရာ ဘယ်လ်ဂျီယံနိုင်ငံ၊ ဖလန်းဒါးအရှေ့ပိုင်းပြည်နယ်ရှိ Oudenaarde ဒေသသို့ ပြောင်းရွှေ့လိုက်ပြီဖြစ်ကြောင်း ရည်ရွယ်ချက်မှာ Samsonite ခရီးဆောင်အိတ်များ ထုတ်လုပ်ရောင်းချမှုအား ပိုမိုတိုးမြှင့်ရန် အတွက်ဖြစ်ကြောင်း Flanders Investment & Trade ၏ သတင်းထုတ်ပြန်ချက်တစ်ရပ်အရ သိရှိရပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# အမေရိကန်နိုင်ငံတွင် အသေးစားစီးပွားရေးလုပ်ငန်းများ၏ ယုံကြည်မှု ငါးလအတွင်း အမြင့်ဆုံးသို့ရောက်ရှိ

အမေရိကန်နိုင်ငံတွင် ၂၀၁၅ ခုနှစ် မေလ၌ အသေးစားစီးပွားရေးလုပ်ငန်းများ၏ ယုံကြည်မှုသည် ၁ ဒသမ ၄ မှတ်တိုးပြီး ၉၈ ဒသမ ၃မှတ်သို့ တိုးတက်ခဲ့ရာ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလနောက်ပိုင်း အမြင့်ဆုံးဖြစ်ကြောင်း National Federation of Independent Business ကဇွန်လ ၉ ရက်နေ့က ထုတ်ပြန်ခဲ့ပါသည်။

အသေးစားစီးပွားရေးလုပ်ငန်း များအား စစ်တမ်းကောက်ယူရာတွင် မေလအတွင်း အလုပ်အကိုင်တိုးတက် ခန့်အပ်နိုင်မှုနှင့်မော်တော်ယာဉ်ရောင်းရမှု တိုးတက်ခြင်းတို့ကြောင့် စီးပွားရေး အခြေအနေအပေါ် ယုံကြည်မှုပိုမိုလာကြကြောင်း သိရှိရပါသည်။

**အေးစန္ဒာလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

# ဘယ်လ်ဂျီယံစိုက်ပျိုးရေးကုမ္ပဏီက ငှက်ပျောစိုက်ပျိုးမှုအား နှစ်ဆမြှင့်တင်မည်

ဘယ်လ်ဂျီယံနိုင်ငံအခြေစိုက် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ ကုမ္ပဏီတစ်ခုဖြစ်သော SIPEF သည် အိုင်ဗရီကို့စ်နိုင်ငံတွင် ၎င်း၏ ငှက်ပျောစိုက်ပျိုးမှုအား နှစ်ဆမြှင့်တင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း Flanders Today တွင်ဖော်ပြထားချက်အရ သိရှိရပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# ထိုင်းနိုင်ငံ၏တတိယအကြိမ် ဆန်လေလံတင်ပွဲတွင် ဆန်တန်ချိန် ရှစ်သောင်းကျော်ရောင်းချခဲ့ရ

ယခုနှစ်အတွင်း ထိုင်းနိုင်ငံအစိုးရ၏ တတိယအကြိမ် ဆန်လေလံတင်ရောင်းချမှုတွင် ဆန်တန်ချိန် ၈၄၀,၀၀၀ ရောင်းချခဲ့ပြီး ဘတ် ၇ ဒသမ ၈ ဘီလီယံ ရရှိခဲ့ပါသည်။ အဆိုပါ လေလံပွဲသည် အစိုးရအနေဖြင့် နိုင်ငံပိုင် ဆန်များကို ရောင်းချခဲ့သည်များအနက် ကျေနပ်ဖွယ်ရာ အကောင်းဆုံးအကြိမ်ဖြစ်ခဲ့ကြောင်း နိုင်ငံခြားကုန်သွယ်မှု ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Banjonglitt က ပြောကြားခဲ့ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြီးခဲ့သည့် ဆန်လေလံပွဲခြောက်ပွဲတွင် ဆန်တန်ချိန် ၂ ဒသမ ၁ သန်း ရောင်းချခဲ့ပြီး ဘတ် ၂၂ ဒသမ ၄ ဘီလီယံ ရရှိခဲ့ပါသည်။ ယခုနောက်ဆုံးအကြိမ် ဆန်လေလံပွဲတွင် လေလံတင်ရောင်းချသည့် ဆန်တန်ချိန်၏ ၇၉ ဒသမ ၂ ရာခိုင်နှုန်းရောင်းချနိုင်ခဲ့ပါသည်။ ပြီးခဲ့သည့် လေလံပွဲများတွင် ပျမ်းမျှအားဖြင့် ၅၀-၆၀ ရာခိုင်နှုန်းသာ ရောင်းချခဲ့ရပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပြည်ပတင်ပို့သူများနှင့် ဆန်စက်လုပ်ငန်းရှင်များ၏ အကြံပြုချက်အရ မတ်လဆန်လေလံတင်ပွဲကို ရွှေ့ဆိုင်းခဲ့ ပြီးနောက် ဆန်တန်ချိန် ၁ ဒသမ ၀၆ သန်း ရောင်းချရန်အတွက် ခုနစ်ကြိမ်မြောက် လေလံပွဲ (ယခုနှစ်အတွင်း တတိယအကြိမ်လေလံပွဲ) ကို ပြီးခဲ့သည့်လက ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ (အစိုးရ၏ဆန်များ ထုတ်ရောင်းချခြင်းသည် ဆန်ဈေးနှုန်းများကို ဆွဲချသွားနိုင်သောကြောင့် ဒုတိယသီးနှံရာသီ ဒုတိယစပါး စိုက်ပျိုးချိန်) မှထွက်ရှိသော ဆန်များကိုဈေးကွက် သို့ ရောက်ရှိချိန်အထိ ဆန်လေလံပွဲကို ဆိုင်းငံ့ပေးရန် တောင်းဆိုခဲ့ကြ ခြင်းဖြစ်ပါသည်။

ကမ္ဘာ့ဆန်ဈေးကွက်သည် ဆက်လက်ငြိမ်သက်နေ မည် ဖြစ်ကြောင်း ထိုင်းဆန် ပြည်ပတင်ပို့သူများအသင်းဥက္ကဌ Mr. Charoen ကပြောကြားခဲ့ပါသည်။ ပြည်တွင်း၌ မိုးခေါင်မှုဖြစ်ပေါ် လျက်ရှိသည့်အပြင် အယ်လ်နီညိုရာသီဥတု ဖြစ် စဉ်ကြောင့် မိုးခေါင်မှုကြာရှည်မည့် အရိပ်လက္ခဏာရှိနေရာဖြစ်ပေါ်နိုင်သည့် အကျိုးဆက်နှင့် ပတ်သက်၍ လေ့လာသူ များ၏ သတိပေးပြောကြားချက်များရှိသော်လည်း Mr. Charoen ကကမ္ဘာ့ဆန်ဈေးကွက် ဆက်လက်အေးနေမည်ဟု ခန့်မှန်းခဲ့ခြင်းဖြစ်ပါသည်။

ထို့ပြင် ကမ္ဘာ့စီးပွားရေးအားပျော့နေခြင်း၊ ရေနံဈေးနှုန်းများ ကျနေခြင်း၊ ယူရို ငွေကြေးတန်ဖိုး အားပျော့နေခြင်း စသည်တို့သည် ကမ္ဘာ့ဆန်ဈေးကွက်ကို ချုပ်ထိန်းထားမည့် အချက်များဖြစ်ကြောင်း၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့၏ ဆန်ထုတ်လုပ်မှုပမာဏနှင့်အဆိုပါနိုင်ငံများ၌ မိုးခေါင်မှု၏ အကျိုးသက်ရောက်မှု အတိုင်းအတာ စသည့် အချက်များသည်လည်း ထိုင်းနိုင်ငံ၏ ဆန်ပြည်ပတင်ပို့မှု အလားအလာကို ဆုံးဖြတ်ပေးမည့် အဓိကအချက်များ ဖြစ်ကြောင်း Mr. Charoen ပြောကြားခဲ့ပါသည်။

နောက်ထပ် ဆန်တန်ချိန်တစ်သန်းအတွက် လေလံပွဲကို လာမည့်လ လဆန်းပိုင်းတွင် ကျင်းပရန်စီစဉ်လျက်ရှိကြောင်း၊ အများစုသည် အဆင့်မြင့်ဆန်ဖြူနှင့်ဆန်ကွဲများ ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် ဇွန်လဒုတိယရက်သတ္တပတ် အထိ ဆန်တန်ချိန် ၃ ဒသမ ၉ သန်းကို ပြည်ပသို့တင်ပို့ပြီးဖြစ်ကြောင်း၊ ယခုနှစ် ဒုတိယနှစ်ဝက်တွင် ဆန်တင်ပို့မှု ပိုမိုကောင်းမွန်လာပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ခန့်မှန်းထားသည့်အတိုင်း ယခုနှစ် ဆန်တင်ပို့မှုသည် တန်ချိန် ၁၀ သန်းအထိ ရောက်ရှိနိုင်သည်ဟု မျှော်မှန်းထားကြကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# မြန်မာ့သရက်ပွဲတော်မှသည်

# ပြည်တွင်း/ပြည်ပ စျေးကွက်ချဲ့ထွင်ရေးသို့

|တင်မာကြည်|




မြန်မာ့သစ်သီးဝလံများ ပြင်ပတင်ပို့မှုမှုကို လေ့လာရာမှာ သရက်သီး၊ ဖရဲသီးနှင့် သခွားမွှေးတို့က အများဆုံး တင်ပို့နိုင်တဲ့ အမယ်တွေဖြစ်ပြီး တစ်နှစ်ထက်တစ်နှစ် နိုင်ငံခြားဝင်ငွေ ပိုမိုရရှိလာတယ်လို့ သိရပါတယ်။ ဒီအမယ် သုံးမျိုးထဲက သရက်သီးတစ်မျိုးတည်းရဲ့ တင်ပို့နိုင်မှုဟာ ယခင်ဘဏ္ဍာနှစ်တွေမှာ အမေရိကန် ဒေါ်လာ ဆယ်သန်းဝန်းကျင်သာ ရှိခဲ့ပေမယ့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၁၃ သန်း အထိ တိုးမြှင့်တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ပို့ကုန်အတွက် အလားအလာကောင်းများရှိနေတဲ့ မြန်မာ့ထွက်ကုန်သရက်သီးကို အရည်အသွေးမြှင့်တင်ရန် ပြည်တွင်း/ပြည်ပစျေးကွက်တိုးချဲ့ရန်၊ သရက်စိုက် တောင်သူများအားနည်းပညာနဲ့ စျေးကွက်သတင်းအချက်အလက် ဖြန့်ဝေချိတ်ဆက်ပေးရန်၊ မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန် တော်ဝင်သီးနှံအဖြစ် အောင်မြင်ဖြစ်ထွန်းစေရန်နဲ့ သရက်စိုက်တောင်သူများ၏ ဘဝကိုမြှင့်တင်ရန်စတဲ့ ရည်ရွယ်ချက်တွေနဲ့ မြန်မာ့သရက်သီးပွဲတော်ကို မေလ ၂၃ ရက်မှ ၂၅ ရက်အထိ ရန်ကုန်မြို့ သာကေတရှိ ရွှေပုဇွန်ခြံမှာ ကျင်းပခဲ့ပါတယ်။

မြန်မာနိုင်ငံ သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်း (MFVP) မှ ကြီးမှူးပြီး ရန်ကုန်မြို့မှာ မြန်မာ့သရက်ပွဲတော်ကို ကျင်းပခဲ့တာဟာ ဒုတိယအကြိမ်ကို ရောက်ခဲ့ပါပြီ ဒီပွဲတော်ကို မြန်မာ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း ဦးတည်ချက်အနေနဲ့ ဂျာမန်အစိုးရ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးဝန်ကြီးဌာန (BMZ) ကိုယ်စား GIZ (the Deutsche Gesellschaft fur Internationale Zusammenarbeit (GIZ) GmbH) မှ ထောက်ပံ့ကူညီပေးပြီး ရွှေပုဇွန်ကိတ် နှင့် အအေးက ဒီပွဲတော်ကို လက်ခံကျင်းပပေးခြင်းဖြင့် ပံ့ပိုးခဲ့တယ်လို့ သိရပါတယ်။




ဒုတိယအကြိမ် မြန်မာ့သရက်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို မေ ၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံ မြို့နယ်၊ မင်းနန္ဒာလမ်းရှိ ရွှေပုဇွန်ခန်းမမှာ ကျင်းပခဲ့ပါတယ်။ အခွန်ဘုတ်အဖွဲ့ စီစစ်ကြပ်မတ်ရေး ဥက္ကဋ္ဌ သူရဦးသောင်းလွင်၊ နိုင်ငံတော် သမ္မတ၏ စီးပွားရေးအကြံပေးပုဂ္ဂိုလ် ဒေါက်တာ စိန်လှဗိုလ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုး အောင်မြင့်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်း ရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးစိုး သန်းမင်းဒင်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ GIZ နှင့် JETRO (Myanmar) ရုံးမှ တာဝန်ရှိသူများ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ပညာရှင်များ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာနမှ ပညာရှင်များ၊ သရက်သီးစိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပါတယ်။

သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချခြင်းမှ ပြည်ပဝင်ငွေရရှိမှုဟာ ဘဏ္ဍာနှစ်အလိုက် တိုးတက်လျက်ရှိပါကြောင်း၊ အထူးသဖြင့် မြန်မာ့သရက်သီးတင်ပို့မှုမှ နှစ်စဉ် ပြည်ပဝင်ငွေ တိုးတက်ရရှိလျက်ရှိပါကြောင်း၊ သရက်သီး အိတ်စွပ်နည်းပညာနှင့် ထုပ်ပိုးမှုအရည်အသွေး ကောင်းမွန်တိုးတက်လာမှုကြောင့် နိုင်ငံခြားစျေးကွက်က လက်ခံပြီး စျေးနှုန်းမှာလည်း ပိုမိုရရှိလာပါကြောင်း၊ ဆေးတို့ခြင်း၊ ဆေးထိုးခြင်း စသည့် မသမာသောနည်းလမ်းများကို ဝိုင်းဝန်းထိန်းသိမ်းကြပ်မတ်ဖို့လိုအပ်ပြီး ဩဂဲနစ်နည်းပညာနှင့် ထုတ်လုပ်ရောင်းချရေးအား တွန်းအားပေးဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါ ကြောင်း၊ လက်ရှိတွင် တရုတ်စျေးကွက်သို့ အဓိက တင်ပို့လျက်ရှိသော်လည်း အနာဂတ်ကာလများ၌ အာရှနိုင်ငံများနှင့် ဥရောပနိုင်ငံများသို့ပါ စျေးကွက်ဖြန့်ကျက်နိုင်အောင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် စျေးကွက်သစ်များ ရှာဖွေသွားမည်ဖြစ်ပါကြောင်း၊ သရက်သီးစိုက်ပျိုးထုတ်လုပ်သူများ အနေနှင့်လည်း သရက်သီးတန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့နိုင်သည်အထိ ဆောင်ရွက်နိုင်ပါက စျေးကွက်ပိုမိုကျယ်ပြန့် လာနိုင်ကြောင်း၊ နည်းပညာအကူအညီများ ပံ့ပိုးပေးသည့် GIZ နဲ့ စျေးကွက် ဖြန့်ကျက်ရေးအတွက် ကူညီပံ့ပိုးပေးတဲ့ JETRO လို နိုင်ငံတကာအဖွဲ့အစည်းများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ဖွင့်ပွဲမှာ စကားပြောကြားခဲ့ပါတယ်။



## ဝယ်လက်များနှင့်ချိတ်ဆက်နိုင်မှု

ဒီပွဲတော်မှာ သရက်သီးပြပွဲ၊ ပြိုင်ပွဲ၊ ဆွေးနွေးပွဲ၊ စာတမ်း ဖတ်ပွဲများ ပါဝင်ပြီး တောင်သူနဲ့ ဝယ်လက်များ တိုက်ရိုက်ဆွေးနွေးဝယ်ယူနိုင်မယ့် အစီအစဉ်များ ပါဝင်တဲ့အတွက် ပွဲတော်ရဲ့ ပထမနေ့မှာပဲ စင်္ကာပူ နိုင်ငံမှ ဝယ်လက်များနဲ့ သရက်တောင်သူတို့ တိုက်ရိုက် တွေ့ဆုံနိုင်ခဲ့ပါတယ်။ ဒ့ါအပြင် ဂျပန်နိုင်ငံမှ ဝယ်လက်လည်း လာရောက်ဆွေးနွေးရန် ကမ်းလှမ်းထားကြောင်းသိရပါတယ်။

## သရက်သီးပြိုင်ပွဲ

ပြိုင်ပွဲမှာ သရက်စိုက်ဧက သုည ဒသမ ၅ ဧကနဲ့ အထွက်နှုန်း တစ်ဧက သုည ဒသမ ၅ တန် ထွက်တဲ့ ဘယ်ဒေသမှ သရက် တောင်သူမဆို ဝင်ရောက် ယှဉ်ပြိုင်နိုင်ကြောင်း သိရပါတယ်။ မြန်မာပြည်မှာ စိုက်ပျိုးထုတ်လုပ်တဲ့ သရက်သီးအမျိုးအစားတွေထဲက စိန်တစ်လုံး၊ ပတ္တမြားငမောက်၊ ရွှေဟသ်ာ၊ မြကျောက်၊ ရင်ကွဲ၊ အခြားသရက် (ပြည်တွင်း)နဲ့ ပြည်ပသရက်ဆိုပြီး သရက်-ခုနစ်မျိုးကို ပြိုင်ပွဲဝင်စေခဲ့ပါတယ်။ ပြိုင်ပွဲဝင် သရက်သီး တစ်မျိုးစီမှ ပထမဆု ကျပ် ၃၀၀၀၀၀, ဒုတိယဆု ကျပ် ၂၀၀၀၀၀, တတိယဆုကျပ် ၁၅၀၀၀၀ နဲ့ နှစ်သိမ့်ဆု ကျပ် ၁၀၀၀၀၀ စီကို သရက်သီးပွဲတော် ဖွင့်ပွဲအခမ်းအနားမှာ ချီးမြှင့်ခဲ့ပါတယ်။



## သရက်သီးပြပွဲ

အဆိုပါ သရက်သီးပွဲတော်မှာ သရက်သီးပြိုင်ပွဲမှ ဆုရတဲ့ သရက်သီးများကို အမျိုးအစားအလိုက် ဆုအလိုက် ခင်းကျင်းပြသထားပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံရှိ တိုင်းနဲ့ပြည်နယ်များမှ ထွက်ရှိတဲ့ သရက်သီးအမယ်ပေါင်း ၁၈၉ မျိုးကို ပြသခဲ့ပြီး ယခင်က မပြသခဲ့ဘူးသော သရက်သီးမျိုးအသစ် ၂၀ ကို ပါဝင်ပြသခဲ့တာကြောင့် မြန်မာ့သရက်နဲ့ ပတ်သက်ပြီး စိတ်ဝင်စားသူများ လေ့လာကြည့်ရှုနိုင်ခဲ့ပါတယ်။



## သရက်သီးတန်ဖိုးမြှင့်ထုတ်ကုန်ပြခန်း

သရက်သီးတန်ဖိုးမြှင့် ထုတ်ကုန်ပြခန်းမှာ ရွှေပုဇွန်ကိတ် ကော်ဖီနှင့်အအေးမှ သရက်သီးပွဲတော် အထိမ်းအမှတ်အဖြစ် Mango Decorated Cake, Mango Jelly Cake အပြင် သရက်သီး ထည့်သွင်းပြုလုပ်ထားတဲ့ ကိတ်အမျိုးမျိုး၊ သရက်သီးရေခဲမုန့်၊ သရက်သီးခြောက်အမျိုးမျိုးနဲ့ သရက်ပျဉ်တို့ကို ပြုလုပ်ပြသထားပါတယ်။ ပင်လယ်ပြာစားသောက်ကုန်လုပ်ငန်းမှလည်း ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်ထားတဲ့ စိန်တစ်လုံး အေးခဲသရက်သီးအနှစ်များနဲ့ သရက်သီးရေခဲမုန့်တို့ကို ရောင်းချခဲ့တဲ့အပြင် အေးခဲသရက်သီးအနှစ်နဲ့ ပြုလုပ်ထားတဲ့ သရက်သီးဖျော်ရည်များကို ပြပွဲလာဧည့်ပရိသတ်များကို တိုက်ကျွေးခဲ့ပါတယ်။



ဆက်လက်ဖော်ပြပါမည်

# Myanmar Textile & Garment 2015 ကုန်စည်ပြပွဲကျင်းပ




Myanmar Textile & Garment 2015 ဖွင့်ပွဲအခမ်းအနားအား ရန်ကုန်မြို့၊ ရှင်စောပုလမ်းရှိ Myanmar Event Park (MEP) ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်၊ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ ဥက္ကဋ္ဌ ဦးမြင့်စိုး၊ ထိုင်ဝမ်အခြေစိုက် Chanchao International Co.,Ltd နှင့် Yoker Trade & Marketing Service Co.,Ltd မှ တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးကြပါသည်။

ပြပွဲ၌ ဂျာမနီ၊ တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်၊ ထိုင်းနိုင်ငံတို့၏ ကုမ္ပဏီ (၆)ခုမှ ပြခန်းပေါင်း (၈၀)ကျော်တွင် ဇာထိုး ပန်းထိုးစက်ပစ္စည်းများ၊ စက်ချုပ်လုပ်ငန်းသုံးစက်များ၊ အထည်ချုပ်လုပ်ငန်းသုံးစက်ကိရိယာများ ပါဝင်ပြသကြပါသည်။ လုပ်ငန်းရှင်များအနေဖြင့် လိုအပ်သောစက်ကိရိယာများ၊ အသုံးအဆောင်များအား တစ်နေရာတည်း၌ လေ့လာနိုင်ပြီး အသုံးဝင်မည့်ပစ္စည်းကိရိယာများ ရွေးချယ်မှာယူနိုင်သည့် အခွင့်အလမ်းကောင်းတစ်ခုနှင့် နည်းပညာအသစ်များရရှိနိုင်သည့် အခွင့်အရေးတစ်ရပ်ဖြစ်ပါသည်။ အဆိုပါ ကုန်စည်ပြပွဲကို ဇွန်လ ၂၆ ရက်မှ ၂၉ ရက်နေ့ အထိ လေးရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ရာ အိမ်တွင်း လုပ်ငန်းရှင်များ၊ စက်မှုလုပ်ငန်းရှင်များ လာရောက်လေ့လာခဲ့ကြကြောင်း သိရှိရပါသည်။

**KMT**

# ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့် အာဆီယံ-ကိုရီးယားစင်တာတို့ ပူးပေါင်း၍ ခရီးသွားလက်ဆောင်ပစ္စည်းကဏ္ဍ တိုးတက်စေရန် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

မြန်မာ-ကိုရီးယားနှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးအစီအစဉ်တစ်ရပ်အဖြစ် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနနှင့် အာဆီယံ-ကိုရီးယားစင်တာတို့ပူးပေါင်း၍ မြန်မာ-ကိုရီးယားသံတမန်ဆက်သွယ်မှု နှစ်(၄၀)မြောက် အထိမ်းအမှတ်အဖြစ် ခရီးသွားလုပ်ငန်း၊ လက်မှုထည်ပစ္စည်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင်လ ၃ ရက်နေ့တွင် တောင်ကြီးမြို့၊ တောင်ကြီးဟိုတယ်၌လည်းကောင်း၊ ဇူလိုင်လ ၆ရက်နေ့တွင် ရန်ကုန်မြို့ Chatrium Hotel တို့တွင်လည်းကောင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းရည်ရွယ်ချက်မှာ မြန်မာ့လက်မှုပစ္စည်း ထုတ်လုပ်မှုကဏ္ဍတွင် အမှတ်တရလက်ဆောင်ပစ္စည်း ထုတ်လုပ်မှုကဏ္ဍ အရည်အသွေးတိုးတက်စေရန် အသေးစား၊ အလတ်စား လုပ်ငန်းများ (SMEs) အရည်အသွေးတိုးမြှင့်စေရန်နှင့် ကိုရီးယားဈေးကွက်အကြိုက်ဒီဇိုင်းကို သိရှိစေရန် အဆိုပါ ကဏ္ဍနှင့် ဆက်စပ်နေသည့် လုပ်ငန်းရှင်များနှင့် လုပ်သားထုများ အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာပြီး ဝင်ငွေမြင့်မားလာစေရန် ရည်ရွယ်ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် သဘာဝထွက်ကုန်ကြမ်းများကို အသုံးပြုပြီး၊ တစ်ပိုင်တစ်နိုင် ထုတ်လုပ်သော လက်မှုထည်လုပ်ငန်းများ ထုတ်လုပ်မှုမှ ကမ္ဘာ့စီးပွားရေးဈေးကွက်သို့ ချဉ်းနင်းဝင်ရောက်ရန် အတွက် အောင်မြင်နေသည့် လုပ်ငန်းစဉ်များကို အခြေခံ၍ သင်ကြားဆွေးနွေးပို့ချမည်ဖြစ်ပါသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လိုသော လုပ်ငန်းရှင်များအနေဖြင့် အမှတ်(၂၂၈/၂၄၀) ကမ်းနားလမ်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ကုန်သွယ်မှုဗဟိုဌာန၊ ဖုန်း ၀၁-၂၅၄၀၂၄၊ ရန်ကုန်မြို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# ပုသိမ်မြို့ ဧရာရွှေဝါခန်းမတွင် ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (ARCCI) အသင်းဖွဲ့စည်း




ပုသိမ်မြို့၊ ဧရာရွှေဝါအစည်းအဝေးခန်းမတွင် ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် Ayeyarwady Region Chamber of Commerce and Industry (ARCCI) အသင်းဖွဲ့စည်းခြင်းအခမ်းအနားကို ဇွန်လ ၁၉ ရက်နေ့က ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသိန်းအောင်နဲ့တိုင်းဒေသကြီးဝန်ကြီးများ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်နဲ့ ဌာနမန်နေဂျာများ၊ ခရိုင်ဦးစီးမှူးများ၊ မြို့နယ်တာဝန်ခံများ၊ သက်ဆိုင်ရာတိုင်းအဆင့်ဌာနဆိုင်ရာများ၊ ARCCI ရွေးချယ်တင်မြှောက်ပွဲကော်မတီဝင်များ၊ UMFCCI တွဲဖက်အတွင်းရေးမှူး ဦးအေးလွင်၊ ခရိုင် ၆ ခုမှ CCI ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးများ၊ တိုင်းဒေသကြီး စီးပွားရေးအသင်းအဖွဲ့များဖြစ်သော ဆန်စက်လုပ်ငန်းရှင်များ အသင်း၊ ဆန်ကုန်သည်များအသင်း၊ ပဲနှမ်းကုန်သည်များအသင်း၊ ဆားစက်လုပ်ငန်းရှင်များအသင်း၊ ဆားစက် ပိုင်ရှင်များအသင်း၊ စက်သုံးဆီရောင်းဝယ်ရေးအသင်း၊ ဆံပင်ရောင်းဝယ်ရေးအသင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ တောင်သူလယ်သမား အသင်းနဲ့ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၊ ဆားထုတ်လုပ်သော ဆားတောင်သူများအသင်း၊ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်တင်ယာဉ်ပိုင်ရှင်များအသင်း၊ ရေယာဉ်များစနစ်တကျ ပြေးဆွဲနိုင်ရေးအသင်း၊ (IT) နည်းပညာကဏ္ဍတွင် ကွန်ပျူတာပညာရှင်များအသင်းနှင့် ကွန်ပျူတာလုပ်ငန်းရှင်များ အသင်း၊ ပြည်ပပို့ကုန် နှစ်ရှည်သီးနှံများကဏ္ဍတွင် သီဟိုဠ်လုပ်ငန်းရှင်အသင်း၊ ရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများ အသင်းနှင့် ပီလောပီနံ စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်း၊ လက်မှုပစ္စည်းကဏ္ဍတွင် ကြိမ်၊ ဝါး၊ ဗေဒါ၊ သင်၊ လက်မှုလုပ်ငန်းရှင်များအသင်းနှင့် ပုသိမ်ထီးလုပ်ငန်းရှင်များအသင်း၊ မွေးမြူရေးလုပ်ငန်းတွင် ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ပုစွန်မွေးမြူထုတ်လုပ်ရောင်းချရေးအသင်း၊ မွေးမြူရေးလုပ်ငန်းရှင်များ အသင်း၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် ချောင်းသာ၊ ငွေဆောင် ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ အိမ်ခြံမြေအသင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း၊ စက်မှုလက်မှုကဏ္ဍတွင် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ၎င်းအသင်းများမှ ကုန်သည်များနှင့် စက်မှု လုပ်ငန်းရှင်များအသင်းချုပ် (ARCCI)၏ ဗဟိုအလုပ်အမှုဆောင် ( CEC ) အဖြစ် အသင်းအဖွဲ့များမှ အဆိုပြုတင်ပြထားသူ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ တွဲဘက်ဘဏ္ဍာရေးမှူးများတက်ရောက်ခဲ့ပြီး၊ တသီးပုဂ္ဂလဝင်ရောက်ရွေးချယ်ခံမည့် တိုင်းအတွင်းရှိစီးပွား ရေးလုပ်ငန်းရှင်များ စုစုပေါင်း ၄၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

ARCCI အသင်းရွေးချယ်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်က ၂၆ မြို့နယ်မှ တက်ရောက်လာသော စီးပွားရေးလုပ်ငန်းရှင်များကို အသင်းဖွဲ့စည်းရခြင်းနှင့်ပတ်သက်ပြီး မိမိတို့တိုင်းဒေသကြီး ဖွံ့ဖြိုးရေးအတွက် စီးပွားရေး လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ရာမှာ ARCCI အသင်းကြီးကို စနစ်တကျဖွဲ့စည်းပြီး ကဏ္ဍအလိုက် ညီညီညွတ်ညွတ်ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ အစိုးရအဖွဲ့ရုံးသို့လာရောက်သော ပြည်ပနိုင်ငံသားများကလည်း ခိုင်မာသောအသင်းအဖွဲ့များကို တွေ့ဆုံလိုကြောင်း၊ နိုင်ငံခြားသားများနဲ့ ပြည်တွင်း လုပ်ငန်းရှင်များကို သက်ဆိုင်ရာကဏ္ဍအလိုက်တွေ့ဆုံပေးပြီး မိမိတို့ စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ရမှာဖြစ်လို့ အနာဂတ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် အစိုးရ၊ ပုဂ္ဂလိကနဲ့ပြည်သူများ ဝိုင်းဝန်း ပူး ပေါင်း ဆောင်ရွက်ရမှာဖြစ်ကြောင်း ဆွေးနွေးပြောကြားပါတယ်။

ထို့နောက် ARCCI အသင်းရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ရွေး ကောက်ပွဲကော်မတီ တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးလှခိုင်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်နဲ့ အရာထမ်း၊ အမှုထမ်းများ ၊ ရွေးကောက်ပွဲကော်မတီဝင်များ၊ UMFCCI အသင်းတွဲဖက်အတွင်းရေးမှူး ဦးအေးလွင် တို့က တက်ရောက်လာသော စီးပွားရေးလုပ်ငန်းရှင်များရဲ့ သဘောထား ဆန္ဒနဲ့ ရွေးချယ်ခန့်ထားသော CEC ဗဟိုအလုပ်အမှုဆောင် ၆၃ ဦးထဲမှ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ စာရင်းစစ်တို့ကို မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ရာ ဥက္ကဋ္ဌအဖြစ် ဦးဝင်းမြင့်လှိုင် (ပုသိမ်)၊ ဒုဥက္ကဋ္ဌအဖြစ် ဦးစိုးဝင်း (ပုသိမ်)၊ ဦးထွန်းထွန်း (ပုသိမ်)၊ ဦးမောင်မောင်ဇော် (ပုသိမ်)၊ ဦးရွှေထွန်း (မြောင်းမြ)၊ ဦးဝင်းလှိုင် (မအူပင်) တို့ကိုရွေးချယ်ခဲ့ပြီး၊ အတွင်းရေးမှူးအဖြစ် ဦးမောင်မောင်ဦး (ပုသိမ်)၊ တွဲဘက်အတွင်းရေးမှူး ၅ ဦး၊ ဘဏ္ဍာရေးမှူးနှင့် တွဲဘက်ဘဏ္ဍာရေးမှူး ၅ ဦး၊ စာရင်းစစ်၊ တွဲစာရင်းစစ်တို့ကို လည်း ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရပါတယ်။

ဆက်လက်ပြီး ဥက္ကဋ္ဌရွေးချယ်ခံရသူ ဦးဝင်းမြင့်လှိုင်က အစိုးရအဖွဲ့ဝင်ဝန်ကြီးဦးဆောင်သော ကော်မတီဝင်များ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနနဲ့ တက်ရောက်လာသူများကို ကျေးဇူးတင်ရှိကြောင်း၊ တိုင်းအဆင့် အသင်းကြီးဖြစ်သည့်အတွက် ယုံကြည်မှုပွင့်လင်းမြင်သာမှုများရှိရန်လိုအပ်ကြောင်း၊ နိုင်ငံတကာနှင့် ချိတ်ဆက်ပူးပေါင်းပြီး၊ နည်းပညာ ငွေကြေးအကူအညီများ ရယူကာ နိုင်ငံတကာ ဈေးကွက်ဝေစုရရှိစေရန်အတွက် ဈေးကွက်စီးပွားရေးစနစ်နဲ့ အညီ အသင်းကြီးမှ ဈေးကွက်ကို ဦးဆောင်နိုင်သူဖြစ်ရန် လိုအပ်ကြောင်းနဲ့ ပုဂ္ဂလိကကဏ္ဍများ ဘက်စုံဖွံ့ဖြိုး တိုးတက်ရန် နည်းလမ်းရှာကြံပမ်းဆောင်ရွက်သွားမယ်လို့ ပြောကြားခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

Commodity Exchange News
Vol: 15, No.24 Monday June 29 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၉–၆–၂၀၁၅)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲဈေးလှုပ်ပြီး အရောင်းအဝယ်ဖြစ်

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (RC) ကို အိန္ဒိယဝယ်လက်က ဈေးကွက်စဖွင့်ချိန်မှာ တစ်တန်ကို ၁၃၂၈၀၀၀ ကျပ်ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ပြီး နောက်ပိုင်းရက်တွေမှာ ဈေးအနည်းငယ်တိုးပေးပြီး ဝယ်ယူမှုရှိတာကြောင့် တစ်တန်ကို ၁၃၅၀၀၀၀ ကျပ်ဈေးအထိဈေးအနည်းငယ်မြင့်လာကာ ဈေးကွက်ပိတ်ချိန်မှာတော့ တစ်တန်ကို ၁၃၃၀၀၀၀ ကျပ်သို့ ဈေးအနည်းငယ်ပြန်ဆင်းသွားကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် ရောင်းသူကုန်သည်တွေထံမှာပစ္စည်းလက်ကျန်တန်ချိန် ၈ သောင်းခန့်ကျန်ရှိနေပေမယ့် ပဲဈေးနှုန်းတွေ အနိမ့်အမြင့်နှင့် လှုပ်ရှားမှုတွေရှိနေတာကြောင့် ရောင်းရေး၊ ဝယ်တာ သတိကြီးစွာရောင်းနေရကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် အိန္ဒိယဝယ်လက်က တစ်တန်ကို ၁၂၇၀၀၀၀ ကျပ်ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ပေမယ့် ရောင်းသူကုန်သည်ဘက်မှ တက်ဈေးမျှော်ပြီး အရောင်းနည်းခဲ့ကြောင်း သိရပါတယ်။

## မူဆယ်ဈေးကွက်မှာ ပြောင်းကို တရုတ်ပုံမှန်အဝယ်ရှိပေမယ့် ပစ္စည်းလက်ကျန်နည်းနေ

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းသီးနှံကို တရုတ်ဘက်မှ ဝယ်လိုအားပုံမှန်ရှိပေမယ့် လှောင်လက်ကုန်သည်တွေထံမှာတော့ ပစ္စည်းလက်ကျန်နည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ၅၀ ကီလိုတစ်အိတ်ကို ၉၇ ယွမ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မန္တလေးဈေးကွက်မှာ ပဲတီစိမ်းကြီးကို တရုတ်ဝယ်လက်က အရည်အသွေးပေါ်မူတည်ပြီး ဝယ်လိုအားပုံမှန်ရှိနေ ပဲစင်းငုံနီ အရောင်းအဝယ်ဖြစ်မှုနည်း

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီးနယ်စုံမှ အဝင်လှိုင်လာသလို တရုတ်ဝယ်လက်ကလည်း ပဲရဲ့အရည်အသွေးပေါ်မူတည်ပြီး ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၁၅၀ ကျပ် (တစ်တန်ကို ၁၃၁၆၆၃၈ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှု ပမာဏများခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၁၉၉၀ ကျပ် (တစ်တန် ကို ၁၂၁၈၆၅၆ ကျပ်) ဈေးဖြင့် ပုံမှန်ဝယ်ယူခဲ့ပေမယ့် ရောင်းသူကုန်သည်များအနေဖြင့် ဝယ်ဈေးမကြိုက်လို့ အရောင်းနည်းခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ(ထိုင်ဝမ်)ကို ပဲခွဲစက်လုပ်ငန်းရှင်များနှင့် သိုလှောင်မယ့်သူများက ဝယ်လိုအားပုံမှန်ရှိတာကြောင့် ဈေးမြင့်လာပြီး အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါ တယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၁၂၀၅ ကျပ် (တစ်တန်ကို ၇၃၇၉၂၉ ကျပ်)၊ ကုလားပဲ(ထိုင်ဝမ်) တစ်ပိဿာ ၁၂၂၀ ကျပ် (တစ်တန်ကို ၇၄၇၁၁၅ ကျပ်) ဈေးဖြင့် နှစ်မျိုးပေါင်း တစ်ရက်ကိုအိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မုံရွာဈေးကွက်မှာ ပဲမျိုးစုံအရောင်းအဝယ်ပုံမှန်ဖြစ်

မုံရွာဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီး(ထိပ်စ)ကို မန္တလေးဝယ်လက်က ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၂၀၃၇ ကျပ် (တစ်တန် ကို ၁၂၄၇၄၃၈ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၆၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကိုတော့ မြို့ခံခွဲစက်နှင့် ရန်ကုန်ဝယ်လက်တချို့က တစ်ပိဿာကို ၂၁၅၀ ကျပ်(တစ်တန်ကို ၁၃၁၆၆၃၈ ကျပ်) ဈေးဖြင့် နေ့စဉ် အိတ် ၄၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် ပို့ကုန်အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိခဲ့ ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၀၁၀ ကျပ် (တစ်တန်ကို ၁၂၃၀၉၀၃ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## အောင်လံဈေးကွက်မှာ သိပ္ပံနှမ်းနက်နှင့် ပဲစင်းငုံနီပုံမှန်အရောင်းအဝယ်ဖြစ်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ်သိပ္ပံနှမ်းနက်ကို မန္တလေးဝယ်လက်က တစ်ပိဿာကို ၄၁၁၁ ကျပ်ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိပေမယ့် ယခင်တစ်ပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးတန့်နေကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် ပို့ကုန်အတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကတော့ တစ်ပိဿာ ၂၀၀၀ ကျပ် (တစ်တန်ကို ၁၂၂၄၇၈၀ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၂၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါ တယ်။



## မကွေးဈေးကွက်မှာ နှမ်းမျိုးစုံအရောင်းအဝယ်နည်း

မကွေးဈေးကွက်မှာ ဒီတစ်ပတ်နှမ်းမျိုးစုံကို မြို့ခံဆီစက်လုပ်ငန်းရှင်များနှင့် နှမ်းလှော်လုပ်ငန်းရှင်များက ဈေးဖွင့်အဝယ်ရှိခဲ့ပေမယ့် ရောင်းသူဘက်မှ ဈေးကွက်မျှော်လင့်ချက်ဖြင့် အရောင်းနည်းခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် နှမ်းဖြူတစ်ပိဿာ ၂၂၂၂ ကျပ်၊ နှမ်းနီတစ်ပိဿာ ၂၁၁၁ ကျပ်ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မန္တလေးတင်ပို့မယ့်သူများက သိပ္ပံနှမ်းနက်ကို တစ်ပိဿာ ၄၂၀၀ ကျပ်ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိပေမယ့် ရောင်းသူကုန်သည်များက ဝယ်ဈေးမကြိုက်လို့ အရောင်းအဝယ်ထင်သလောက် မဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပြည်ဈေးကွက်မှာ မတ်ပဲကို ရန်ကုန်ဝယ်အားပုံမှန်ရှိ၊ ကုလားပဲကို ပဲခွဲစက်တွေ ဝယ်လိုအားလျော့

ပြည်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (Raw) ကို ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိပြီး တစ်ပိဿာကို ၂၁၀၀ ကျပ် (တစ်တန်ကို ၁၂၈၆၀၁၉ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် ရန်ကုန်ဝယ်လက်ကတော့ ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ(ထိုင်ဝမ်)ကိုတော့ မြို့ခံပဲခွဲစက်တွေက ဒီတစ်ပတ်မှာ ဝယ်လိုအားပြန်လျော့သွားပေမယ့် အရောင်းအဝယ်တော့ပုံမှန်ဖြစ်ခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၂၈၀ ကျပ် (တစ်တန်ကို ၇၈၃၈၅၉ ကျပ်)ဈေးဖြင့် နေ့စဉ်အိတ် ၂၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ဟသ်ာတဈေးကွက်မှာ မတ်ပဲကို ရန်ကုန်ဝယ်လက်က အိန္ဒိယဈေးကွက် အခြေအနေကိုစောင့်ကြည့်ပြီး ဝယ်ယူ

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (Raw) ကိုအဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က အိန္ဒိယဈေးကွက်အခြေအနေအပေါ် မူတည်ပြီး ဝယ်ယူနေသလို ရောင်းသူကုန်သည်တွေထံမှာလည်း ပစ္စည်းလက်ကျန်နည်းနေကြောင်း ဈေးကွက်အတွင်းမှသိ ရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၀၇၀ ကျပ် (တစ်တန်ကို ၁၂၆၇၆၄၇ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## တောင်ကြီးဈေးကွက်မှာ ပြောင်းကို ရန်ကုန်-မန္တလေးနှင့် မူဆယ် ဝယ်လိုအား ပုံမှန်ရှိ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းအနေဖြင့် လှောင်လက်ကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန် နည်းနေပေမယ့် ရန်ကုန်-မန္တလေးဝယ်လက်ရဲ့ ဝယ်လိုအားကတော့ ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၄၈၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်းပိဿာချိန် လေးသိန်းခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## လားရှိုးမှာ ပြောင်းသီးနှံကို တရုတ်ဝယ်လိုအားများ


လားရှိုးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံကို တရုတ်ဘက်မှ ဝယ်လိုအားများသလို ရောင်းသူကုန်သည်များကလည်း လက်ရှိ ပေါက်ဈေးအတိုင်းအရောင်းများခဲ့ပေမယ့် ပစ္စည်းလက်ကျန်ကတော့ လျော့လာကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၅၁၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ကိုးသိန်းခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ရေစကြိုဈေးကွက်မှာ ကုလားပဲသာ ပုံမှန်အရောင်းအဝယ်ဖြစ်

ရေစကြိုဈေးကွက်တွင် ဒီတစ်ပတ်ကုလားပဲ (ထိုင်ဝမ်)ကို ပဲခွဲစက်တွေ ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၂၆၀ ကျပ် (တစ်တန်ကို ၇၇၁၆၁၁ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၂၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ (ထိုင်ဝမ်) အနေဖြင့် ဈေးကွက်စရောက်ကတည်းက ပဲခွဲစက်တွေရဲ့ ဝယ်လိုအားကြောင့် ဈေးကောင်းရနေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းအဝင်များ၊ ကုလားပဲဖြူလုံးကြီးကို ခွဲစက်တွေ ဝယ်လိုအားပုံမှန်ရှိ

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းကြီးနယ်စုံမှ အဝင်များလာသလို တရုတ်အတွက်ဝယ်ယူနေတဲ့ မန္တလေးဝယ်လက်က ပဲရဲ့ အရည်အသွေးအပေါ် မူတည်ပြီး ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၁၀၅ ကျပ် (တစ်တန်ကို ၁၂၈၉၀၈၀ ကျပ်) ဈေးဖြင့် အိတ် ၅၀၀ မှ ၈၀၀ ကြားဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကို မြို့ခံခွဲစက်များနှင့် သိုလှောင်မယ့်သူများက ဝယ်လိုအားပုံမှန်ရှိသလို ရောင်းသူကုန်သည်များကလည်း အဆိုပါဈေးဖြင့် အရောင်းပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၂၁၀ ကျပ်(တစ်တန်ကို ၇၄၀၉၉၀ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၃၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



# စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအပေါ်

# တုံ့ပြန်မှုနှင့် အမြင်များ (၂)

**ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့်ပူးပေါင်း၍ တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၊ ဈေးများ၊ စက်မှုဇုန်များ၊ ပြည်သူလူထုများသို့စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲများ၊ ကွင်းဆင်းစစ်ဆေးပညာပေးမှုများ ဆောင်ရွက်လျက်ရှိရာ ထိုကဲ့သို့ ဆောင်ရွက်မှုများအပေါ် တက်ရောက်လာကြသူများ၏ အမြင်နှင့်တုံ့ပြန်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများကို စားသုံးသူပြည်သူများ သိရှိစေရေးအတွက် ဆက်လက်တင်ပြအပ်ပါသည်။**



**ဦးအောင်ဝင်း**
**ကျောင်းအုပ်ဆရာကြီး အထက(၂)ဗဟန်း**

ခုလိုလာရောက်ပြီး စားသုံးသူကာကွယ်ရေးနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို ဟောပြောဆွေးနွေးပေးတဲ့အတွက် ကျေးဇူးတင် ဝမ်းမြောက်မိပါတယ်။ ဒါမှသာ ကျောင်းသား၊ ကျောင်းသူများအနေနဲ့ ဘေးအန္တရာယ်ရှိသည့် အစားအသောက်များကို ဝယ်ယူစားသုံးခြင်းမှ ရှောင်ရှားနိုင်မှာဖြစ်သလို အာဟာရပြည့်ဝတဲ့ အစားအစာတွေကို ရွေးချယ်ဝယ်ယူစားသောက်လာနိုင်မှာဖြစ်ပါတယ်။ ခုလိုစားသုံးသူကာကွယ်ရေးနဲ့ ပတ်သက်တဲ့ ဟောပြောပွဲတွေကို ကျင်းပပြုလုပ်ဖို့ ယခင်ကတည်းက ဆန္ဒရှိခဲ့ပါတယ်။ ကျောင်းမုန့်ဈေးတန်းကိုလည်း ကွင်းဆင်းကြည့်ရှုပညာပေးတဲ့အတွက် ကျောင်းအတွက်လည်း ပိုမိုကောင်းမွန်လာမယ်လို့ ယုံကြည်ပါတယ်။



**ဒေါ်ယဉ်ယဉ်ဦး**
**ကျောင်းကျန်းမာရေး တာဝန်ခံဆရာမ၊**
**အထက(၂)ဗဟန်း**

အခုလို စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲတွေ ကျွန်မတို့ကျောင်း ကို လာရောက်ပြုလုပ်ပေးတဲ့အတွက် ကျောင်းသူ၊ ကျောင်းသားတွေအတွက်ရော ကျောင်းမုန့်ဈေးတန်း ရောင်းချတဲ့သူတွေအတွက်ပါ အကျိုးအများကြီးရှိမယ်လို့ယုံကြည်ပါတယ်။ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေထွက်ရှိပြီးဖြစ်တာကိုလည်း သိရှိပြီးဖြစ်ပါတယ်။ အခုလိုဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များက စားသုံးသူကာကွယ်ရေးနဲ့ပတ်သက်ပြီး လာရောက်ဟောပြောဆွေးနွေးပေးတဲ့အတွက် အရင်က ကျောင်းမုန့်ဈေးတန်းမှာ ရောင်းချတဲ့ Ready Made မုန့်ထုတ်တွေကို ခွင့်ပြုချက်ရရှိပြီးသားမုန့်တွေလိုထင်ခဲ့ပေမယ့် ခုတော့ အချို့မုန့်တွေဟာ ကျောင်းသား၊ ကျောင်းသူတွေအတွက် ဝယ်ယူစားသုံးရန်မသင့်ဘူးဆိုတာ သိရှိခဲ့ရပါတယ်။ ကျွန်မတို့အနေနဲ့လည်း သက်ဆိုင်ရာဌာနတွေနဲ့ ပေါင်းစပ်ပြီး ကျောင်းမုန့်ဈေးတန်းကို အခြေအနေ အတိုင်းအတာတစ်ခုမှာ ပိုမိုကောင်းမွန်လာအောင် လိုအပ်သည်များပြင်ဆင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။



**မောင်မင်းခန့်ကိုကို Grade VIII (A)**
**အထက (၂)ဗဟန်း**

သားအနေနဲ့ အရင်က အစားအသောက်တွေ ဝယ်ယူစားသုံးရာမှာ အညွှန်းတွေကို သေသေချာချာမကြည့်ဘဲ ဝယ်ယူစားသုံးခဲ့ရာက နောင်ဆိုရင် အစာတွေကို အာဟာရဖြစ်အောင် စားသုံးဖို့အရေးကြီးတယ်၊ အညွှန်းတွေကို ဘယ်လိုကြည့်ရမယ်၊ ဘယ်လိုလိုက်နာရမယ်ဆိုတာကိုလည်း သိရှိခဲ့ရပါတယ်။ နောက်ပိုင်းဆိုရင် ကျောင်းမှာသာမဟုတ်ဘဲ နေရာတိုင်းမှာ အမြဲတမ်းလိုက်နာသွားမယ်လို့လဲ ဆုံးဖြတ်ထားပါတယ်။ ခုလို စားသုံးသူကာကွယ်ရေးနဲ့ပတ်သက်တဲ့ အသိပညာ၊ ဗဟုသုတတွေကို လာရောက်ဟောပြောဆွေးနွေးပေးတဲ့ ဌာနဆိုင်ရာတွေ၊ အသင်းအဖွဲ့တွေကိုလည်း ကျေးဇူးလည်းတင်ပါတယ်။ ဒီဟောပြောဆွေးနွေးပွဲကရခဲ့တဲ့ အသိပညာ၊ ဗဟုသုတတွေကိုလည်း သားရဲ့ တူ၊ တူမလေးတွေကို တစ်ဆင့်ဖြန့်ဝေသွားပါမယ်။



**မကြယ်စင်သော် Grade VIII (S)**
**အထက(၂)ဗဟန်း**

သမီးတို့ကျောင်းကို စားသုံးသူကာကွယ်ရေးနဲ့ပတ်သက်လို့ ခုလို ဆရာဝန်ကြီးတွေ၊ ဌာနတွေက လာရောက်ပြောကြားပေးလို့ သမီးတို့ကျောင်းသား၊ ကျောင်းသူတွေအားလုံး ဝမ်းသာပျော်ရွှင်ကျေနပ်ကြမယ်လို့ထင်ပါတယ်။ ဘာလို့လဲဆိုတော့ အရင်တုန်းက သမီးတို့တွေဟာ စိတ်ထဲမှာရှိတဲ့အတိုင်းစားချင်တာကိုသာ ဝယ်စားခဲ့ရာက နောက်ပိုင်းမှာ ဘယ်လိုအစားအစာတွေကို ဝယ်ယူစားသုံးရမယ်။ ဘယ်လိုစားသုံးရမယ်ဆိုတာကို သိရှိခဲ့တဲ့အပြင် သမီးတို့ စားသုံးသူပြည်သူတွေကို အကာအကွယ်ပေးမယ့် ဥပဒေ ထွက်ပေါ်လာတာကို သိရှိခဲ့ရလို့ပါပဲ။ သမီးအနေနဲ့ကတော့ သမီးအိမ်က လူတွေရော၊ ရပ်ကွက်ထဲကသူငယ်ချင်းတွေရော၊ ဆွေးနွေးပွဲကို မတက်လိုက်ရတဲ့ သူငယ်ချင်းတွေကိုပါ ဒီနေ့ဟောပြောဆွေးနွေးပွဲကပေးလိုက်တဲ့ လက်ကမ်းစာစောင်ကိုလည်းပေးဖတ်မယ်၊ ဒီကပြောလိုက်တဲ့ဟာတွေကိုလည်း ပြန်လည်ပြောပြမယ်၊ ဒါမှလည်း အားလုံးအန္တရာယ်ကင်းမယ့် အစားအစာတွေကို ဝယ်ယူစားသုံးနိုင်ပြီး စားသုံးသူကာကွယ်ရေးလုပ်ငန်းတွေကိုလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ရာရောက်မယ်လို့ ထင်ပါတယ်။



**ဦးတိုးညွန့် ကျောင်းမုန့်ဈေးတန်းဈေးရောင်းချသူ၊**
**အထက(၂)ဗဟန်း**

ကျွန်တော်ကတော့ အအေးမျိုးစုံရောင်းချပါတယ်၊ ရောင်းချတဲ့အခါမှာ အရောင်၊ ဆိုးဆေးပါဝင်တဲ့အအေးတွေကို မရောင်းဘဲ ကျောင်းသူ၊ ကျောင်းသားတွေအတွက် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းမယ့် Sunkist Code လိုမျိုး အချိုရည်တွေကိုပဲ ရောင်းချပါတယ်၊ အခုလို လာရောက်ပြီး ကျောင်းမုန့်ဈေးတန်းကို စစ်ဆေးတာ၊ အသိပညာပေးဟောပြောပွဲတွေလုပ်ပေးတာကြောင့် ကျွန်တော်တို့လို ကျောင်းမုန့်ဈေးတန်းမှာ ဈေးရောင်းချတဲ့ ဈေးသည်တွေအတွက် အနှောင့်အယှက်မဖြစ်တဲ့အပြင် ကျန်းမာရေးအတွက် အများကြီး အထောက်အကူပြုတဲ့ ဗဟုသုတတွေကို ရရှိခဲ့ပါတယ်။ ကျွန်တော်က ဗဟန်းမြို့နယ်၊ ဆရာစံရပ် ကွက်ကရာအိမ်မှူးလည်းဖြစ်တဲ့အတွက် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေထွက်ရှိပြီးဖြစ်တာရော ခုလိုဟောပြောဆွေးနွေးပွဲတွေလုပ်တာကိုပါ ဂျာနယ်၊ စာစောင်တွေမှာ ဖတ်ရှုခဲ့ရလို့ သိရှိခဲ့ပြီးဖြစ်ပါတယ်။



**ဦးဗအုပ်ခိုင် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စားသုံးသူ ကြိုတင်ကာကွယ်ရေးအသင်း)**

အခုလိုမျိုး စားသုံးသူကာကွယ်ရေးနဲ့ပတ်သက်တဲ့ အသိပညာပေးဆွေးနွေးတာတွေ၊ ကွင်းဆင်းစစ်ဆေး ပညာပေးတာတွေကို ကျယ်ကျယ်ပြန့်ပြန့် လုပ်နိုင်ရင်ပိုကောင်းပါတယ်၊ ဒါပေမယ့်လည်း အသိပညာပေးတာတွေကို ပြီးခဲ့တဲ့နှစ်နှစ်လောက်ထဲကလုပ်ခဲ့တာဖြစ်လို့ နောက်ပိုင်းမှာ အသိပညာပေးတာရော၊ အရေးယူဆောင်ရွက်မှု အပိုင်းကိုပါ တစ်ခါတည်းတွဲလုပ်ရင် ပိုမိုအောင်မြင်ကောင်းမွန်မယ်လို့ထင်ပါတယ်၊ ဒ့ါပြင် အခြေခံပညာကျောင်းတွေက သင်ရိုးညွှန်းတမ်းတွေမှာလည်း စားသုံးသူကာကွယ်ရေးနဲ့ပတ်သက်တဲ့ အသိပညာ၊ ဗဟုသုတအကြောင်းအရာတွေကို ထည့်သွင်းသင်ကြားပေးရင် ပိုမိုကောင်းမွန်ထိရောက်မယ်လို့လည်း အကြံပြုလိုပါ တယ်။ သက်ဆိုင်တဲ့ဌာနဆိုင်ရာတွေအားလုံးကလည်း ကိုယ်ဌာနနဲ့ ဆိုင်တာကို အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရင် စားသုံးသူအတွက်လည်းအကျိုးရှိပြီး စားသုံးသူကာကွယ်ရေးလုပ်ငန်း တွေလည်း ပိုမို အောင်မြင်လာမှာဖြစ်ပါတယ်။

**မောင်မျိုးချစ်**

# မြဝတီနဲ့ကော့သောင်းနယ်စပ်မှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ ဇွန်လ ၁၃ ရက်မှ ၁၉ ရက်တာကာလအတွင်း ကန်ဒေါ်လာ ၃ ဒသမ ၁၃၅ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၂၇၄၇ တန်ကျော်တင်ပို့နိုင်ခဲ့သဖြင့် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၁၈ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုများမှာ -



မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၅၉သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၆၄ တန်ကျော် ကဏန်း ၃၄ တန်ခန့်တင်ပို့နိုင်ခဲ့ပါတယ်။ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ငါးမျိုးစုံရောကဏန်းပါပိုမိုတင်ပို့နိုင်ခဲ့တာကြောင့် ၄၆ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ကော့သောင်းကုန်သွယ်ရေးစခန်းမှလည်း ကန်ဒေါ်လာ ၁ ဒသမ ၀၂၉ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၁၁၆၆ တန်ကျော်၊ကင်းမွန် ၄၉ တန်ကျော်၊ငါးလေးခြောက် ၁၃ တန်ကျော်၊ ပုစွန်နဲ့သဲကဏန်း အနည်းငယ်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက ငါးမျိုးစုံနဲ့ ကင်းမွန်ပိုမိုတင်ပို့နိုင်တဲ့အပြင် ယခင်သီတင်းပတ်ကတင်ပို့နိုင်ခြင်းမရှိသော ငါးလေးခြောက်၊ ပုစွန်နဲ့ သဲကဏန်းတို့တင်ပို့နိုင်ခဲ့တာကြောင့် ၃၆၃ တန်ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၉၄၇ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၁၂၇၇ တန်ကျော်၊ ပုစွန် ၇၅ တန်ကျော် ၊ကဏန်းပျော့ ၃၃ တန်ကျော် ၊ ပုစွန်ခြောက် ၅ တန်ကျော်၊ကင်းမွန် ၂၆ တန်ခန့် ၊ ကဏန်းသေး(အသေ) ၂ တန်ကျော်၊ သဲကဏန်း အနည်းငယ် တင်ပို့နိုင်ခဲ့ပါတယ်။ယခင်သီတင်းပတ်က တင်ပို့ခဲ့သော ကင်းမွန်(အခွံချွတ်)၊ ငါးမှုန့်၊ အေးခဲအသားလွှာ၊ အေးခဲကင်းမွန် (လက်ချောင်း)တို့ကို ယခုသီတင်းပတ်တွင် တင်ပို့နိုင်ခြင်းမရှိခြင်းကြောင့် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၂၈၈တန်ခန့် လျော့နည်းတင်ပို့ခဲ့ပါတယ်။ **ခင်မြနွယ်**

## လိုင်စင်မဲ့ Toyota Wish ကား သုံးစီးအား လရ-၂ အဖွဲ့က စစ်ဆေးတွေ့ရှိ

ဇွန်လ ၁၉ ရက်နေ့ ၀၇း၃၀ ချိန်ခန့်က နယ်မြေခံ အမာခံသတင်းပေးချက်အရ ဆပ်သွားကုန်းကျေးရွာနဲ့ မြစ်ကျိုးကျေးရွာတို့ဆက်သွယ်ထားတဲ့ ကျေးရွာချင်းဆက် မြေသားဂဝံကျောက်ချောလမ်းမှာ လိုင်စင်မဲ့ မော်တော်ယာဉ်များ သွားလာမှုရှိနေကြောင်း သတင်းအရ လရ-၂အဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစီးတဲ့အဖွဲ့ဟာ သွားရောက်စောင့်ဆိုင်းခဲ့ပါတယ်။ ထိုသို့စောင့်ဆိုင်းစဉ် ဆပ်သွားကုန်းကျေးရွာမှ ထွက်လာသော Toyota Wish ယာဉ် သုံးစီးအား တွေ့ရှိ၍ တရားဝင်မှတ်ပုံတင်ထားခြင်းရှိမရှိ စိစစ်ရာ လိုင်စင်မဲ့ယာဉ်များ ဖြစ်နေကြောင်း စစ်ဆေးတွေ့ရှိရတဲ့အတွက် လရ-၂ ယာယီအခြေပြုရာသို့ ခေါ်ဆောင်ပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ ထိန်းသိမ်းဆောင်ရွက်မှုပြုခဲ့တယ်လို့ သတင်းရရှိပါတယ်။တရားမဝင်လိုင်စင်မဲ့မော်တော်ယာဉ်သုံးစီးအား အသေးစိတ်စစ်ဆေးပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်အရေးယူသွားရန်ဆောင်ရွက်ထားကြောင်း သတင်းရရှိပါတယ်။ **MIRT**

## ဇွန်လဝက်ကျော်ကာလအတွင်း မူဆယ်၊ မြဝတီနဲ့ ကော့သောင်း နယ်စပ်များက သီဟိုဠ်စေ့ တန် ၁၀၀ ကျော်တင်ပို့

မူဆယ်ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းများက ၂၀၁၅ ခုနှစ် ဇွန်လ ၁ ရက်မှ ၁၉ ရက်တာကာ လအတွင်း ကန်ဒေါ်လာ ၀ ဒသမ ၇၄၄ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၀၁ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုများမှာ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ ၇၉ တန်၊ မြဝတီကုန်သွယ်ရေးဇုန်မှ ၁၉ တန်နဲ့ ကော့သောင်းနယ်စပ်မှ ၃ တန်ကျော် အသီးသီး တင်ပို့ခဲ့တာဖြစ်ပါတယ်။ ဇွန်လ ၁၃ ရက်မှ ၁၉ ရက်ထိကာလအတွင်းမှာတော့ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ ၁၆ တန်ကျော်သာ အပို့ရှိပြီး မြဝတီနဲ့ ကော့သောင်းနယ်စပ်များမှ မရှိဘူးလို့ သိရပါတယ်။

**ခင်မြနွယ် MIRT**

## မူဆယ်မှ သကြားဖြူ တန် ၁၀၀၀ ကျော် တင်ပို့

ဇွန်လ ၁၃ ရက်မှ ၁၉ ရက်ထိကာလအတွင်းမှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်စခန်းမှကန်ဒေါ်လာ သုည ဒသမ ၆၄၃ သန်း တန်ဖိုးရှိ သကြားဖြူ ၁၀၇၁ တန် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်ထက် သကြားဖြူ ၃၄၂ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုသီတင်းပတ်မှာ သကြားဖြူအပြင် သကြားညို ၁၈ တန်ကိုလည်း တင်ပို့ခဲ့လို့ သိရပါတယ်။

သကြားဖြူတစ်တန်ရဲ့ လိုင်စင်ဈေးက ဒေါ်လာ ၆၀၀ ဖြစ်ပြီး သကြားညိုကတော့ ၅၈၀ ဒေါ်လာရှိတယ်လို့ သိရပါတယ်။ **မြင့်မြင့်မာ**

## ရှောင်ကွင်းလမ်းတွင် စုပုံထားတဲ့ ဆိုင်ကယ်အပိုပစ္စည်းများကို ကျပ် ၅ သိန်းဖိုးခန့် သိမ်းဆည်းရမိ

မူဆယ် (၁၀၅) မိုင် Mobile Team အဖွဲ့သည် ဇွန်လ ၁ ရက်၊ ၄ ရက်နေ့များတွင် ကုန်သွယ်ရေးဇုန်အလွန် ရှောင်ကွင်းလမ်းနဲ့ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ဒိုင်နာ 8C/xxxx ယာဉ်ပေါ်မှ ဆိုင်ကယ်အပိုပစ္စည်းများ၊ ဆိုင်ကယ်ကလပ်ပြားနဲ့ အင်ဂျင်ဝိုင်များကို ကျပ် ၅ သိန်းကျော်ဖိုးခန့် သိမ်းဆည်းရမိခဲ့ပါတယ်။ သိမ်းဆည်းရမိ အကောက်ခွန်မဲ့ ဆိုင်ကယ်အပိုပစ္စည်းများကို အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ပြီး လုပ်ထုံးလုပ်နည်းနဲ့ အညီ ဆောင်ရွက်ပြီးဖြစ်တယ်လို့ သိရပါတယ်။

**MIRT**

## ရှုဝံယာဉ်ပေါ်မှ သစ်သီးဖာများကို မူဆယ် Mobile Team မှ စစ်ဆေးတွေ့ရှိ

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်စခန်း ထုတ်နုတ်အင်အားဖြင့် Mobile Team အဖွဲ့သည် ဇွန်လ ၂၇ ရက်နေ့တွင် အေးရှားဝေါလ်တိုးဂိတ်အနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တရားမဝင်တင်ဆောင်လာတဲ့ 4c/xxxx ရှုဝံယာဉ်ပေါ်မှ ပန်းသီးဖာများနဲ့ လိမ္မော်သီးခြင်းများကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ စစ်ဆေး တွေ့ရှိသစ်သီးများရဲ့ခန့်မှန်းတန်ဖိုးမှာ ကျပ်တစ်သိန်းနှစ်ထောင်ခန့်ဖြစ်ပြီး ပုပ်သိုးပျက်စီးလွယ်ပစ္စည်းများ ဖြစ်သဖြင့် လုပ်ထုံးလုပ်နည်းနဲ့အညီ ဆက်လက် ဆောင်ရွက်သွားမယ်လို့ သိရပါတယ်။ **MIRT**

## တရုတ်နယ်စပ်မှရော အိန္ဒိယနယ်စပ်မှပါ သရက်သီးတင်ပို့



မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဇွန်လ ၁၃ ရက်မှ ၁၉ ရက်တာ သီတင်းပတ်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၈၃၆ သန်းတန်ဖိုးရှိ သရက်သီး(စိန်တစ်လုံး၊ ရွှေဟသာ၊ သရက်သီးအကြမ်း)တန်ချိန် ၂၄၆၀ တင်ပို့မှုရှိခဲ့သလို မြန်မာ-အိန္ဒိယနယ်စပ်ရှိတမူးစခန်းမှလည်း ကန်ဒေါ်လာ ၁၆၂၈ တန်ဖိုးရှိစိန်တစ်လုံး သရက်သီး ၆ တန်တင်ပို့ခဲ့ပါတယ်။ အိန္ဒိယသီးနှံဈေးကွက်တွင် ကလေးဒေသထွက်စိန်တစ်လုံး သရက်သီးများ ယခင်နှစ်ကထက် ဈေးကောင်းပိုရတဲ့အတွက် တမူးမှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ တင်ပို့တယ်လို့ ကလေးမြို့မှ စိန်တစ်လုံး သရက်ခြံပိုင်ရှင်တစ်ဦးက ပြောပါတယ်။ **မော်မော်အောင်**

## ပိုးသတ်ဆေး ၁၀ ဖာနဲ့ သစ်ခွခြောက်အိတ်များကို လရ-၁ ကသိမ်းဆည်းရမိ

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့အနီး ယာယီအခြေပြုလုပ်ငန်းများ ဆောင်ရွက်နေသော လရ-၁ အဖွဲ့သည် မူဆယ် မန္တလေးလမ်းကြောင်းအတိုင်း ဝင်ရောက်လာတဲ့ လားရှိုးသား မှန်လုံယာဉ်အား စစ်ဆေးရာမှာ ပိုးသတ်ဆေး ၁၀ ဖာကို တရားမဝင်သယ်ဆောင်လာတဲ့အတွက် ဇွန်လ ၁၆ ရက်နေ့ ၁၂း၀၀ ချိန်က စစ်ဆေးတွေ့ရှိသိမ်းဆည်းခဲ့တယ်လို့သိရပါတယ်။

ထိုနေ့မှာပဲ မန္တလေးမှ မူဆယ်သို့သွားမယ့် ဧရာဝတီ မှန်လုံယာဉ်ပေါ်မှာ တရားမဝင်တင်ဆောင်လာတဲ့ သစ်ခွခြောက် ၂အိတ်ကိုစစ်ဆေးတွေ့ရှိတဲ့အတွက် သိမ်းဆည်းခဲ့ပြီး ပိုးသတ်ဆေးများရော သစ်ခွအိတ်များကိုပါ လုပ်ထုံး လုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့် အရေးယူနိုင်ရေး ဆောင်ရွက်ထားတယ်လို့ သတင်းရရှိပါတယ်။

**MIRT**

## လရ-၂ အဖွဲ့က Sattlelite Receiver များအားသိမ်းဆည်းရမိ

ဇွန်လ ၁၆ ရက်နေ့ ၂၃း၅၄ ချိန်ခန့်မှာ မြဝတီ-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်းပေါ်တွင် တာဝန်ယူထားသော လရ-၂ အဖွဲ့က ခန့်မှန်းတန်ဖိုးကျပ် ၆ သိန်း တန်ဖိုးရှိ Sattlelite Receiver အခု ၃၀ ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိတဲ့အတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့် အရေးယူထားပြီး ဖြစ်တယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## ကျပ်သိန်း ၁၃၃၀ နီးပါးတန်ဖိုးရှိ အလှကုန်၊ လူသုံးအိမ်သုံး၊ အဝတ်အထည်များ လရ-၁ အဖွဲ့က ယာဉ်သုံးစီးပေါ်မှ သိမ်းဆည်းရမိ

နောင်ချိုမြို့ အေးရှားဝေါလ်တိုးဂိတ်အနီး ယာယီအခြေပြုထားသော လရ-၁ အဖွဲ့သည် ဇွန်လ ၁၇ ရက်နေ့မှာ ယာဉ်သုံးစီးပေါ်မှ ပိုင်ရှင်မဲ့ ဖုန်းနဲ့ဆက်စပ်ပစ္စည်းများ (Bluetooth Headset, Micro SD Cards, Earphone , Power Bank , Phone Screen Protector , Phone Cover , Battery Charger, Energy Saving Mini Charger) များ၊ EVD Player , Mini Airconditioner၊ ရေသန့်စက်၊ အဝတ်အထည်များ (တီရှပ်၊ ဘောင်းဘီတို/ရှည်၊ အင်္ကျီ ၊ အားကစားဘောင်းဘီ ၊ ဂါဝန်)၊ လူသုံးကုန် (ကျောပိုးအိတ်၊ Sling Bag၊ မိုးစီးဖိနပ်၊ Shopping Bag ) အလှကုန် (Makeup, Perfume ၊ ဆံပင်ဖြောင့်စက်) များ ခန့်မှန်းတန်ဖိုး ကျပ် ၁၃၂၉၀၂၅၀၀ ဖိုးအား သိမ်းဆည်းရမိခဲ့တယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## ရှောင်ကွင်းလမ်းမှာ တရားမဝင်စုပုံထားတဲ့ စားသောက်ကုန်များနဲ့ ဆိုင်ကယ်ကျွတ်များ သိမ်းဆည်းရမိ

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်စခန်း ထုတ်နုတ်အင်အားဖြင့် Mobile Team အဖွဲ့သည် ဇွန်လ ၁၇ နဲ့ ၁၈ ရက်နေ့များတွင် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်စဉ် အေးရှားဝေါလ် တိုးဂိတ်အနီး ရှောင်ကွင်းလမ်းပေါ်မှာ တရားမဝင်စုပုံထားတဲ့ ကြက်အူချောင်း၊ ငုံးဥပြုတ်၊ ပီနံအိတ်၊ ပဲကြာညို့၊ ရှာလကာရည်၊ တရုတ်စီးကရက်များနဲ့ ဆိုင်ကယ်ကျွတ်များကို ပိုင်ရှင်မဲ့ စစ်ဆေးတွေ့ရှိခဲ့တယ်လို့ သိရပါတယ်။ အဆိုပါစစ်ဆေးတွေ့ရှိစားသောက်ကုန်များအား လုပ်ထုံးလုပ်နည်းနဲ့အညီ မီးရှို့ဖျက်ဆီး သွားမည်ဖြစ်ပြီး အကောက်ခွန်မဲ့ ပစ္စည်းများအား အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီး ဆက်လက် ဆောင်ရွက်သွားမယ်လို့ သိရပါတယ်။ **MIRT**

## ခန့်မှန်းတန်ဖိုးကျပ် ၁၁၄၅ သိန်းကျော်တန်ဖိုးရှိ ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးဖြတ်စအရွယ်စုံနဲ့လက်ကောက်ကွင်းအရွယ်စုံ လရ-၁ မှသိမ်းဆည်းရမိ

နောင်ချို Asia World Toll Gate အနီး ယာယီအခြေစိုက် လရ-၁အဖွဲ့မှ တာဝန်ထမ်းဆောင်စဉ် ဇွန်လ ၁၄ ရက် ၀၈း၃၀ မှ ၁၇း၀၀ ချိန်ထိကာလအတွင်းမှာ ယာဉ် လေးစီးရဲ့ ဝမ်းဗိုက်အောက်မှာ သိုဝှက်သယ်ဆောင်လာတဲ့ ကျောက်စိမ်းလို့ယူဆရတဲ့ ကျောက်တုံးအရွယ်စုံ ၁၁၁၅ ကီလိုဂရမ် ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၁၁၁၅၊ လက်ကောက်ကွင်း အရွယ်စုံ ၃၀ ကီလိုဂရမ်၊ ခန့်မှန်းတန်ဖိုးကျပ် သိန်း ၃၀ ကို Mitsubishi Extra Cab, AD Van,Nissan Van(Wingroad) နဲ့ Odyssey ယာဉ်များပေါ်မှ ရှာဖွေတွေ့ရှိခဲ့တယ်လို့ သတင်းရရှိပါတယ်။ကျောက်များကို တင်ဆောင်လာတဲ့ယာဉ်များ ကျောက်များနဲ့အတူ ခန့်မှန်းတန်ဖိုးကျပ်သိန်း ၆၃၀ ကိုလည်း လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲ ဖွင့်အရေးယူပြီးပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းသွားမယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## ခရီးသည်တင်ယာဉ်များနဲ့ သိုဝှက်ရောနှောသယ်ဆောင်လာတဲ့ စားသောက်ကုန်နဲ့ အပင်ပေါင်းသတ်ဆေးများ စစ်ဆေးတွေ့ရှိ

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်မှာ ယာယီအခြေပြုပြီး တရားမဝင် ကုန်သွယ်မှုတားဆီးရေး ဆောင်ရွက်နေတဲ့ လရ-၂ Mobile Team အဖွဲ့ဟာ ဇွန်လ ၁၆ ရက်နဲ့ ၁၇ ရက်နေ့များမှာ ခရီးသည်တင်ယာဉ်များကို စစ်ဆေးစဉ် ခရီးသည်များရဲ့ ပစ္စည်းများနဲ့ ရောနှောတင်ဆောင်လာသော၊ သိုဝှက်သယ်ဆောင်လာသော Ensure နို့မှုန့်များ၊ သကြား၊ UFC Ice Coffee ၊ M-150 Energy drink ၊ Best Food ကုန်အမှတ်တံဆိပ် ထောပတ်ဘူးများနဲ့ အပင်ပေါင်းသတ်ဆေးများကို စစ်ဆေးတွေ့ရှိခဲ့တယ်လို့ ရှေ့ပြေးသတင်းရရှိပါတယ်။ အသေးစိတ် ရေတွက်စစ်ဆေးခန့်မှန်းတန်ဖိုး တွက်ချက်ပြီးနောက် အကောက်ခွန် အမှုတွဲများ ဖွင့်လှစ်၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## လိုင်စင်/IDတို့မှာ ဖော်ပြထားခြင်းမရှိသော အဝတ်အထည်နဲ့ လုပ်ငန်းသုံးပစ္စည်းများ စစ်ဆေးတွေ့ရှိ

နောင်ချိုမြို့အနီး ယာယီအခြေပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိတဲ့ အဖွဲ့နေရာသို့ ဝင်ရောက်လာသော ယာဉ်များကို စစ်ဆေးစဉ် လိုင်စင်/IDတို့မှာ ကြေညာထားခြင်းမရှိတဲ့ အဝတ်အထည်နဲ့ လုပ်ငန်းသုံး ကုန်ကြမ်းများကို စစ်ဆေးတွေ့ရှိသိမ်းဆည်းရမိခဲ့တယ်လို့ ရှေ့ပြေးသတင်းရရှိပါတယ်။

သိမ်းဆည်းရမိပစ္စည်းများမှာ Sport Shirt ၃ ထုပ်၊ Lady Blouse ၁ ထုပ်၊ဘောင်းဘီတို ၃ ထုပ်၊ Sling Bag ၁ ထုပ်နဲ့ ကျောက်ဖောက်စက် ၂ ခုတို့ ဖြစ်ကြပါတယ်။ **MIRT**

## ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ယာဉ်ခုနစ်စီးပေါ်မှ အကောက်ခွန်မဲ့ ပစ္စည်းများကို သိမ်းဆည်းရမိ

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန် ထုတ်နုတ်အင်အားဖြင့် Mobile Team အဖွဲ့သည် ဇွန်လ ၁၇၊ ၁၈ ရက်နေ့များတွင် အေးရှားဝေါလ်တိုးဂိတ်အနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် EE/xxxx ၊ EE/xxxx ၊ FF/xxxx ယာဉ် သုံးစီးပေါ်မှ တရားမဝင် တင်ဆောင်လာတဲ့ အသားခြောက်အိတ်များ 9c/xxxx ၊ DD/xxxx ၊ 3A/xxxx ၊ 7E/xxxx ယာဉ် လေးစီးပေါ်မှ Hand Set ကာဘာ၊ အိမ်သာကြွေဆေးရည်၊ Spray၊ ကြွေပြားဆေးဆပ်ပြာ၊ ဆိုင်ကယ်ဘရိတ်လက်ကိုင်၊ Hair Care, Professional Air Tools , Game Stand , ကားဂီယာအုံတို့ကို စစ်ဆေးတွေ့ရှိခဲ့တယ်လို့သိရပါတယ်။ အဆိုပါ သိမ်းဆည်းရမိ အသားခြောက်များကို မြို့နယ်စည်ပင်သာယာရေး ဦးစီးဌာနသို့လည်းကောင်း၊ အကောက်ခွန်မဲ့ပစ္စည်းများအား မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံပြီး အကောက်ခွန် အမှုတွဲဖွင့်လှစ် သွားမယ်လို့ ရှေ့ပြေးသတင်းအရ သိရပါတယ်။

**MIRT**

# စစ်ကိုင်းတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနက Organic Farming and Products Team နှင့် တွေ့ဆုံဆွေးနွေး

လယ်ယာထွက်ကုန်သီးနှံများ ပြည်ပတင်ပို့ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရေး၊ ကုန်စည်ဒိုင်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သည်ပွဲစားစက်ပိုင်များ အလုပ်အကိုင်ဖြစ်ထွန်းရေးဟာ အရည်အသွေးကောင်းသီးနှံများ စိုက်ပျိုးထွက်ရှိရေးအပေါ်မှာ တည်မှီလျက်ရှိတဲ့အတွက် တောင်သူများရဲ့စိုက်ပျိုးရေး နည်းစနစ်များ မှန်ကန် ကောင်းမွန်မှုဟာ အဓိကအခြေခံလိုအပ်ချက်ဖြစ်ပါတယ်။ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ကွင်းဆက်တစ်ခုလုံးမှာ ပါဝင်ပတ်သက်နေကြတဲ့ ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ပေးဖို့ လိုအပ်ကြောင်း၊ မိမိတို့ဌာနက စိုက်ပျိုးရေးဌာနမဟုတ်ပေမယ့်ကုန်သွယ်မှုကိုမြှင့်တင်ဖို့ ဆက်စပ်နေတဲ့ လုပ်ငန်းရှင်များကို ပံ့ပိုးချိတ်ဆက်ပေးလျက်ရှိပါကြောင်း၊ စားသုံးသူကာကွယ်ရေးရှုထောင့်မှကြည့်ရင်လည်း နိုင်ငံအတွက် အလုပ်လုပ်ကိုင်နိုင်သောသူများ သက်တမ်းမတိုစေဖို့ GAP စနစ်နဲ့ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့ အရေးကြီးလျက်ရှိကြောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်းဒေသကြီးဦးစီးမှူးက Organic Farming and Products Team နှင့်ဆွေးနွေးစဉ် ပြောကြားခဲ့ပါတယ်။ ဒါကြောင့် သရက် စိုက်ပျိုးလိုသူ လုပ်ငန်းရှင်များကို ယခုနှစ် စိုက်ပျိုးရာသီအမီ စိုက်ပျိုးနိုင်ဖို့ မှန်ကန်ကောင်းမွန်သော သရက်ပျိုးပင် တစ်နှစ်သား အပင် ၂၀၀ ကျော်ကို တစ်ပင် ၈၀၀ ကျပ်နှင့် ၁၀၀၀ ကျပ်နှုန်းနဲ့အောင်မြင်ဖြစ်ထွန်းသော ဒီပဲယင်းကွဲကျေးရွာမှ သရက်ခြံရှင်များနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါတယ်။ သရက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိန်တစ်လုံးသရက်မူပိုင်ခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စစ်ကိုင်းမြို့နယ်မှာ ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါတယ်။

ဒ့ါအပြင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးနိုင်သော မြေလွတ်မြေရိုင်းများရှိသလို စိုက်ပျိုးနေသော မြေများအနက်မှုံးမြစ်၊ ဘုတလင်မြစ်ရေတင်စီမံကိန်းရှိသော ဘုတလင်မြို့နယ်အနောက်ဘက်ရှိကျေးရွာများမှာ ဓါတ်မြေဩဇာများ သုံးစွဲစိုက်ပျိုးခြင်းမရှိသေးတဲ့အတွက် အော်ဂဲနစ်စိုက်ပျိုးရေးကို ဆောင်ရွက်နိုင်တာတွေ့ရကြောင်း၊ အော်ဂဲနစ်လျှောက်ထားလိုပါက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် အဆင့်ဆင့်ကို လမ်းညွှန်ပေးကြောင်း၊ Organic Farming and Products Team မှ Team Organizer ဦးမြတ်နိုင်ထွန်းကပြောကြားပါတယ်။ တောင်သူပြုံးမှ ကုန်သည်ပျော်နိုင်မှာဖြစ်လို့ စိတ်တူကိုယ်တူသီးနှံပွဲရုံလုပ်ငန်းရှင်များ ဂျုံ ပဲစက်ပိုင်များ၊ စိုက်ပျိုးထုတ်လုပ်သူများ စုစည်းပြီး ဒီ (OFPT) အဖွဲ့ကို မုံရွာမြို့မှာ အခြေစိုက်ပြီး၊ မန္တလေး၊ ရန်ကုန်မြို့များနဲ့ ချိတ်ဆက်ထားကာ (FSWG) စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ရဲ့ အဖွဲ့ဝင်များအဖြစ် တောင်သူပညာပေးဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမယ်လို့ သိရပါတယ်။ **ရီလင်းထွဋ်-မုံရွာ**







# စစ်ကိုင်းမြို့၏ သမားရိုးကျ ငွေထည်ကြေးထည် ထုဆစ်ခြင်းမှသည် အိမ်တွင်းစက်မှုလုပ်ငန်းများဆီသို့

ကေသီအောင် ၊ စားသုံးသူရေးရာ (စစ်ကိုင်း)

မြန်မာ့လက်မှုပညာ ပန်းဆယ်မျိုးစာရင်းဝင် ပန်းတိမ်ပညာရပ်ဖြင့်ဖန်တီးထားသော ပစ္စည်းများကို မြန်မာနိုင်ငံတွင် ပျူခေတ်ကတည်းက နန်းတွင်းအသုံးအဆောင်ပစ္စည်းအဖြစ် ရှေးမြန်မာမင်းအဆက်ဆက် ဝင့်ဝင့်ထည်ထည် အသုံးပြုခဲ့ကြောင်း သမိုင်းအထောက်အထားများအရ သိရှိရပါသည်။ ယနေ့ခေတ်တွင်လည်း နိုင်ငံတော်အခမ်းအနားများတွင် ဆုတံဆိပ်အဖြစ် အသုံးပြုခြင်း၊ ဘာသာရေးဘက်အသုံးအဆောင်အဖြစ် စေတီတော်၊ ဆင်းတုတော်ပုံ၊ ဘုရားပန်းအိုး၊ ဆွမ်းအုပ်၊သပိတ်၊ လင်ပန်း၊ သောက်တော်ရေခွက်၊ရေစက်ချခရားအဖြစ်အသုံးပြုခြင်း၊ ကွမ်းအစ်၊ ဆုဖလား၊ သေတ္တာ၊စီးကရက်ဘူး၊ ပေါင်ဒါဘူး၊ ပိုက်ဆံ အိတ်၊ စောင်း စသည်ဖြင့် အသုံးပြုလျက်ရှိပါသည်။

မြန်မာ့လက်မှုပညာရပ်ဖြစ်သည့် ငွေထည်၊ကြေးထည်လုပ်ငန်းသည် ကမ္ဘာကပင် အသိအမှတ်ပြု တန်ဖိုးထားသည့် လက်မှု လုပ်ငန်းတစ်ခုဖြစ်ပါသည်။ ဤလုပ်ငန်းကို လွန်ခဲ့သောနှစ်ပေါင်း ၁၂၀၀ ကျော် ပျူခေတ်ကတည်းက ကျွမ်းကျင်စွာ လုပ်ကိုင်ခဲ့ကြောင်း သိရှိရပါသည်။ ရှေးမြန်မာမင်းများလက်ထက်က နန်းတွင်းပစ္စည်းများအဖြစ် အသုံးပြုခဲ့သဖြင့် နန်းစိုက်ရာမြို့တော်များတွင် ပန်းတိမ်ပညာမျိုးဆက်များ စဉ်ဆက်မပြတ်တည်ရှိနေခြင်းပင် ဖြစ်ပါသည်။





အထူးသဖြင့် မြန်မာနိုင်ငံတော်တွင် ထင်ရှားသည့် ပန်းတိမ်ပညာရပ်၏ ငွေထည်၊ ကြေးထည် လုပ်ငန်းများအနက် စစ်ကိုင်းမြို့ ရွာထောင်ရပ်ရှိ အိမ်တွင်းလက်မှုလုပ်ငန်းသည် ယနေ့တိုင် ထင်ရှားစွာ တွေ့မြင်ရမည်ဖြစ်ပါသည်။ ရှေးမြန်မာမင်းအဆက်ဆက်မှ ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းလုပ်ကိုင်လာခဲ့ကြပြီး လက်ဆင့်ကမ်း အမွေတစ်ခုအဖြစ် တည်ရှိနေသည့် နန်းတွင်းရနံ့ထုံမွှမ်းသည့် ပညာရပ်တစ်ခုဖြစ်ပါသည်။စစ်ကိုင်း၊ ရွာထောင်ရပ်တွင် တစ်ရပ်ကွက်လုံးနီးပါး ဆောင်ရွက်လုပ်ကိုင်လာခဲ့သည့် လုပ် ငန်းတစ်ခု ဖြစ်ပါသည်။ ရွာထောင်ရပ်ကွက်မှ ပညာရှင်များသည် ယင်းပန်းတိမ်လုပ်ငန်းကို ရှေးမူရိုးရာမပျက် လက်ဆင့်ကမ်းလုပ်ကိုင်လာခဲ့ကြရာ ယနေ့အချိန်တွင် ခေတ်မီဒီဇိုင်းများ ရောယှက်လာသည်အထိ တိုးတက်လာသည် ကိုလည်း လေ့လာတွေ့ရှိရပါသည်။ ရွာထောင်ရပ်ကွက်မှ ငွေပန်းတိမ်ပညာရှင်များသည် ငွေထည်ပစ္စည်းဝယ်ယူသုံးစွဲမှု လျော့နည်းနေ ချိန်များတွင် ကြေးထည်ပစ္စည်းများဖြင့် ထုလုပ်ကာ ငွေထည်အစား ထိုးပစ္စည်းအဖြစ် ရောင်းချခြင်းနှင့် ပညာရှင်များ ဆက်လက်ထိန်းသိမ်း မွေးထုတ်ပေးခြင်းကိုလည်း အလေးအနက်ထား ဆောင်ရွက်ခဲ့ကြပါသည်။

## ငွေထည်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်းများ

ငွေထည်ပစ္စည်းများထုတ်လုပ်ရာတွင် ကုန်ကြမ်းအဖြစ် ပြည်တွင်းထွက် ဘော်သတ္တုကို အဓိကအားထား အသုံးပြုကြပါသည်။ ငွေထည်ပစ္စည်း ထုတ်လုပ်ရာတွင် ကုန်ကြမ်းအဖြစ်ဘော် ငွေစင် ၁၀၀ ရာခိုင်နှုန်းကိုသာ အသုံးပြုရာတွင် ပျက်စီးလွယ်သည့်အတွက် ကြေးနီအနည်းငယ် ရောစပ်ခြင်းကို ၉၉၊ ၉၅၊ ၉၀ ရာခိုင်နှုန်း စသည်ဖြင့် ထုဆစ်ထုတ်လုပ်ခဲ့ရကြောင်း သိရှိရပါသည်။ ၎င်းရာခိုင်နှုန်းနှင့် ကိုက်ညီသည့် ဈေးနှုန်းသတ်မှတ်၍ ဝယ်ယူခဲ့ကြ ရပါသည်။ ရွှေမိုက်ထုတ်သူများထံကလည်း အနည်းအကျဉ်း ဝယ်ယူရတတ်ကြောင်း သိရှိရပါသည်။ ဘော်ဈေးနှုန်းသည်လည်း မြန်မာ့ရွှေဈေးကွက်နှင့် ကမ္ဘာ့ရွှေဈေးကွက်ပေါ်တွင် အခြေခံသတ် မှတ်ကြရပါသည်။ သို့ရာတွင် ငွေထည်လုပ်ငန်း ကျယ်ပြန့်စွာ လုပ်ကိုင်နေချိန်များတွင် ကုန်ကြမ်းကို လိုသလောက် အလွယ်တကူ မရရှိနိုင်သည့်အတွက် ဘော်ဈေးနှုန်းမှာ အဆမတန်ကြီးမြင့်တတ်ကြောင်း သိရှိရပါသည်။

ငွေထည် ပန်းတိမ်လုပ်ငန်းများသည် မှာယူသည့် အသုံးအဆောင် ပစ္စည်းများ အလိုက် ပုံဖော်ကာ ထုဆစ်ထုတ်လုပ်ခြင်းဖြစ်ပါသည်။ ဥပမာဖလားပြုလုပ်မည်ဆိုပါက ပြုလုပ်မည့် ငွေထည်ပစ္စည်း အလေးချိန်အလိုက် သံဖို(ဖားဖို၊ပန်ကာဖို)နှင့် မီးအပူပေး၍ အရည်ကျိုပြီး ပုံစံခွက်ထဲလောင်းထည့်ရပါသည်။ထွက်လာသော ငွေချောင်းများကို လိုချင်သောအရွယ်အစား အထူအပါးရအောင် အပြားကြိတ်စက်ဖြင့် ကြိတ်ယူရပါသည်။ ရရှိလာသော အပြားကို (၅)ကြိမ်မျှ မီးဖုတ်လိုက်၊ တူဖြင့်ထုလိုက်နှင့် မတ်ခွက်ပုံစံဖြစ်လာအောင် ပြုလုပ်ရပါသည်။ ၎င်းမတ်ခွက်ပုံစံကို ဖလားဖြစ်လာအောင် တူ၊ ပေတို့ကို အသုံးပြု၍ အုံထုတ် (ပုံပြင်) ရပါသည်။ ဖလားပုံရလာပါက ပန်းဖလားလိုလျှင် ပန်းထု၍ရရှိလာသည့် ဖလားကို စက်နှင့်ချောပြီးလျှင် ပန်းဖလားကို ရရှိပါသည်။ ထိုမှတစ်ဆင့် ကနုတ်ပန်းဖော်ရာတွင် အဖြူထည်ပြုလုပ်ပြီး အထည်များကို ပန်း ဖော်ခြင်း၊ ဇာတ်ကြီးဆယ်ဘွဲ့ဇာတ်လမ်းများ ထုလုပ်ပါက သုံးလေးမီးခန့်ချိတ်သွင်းခြင်း၊ ပုံစံအမျိုးမျိုးဖြင့် အနုစိတ်ပုံဖော်ခြင်းများ ပြုလုပ်ရပါသည်။ ထိုအခါမှသာ ဝင်းလက်တောက်ပြောင်သော ငွေထည်ပစ္စည်းများကို ရရှိပါသည်။



## ကြေးထည်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများ

ကြေးထည်ပစ္စည်းများထုတ်လုပ်ရာတွင် အဓိကအားဖြင့် ကြေးဝါကို အသုံးပြုကြပါသည်။ကြေးဝါသည် ဓာတ်သတ္တုပစ္စည်းများတွင် တိုက်ရိုက်ပါဝင်မှုမရှိဘဲ ကြေးနီနှင့်သွပ်ကို အချိုးကျရောစပ်၍ အရည်ကျိုခြင်း ပြုလုပ်ရပါသည်။ ကြေးထည်ကုန်ကြမ်းများကို ပြည်တွင်းရှိ မြို့နယ်များမှ စုဆောင်းရရှိသော ကြေးထည်အပျက်ပစ္စည်းများကို အရည်ကျို၍ ပြန်လည်အသုံးပြုကြပါသည်။ ကြေးထည်ထုဆစ်ခြင်းလုပ်ငန်းသည် ငွေထည်လုပ်ငန်းစဉ်အတိုင်းပင် ဖြစ်ပါသည်။

## ယနေ့ စစ်ကိုင်းမြို့ပန်းတိမ်လုပ်ငန်းအခြေအနေများ

ယခုအခါ စစ်ကိုင်းမြို့ ရွာထောင်ရပ်ရှိပန်းတိမ်လုပ်ငန်းများတွင် ငွေထည်လုပ်ငန်းရှင် ၁၀ ဦးနှင့် ကြေးထည်လုပ်ငန်းရှင် ၇၀ ဦး စုစုပေါင်း ၈၀ ဦး၊ လုပ်သားဦးရေ ၃၀၀ ကျော်ဖြင့် လုပ်ကိုင်လျက်ရှိပါသည်။ ကုန်ကြမ်းဈေးမှာ ဘော်တစ်ပိဿာ ကျပ်ဆယ်သိန်း၊ ကြေးတစ်ပိဿာ ကျပ်ခုနစ်ထောင်ဖြင့် ဝယ်ယူရပါသည်။အထွက်နှုန်းအနေဖြင့် တစ်ပိဿာပေါ်အခြေခံ၍ ကုန်ပစ္စည်းအလိုက် အရေအတွက် ထွက်ရှိပါသည်။ ဈေးနှုန်း သတ်မှတ်ချက်အနေဖြင့် ငွေစင်၊ကြေးစင် အရည်အသွေး၊ အလေးချိန်နှင့် လက်ရာပေါ် မူတည်ပြီး ဈေးနှုန်း သတ်မှတ်ပါသည်။ကြေးပန်းအိုး ၆ လက်မ တစ်လုံးကို ကျပ်နှစ်ထောင်မှတစ်သောင်း၊ ကြေးပန်းအိုး ၈ လက်မတစ်လုံး ကျပ် လေးထောင်မှ တစ်သောင်းခွဲအထိ၊ ကြေးပန်းအိုး ၉ လက်မတစ်လုံး ကျပ်ငါးထောင်မှ နှစ်သောင်းခွဲနှုန်းဖြင့် ရန်ကုန်၊မန္တလေး၊အင်းလေးဒေသများသို့ တင်ပို့ရောင်းချလျက်ရှိပြီး ပြည်ပဈေးကွက်အနေဖြင့် အိန္ဒိယ၊ ထိုင်းနိုင်ငံများသို့ တင်ပို့လျက်ရှိပါသည်။ အိန္ဒိယနိုင်ငံမှတစ်ဆင့် အနောက်နိုင်ငံများသို့ ပြန်လည်ရောင်းချနေကြောင်း သိရှိရပါသည်။နောင်တစ်ချိန်တွင် မြန်မာနိုင်ငံအနေဖြင့် သယ်ယူခွင့်နှင့် သင့်တင့်သော အခွန်ကင်းလွတ်ခွင့်များ ရရှိမည်ဆိုပါက စစ်ကိုင်း ငွေထည်လုပ်ငန်းသည် တစ်ရှိန်ထိုး တိုးတက်အောင်မြင်လာမည်ဖြစ်ပါသည်။

## အိမ်တွင်းစက်မှုလုပ်ငန်းများဆီသို့

မြန်မာနိုင်ငံသည် ၂၀၁၁ခုနှစ် အစိုးရသစ် တက်လာပြီးသည့်နောက်ပိုင်း ခေတ်မီတိုးတက်သည့် နိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးကို ဦးတည်လျက် အသေးစားနှင့် အလတ်စားစက်မှု လက်မှုလုပ်

နန်း တိုးတက်ရေး ဆောင်ရွက်နေသည့် အချိန်အခါဖြစ်ပါသည်။ ဤသို့ SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးအရာသည် လက်မှုလုပ်ငန်းတစ်ရပ်ဖြစ်သော ငွေထည်နှင့် ကြေးထည်လုပ်ငန်းများဖြင့် နှစ်ပေါင်းများစွာ အသက်မွေးဝမ်းကျောင်းပြုလုပ်သည့် လုပ်ငန်းရှင်များ၏ လုပ်ငန်းတိုးချဲ့ရေးသည် စက်မှုလုပ်ငန်းအစပျိုးခြင်းပင်ဖြစ်ပါသည်။ နှစ်ပေါင်းများစွာ မိသားစု လုပ်ငန်းများအဖြစ် လက်ဆင့်ကမ်းပညာအမွေ သယ်လာခြင်းဖြင့် ပေါင်းစပ်ပြီး တိုးချဲ့မည်ဆိုပါက လုပ်ငန်းစုမှ လုပ်ငန်းကြီးအဆင့်သို့ တက်ရောက်လှမ်းနိုင်မည်ဖြစ်ပေသည်။

ယနေ့စစ်ကိုင်းမြို့ ရွာထောင်ရှိ ငွေထည်၊ကြေးထည်လုပ်ငန်းများသည် မိရိုးဖလာ ဒင်၊ တူ၊ ဆောက်၊ ပေများကို အသုံးပြု၍ ဆောင်ရွက်နေဆဲဖြစ်ပါသည်။ ဤအခြေအနေကို ပြောင်းလဲရန် ခေတ်မီနည်းပညာများ ရှာဖွေရမည်ဖြစ်ပါသည်။ ပထမအဆင့်တွင် ဒီဇိုင်းရေးဆွဲခြင်းကို ကွန်ပျူတာအသုံးပြု၍ ရေးဆွဲနိုင်ရေး နည်းလမ်းရှာဖွေရမည်ဖြစ်ပါသည်။ ထို့နောက် ပုံကြမ်းသွင်းခြင်းကို ခေတ်မီပုံသွင်းစက်ဖြင့် ထုတ်လုပ်နိုင်ရေး၊ ၎င်းပြီးမှ ဒီဇိုင်းအတိုင်း ပုံဖော်အလှဆင်ခြင်း၊ ခေတ်မီစက်များဖြင့် အရောင်တင်ခြင်း စသည့် လုပ်ငန်းစဉ်များကို နည်းပညာသုံး စက်ပစ္စည်းများဖြင့် ဆောင်ရွက်နိုင်ရေး စီမံထားရှိရမည် ဖြစ်ပါသည်။

## လုပ်ငန်းအသင်း ဖွဲ့စည်းခြင်း

စစ်ကိုင်းတိုင်း ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး၏ကြီးကြပ်မှုဖြင့် ပုဂ္ဂလိကလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ စစ်ကိုင်းမြို့၊ရွာထောင်ရပ် ငွေထည်၊ ကြေးထည်လုပ်ငန်းရှင်များစုစည်း၍ လုပ်ငန်းအသင်းဖွဲ့စည်းရန် ဆောင်ရွက်လျက်ရှိပါသည်။ ဤကဲ့သို့ အသင်းအဖွဲ့များဖြင့် ရပ်တည်မှသာ နိုင်ငံတကာနှင့် ချိတ်ဆက်လုပ်ကိုင်မှု ကျယ်ပြန့်လာသည့်အခါ တင်ပို့ရောင်းချရေးအတွက် လမ်းပွင့်သွားမည်ဖြစ်ပါသည်။ သို့အတွက်ကြောင့်လည်း စီးပွားဈေးကွက် အလားအလာကောင်းသည့် စစ်ကိုင်း ငွေထည်၊ ကြေးထည်လုပ်ငန်းအသင်း ပေါ်ပေါက်လာရေးကို ဦးစားပေးဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

## ဖွံ့ဖြိုးတိုးတက်လာမည့်ဇေယျပူရငွေထည် ကြေးထည်လုပ်ငန်း

ဇေယျပူရ(ခေါ်)စစ်ကိုင်းမြို့ရှိ ရွာထောင်ရပ်ကွက်တွင် အောင်မြင်လျက်ရှိသည့် ငွေထည်၊ ကြေးထည်လုပ်ငန်းသည် ပြည်တွင်းသာမက ပြည်ပနိုင်ငံများအထိ အရောင်းအဝယ် ပြုလုပ်လျက်ရှိသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ ငွေထည်၊ ကြေးထည် လုပ်ငန်းသည် SMEs လုပ်ငန်း ဖြစ်သည့်အတွက် လုပ်ငန်းဒီဇိုင်းရေးဆွဲခြင်းကို နိုင်ငံခြားမှ ဒီဇိုင်းပညာရှင်များ၊ ဗိသုကာပညာရှင်များနှင့် ခေတ်မီစက်ယန္တရားများဖြင့် ပုံဖော်ခြင်း၊ ပုံသွင်းခြင်းများဖြင့် ထုတ်လုပ်နိုင်မည်ဆိုပါက ငွေထည်၊ ကြေးထည်လုပ်ငန်းသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့အလယ်တွင် ထင်ပေါ်ကျော်ကြားအောင်မြင်လာမည်ဟု ထင်မြင်မိပါသည်။ ငွေထည်၊ ကြေးထည် ပန်းတိမ်ပညာသည် မြန်မာလူမျိုးတို့၏ ရှေးအစဉ်အဆက် တန်ဖိုးထားခဲ့သော မြန်မာ့ရိုးရာအနုပညာလက်ရာ အမွေအနှစ်ဖြစ်သည့် အားလျော်စွာ ယနေ့ထိတိုင်အောင် ငွေပန်းတိမ်ပညာ မတိမ်ကော၊ ပပျောက်သွားခြင်းမရှိဘဲ ရေရှည်တည်တံ့ခိုင်မြဲစေရန် မျိုးချစ်စိတ်ဓာတ်ဖြင့် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် လုပ်ငန်းဖြစ်ပေသည်။ သို့အတွက်ကြောင့်စစ်ကိုင်းမြို့၏ အဖိုးတန်ဒေသထွက်ကုန်ဖြစ်သော ငွေထည်ကြေးထည်လုပ်ငန်းအကြောင်း သိရှိနိုင်စေဖို့ တင်ပြလိုက်ပါသည်။

➲ စာမျက်နှာ ၃ ရောဝတီ-ကျောက်ဖယား-မဲခေါင် မှအဆက်

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကဏ္ဍများနှင့် စပ်လျဉ်း၍ ထိုင်းနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်မှ ကိုယ်စားလှယ် Mr. Panitarn Pavarolavidya ကလည်းကောင်း၊ ပြည်သူ့အကျိုးပြု ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှု ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးမိတ်ဖက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးစသည့်ကဏ္ဍများကို ဗီယက်နမ်နိုင်ငံ ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ Mr. Hoang Quang Phong ကလည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြသည်။

အဆိုပါဖိုရမ်သို့ အက်မက်စ်အဖွဲ့ဝင် နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင် ၄၀ ဦးခန့်၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ စီးပွားရေးလုပ်ငန်းရှင် ၆၀ ဦးခန့် နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ စုစုပေါင်း ၁၂၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။

အဆိုပါဖိုရမ် ကျင်းပစဉ်အတွင်း ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဖိုရမ်သို့တက်ရောက်လာကြသည့် အက်မက်စ် အဖွဲ့ဝင် ငါးနိုင်ငံမှ ကုန်သည်အသင်းချုပ် ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများနှင့် တွေ့ဆုံပြီး အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အလားအလာများနှင့် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကြုံတွေ့နိုင်သည့် အခက်အခဲများအား ပူးပေါင်းဖြေရှင်းသွားနိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

♦



## ပြောင်း



### ပြောင်းတင်ပို့မှု အနည်းငယ်လျော့ကျ

ဇွန်လ တတိယပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၃ ဒသမ ၁၄၈ သန်း တန်ဖိုးရှိ ပြောင်း ၁၀၈၅၆ တန်၊ လွယ်ဂျယ်မှ ကန်ဒေါ်လာ သုည ဒသမ ၅၈၀ သန်းဖိုးရှိ ပြောင်းတန်ချိန် ၂၀၀၀ နဲ့ ကန်ပိုက်တီးမှ ကန်ဒေါ်လာ သုည ဒသမ ၀၅၇ သန်းဖိုးရှိ ပြောင်းတန် ၁၉၀ တို့ကို တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က မူဆယ်မှ ၁၃၂၄၇ တန်ခွဲ၊ လွယ်ဂျယ်မှ ၂၂၁၀တန်နဲ့ ကန်ပိုက်တီးမှ ၄၂ တန်ခွဲ တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ပြောင်းတင်ပို့မှု၂၄၅၄ တန် လျော့နည်းသွားခဲ့ပါတယ်။

မူဆယ် ကုန်စည်ဒိုင်မှာလည်း ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို ၃၅၃၅၁ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် ၃၄၈၉၈၅ ကျပ်သို့ ဈေးလျော့ကျခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်ကိုတော့ နယ်စုံကနေ ပြောင်းအသစ်ရော လက်ကျန်ပြောင်းတွေပါ ဝင်ရောက်မှုရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ရော်ဘာ

### ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ရော်ဘာ တန် ၅၀၀ ကျော်တင်ပို့

ဇွန်လ ၁၄ ရက်နေ့မှ ၂၀ ရက်နေ့ထိကာလအတွင်းမှာ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ကန်ဒေါ်လာ သုည ဒသမ ၆၅၇ သန်းဖိုးရှိ ရော်ဘာ ၅၂၉ တန်ကျော်ကို စင်ကာပူနဲ့ မလေးရှားနိုင်ငံကို တင်ပို့ခဲ့ပါတယ်။ စင်ကာပူနိုင်ငံကို RSS-3 ၄၈၉ တန်နဲ့ မလေးရှားနိုင်ငံကို RSS-3 တန် ၄၀ တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၃၁၉ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာပေါက်ဈေး အတက်အကျအပြောင်းအလဲသိပ်မရှိဘဲနဲ့ မြန်မာ့ရော်ဘာဈေးကိုလည်း ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ထုတ်ပြန်ထားကြောင်း သိရှိရပါတယ်-

| | | |
|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၅၅၀-၁၆၅၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၅၀၀-၁၆၀၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၄၅၀-၁၅၅၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၄၀၀-၁၅၀၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၅၀-၁၄၅၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၄၅၀-၁၅၅၀** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၄၀၀-၁၅၀၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၀၀-၁၄၀၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၅၀-၁၃၅၀** |
| **Concentrate** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၅၀-၁၂၅၀** |
| **Latex 60% DRC** | | |

ယမန်နှစ်ကာလတူနဲ့နှိုင်းယှဉ်ပါက ရော်ဘာတန် ၃၃၀ ကျော်ပိုမိုတင်ပို့နိုင်ခဲ့သော်လည်း ရော်ဘာဈေးကတော့ တစ်တန်လျှင်ဒေါ်လာ ၂၅၀ ခန့်လျော့ကျခဲ့ကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

### မြန်မာ-တရုတ်နယ်စပ်မှ ရော်ဘာတန် ၁၅၀၀ ကျော်တင်ပို့

ဇွန်လ တတိယပတ်ဖြစ်တဲ့ ၁၃ ရက်နေ့မှ ၁၉ ရက်ထိကာလအတွင်းမှာ ကန် ဒေါ်လာ ၂ ဒသမ ၁၂၀ သန်းဖိုးရှိ ရော်ဘာ ၁၅၆၆ တန်ကျော်ကို မြန်မာ-တရုတ် နယ်စပ်ရှိစခန်းများမှ တစ်ဆင့် တရုတ်နိုင်ငံကို တင်ပို့နိုင်ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုများမှာ မူဆယ်(၁၀၅)မိုင်မှ RSS-3 ၆၇၉ တန်ကျော်၊ RSS-5 တန် ၁၆၀၊ MSR 20 ၉၈ တန်နဲ့ MSR 50 ၂၃၉ တန်ဖြစ်ပါတယ်။

ယခင်တစ်ပတ် တင်ပို့မှုထက် ၅၂ တန် လျော့နည်းခဲ့ပါတယ်။ ချင်းရွှေဟော် စခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၄၄၉ သန်းဖိုးရှိ MSR 50 တန် ၃၉၀ တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၁၃၀ ပိုမိုခဲ့ပါတယ်။ ယခင်တစ်ပတ်က တင်ပို့မှုရှိခဲ့တဲ့ မြိတ်နဲ့ တာချီလိတ်စခန်းများမှ ယခုတစ်ပတ်မှာ တင်ပို့မှုမရှိခဲ့ပါဘူး။

ပြည်တွင်း ရော်ဘာပေါက်ဈေးကတော့ ဇွန်လ ၂၄ ရက်ထိမှာ မြိတ်ဒေသ ပေါက်ဈေး RSS-3 တစ်ပေါင်ကို ၆၈၁ ကျပ်၊ မော်လမြိုင်ဒေသပေါက်ဈေး RSS-3 တစ်ပေါင်ကို ၇၉၀ ကျပ်နဲ့ ဈေးငြိမ်လျက်ရှိကြောင်း သိရပါတယ်။ မူဆယ်ကုန်စည် ဒိုင်ပေါက်ဈေးကတော့ RSS-3 တစ်တန်ကို ၁၅၅၉၃၁၇ ကျပ်ဖြစ်တဲ့အတွက် ယခင်တစ်ပတ်ထက် တစ်တန်ကို ၂၀၄၀၃ ကျပ်ဈေးလျော့လာကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

## မေလအတွင်း တရုတ်နိုင်ငံမှ သကြားတင်သွင်းမှု တန်ချိန် ငါးသိန်းကျော်ထိမြင့်တက်

တရုတ်နိုင်ငံဟာ ကမ္ဘာ့သကြားအများဆုံး ဝယ်ယူသော ထိပ်ဆုံးစာရင်းဝင်နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ပြီး မေလမှာ သကြားတန်ချိန် ၅၂၀၀၀၀ ထိ တင်သွင်းခဲ့ပါတယ်။

အဆိုပါ ပမာဏဟာလွန်ခဲ့တဲ့နှစ် ကာလတူ တင်သွင်းမှုပမာဏရဲ့ သုံးဆခန့်ရှိပါတယ်။ ကမ္ဘာ့သကြားဈေးကလည်း သက်သာနေတဲ့အတွက် ယခုလိုသကြားတင်သွင်းမှု မြင့်တက်လာတာဖြစ်ပါတယ်။ ကမ္ဘာ့သကြားဈေးဟာလွန်ခဲ့တဲ့ ၆ နှစ်ခွဲ ယခုလိုလမျိုးမှာဖြစ်ခဲ့တဲ့ အနိမ့်ဆုံးဈေးထက်ပင် လျော့နည်းလျက်ရှိခြင်းကလည်း တင်သွင်းမှုများ မြင့်တက်စေတဲ့အကြောင်း တစ်ခုဖြစ်ပါတယ်။

တရုတ်နိုင်ငံ ပြည်တွင်းသကြားဈေးနှုန်းဟာလည်း လိုအပ်ချက်အပေါ် မူတည်ပြီး ဈေးနိမ့်နေလျက်ရှိပါတယ်။ ယခုနှစ် ပြည်တွင်းသကြားထုတ်လုပ်မှုလျော့နည်းခဲ့ပြီး အစိုးရ က ပြည်တွင်းသကြားစက်များကို ကာကွယ်ပေးတဲ့အနေနဲ့ တင်သွင်းခွင့်ပြုမယ့် ပမာဏကို ကန့်သတ်ထားတယ်လို့ သိရပါတယ်။

တရုတ်ပြည်တွင်းမှာ ပရီမီယံသကြားပေါက်ဈေးဟာ တစ်တန်ကို ဒေါ်လာ ၂၅၀ ရှိနေပြီး ပြည်ပမှတင်သွင်းတဲ့ ဈေးထက် မြင့်နေတယ်။ မှတ်တမ်းများအရ အမြင့်ဆုံးဈေးဖြစ်တယ်လို့ ကုန်သည်များက ပြောကြားနေပါတယ်။

အမည်မဖော်လိုသူ တရုတ်ကုန်သည်တစ်ဦးကတော့ ကမ္ဘာနဲ့ ပြည်တွင်းသကြားဈေးအကြားမှာ အဆက်အစပ်ရှိမနေဘူးလို့ ပြောပါတယ်။ လာမယ့်ကာလများမှာ ရာသီဥတုပိုမိုပူပြင်းလာတော့မှာဖြစ်တဲ့အတွက် အချိုရည် သောက်သုံးမှု မြင့်တက်လာတော့မှာ ဖြစ်ပါတယ်။

ဈေးကွက်အမြင်ရှိတဲ့ အချိုရည်လုပ်ငန်းများက သကြား ကြိုတင်ဝယ်ယူစုဆောင်းမှုကြောင့် ဝယ်လိုအား ပိုမိုမြင့်မားလာမှာဖြစ်တယ်။ ထိုင်းနိုင်ငံမှ အရာင်မချွတ်ရသေးတဲ့ သကြားကြမ်းဝင်ရောက်




နေတာကို တွေ့မြင်ရဆဲဖြစ်ပြီး ယခုလအတွင်း တရုတ်နိုင်ငံအရောက် တင်သွင်းမယ့်သကြား အမြောက်အမြား သင်္ဘောတင်ရန်လည်း ထိုင်းမှာ စောင့်ဆိုင်းနေကြတယ်လို့ အခြားကုန်သည်တစ်ဦးကလည်း ပြောပါတယ်။

အစိုးရရဲ့ ကန့်သတ်ချက်ဟာ သွင်းကုန်တင်သွင်းခြင်း အတွက် အတားအဆီးသဖွယ် ဖြစ်လာပါမယ်။ တရုတ်နိုင်ငံ ဟာ နှစ်စဉ်သကြားတန်ချိန် ၁ ဒသမ ၉၄ သန်းကို ခွဲတမ်းအဖြစ် သတ်မှတ်ထားပြီး သွင်းကုန်ခွန် ၁၅ ရာခိုင်နှုန်းနဲ့ WTO မှာ ကတိကဝတ်ပြုထားတဲ့အတိုင်း တင်သွင်းခွင့်ပြုနေတာ ဖြစ်ပါတယ်။

ခွဲတမ်းကို ကျော်လွန်တင်သွင်းပါက သွင်းကုန်ခွန် ၅၀ ရာခိုင်နှုန်းနဲ့ စည်းကြပ်မှာဖြစ်ပြီး အစိုးရက ကွပ်ကဲတဲ့ လိုင်စင်စနစ်နဲ့ တင်သွင်းရမှာဖြစ်ပါတယ်။ ပြည်မကြီးအနေနဲ့ အချို့သော သကြားတင်သွင်းခွင့်လျှောက်ထားခြင်းများကို ငြင်းပယ်ခြင်းအားဖြင့် ပြည်တွင်းသကြားစက်များကို အကာအကွယ်ပေးလျက်ရှိပါတယ်။

တရုတ်သကြားအသင်းအနေနဲ့ သကြားတင်သွင်းမယ့်သူများကို တွေ့ဆုံပြီး ယခုနှစ်အတွင်း သကြားတန်ချိန် ၃ ဒသမ ၅ သန်းသာ တင်သွင်းကြရန် ပြောကြားခဲ့တာကြောင့် လာမယ့်လမှာ သကြားတင်သွင်းမှု လျော့ကျမှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ် ပထမ ၅ လတာကာလအတွင်း သကြား တင်သွင်းမှုသည် တန်ချိန် ၂ သန်းကျော်သွားပြီဖြစ်ပြီး တစ်နှစ်ထက်တစ်နှစ် ၅၈ ရာခိုင်နှုန်းကျော် မြင့်တက်တင်သွင်းလျက်ရှိတယ်လို့ ဂွမ်ရှီးသကြားကွန်ယက် Website မှာ ဖော်ပြထားပါတယ်။

ကုန်သည်အသိုင်းအဝိုင်းကတော့ သကြားတန်ချိန် ၃ ဒသမ ၅ သန်းဆိုတဲ့ ပမာဏဟာ ပြောင်းလဲနိုင်ဖွယ်ရှိပြီး အဓိက ကတော့ လိုအပ်ချက်အပေါ် မူတည်တယ်လို့ ပြောကြားနေကြပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ တရုတ်နိုင်ငံအနေနဲ့ ပြည်တွင်းသကြားထုတ်လုပ်မှုမှ တန်ချိန် ၁၀ ဒသမ ၅ သန်းခန့် ထွက်ရှိမယ်လို့ မျှော်မှန်းထားပြီး ယမန်နှစ်က တန်ချိန် ၁၃ ဒသမ ၃ သန်း တင်သွင်းခဲ့တာဖြစ်ပါတယ်။

**CMK**

# သီးနှံသိုလှောင်ရောင်းချခြင်းလုပ်ငန်းနှင့် အကျိုးအမြတ်

ကျော်မြင့်


မြန်မာနိုင်ငံ၏ ရေမြေဒေသနှင့် ရာသီဥတုသဘာဝ အခြေခံများအရ နှစ်ချင်းသီးနှံနှင့် နှစ်ရှည်သီးနှံများကို စိုက်ပျိုးကြသည်။ ပြည်ပပို့ကုန်အဖြစ်အရေးပါသည့် မြန်မာ့ပဲမျိုးစုံသည် နှစ်ချင်းရာသီစိုက်သီးနှံဖြစ်သည်။ ဥပမာ-ကုလားပဲသည် ဆောင်းရာသီတွင် မြန်မာနိုင်ငံ အလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသတွင် စိုက်ပျိုးဖြစ်ထွန်းပြီး ပဲစင်းငုံသည် မိုးရာသီကာလတွင် မြန်မာနိုင်ငံ အလယ်ပိုင်းမိုးနည်းရပ်ဝန်းဒေသတွင်သာ စိုက်ပျိုးဖြစ်ထွန်းပြီး မြစ်ဝကျွန်းပေါ်ဒေသတွင် မိုးရွာသွန်းမှုများသောကြောင့် စိုက်ပျိုး ခြင်းမရှိကြပေ။

မြန်မာနိုင်ငံအောက်ပိုင်းဒေသသည် မိုးရွာသွန်းမှုများသောကြောင့် မိုးရာသီကာလတွင် မိုးစပါးစိုက်ပျိုးပြီး မိုးစပါးကို ဆောင်းရာသီကာလအစတွင်ရိတ်သိမ်း၍ မတ်ပဲ၊ ပဲတီစိမ်းကို ဒုတိယသီးနှံအဖြစ်စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသတွင် မိုးရာသီကာလအတွင်း ပဲတီစိမ်း၊ ပဲစင်းငုံကို ကျယ်ပြန့်စွာ စိုက်ပျိုးကြသည်။


အဓိကအချက်မှာ စိုက်ပျိုးရေးထွက်ကုန်ရောင်းဝယ် သည့်နှစ် (Marketing year) အတွင်း သီးနှံသစ် (New supplies) ဘယ်နှစ်ကြိမ် ဈေးကွက်တွင် ရရှိနိုင်သနည်းဆိုသော အချက်ဖြစ်ပါသည်။ မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲသည် တစ်နှစ်တွင်တစ်ကြိမ် သာစိုက်ပျိုးထွက်ရှိသော သီးနှံဖြစ်ပြီး ပဲတီစိမ်းသည် တစ်နှစ်အတွင်း မိုးဦး၊ မိုးလယ်နှင့် မိုးနှောင်းရာသီတွင် မြန်မာနိုင်ငံ အလယ်ပိုင်းမိုးနည်းရပ်ဝန်းဒေသတွင် စိုက်ပျိုးသဖြင့် နှစ်အတွင်း ပဲတီစိမ်းသီးနှံသစ် (New supplies) အဖြစ် သုံးကြိမ်ရရှိသည်။ မိုးနှောင်းရာသီတွင် ရေသွင်းစိုက်ပျိုးသော ပဲတီစိမ်းစိုက်ပျိုးမှု ဧရိယာမှာ မိုးဦး၊ မိုးလယ်စိုက်ပျိုးသည့် ဧရိယာနှင့် နှိုင်းယှဉ်ပါက နည်းပါးသည်။ မြန်မာနိုင်ငံအောက်ပိုင်းဒေသတွင် ပဲတီစိမ်းကို မိုးစပါးရိတ်သိမ်းအပြီး ဒုတိယသီးနှံအဖြစ် စိုက်ပျိုးကြသဖြင့် တစ်နှစ်တစ်ကြိမ်သာ သီးနှံသစ် (New supplies) အဖြစ်ရရှိသည်။

တစ်နှစ်တွင် တစ်ကြိမ်သာသီးနှံသစ်အဖြစ်ရရှိနိုင်သည့် မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲကို ရောင်းဝယ်ရာတွင် သီးနှံသစ်ပေါ်ချိန်တွင် ဝယ်ယူပြီး လာမည့်သီးနှံသစ်မထွက်ပေါ်မီ ကာလ အထိသိုလှောင်မှုကိုသာ အားထားပြီး ရောင်းဝယ်ကြရသည့် အခြေအနေဖြစ်ပါသည်။ သီးနှံအသစ်ကိုအားထားဝယ်ယူ သိုလှောင်ပြီး အရောင်းအဝယ်ပြုလုပ်ရမည်ဆိုပါက ပြီးခဲ့သည့် ကာလများက ဈေးကွက်သတင်းအချက်အလက်များ (Historical market information) သည် မရှိမဖြစ်လိုအပ်လာပါသည်။

**ပုံ-၁။ ရန်ကုန်တွင်မတ်ပဲအသစ်ပေါ်ပြီး နောက်ပိုင်းကာလများတွင် ဈေးမြင့်လေ့ရှိသည့်နှစ်များ (၂၀၀၉၊ ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်များ)**




**ပုံ-၂။ ရန်ကုန်တွင်မတ်ပဲအသစ်ပေါ်ပြီး နောက်ပိုင်းကာလများတွင် ဈေးကျလေ့ရှိသည့်နှစ်များ (၂၀၀၈၊ ၂၀၁၀၊ ၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်များ)**




ဇာစ်မြစ်၊ www.etradeMyanmar.com

ပုံ-၁ နှင့် ပုံ-၂ ကိုလေ့လာကြည့်ရှုပါ။ ရန်ကုန်တွင် မတ်ပဲအသစ်ပေါ်ပြီး နောက်ပိုင်းကာလများတွင် ဈေး မြင့်လေ့ရှိသည့် နှစ်များမှာ ၂၀၀၉၊ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်များဖြစ်ကြသည်။ ရန်ကုန်တွင် မတ်ပဲအသစ် ပေါ်ပြီး နောက်ပိုင်းကာလများတွင် ဈေးကျလေ့ရှိသည့် နှစ်များမှာ ၂၀၀၈၊ ၂၀၁၀၊ ၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်တို့ ဖြစ်ကြသည်။ တစ်နည်းအားဖြင့် မည်သည့်လများသည် ဈေးကျလေ့ရှိသည်။ ဈေးမြင့်လေ့ရှိသည်ကို လေ့လာနိုင်ရန် ဖြစ်ပါသည်။


ဖော်ပြထားသည့်ဥပမာ-ဇယား-၁ တွင် ဖတ်ရှုသူများ လွယ်ကူစေရန်အတွက် ငွေ ၁၀၀၀ ကျပ် အရင်းအနှီး ပြု၍မတ်ပဲဝယ်ယူသိုလှောင်သည်ဆိုပါစို့၊ မတ်ပဲအသစ် ပေါ်သည့်ဖေဖော်ဝါရီလတွင် ငွေ ၁၀၀၀ ကျပ် စတင်ရင်းနှီး သုံးစွဲခဲ့ရာ ဩဂုတ်လအထိ ခုနစ်လတာကြာသည်။ ငွေ ၁၀၀၀ ကျပ်အရင်းအနှီးပြု၍ မတ်ပဲဝယ်ယူသိုလှောင်မည့်အစား ဘဏ်တွင်ထားပါက ငွေ ၁၀၀ ကျပ် တစ်နှစ်အတိုးငွေ ၈ ကျပ်ရရှိသည်ဆိုပါစို့၊ ငွေကျပ် ၁၀၀၀ အတွက် ၈၀ ကျပ် ရရှိမည်ဖြစ်ပါသည်။ ခုနစ်လအတွက် ငွေ ၄၉ ကျပ်ရရှိမည်ဖြစ်ပါသည်။ မတ်ပဲဝယ်ယူ၍ ခုနစ်လတာသိုလှောင်ပြီး ပြန်လည် ရောင်းချပါက ၄၉ ကျပ်သာအမြတ်ရရှိမည်ဆိုပါက ဘဏ် တွင်ငွေ ၁၀၀၀ ကျပ်အပ်နှံခြင်းသည် မတ်ပဲဝယ်ယူ၍ သိုလှောင်ခြင်းထက် ပိုကောင်းသည့် အခြေအနေမျိုးဖြစ် ပါသည်။ ငွေကြေးအရင်းအနှီးများပါက တစ်ရက်အတွက် သိုလှောင်စရိတ်မည်မျှရှိသည်ကို တွက်ချက်နိုင်ပါသည်။

**ဇယား ၁။ မတ်ပဲဝယ်ယူသိုလှောင်မှုနှင့် အကျိုးအမြတ် တွက်ချက်ခြင်း**

| အကြောင်းအရာ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် |
|---|---|---|---|---|---|---|---|
| ကုန်ကျစရိတ် (COST) | | | | | | | |
| ဖေဖော်ဝါရီလကမတ်ပဲဝယ်ယူသိုလှောင်သည့် တန်ဖိုး (ကျပ်) | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| မတ်ပဲဝယ်ယူသိုလှေင်သည့် တန်ဖိုးကိုဘဏ်တွင်ထားပါက ရရှိမည့် အတိုးခန့်မှန်း (ငွေ၁၀၀= တစ်နှစ် -၈ကျပ်)-၁၀၀၀ကျပ် အတွက် =၈၀ ကျပ် (၁၂ လ)အတွက် | | | | | | | |
| သိုလှောင်သည့် လအရေအတွက် (လ) | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁။ သိုလှောင်သည့်လနှင့် ညီမျှသည့် အတိုးငွေ (ကျပ်) | ၇ | ၁၄ | ၂၁ | ၂၈ | ၃၅ | ၄၂ | ၄၉ |
| ၂။ နှစ်စဉ်သိုလှောင်ရုံ ထိန်းသိမ်းစရိတ်နှင့် ပိုးမွှားကာကွယ်မှုစရိတ်၊ ကိုင်တွယ်စရိတ် | ၂၀ | ၂၀ | ၂၀ | ၂၀ | ၂၀ | ၂၀ | ၂၀ |
| သိုလှောင်မှုစရိတ် စုစုပေါင်း(ကျပ်) (၁+၂) | ၁၀၂၇ | ၁၀၃၄ | ၁၀၄၁ | ၁၀၄၈ | ၁၀၅၅ | ၁၀၆၂ | ၁၀၆၉ |
| မတ်ပဲ ၁ ပိဿာရောင်းဈေး (ကျပ်) | ၁၀၀၀ | ၁၀၂၀ | ၁၀၂၅ | ၁၀၄၈ | ၁၀၆၀ | ၁၀၈၀ | ၁၁၅၀ |
| သိုလှောင်ခြင်းမှ အမြတ်ရရှိမှု (ကျပ်) | -၂၇ | -၁၄ | -၁၆ | ၀ | ၅ | ၁၈ | ၈၁ |
| သိုလှောင်သည့် လအရေအတွက် (လ) | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| တစ်လတွင်ရှိသော ရက် | ၂၈ | ၃၁ | ၃၀ | ၃၀ | ၃၀ | ၃၁ | ၃၁ |
| သိုလှောင်သည့် ရက်ပေါင်း (ရက်) | ၂၈ | ၅၉ | ၈၉ | ၁၁၉ | ၁၄၉ | ၁၈၀ | ၂၁၁ |

ရန်ကုန်တွင်မတ်ပဲအသစ်ပေါ်ပြီး နောက်ပိုင်းကာလ များတွင် ဈေးကျလေ့ရှိသည့်နှစ်များ (၂၀၀၈၊ ၂၀၁၀၊ ၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်များ) သတင်းအချက်အလက်အရ ဩဂုတ်လ အထိသာသိုလှောင်မည်ဖြစ်ပါသည်။ ငွေ ၁၀၀၀ ကျပ် အရင်းအနှီးပြု၍ မတ်ပဲဝယ်ယူသိုလှောင်ခြင်းမှ ရရှိမည့် အတိုးငွေသည် စီးပွားရေးသဘောတရားအရ (Opportunity cost of interest) ဖြစ်ပါသည်။ ဘဏ်မှရရှိမည့် အတိုးငွေကို ထည့်သွင်းတွက်ချက်ခြင်းမပြုပါက စီးပွားရေးသဘောတရားအရ (Opportunity cost of interest) ကို နုတ်ပယ်ခြင်း မပြုသဖြင့် သိုလှောင်ခြင်းမှ အကျိုးအမြတ်ပိုရသည့်အခြေ အနေမျိုးဖြစ်ပေါ်စေပါသည်။ အထက်ပါဥပမာအရ မတ်ပဲကို ဖေဖော်ဝါရီလမှ ဩဂုတ်လအထိခုနစ်လတာသိုလှောင်မှုမှ အမြတ်ငွေ ၈၁ ကျပ်ရရှိသဖြင့် ဘဏ်တွင်ငွေ ၁၀၀၀ ကျပ် အပ်နှံခြင်းမှရရှိမည့် အတိုးငွေ ၄၉ ကျပ်ထက်ပိုမိုသည့် အခြေ အနေဖြစ်ပါသည်။

**ပုံ-၃။ မတ်ပဲဝယ်ယူသိုလှောင်မှုစရိတ်နှင့် ရောင်းဈေးနှင့် အကျိုးအမြတ်**




ဖော်ပြပါ ပုံ-၃ ကိုလေ့လာကြည့်ရှုပါ။ မတ်ပဲအသစ် စတင်ဝယ်ယူသိုလှောင်သည့် ဖေဖော်ဝါရီလမှ ဧပြီလအထိ အမြတ်မရရှိ (Unprofitable) သော်လည်း မေလတွင် အရင်း ကြေသည့် (Break-even)သဘောဖြစ်ပါသည်။ ဇွန်၊ ဇူလိုင်လများတွင် အမြတ် (Profitable) ရရှိနိုင်ပြီး ဩဂုတ်လတွင် အမြတ် (Profitable) အများဆုံးရရှိသည့် ဥပမာကို တင်ပြထားပါသည်။ ရောင်းချသင့်သည့်အချိန် (When to sell) သည်ဈေးကွက်တွင်ဖြစ်ပေါ်သည့်မတ်ပဲဈေး အတက်အကျနှင့် တိုက်ရိုက်ဆက်စပ်ပါသဖြင့် နေ့စဉ်ဖြစ်ပေါ်သော မတ်ပဲဈေး ကွက်သတင်းအချက်အလက် (Up-to-date market information) ကိုပါသိရှိအသုံးချရန် လိုအပ်လာပါကြောင်း စီစစ်သုံးသပ် ဖော်ပြအပ်ပါသည်။

အထက်ဖော်ပြပါ စိစစ်သုံးသပ်ချက်များသည် စိုက်ပျိုးရေးထွက်ကုန်ရောင်းဝယ်မှု (Agricultural marketing)တွင် အရေးပါသည့် (Marketing cost and Margin) ပေါ် အခြေခံ၍ တင်ပြထားခြင်းဖြစ်ပါသည်။

**Reference:** Understanding and using market information, marketing extension Guide-2, by Andrew W. Shpherd, FAO, Rome.

## နိုင်ငံတကာလေကြောင်းသယ်ယူပို့ဆောင်ရေး အသင်းမှလေယာဉ်ခရီးစဉ်များ နောက်ကျခြင်းနှင့် ဝန်စည်စလှယ်များ ကိုင်တွယ်ဖြေရှင်းမှု လွဲမှားခြင်းတို့အတွက် စားသုံးသူကာကွယ်ရေး ဆိုင်ရာ စည်းမျဉ်းများ လိုက်နာရန်တောင်းဆို

နိုင်ငံတကာလေကြောင်း သယ်ယူပို့ဆောင်ရေးအသင်းသည် ၂၀၁၅ ခုနှစ်ဇွန်လ ၈ ရက်နေ့က အသင်း၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးနှင့် မီယာမီတွင်ကျင်းပပြုလုပ်ခဲ့သော World Air Transport Summit တို့မှ ဆုံးဖြတ်ချက်များအရ အစိုးရ၊ ခရီးသည်များနှင့် စားသုံးသူအဖွဲ့ အစည်းများ ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အရေးကြီးသည့်လုပ်ငန်း တစ်ရပ်ကို ဆောင်ရွက်နိုင်ရန် ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။ အဆိုပါ လုပ်ငန်းအရ စားသုံးသူကာကွယ်ရေး လုပ်ငန်းများ တပြေးညီဖွံ့ဖြိုးတိုးတက်စေရန် စားသုံးသူ ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ပြစ်ဒဏ်သတ်မှတ်မှုများနှင့် လျော်ကြေးပေးခြင်းကိစ္စရပ်များကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် အသင်းသည် စားသုံးသူ ကာကွယ်ရေး ဆိုင်ရာစည်းမျဉ်းများနှင့် ပတ်သက်သည့် စာရွက်စာတမ်းများ ကိုပြည်သူများသို့ဖြန့်ဝေသွားမည်ဖြစ်ပါသည်။ ပထမဦးစွာ လေကြောင်းလိုင်းများ အချိန်မှန်ကန်စေရေး၊ ဝန်စည်စလှယ်များကို ကိုင်တွယ်ဖြေရှင်းမှု လွဲမှားမှုမဖြစ်စေရေးနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းများပါဝင် သည့် ပို့စကတ် သုံးမျိုးကို ထုတ်ဝေခဲ့ပါသည်။

နိုင်ငံတကာလေကြောင်းသယ်ယူပို့ဆောင်ရေးအသင်းသည် စားသုံးသူကာကွယ်ရေးအဖွဲ့အစည်း များနှင့်ပူးပေါင်း၍ လေကြောင်းကုမ္ပဏီများနှင့် ခရီးသည်များအကြား ချိန်ခွင်လျှာညီမျှသော ရလဒ်များကို ဖော်ထုတ်နိုင်ရန်အတွက် ဆွေးနွေးမှုများပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေကြောင်းကုမ္ပဏီများသည် စားသုံးသူကာကွယ်ရေးဆိုင်ရာစည်းမျဉ်းများ ချမှတ်နိုင်ရန်အတွက် အဓိကကျသည့် စည်းမျဉ်းများကို ရေးဆွဲပြုစုခဲ့ကြပါသည်။ အဆိုပါစည်းမျဉ်းများအနက် ခရီးသည်များအနေဖြင့် ၎င်းတို့၏ အခွင့်အလမ်းများကို ရှင်းလင်းလွယ်ကူစွာ နားလည်နိုင်စေရန် စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲခြင်း၊ လေကြောင်းကုမ္ပဏီများအနေဖြင့် ခရီးသည်များအား သတင်းအချက်အလက်များကို ဖြန့်ဖြူးပေးခြင်းနှင့် ထိရောက်သော တိုင်တန်းမှုဖြေရှင်းသည့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲသတ်မှတ်ခြင်း၊ လေကြောင်းကုမ္ပဏီများမှ ဝန်ဆောင်မှုပျက်ကွက်သွားသည့်အခါ ခရီးသည်များဖက်မှ အချိုးညီခံစားခွင့်ပြန်လည် ရရှိစေခြင်းနှင့် အစိုးရများမှ စည်းမျဉ်းစည်းကမ်းများ ချမှတ်ရာတွင် ပြောင်းလဲမှုမရှိဘဲ တစ်သမတ်တည်းဖြစ်စေခြင်းဖြင့် လေကြောင်းကုမ္ပဏီများနှင့် စားသုံးသူများအကြား ခရီးသည်အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ အငြင်းပွားမှုများကို ဟန့်တားနိုင်ခြင်းစသည့်စည်းမျဉ်းများ ပါဝင်ပါသည်။ လက်ရှိကာလတွင် ခရီးသည်အခွင့်အလမ်း စည်းမျဉ်းစည်းကမ်းများကိုပြဋ္ဌာန်းထားသည့် နိုင်ငံပေါင်း ၆၀ ကျော်ရှိပြီး အချို့နိုင်ငံများမှာ စည်းမျဉ်းသစ်များပြဋ္ဌာန်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြပါသည်။

**မျိုးမျိုးထိုက်၊ စားသုံးသူရေးရာဌာနခွဲ**

## ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ သာကေတမြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေး



စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အစားအစာနှင့်လူသုံးကုန်ပစ္စည်းများကို ဝယ်ယူသုံးစွဲနိုင်ရန်နှင့် စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်သည့်အသိပညာများ အဆက်မပြတ်ရရှိစေရန် ရည်ရွယ်ချက်ဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူ ရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့်ဝန်ထမ်းများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ မြန်မာနိုင်ငံ စားသုံးသူကြိုတင်ကာကွယ်ရေးအသင်းတို့နှင့် ပူးပေါင်း၍ ဇွန်လ ၁၈ ရက်နေ့က သာကေတမြို့နယ်၊ အမှတ် (၁)အခြေခံပညာ အထက်တန်းကျောင်း၊ မြဝတီဆောင်တွင် စားသုံးသူအကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပခဲ့ပါသည်။

ပထမဦးစွာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိ ဒေါက်တာ ဖြိုးမာန်သက်ဦးက ဌာနအနေဖြင့်လည်း ပြည်တွင်းမှထုတ်လုပ်သည့် အစားအစာ၊ အလှကုန်၊ ဆေးဝါး၊ ရေသန့်များနှင့် ပြည်ပမှဝင်ရောက်လာသည့် ကုန်ပစ္စည်းများကို ဘေးဥပဒ်အန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ အစားအစာများကို သိမ်းဆည်းထားသိုရာ၌ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် စားသုံးရာတွင်လည်း အာဟာရပြည့်ဝသည့် အစားအစာများကို ရွေးချယ်စားသုံးကြရန်တို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းက စားသုံးသူအကာအကွယ်ပေးရေးဥပဒေပြဋ္ဌာန်းခဲ့မှုအခြေအနေ၊ ဥပဒေ၏ ရည်ရွယ်ချက်အောင်မြင်စေရန် ဗဟိုကော်မတီဖွဲ့စည်းခဲ့သည့် အခြေအနေ၊ ထို့အပြင် အငြင်းပွားမှု ဖြေရှင်းဆောင်ရွက်ပေးမည့်အဖွဲ့နှင့် လုပ်ငန်းကော်မတီများဖွဲ့စည်းထားရှိမှုအခြေအနေ၊ စားသောက်ကုန်နှင့် ကုန်စည်များဝယ်ယူသုံးစွဲရာ၌ စားသုံးသူ၏အခွင့်အရေး၊ တာဝန်များနှင့်အညီရွေးချယ်ဝယ်ယူရန်၊ စားသောက်ဆိုင်လုပ်ငန်းများနှင့် ဈေးသူ/ဈေးသားများအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းရှင်များ၏ ကျင့်ဝတ်နှင့်အညီ စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစေမည့် စားသောက်ကုန်များနှင့် သန့်ရှင်းလတ်ဆတ်မည့် အစားအစာများကိုသာ ရောင်းချရန်တို့ကို တိုက်တွန်းဆွေးနွေးပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံစားသုံးသူ ကြိုတင်ကာကွယ်ရေးအသင်း၊ စည်းရုံးရေးနှင့် ပညာပေးရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမြင့်က အစားအစာများတွင်ပါရှိသည့် ဓါတုဆိုးဆေးများ၊ စားသုံးဆီအတုများ၊ အကြော်ခံဆီများ၊ အချိုမှုန့်များ စားသုံးခြင်းကြောင့် ကျန်းမာရေးထိခိုက်နိုင်မည့်အခြေအနေများကို အသေးစိတ်ရှင်းလင်းဆွေးနွေး ခဲ့ပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့်ဝန်ထမ်းများ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ) မှ ဦးစီးအရာရှိ ဒေါက်တာ ဖြိုးမာန်သက်ဦး၊ မြန်မာနိုင်ငံစားသုံးသူကြိုတင်ကာကွယ်ရေးအသင်းစည်းရုံးရေးနှင့်ပညာပေးရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ သာကေတမြို့နယ်၊ ဒုတိယမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်စည်ပင် သာယာ ရေးကော်မတီဝင်၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးတာဝန်ခံများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ ရပ်ကွက် ၁၅ ခုမှ အုပ်ချုပ်ရေးမှူးနှင့် အထောက်အကူပြုအဖွဲ့ဝင်များ၊ ရပ်ကွက်သူ/ရပ်ကွက်သားများ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ ဈေးသူ/ဈေးသားများ စုစုပေါင်း ၁၂၄ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**စိုးစိုးဦး (စားသုံးသူ) ရန်ကုန်**

## ဒူဘိုင်းမြို့တော်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဌာနမှ ရုပ်ရှင်စည်းမျဉ်းများကို လိုက်နာရန်လှုံ့ဆော်ဆောင်ရွက်

အာရပ်စော်ဘွားများသမ္မတနိုင်ငံ၏ ဒူဘိုင်းမြို့တော်တွင် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဌာနနှင့် ရုပ်ရှင်ရုံများပူးပေါင်း၍ စီးပွားရေးလုပ်ငန်းများတွင် ကောင်းမွန်သော အလေ့အထများ တိုး တက်ဖြစ်ထွန်းစေရန် မဟာဗျူဟာချမှတ်လျက် “ရုပ်ရှင်ရုံ ခွင့်ပြုချက်လမ်းညွှန်ချက်”ဟု အမည်လှုံ့ဆော်ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် အဆိုပါလှုံ့ဆော်ဆောင်ရွက်မှုသည် ရုပ်ရှင်ကြည့် ပရိသတ်များအနေဖြင့် ရုပ်ရင်ကြည့်ရှုရာတွင် အသက်ကန့်သတ်ချက်နှင့် ကြည့်ရှုရမည်ဟူသည့် စည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရန်နှင့် အလေးဂရုပြုမှု တိုးတက်စေရန်လည်း ရည်ရွယ်ပါသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဌာနသည် ဒူဘိုင်းမြို့ပေါ်တွင် ပိုစတာများ၊ ကားချပ်များနှင့် Screen များဖြင့် အသက်အရွယ်အုပ်စုအလိုက် ရုပ်ရှင်ရုံကြည့်ရှုရန် ခွဲခြားသတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် စပ်လျဉ်းသည့် ညွှန်ကြားချက်များနှင့်မူဝါဒများကိုပြသပြီး စားသုံးသူများ၏ အခွင့်အရေးများနှင့် လိုက်နာရမည့် တာဝန်များနှင့်စပ်လျဉ်း၍ ဖော်ပြခြင်းဖြင့် စားသုံးသူအလေးဂရုပြုမှု လှုံ့ဆော်ဆောင်ရွက်မှုကို လုပ်ဆောင်ခဲ့ပါသည်။

စားသုံးသူကာကွယ် ရေးဌာနခွဲမှ Mr. Adel Al Helou က ၎င်းတို့ဌာနအနေဖြင့် ရုပ်ရှင်ရုံသို့ လာရောက်ကြည့်ရှုသည့် ပရိသတ်များအား ဆက်သွယ်ဆောင်ရွက်မှုကို တိုးတက်စေကာ စားသုံးသူ အလေး ဂရုပြုမှုလုပ်ငန်းများသည် ဒူဘိုင်းမြို့တော်တွင် ရုပ်ရှင်လုပ်ငန်းကဏ္ဍ၌ ဖွံ့ဖြိုးတိုးတက် စေသည်သာမက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

၎င်းမှစားသုံးသူများအား ရုပ်ရှင်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရန်နှင့် အဆိုပါစည်းမျဉ်းများကို လိုက်နာမှုမရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်း သို့မဟုတ် လိုက်နာဆောင်ရွက်မှုမရှိသော စီးပွားရေးလုပ်ငန်းများကိုလည်း လိုက်နာဆောင်ရွက်ရန် တွန်းအားပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

Reel ရုပ်ရှင်ရုံမှ တာဝန်ရှိသူတစ်ဦးက ပြောကြားရာတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဌာန၏ ရုပ်ရှင်ရုံဆိုင်ရာလှုံ့ဆော်ဆောင်ရွက်မှုသည် ရုပ်ရှင်ကြည့်ပရိသတ်များအား ကြည့်ရှုလိုသည့် ဇာတ်ကားများကို ရွေးချယ်ကြည့်ရှုရန် အားပေးသည့်လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ VOX ရုပ်ရှင်ရုံမှ တာဝန် ရှိသူကလည်း စားသုံးသူ အလေးဂရုပြုမှု ဆောင်ရွက်မှုများသည် စားသုံးသူများအား ပညာပေးနိုင်ရုံသာမက အာရပ်စော်ဘွားများသမ္မတနိုင်ငံ၏ ဥပဒေနှင့် ကိုက်ညီသည့် ကောင်းမွန်သော ရုပ်ရှင်အလေ့အထကောင်းများကို ဖြစ်ထွန်းစေနိုင်ကြောင်းလည်း ပြောကြားခဲ့ပါသည်။

**မျိုးမျိုးထိုက်၊ စားသုံးသူရေးရာဌာနခွဲ**

# သဲကုန်းမြို့နယ် အ.မ.က (ညောင်ကုန်း) တွင် စားသုံးသူအကာအကွယ် ပေးရေးဆိုင်ရာအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေး

ကျောင်းသား၊ ကျောင်းသူ ကလေးငယ်များမှစ၍ ကျန်းမာရေးနှင့် ညီညွတ်မျှတသော အစားအစာများ ဝယ်ယူစားသုံးတတ်ကြစေရန် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ ပူးပေါင်းပါဝင်၍ ဇွန်လ ၂၅ ရက်နေ့ ကပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ ရပ်ကွက် (၂) အ. မ. က (ညောင်ကုန်း) ၌ "စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြော ဆွေးနွေးပွဲ" ကျင်းပခဲ့ပါသည်။

အသိပညာပေးဟောပြောပွဲတွင် သဲကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးလှမိုးဦးက အဖွင့် အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ကြီးဒေါက်တာ ဦးထွန်းထွန်းစိုး ၊ လက်ထောက် ပညာရေးမှူး ဦးဝဏ္ဏမောင်တို့က "ဓာတုဆိုးဆေး အကြောင်း၊ အစာအဆိပ်သင့်မှုနှင့် အစားအစာများ အကြောင်း"တို့အား ဟောပြောဆွေးနွေးပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံး သူရေးရာဦးစီးဌာန၊ သဲကုန်းမြို့နယ်တာဝန်ခံ ဦးအောင်သိန်းက ဌာန ၏လုပ်ငန်းဆောင်ရွက်ချက်များနှင့် ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် အစားအစာများ ဝယ်ယူ စားသုံးရာတွင် ရွေးချယ်ဝယ်ယူ စားသုံးသင့်သော အချက်များအား အသိပညာပေး ဟောပြောခြင်း၊ စားသုံးသူရေးရာဌာနခွဲ အကြီးတန်း စာရေး ဦးခင်မောင်ထွန်းက နိုင်ငံ ပိုင် သတင်းစာများတွင် ရေးသားဖော်ပြသော ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် တားမြစ်ဓါတုဆိုးဆေးများ ပါဝင်သော စားသုံးရန် မသင့်သည့် အစားအစာများအကြောင်းတို့အား အသိ ပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။ ဆက်လက်၍ ကျောင်းမုန့်ဈေးတန်းရှိ မုန့်ဈေးဆိုင်များအား မြေပြင် ကွင်းဆင်းစစ်ဆေးခြင်း၊ ဆိုင်ရှင်များအား သန့်ရှင်းလတ်ဆတ်သော အစားအစာများ ရောင်းချရန်နှင့် ကျန်းမာရေးဌာနမှ ထုတ်ပြန်ထားသည့် တားမြစ်ထားသော ဆိုးဆေးများ ပါဝင်သော အစားအစာများ ရောင်းချခြင်းမပြုရန် ပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ခဲ့ သည် ဟုသိရသည်။

အဆိုပါဆွေးနွေးပွဲသို့ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ/ဆရာမများ၊ ကျောင်းသူ/ကျောင်းသားများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ အပါအဝင် အင်အား ၁၅၀ ဦး တက်ရောက်ခဲ့ကြပါသည်။

**နိုင်လင်းထွန်း၊ စားသုံးသူရေးရာ (ပြည်)**



## ဖျာပုံမြို့ပြည်ထောင်စုဈေးကြီးအတွင်းရှိ ဈေးဆိုင်အချို့အား စားသုံးသူအကာအကွယ် အသိပညာပေးရေးဆောင်ရွက်

ဖျာပုံခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်စည်ပင် သာယာရေးအဖွဲ့မှ ဈေးတာဝန်ခံ ဦးရဲစိုးထက် (ဒုတိယဦးစီးမှူး)နှင့်ဝန်ထမ်း လေးဦးပါဝင်သော ပူးပေါင်း အဖွဲ့တို့သည် ဇွန်လ ၂၃ ရက်နေ့က ဖျာပုံမြို့ပြည်ထောင်စုဈေးကြီးရှိ ကုန်ခြောက်ဆိုင်များ၊ လက်ဖက်ဆိုင် များနဲ့ မုန့်မျိုးစုံရောင်းချသည့် ဈေးဆိုင်များသို့ လှည့်လည်ကာ စားသုံးရန်မသင့်သည့် အစားအစာများ၊ ဓာတုဆိုးဆေးပါဝင်သော စားသောက်ကုန်များအား ဈေးကွက်အတွင်းရောင်းချခြင်းရှိ/မရှိကို ကွင်းဆင်း လေ့လာစစ်ဆေး၍ ရောင်းချနေသူများအား အသိပညာပေးရေးများ ဆောင်ရွက်ခဲ့ကြတယ်လို့သိရပါတယ်။

"ကျွန်မတို့ဒါမျိုး တစ်ခါမှမကြုံဖူးပါဘူး၊ အခု ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီဌာနနဲ့ စည်ပင်တို့ ပေါင်းပြီး စားသုံးရန်မသင့်တဲ့ အစားအစာတွေနဲ့ ဓာတုဆိုးဆေးပါတဲ့ အစားအစာတွေရှိ/မရှိ စစ်ဆေးတာလို့ပြောပါတယ်။ကျွန်မတို့ကတော့ ရောင်းဖက်ကုန်ဖက်အနေနဲ့ ကုန်ပစ္စည်းမှန်သမျှ အကုန်တင် ရောင်းတာပါပဲ။ အခုလို လာစစ်ဆေးတော့မှ ဘယ်ကုန်စည်တွေကို မရောင်းဖို့၊ ဘယ်လို ကုန်စည်တွေကတော့ တားမြစ်ထားတယ်၊ ဘယ်လို ကုန်စည်တွေကတော့ ဓာတုဆိုးဆေးတွေပါလို့ လူကိုဘယ်လို အန္တရာယ် ဖြစ်စေတယ်ဆိုတဲ့ အသိပညာပေးပြောသွားတော့ သိရတာပေါ့။ ကျွန်မတို့လည်း ကုန်စည်တွေကို ရွေးချယ်ပြီး တင်ရောင်းလို့ရသွားတာပေါ့၊ အားပေးပါတယ်၊ ဒါမျိုးက ဖြစ်သင့်တာကြာပါပြီ၊ မကြာမကြာစစ်ဆေး သင့်ပါတယ်"လို့ ကုန်ခြောက်အရောင်းဆိုင်မှ ဆိုင်ရှင်အမျိုးသမီးတစ်ဦးကပြောပါတယ်။

"ကျွန်တော်တို့ စည်ပင်အနေနဲ့ ဈေးဆိုင်တွေကို စည်းကမ်းတကျရောင်းချဖို့နဲ့ အစားအသောက်တွေကို ကျန်းမာရေးနဲ့ ညီညွတ်အောင် ကိုင်တွယ်ဖုံးအုပ်ရောင်းချဖို့လောက်ပဲ ညွှန်ကြားလို့ရပါတယ်။အခုလို ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနနဲ့ ပူးပေါင်းပြီး ကွင်းဆင်းဆောင် ရွက်ရတော့ စားသုံးရန် မသင့်တဲ့ အစားအစာတွေ ဓာတုဆိုးဆေးတွေရဲ့ အန္တရာယ်ကိုသိလာရပါတယ်။မြို့တွင်းမှာရှိတဲ့ ကျန်ဈေးရုံတွေ ဈေးတန်းတွေ ကိုလည်း စစ်ဆေးသင့်ပါတယ်။ကျွန်တော်တို့စည်ပင်ကတော့ ပါဝင်ကူညီဖို့ အဆင်သင့်ပါပဲ" လို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဈေးတာဝန်ခံတစ်ဦးကပြောပါတယ်။

**မင်းဇော်မွန်၊ ဖျာပုံ**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးခမ်လျန်စွမ်း ဦးစီးသည့် ဝန်ထမ်း ၁၀ ဦး သည် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့ တွင် မုံရွာမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ လည်းကောင်း၊ စစ်ကိုင်းခရိုင်ဦးစီးမှူး ဦးကျော်ဝင်းဦးစီး သည့် ဝန်ထမ်းခုနစ်ဦးသည် စစ်ကိုင်းမြို့နယ်၊ ဆားတောင် ကျေးရွာ အခြေခံပညာ အထက်တန်း ကျောင်းနှင့် သင်းတွဲ ကျေးရွာ အခြေခံပညာမူလတန်းကျောင်း တွင်လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ အကြောင်း ပညာပေး ဟောပြောခဲ့ပါသည်။

ကသာခရိုင်ဦးစီးမှူး ဦးကျော်အုန်းဦးစီးသည့် ဝန်ထမ်းလေးဦးသည် ၂၀၁၅ ခုနှစ် ဇွန်လတွင် ပင်လည်ဘူးမြို့နယ် အတွင်းရှိ အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းတွင်လည်းကောင်း၊ (မြေလင်း၊ မန်စီလေး၊ မိကျောင်းအင်း၊ ပင်းကြိုင်၊ ပင်လည်ဘူး ) အခြေခံပညာ အထက်တန်း ကျောင်းတွင်လည်းကောင်း၊ အမှတ် (၁) နှင့်အမှတ် (၂) အခြေခံပညာ အလယ်တန်းကျောင်းတွင်လည်းကောင်း၊ ပင်းကြိုင်အခြေခံပညာအလယ်တန်းကျောင်းတွင်လည်းကောင်း၊ ဝန်းသို မြို့၊ အခြေခံပညာ အထက်တန်းကျောင်းနှင့် အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ၌လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ အကြောင်း ပညာပေး ဟောပြောခဲ့ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ စစ်ကိုင်းခရိုင်နှင့် ကသာ ခရိုင် အသီးသီးမှ ဟောပြောပွဲတက်ရောက်သူ စုစုပေါင်း ၁၀၈၀၉ ဦးရှိပြီး တက်ရောက်သူများမှာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်၊ ဆရာ/ဆရာမ ၄၀၅ ဦး၊ ကျောင်းသား/ကျောင်းသူ ၁၀၂၅၈ ဦး၊ ကျောင်းဈေးရောင်းချသူ ၅၀ ဦး၊ စည်ပင် ကော်မတီဝင် ၁၇ ဦး၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ရပ်ကျေးစာရေး ၃၆ ဦး ၊ ဌာနဆိုင်ရာ ဝန်ထမ်း ၄၂ ဦး တို့ ဖြစ်ပါသည်။

ဟောပြောပွဲတွင် ဦးခမ်လျန်စွမ်း၊ ဦးကျော်ဝင်း၊ ဦးကျော်အုန်း၊ ဦးသန်းထွန်း၊ ဒေါ်နှင်းနှင်းခိုင်၊ ဦးအောင်ဆန်းဦး၊ ဒေါ်ကေသီအောင်တို့က စားသုံးသူအကာအကွယ်ပေးရေးဥပဒေအကြောင်းနှင့် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများအကြောင်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြပြီး ကျောင်းမုန့်ဈေးဆိုင်များအား စားသုံးသူအကာအကွယ်ပေးရေး ရှုထောင့်အရစစ်ဆေးခဲ့ပါသည်။

ဆက်လက်၍လည်း ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးခမ်လျန်စွမ်းဦးစီးသည့် ဝန်ထမ်းများသည် ဇွန်လ ၁၉ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ၊ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ ထောက်ပံ့မှုဖြင့် ရွှေဘို ခရိုင်၊ ဒီပဲယင်းမြို့နယ်၊ လက်လှုပ်တောင်ကျေးရွာဘုန်းတော်ကြီး ကျောင်းတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနကကြီးမှူးဖွင့်လှစ်သော လက်ရက်ကန်း အဆင့်မြင့်နည်းပညာ ပေးသင်တန်းဖွင့်ပွဲ၌ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ အကြောင်း ပညာပေး ဟောပြောခဲ့ပါသည်။ ၎င်း သင်တန်းကို ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၉ ရက်မှ ၂၃ ရက်နေ့အထိ ဖွင့်လှစ်သင် ကြား ပို့ချပေးမှာဖြစ်ပြီး၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ မုံရွာမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ ဆရာမများ က ရက်ကန်း နှင့် ပတ်သက်သည့် နည်းပညာများ ပို့ချပေးမှာဖြစ်ကြောင်း နှင့် သင်တန်းသား/သင်တန်း သူ ၁၁၀ ဦး တက်ရောက်ခဲ့ပါသည်။

၎င်းသင်တန်းတွင် နှပ်ကော်ယသွားဖောက်နည်းပညာ(နှပ်ဆင်နည်း)၊ ယသွား ပြုလုပ်နည်း /ပျက်ပြင်နည်းပညာ၊ ခြားဆွဲနည်းပညာ၊အပွင့်ကောက်အရောင်စပ်ပညာ၊ယသွားများ ချို့ယွင်းပျက်စီးမှု ပြုပြင်နည်းပညာ၊ ဆီးဆက်နည်း (ချည်းဆက် နည်းပညာ)၊ အမရပူရ နှပ်ထိုးနည်း (နှပ်ပြုလုပ်နည်းပညာ)၊ အမရပူရ ပိုးထည်လုပ်ငန်း အဆင့်မြင့်ပညာ၊ ယက်ဖောက်ပြုလုပ် နည်းပညာ၊ ယောက်လုံးပြုလုပ်နည်းပညာ၊ လွန်းပြုလုပ် နည်းပညာ၊ ဇာခြည်အိမ်ပျက်ပြင်နည်းပညာ၊ အရောင်တွဲများ ပေါင်စပ်နည်းပညာ၊ ဂရပ်စာရွက်ပေါ်တွင် မိမိတို့ လိုအပ်သောပုံစံများ ရေးဆွဲနည်းပညာ၊ ရက်ကန်းလုပ်ငန်းအထွေထွေ ဗဟုသုတပညာများ သင်ကြားပို့ချပေးမှာ ဖြစ်ကြောင်းသိရှိရပါသည်။



**နှင်းနှင်းခိုင်**
**(မုံရွာ)၊ စားသုံးသူရေးရာ**

# မင်းကင်းမြို့မှ အုန်းသီးများကို အိန္ဒိယဈေးကွက်သို့ တင်ပို့

ကလေးခရိုင်၊ မင်းကင်းမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၄ အုပ်စုတွင် ကျေးရွာပေါင်း ၁၈၈ ရွာရှိပါတယ်။ ရွာများတွင် အုန်းပင်များအား ခြံဖြင့် သီးသန့်စိုက်ပျိုးထားခြင်းမရှိသော်လည်း " အိမ်ခြံဝန်းမှ ဝင်ငွေရ" ဆောင်ပုဒ်နှင့်အညီ ကျေးရွာတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့် အိမ်ဝန်းမြေများတွင် စားသုံးရန် ရှေးယခင် ကတည်းက စိုက်ပျိုးခဲ့ကြပါတယ်။

တစ်ရွာကို ပျမ်းမျှ ၈၀ ပင်ဖြင့် တွက်ချက်ပါက ကျေးရွာ ၁၈၈ ရွာတွင် အုန်းပင်ပေါင်း ၁၅၀၄၀ ပင်နဲ့ မြို့ပေါ် ရပ်ကွက်နှင့် ဘုန်းတော်ကြီးကျောင်းအတွင်းတွင် အပင် ၁၆၀ ခန့် ရှိသဖြင့် မင်းကင်းမြို့နယ်တွင် ခန့်မှန်းအုန်းပင်ပေါင်း ၁၅၂၀၀ ပင်အထက်ရှိနေကြောင်း သိရှိရပါတယ်။

"မသိသူကျော်သွား၊ သိသူဖော်စား"ဆိုသည့် မြန်မာစကားပုံနှင့်အညီ ၎င်းအုန်းပင်များမှ တစ်နှစ်ကို တစ်ပင်ပျမ်းမျှအထွက်နှုန်း ၅၀ လုံးခန့်ဖြင့် တွက်ချက်ကြည့်ရာ အုန်းသီးလုံးရေ ၇၆၀၀၀၀ လုံးခန့် ထွက်ရှိပြီး ၃၀ ရာခိုင်နှုန်းအား အလေ့အလွှင့်နှင့် ဒေသတွင်း သုံးစွဲကြပြီး ကျန် ၇၀ ရာခိုင်နှုန်းဖြစ်သော အုန်းသီးလုံးရေ ၅၃၂၀၀၀ လုံးခန့်အား၊ အုန်းလုပ်ငန်းလုပ်ကိုင်သော လုပ်ငန်းရှင် ငါးဦးခန့်မှ ကျေးရွာများသို့ တိုက်ရိုက်သော်လည်းကောင်း၊ အဝယ်တော်ဖြင့်သော်လည်းကောင်း မင်းကင်းဆိပ်ကမ်းအရောက် တစ်လုံးကို ၁၂၀ ကျပ်နှုန်းဖြင့် ဝယ်ယူစုပုံထားပါတယ်။ ဝယ်ယူရာတွင် နှစ်ထွာခွဲ၊ သုံးထွာထိရှိသော အုန်းသီးများကို ရွေးချယ်ဝယ်ယူပြီး လုံးပတ်မမီပါက အခွံခွာ၍ စွဲအုန်းအဖြစ် အခွံခွာဝယ်ယူကြောင်း သိရှိရပါတယ်။ ဝယ်ယူပြီး အုန်းသီးများကို မင်းကင်းဆိပ်ကမ်းတွင် စုပုံထားပြီး လုံးရေ ၅၀၀၀ မှ ၆၀၀၀ လုံး ထိနိုင်သောမော်တော်များဖြင့် ကလေးဝ ဆိပ်ကမ်းသို့ သယ်ယူပြီး ကလေးဝမှ တမူးမြို့၊ နန်းဖာလုံဈေးသို့ တင်ပို့ပြီး အိန္ဒိယဈေးကွက်သို့ ရောင်းချနေပါတယ်။

အကျိုးအမြတ်ရရှိမှုအနေဖြင့် မြို့နယ်တွင်း အုန်းသီးတစ်လုံးပေါက်ဈေးနှုန်း ဆိပ်ကမ်းအရောက် ၁၂၀ နှုန်း၊ မော်တော်ကမ်းချခ တစ်လုံး ၅ ကျပ်နှုန်း၊ မင်းကင်း- ကလေးဝ မော်တော်ဖြင့် သယ်ယူခ တစ်လုံး ၂၀ ကျပ်နှုန်း၊ ကလေးဝ ဆိပ်ကမ်း ကမ်းတင်ခ တစ်လုံး ၇ ကျပ်နှုန်း၊ ကလေးဝမှ တမူးကားခ တစ်လုံး ၇၀ ကျပ်နှုန်း၊ နန်းဖာလုံဈေး ကားမှချခ တစ်လုံး ၅ ကျပ်နှုန်းဖြင့် တမူးမြို့အရောက် အုန်းသီး တစ်လုံး ၂၂၇ ကျပ် ကျသင့်ပြီး၊ နန်းဖာလုံဈေး အုန်းသီးပွဲစားများထံ တစ်လုံးကို ၂၈၀ ကျပ်နှုန်းပေးသွင်းရပြီး တစ်ဖက်နိုင်ငံသို့ မြန်မာကျပ်ငွေ ၃၀၀ ကျပ်မှ ၃၅၀ ကျပ် (အိန္ဒိယ ရူပီးငွေ ၁၆ ရူပီးမှ ၂၀ ရူပီး) ထိ ရောင်းချရကြောင်း တစ်ဖက်နိုင်ငံ၏ ဝယ်ယူမှုအပေါ် မူတည်၍ ဈေးနှုန်းအတက်အကျရှိကြောင်း သိရပါတယ်။

တမူးမြို့နယ် နန်းဖာလုံဈေး၌ အုန်းသီးဈေးနှုန်းနှင့် ရောင်းချနိုင်မှုသည် တစ်ဖက်နိုင်ငံ၏ ဈေးကွက်လိုအပ်မှု အပေါ် မူတည်ပြီး နှစ်စဉ် ဧပြီ၊ မေနှင့် ဩဂုတ်၊ စက်တင်ဘာလများတွင် ရောင်းချရမှု အကောင်းဆုံးဖြစ်ကြောင်း သိရပါတယ်။

သို့ဖြစ်ပါ၍ ကလေးခရိုင်၊ မင်းကင်းမြို့နယ် အိမ်ဝန်းခြံမြေများမှ ထွက်ရှိသော အုန်းသီးများအား ရောင်းချရမှုမှရရှိသော နိုင်ငံခြားဝင်ငွေ ပမာဏမှာ မများလှသော်လည်း နိုင်ငံတော်စီးပွားဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ ပြည့်ပင်ငွေရှာဖွေပေးနေကြောင်း သိရပါတယ်။

**သက်နိုင်-ဟုမ္မလင်း**

# ကျပ် ၁၀ သိန်းဖိုး ဈေးဝယ်ခွင့်ရရှိမည့် The Game အမည်ရှိ ကံစမ်းမဲလှုပ်ရှားမှုတစ်ခုကို ဖေ့စ်ဘုတ်မှတစ်ဆင့် ပြုလုပ်သွားမည်

ကျပ် ၁၀ သိန်းဖိုး ဈေးဝယ်ခွင့်ရရှိမည့် The Game အမည်ရှိ ပျော်ရွှင်စရာ ရင်ခုန်ကံစမ်းမဲလှုပ်ရှားမှုတစ်ခုကို မြန်မာနိုင်ငံတွင် အများဆုံးအသုံးပြုနေကြသည့် လူမှုကွန်ရက်ဝက်ဘ်ဆိုက်ဖြစ်သည့် ဖေ့စ်ဘုတ်မှတစ်ဆင့် ပြုလုပ်သွားမည်ဖြစ်ကြောင်း အွန်လိုင်းရောင်းဝယ်ရေးဝန်ဆောင်မှု လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည့် Kamu.com မှ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါပြိုင်ပွဲကို ဇူလိုင် ၁ ရက်မှစတင်ကျင်းပမည်ဖြစ်ပြီး ဇူလိုင်လ ၃၁ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။ အဆိုပါကျပ် ၁၀သိန်းတန် ဈေးဝယ်ခွင့်ဖြင့် Kamu.com မှ မည်သည့်ပစ္စည်းကိုမဆို ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်လိုသူဖေ့စ်ဘုတ်အကောင့်ပိုင်ရှင်များအနေဖြင့် ပထမဦးစွာ Kamu Page ကို Like လုပ်ထားရမည်ဖြစ်သည်။ ထို့နောက် Kamu Page ရှိ The Game ပြိုင်ပွဲအတွက် တင်ထားသော Post ကို Like လုပ်ရမည်ဖြစ်သည်။

ထို့နောက် www.kaymu.com.mm ဝက်ဘ်ဆိုက်ရှိ သင့်အကြိုက်ဆုံး ကုန်ပစ္စည်းကို ရွေးချယ်ပြီး URL ကူးယူ၍ဖြစ်စေ(သို့) Kaymu app ကို အသုံးပြုပြီး screenshot ရိုက်၍ဖြစ်စေ The Game ပြိုင်ပွဲ Post ၏ comment box တွင် ရေးပေးရမည်ဖြစ်သည်။

အဆိုပါ comment ပေးထားသူများအနက်မှ ကံထူးသူတစ်ဦးကို random စနစ်ဖြင့် ရွေးချယ်သွားမည်ဖြစ်ပြီး ကံထူးသူသည် Kaymu မှ မည်သည့်ကုန်ပစ္စည်းများကိုမဆို ကျပ် ၁၀ သိန်းဖိုးအခမဲ့ဝယ်ယူခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# စလစ်ဈေးတန်းအထိုက်အလျောက်ကျဆင်းလာသော်လည်း ကားအရောင်းအဝယ် အေးနေ



ဇွန်လကုန်ပိုင်းခန့် ရန်ကုန်မြို့ကားဈေးကွက်၏ အခြေအနေမှာ အရောင်းအဝယ်အေးနေပြီး လူသုံးများသည့် ကားလေးအချို့သာ အရောင်းအဝယ်ရှိကြောင်း သိရသည်။ ဇွန်လနှောင်းပိုင်းရန်ကုန်မြို့တွင် မိုးရွာသွန်းမှုများပြားနေသဖြင့် မိုးများသောနေ့တွင် ယာဉ်ရောင်းဝယ်ရေးစခန်းများနှင့် ပြင်ပနေရာများတွင် လူမရှိသလောက်ပင်ဖြစ်နေပြီး ကားအရောင်းစင်တာအချို့မှာသာ လူအဝင်အထွက်ရှိကြောင်း သိရသည်။

ဇွန်လလယ်ခန့်မှ စတင်၍ တဖြည်းဖြည်း ဈေးကျဆင်းလာသောယာဉ်ထားရှိရန် နေရာထောက်ခံချက် (ကားပါကင်) သည် ယခုတလောအတွင်း ၅ သိန်းခန့်ထိ ကျဆင်းလာသဖြင့် ပုံမှန်အားဖြင့်ဖရီးပါမစ်ကားလေးများရောင်းအားကောင်းလာရမည်ဖြစ်သော်လည်း ယခုအခါ ထိုကဲ့သို့ဖြစ်မလာဘဲ အနည်းအကျဉ်းသာ အဝယ်ရှိကြောင်း ဝါရင့်ကားဝယ်ရောင်းအကျိုးဆောင်များမှ ပြောသည်။

ရန်ကုန်ကားဈေးကွက်သာမက မန္တလေးဈေးကွက်ပါ တစ်ပြေးညီဈေးကွက်အေးနေပြီး ယင်းသို့ဖြစ်ပေါ်လာရခြင်းမှာ စလစ်ဈေးတန်းကျဆင်းသော်လည်း ဒေါ်လာဈေးမြင့်နေသဖြင့် ကားတန်ဖိုးအပြင်အထွေထွေစရိတ်ပါမြင့်တက်နေသဖြင့်တင်သွင်းမှုများနည်းသွားခြင်း၊ ဒေါ်လာဈေးအတက်အကျမြန်နေပြီး ရွှေဈေးလည်း ထိုနည်းတူလိုက်ပါကာ အတက်အကျမြန်သဖြင့် ကားလုပ်ငန်းလုပ်သူများခေတ္တတန့်နေပြီးၑင်းဘက်သို့ ဈေးကွက်လှည့်သွားခြင်းယခုအချိန်ကားသွင်းပါက ကုန်ကျစရိတ်များသလို ယခင်လိုအမြတ်တင်ရောင်းချရန် အခက်အခဲများစွာရှိခြင်းစသည့် အကြောင်းအချက်များကြောင့်ဖြစ်နိုင်ကြောင်း ဝါရင့်ကားအကျိုးဆောင် ကိုမြင့်ကျော်မှပြောသည်။

လတ်တလော သက်ဆိုင်ရာမှ ဒေါ်လာဈေးနှုန်း တည်ငြိမ်စေရန် ဆောင်ရွက်နေပြီး ပုံမှန်ဈေးတန်းသို့ ပြန်လည်ရောက်ရှိလာပါက စလစ်ကပ်သွင်းရသည့် ကားများ ပြန်လည်အရောင်းအဝယ်ဖြစ်လာနိုင်ကြောင်း၊ ယခုဆိုလျှင် စလစ်ဈေးကျဆင်းလာသဖြင့် အပ်ကားများပင်နည်းပါးလာကြောင်း၊ ကားပါကင်ဈေးကစားသူများမှာလည်း သတ်မှတ်ရက်နီးကပ်လာသဖြင့်ပြန်လည်လျှော့ချရာမှ ဈေးပြန်ကျလာကြောင်း၊ တစ်ချိန်တည်းမှာ ပင်ဆိပ်ကမ်းများတွင် တင်သွင်းခွင့်ပါမစ်သက်တမ်းရက်ပေါင်း ၆၀ကျော်လွန်နေသဖြင့် ထုတ်ယူခွင့်ပိတ်ခံရသည့် ကားများမှာ စီးရေထောင်ကျော်ရှိကြောင်း၊ ကားတင်သွင်းမှုအားအဓိကဆောင်ရွက်ပေးရာ ဌာနတစ်ခုဖြစ်သည့် အကောက်ခွန်ဦးစီးဌာနမှ ဒဏ်ကြေးသတ်မှတ်၍ ဖြေလျှော့ထုတ်ယူခွင့်အား သက်ဆိုင်ရာသို့လည်း တင်ပြထားကြောင်း သိရသဖြင့် ယင်းသို့ထုတ်ယူခွင့် ကျလာပါကလည်း ထွက်လာမည့်စီးရေများပြားသဖြင့် ကားဈေးကွက်ပြန်လည်လှုပ်ရှားလာနိုင်ကြောင်း၊ ယခုအခါ ရန်ကုန်ကားဈေးကွက်အတွင်း အနိမ့်နှင့်အမြင့်ငွေဆောင်းကာ အလဲအထပ်လုပ်ခြင်းနှင့် အကွာရာနိမ့်ရုပ်ခံကောင်းကားများသာအဓိကအရောင်းအဝယ်လုပ်နေကြကြောင်း၊ စလစ်ဈေးကျဆင်းမှုကြောင့် အရောင်းစင်တာများရှိ စလစ်ကားအချို့မှာ အရောင်းအဝယ်ရှိကြောင်း ဝါရင့်ယာဉ် ဝယ်/ရောင်း အကျိုးဆောင်များမှပြောသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | တိုယိုတာ (ဘယ်လ်တာ) (၂၀၁၀) | ယာယီ | ၁၃၀ သိန်း | ၁.၃ ဓာတ်ဆီ |
| ၂။ | ဗီလ်ဒါ (၂၀၀၉) | ယာယီ | ၁၇၅ သိန်း | ၁.၈ ဓာတ်ဆီ |
| ၃။ | မာဇဒါ/ဒီမီယို (၂၀၁၀) | ယာယီ | ၁၀၂ သိန်း | ၂.၃ ဓာတ်ဆီ |
| ၄။ | နီဆန်း/ဝင်းရဒ် (၂၀၁၀) | ယာယီ | ၁၂၀ သိန်း | ၁.၅ ဓာတ်ဆီ |
| ၅။ | ဟွန်ဒါဖစ် (၂၀၁၁) | ယာယီ | ၁၃၀ သိန်း | ၁.၃ ဓာတ်ဆီ |
| ၆။ | မတ်(ခ်)အိပ်(စ်) (၂၀၀၈) | ယာယီ | ၂၃၅ သိန်း | ၂.၅ ဓာတ်ဆီ |
| ၇။ | တိုယိုတာ/အက်ဇီယို (၂၀၀၉) | ယာယီ | ၁၇၅ သိန်း | ၁.၅ ဓာတ်ဆီ |
| ၈။ | ကလူဂျာ (၂၀၀၄) | ယာယီ | ၂၆၀ သိန်း | ၂.၄ ဓာတ်ဆီ |
| ၉။ | ဝှရ်ှ (၂၀၀၃) | ယာယီ | ၁၄၈ သိန်း | ၁.၈ ဓာတ်ဆီ |
| ၁၀။ | အပ်ကား | | ၅၈ သိန်း | |

SN

# တရုတ်နိုင်ငံ ရှန်ဇီပြည်နယ်တွင် ထုတ်လုပ်သည့် အန္တရာယ်ရှိ နို့မှုန့်များအား ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်း ထုတ်လုပ်သူများအား အရေးယူအပြစ်ပေးရန် တိုက်တွန်း



တရုတ်နိုင်ငံရှန်ဇီပြည်နယ်တွင် မွေးကင်းစကလေးများအား တိုက်ကျွေးသည့် နို့မှုန့်များတွင် ကလေးငယ်များအသက်အန္တရာယ်ဖြစ်စေသည့် နိုက်ထရိတ်နှင့်ဆယ်လီနီယမ်ဓာတ်များ လွန်ကဲစွာပါဝင်နေသဖြင့် အဆိုပါနို့မှုန့်ထုတ်လုပ်သည့် လုပ်ငန်းရှင်သုံးဦးအား တရုတ်နိုင်ငံအစားအစာဘေးကင်း လုံခြုံရေးကြီးကြပ်မှုအဖွဲ့က ခေါ်ယူမေးမြန်းထားကြောင်း တရုတ်နိုင်ငံထုတ် နေ့စဉ်သတင်းစာများတွင် ဖော်ပြထားသည်။

အဆိုပါကြီးကြပ်ရေးအဖွဲ့က နို့မှုန့်ထုတ်လုပ်သည့်လုပ်ငန်းရှင်သုံးဦးအား ခေါ်ယူမေးမြန်းပြီးနောက် ဥပဒေကို ချိုးဖောက်ကြောင်း တစ်စုံတစ်ရာတွေ့ရှိရပါက အရေးယူအပြစ်ပေးရန် အာဏာပိုင်များအား တိုက်တွန်းပြောကြားခဲ့သည်။

ထို့ပြင် ဈေးကွက်အတွင်းသို့ ၎င်းတို့ဖြန့်ချိထားသည့်နို့မှုန့်များကိုလည်း ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းရန် ပြောကြားခဲ့ကြောင်း သိရသည်။

ဆယ်လီနီယမ်ဟူသည်မှာ ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးစေသည့် သတ္တုဓာတ်တစ်မျိုးဖြစ်ရာ မွေးကင်းစကလေးငယ်များအတွက် အထူးသင့်လျော်သည့် ဓာတ်တစ်မျိုးဖြစ်ကြောင်း၊ သို့သော် နိုက်ထရိတ်ဓာတ်သည် လူတို့၏ခန္ဓာကိုယ်အတွင်းရှိ ဘက်တီးရီးယားတစ်မျိုးနှင့်ပေါင်းစပ်မိပါက လူတို့အားဘေးဒုက္ခရောက်စေနိုင်ကြောင်း တရုတ်နိုင်ငံ အစားအစာကြီးကြပ်ကွပ်ကဲရေးအဖွဲ့မှ ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါပြည်နယ်မှ နို့မှုန့်ထုတ်လုပ်သည့်ကုမ္ပဏီများဖြစ်သည့် Xi'an Guanshan Dairy Co Ltd နှင့် Shengtang Industry Co Ltd. တို့မှ ထုတ်လုပ်သည့်နို့မှုန့်များတွင် ဆယ်လီနီယမ်နှင့် နိုက်ထရိတ်များ လွန်ကဲစွာပါဝင်နေသည်ကို တွေ့ရှိရကြောင်း စီအန်န်အေသတင်းတွင် ဖော်ပြထားသည်။

ယင်းကုမ္ပဏီနှစ်ခုမှထုတ်လုပ်သည့် နို့နှင့်ပြုလုပ်သည့် ကုန်ပစ္စည်းများသည် ဆိတ်နို့ကို အခြေခံ၍ ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Xi'an Guanshan Dairy Co Ltd မှလည်း ၎င်းတို့ထုတ်လုပ်သည့် ထုတ်ကုန်များအားလုံးကို ဈေးကွက်အတွင်းမှ လိုက်လံသိမ်းဆည်းနေသကဲ့သို့ ထုတ်လုပ်မှုလုပ်ငန်းစဉ်များကိုလည်း ရပ်ဆိုင်းထားကြောင်း စီအန်န်အေသတင်းဌာနသို့ ပြောကြားခဲ့သည်။

လွန်ခဲ့သည့် ၂၀၀၈ခုနှစ်ကတရုတ် နိုင်ငံတွင်ထုတ်လုပ်သည့်ကလေးနို့မှုန့်များတွင် မယ်လမင်းများပါဝင်နေသည့်အတွက် ကလေးငယ်ခြောက်ဦးသေဆုံးခဲ့ရပြီး ကလေးငယ်ပေါင်း သုံးသိန်းကျော် ရောဂါဝေဒနာများခံစားခဲ့ကြရသည်။

အဆိုပါ မယ်လမင်းပြဿနာရပ်များ ဖြစ်ပွားပြီးနောက် တရုတ်နိုင်ငံတွင် နို့နှင့်နို့ထွက်ပစ္စည်းများ၏ အရည်အသွေးကို အထူးအလေးပေးကာ စစ်ဆေးလာကြခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်ကြောင့် တရုတ်နိုင်ငံတွင် နိုင်ငံခြားမှတင်သွင်းလာသည့်နို့ထွက်ပစ္စည်းဈေးနှုန်းများမှာ မြင့်မားလာခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**

# အသွင်ပြောင်းဆီများ သုံးစွဲ၍ အသင့်စားအစားအစာများ ထုတ်လုပ်ခြင်းကို သုံးနှစ်အတွင်း ရပ်ဆိုင်းရန် အမေရိကန် အက်ဖ်ဒီအေမှ ညွှန်ကြားချက်ထုတ်ပြန်

လာမည့်သုံးနှစ်အတွင်းထုတ်လုပ်သည့်အစားအစာများတွင် အသွင်ပြောင်းဆီ(Trans Fat)များကို အသုံးပြု၍ အစားအစာများထုတ်လုပ်နေခြင်းအား ရပ်ဆိုင်းရန် အမေရိကန်အစားအသောက်နှင့် ဆေးဝါးများဆိုင်ရာကွပ်ကဲရေးအဖွဲ့ (FDA) က ဇွန် ၁၆ ရက်က ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။

အဆိုပါ အသွင်ပြောင်းဆီသည် လူတို့စားသုံးရန်အတွက် ထုတ်လုပ်သည့် အစားအစာများတွင် လုံးဝထည့်သွင်းခြင်းမပြုသင့်သည့်အရာတစ်ခုပင်ဖြစ်ကြောင်း အဆိုပါညွှန်ကြားချက်တွင် ရေးသားဖော်ပြထားခဲ့သည်။

အသွင်ပြောင်းဆီများဖြင့် ထုတ်လုပ်ထားသည့်အစားအစာများကို စားသုံးခြင်းကြောင့် သွေးအတွင်း ကိုလက်စထရောပါဝင်မှု အလွန်အမင်း မြင့်တက်လာပြီး အဝလွန်ခြင်း၊ နှလုံးရောဂါများဖြစ်ပွားခြင်း၊ မှတ်ဉာဏ်အားလျော့နည်းလာခြင်းတို့ ဖြစ်ပွားစေကြောင်း၊ အဆိုပါရောဂါများဖြစ်ပွားမှုသည် တစ်နေ့တခြား မြင့်တက်လျက်ရှိသဖြင့် စိုးရိမ်ဖွယ်ရာ အခြေအနေသို့ ရောက်ရှိလာကြောင်း၊ ထို့ပြင် သွေးအတွင်း ကိုလက်စထရောဓာတ်ပါဝင်မှု ပမာဏပိုမိုမြင့်တက်လာမှုသည် နှလုံးသွေးကြောကျဉ်းရောဂါကို ဖြစ်ပွားစေသည့် အဓိက တရားခံပင်ဖြစ်ကြောင်း အက်ဖ်ဒီအေမှ ဒေါက်တာ စတီဖင် အော့စ်ထရော့ဖ်က ပြောကြားခဲ့သည်။

"အမေရိကန်လူမျိုးတွေအားလုံးဟာ နှလုံးနဲ့ပတ်သက်တဲ့ဝေဒနာတွေ ခံစားနေရတာကို အေဂျင်စီတွေက ဝိုင်းပြီးဝေဖန်နေကြပါတယ်။ ဒါကြောင့် အက်ဖ်ဒီအေအနေနဲ့ အစားအသောက်ထဲမှာ ပါဝင်နေတဲ့ သဘာဝမကျတဲ့ အသွင် ပြောင်းဆီပါဝင်မှုလျော့ကျရေးကို လှုပ်ရှားဆောင်ရွက်နေတာပဲဖြစ်တယ်"ဟု ပြောကြားခဲ့သည်။

အက်ဖ်ဒီအေအနေဖြင့် ယင်းကဲ့သို့ အသွင်ပြောင်းဆီများစားသုံးခြင်းကြောင့် ဆိုးကျိုးသက်ရောက်မှုများများပြားလာခြင်းကို သိရှိခဲ့ပြီးနောက် အစားအစာ ထုတ်လုပ်မှုများတွင် အသွင်ပြောင်းဆီများ ပါဝင်မှုကို လျှော့ချရန် လုပ်ဆောင်လျက်ရှိရာ ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း ၇၈ ရာခိုင်နှုန်းခန့် လျှော့ချပြီးဖြစ်သည်ဟု ခန့်မှန်းတွက်ချက်ထားသည်။

အမေရိကန်နိုင်ငံတွင် မက်ခ်ဒေါ်နယ်ကဲ့သို့သောအသင့်စားအစားအစာများ ထုတ်လုပ်ရောင်းချလျက်ရှိသည့်ကုမ္ပဏီကြီးများပင်လျှင် အဆိုပါအသွင်ပြောင်းဆီများကို လုံးဝသုံးစွဲခြင်းမပြုတော့ဘဲ အသွင်ပြောင်းဆီများမှကင်းလွတ်သည့်ဆီများဖြင့်သာ ၎င်းတို့၏အစားအစာများကို ချက်ပြုတ်ကျော်လှော်ခြင်းများပြုလုပ်နေကြပြီဖြစ်သည်ဟု ဆိုသည်။

ထို့ပြင် အဆိုပါကုမ္ပဏီကြီးများသည် အွန်လိုင်းပေါ်တွင် ၎င်းတို့၏အစားအစာများ၌ အသွင်ပြောင်းဆီပါဝင်မှုကင်းလွတ်သည်ဟူသည့် စာတမ်းများကို ရေးသားထားကြကြောင်း သိရသည်။

အက်ဖ်ဒီအေအနေဖြင့် စမ်းသပ်ကာလ သုံးနှစ်အတွင်း အစားအစာများတွင် အသွင်ပြောင်းဆီပါဝင်နေသည့် အစားအစာများကို ထောက်ခံချက်လက်မှတ် ထုတ်ပေးမည်မဟုတ်ဘဲ ထုတ်လုပ်သည့်ကုမ္ပဏီမှ ခွင့်ချက်အနေဖြင့် ထုတ်လုပ်ခွင့်ပြုရန် အသနားခံတင်ပြ တောင်းခံနိုင်ကြောင်း၊ သို့သော်အစားအစာများတွင် မာဂျရင်းကဲ့သို့သော အသွင်ပြောင်းပြည့်ဝဆီများအား ပြုပြင်ထားသည့် အဆီများထည့်သွင်းထားခြင်းကိုမူ လုံးဝခွင့်ပြုမည်မဟုတ်ကြောင်း အက်ဖ်ဒီအေ၏ ညွှန်ကြားချက်တွင် ထည့်သွင်းဖော်ပြထားသည်။ **မယ်သီတာ**

## သင့်ကျန်းမာရေး

# Nyj;Dnfhaom usef;rma&;ESifh aexdkif;pm;aomufrI

■ **ဒေါက်တာလွင်သန့်**

ပြီးပြည့်စုံသော ကျန်းမာရေးနဲ့ နေထိုင်စားသောက်မှုဆိုတာ မိမိကြိုက်နှစ်သက်သောအစားအစာကို အလွန်အကျွံစားသောက်ခြင်း (သို့)ရှောင်ကြဉ်ကန့်သတ်ခြင်းမဟုတ်ဘဲ၊ အာဟာရပြည့်ဝမျှတစွာနဲ့ နည်းလမ်းမှန်ကန်စွာ စားသောက်တတ်ခြင်းလို့ခေါ်တယ်။ အာဟာရပြည့်ဝမျှတအောင် စားသောက်ဖို့ အရိုးရှင်းဆုံးက ကစီဓာတ်၊ အဆီဓာတ်၊ အသားဓာတ်၊ သစ်သီး၊ ဟင်းသီးဟင်းရွက်၊ ဗီတာမင်နှင့် သတ္တုဓာတ်များ အချိုးမျှတပါဝင်အောင် စားဖို့ဖြစ် တယ်။

**(က) ကျန်းမာရေးနှင့်ညီသော ကစီဓာတ်စားသုံးခြင်း** (၁)ပေါင်းစည်းကစီဓာတ်များ ကောက်ပဲသီးနှံ၊ ဂျုံ၊ ပြောင်း၊ ဆန်၊ ဂျုံကြမ်းနှင့်ပြုလုပ်ထားတဲ့ပေါင်မုန့်၊ ကွေကာအုပ်၊ ပဲတို့ဟာကျန်းမာရေးအတွက်ကောင်းတဲ့ ကစီဓာတ်ဖြစ်တယ်။ (၂) ရိုးရိုးကစီဓာတ်မှာ သကြား၊ ပျားရည်၊ အချိုရည်များဖြစ်ပြီး၊ မကြာခဏစားသုံးဖို့မသင့် ပါဘူး။

**(ခ) ကျန်းမာရေးအကျိုးပြုအဆီဓာတ် (သို့မဟုတ်) မပြည့်ဝဆီပါဝင်တဲ့** မြေပဲဆီ၊ နှမ်းဆီ၊ သံလွင်ဆီ၊ အခွံမာသီး၊ အစေ့အဆန်များ ထောပတ်ဆီ၊ ငါး၊ ငါးသေတ္တာ၊ ငါးသလောက်၊ ပင်လယ်စာများဟာ သွေးအတွင်း အဆီဓာတ်ပြောင်းလဲမှု ထိန်းညှိပေးပြီး သွေးခဲမှုအန္တရာယ်မှ ကာကွယ်စေခြင်းကြောင့် မကြာခဏစားသင့်တယ်။

**ပြည့်ဝဆီ၊** တိရစ္ဆာန်မှရတဲ့ အဆီ၊ စားအုန်းဆီ၊ အကြော်ခံဆီ (သွေး အတွင်းသွေးစုပ်ယူမှု၊ သွေးခဲမှုဖြစ်စေပြီး) နှလုံး၊ သွေးတိုးရောဂါများ ဆက်လက်ဖြစ်ပွားစေတဲ့အတွက် တတ်နိုင်သမျှ လျှော့စားသင့်ပါတယ်။

**(ဂ) အသားဓာတ်ပါဝင်ခြင်း။** သန့်ရှင်းလတ်ဆတ်တဲ့ ငါး၊ ကြက်သား၊ ဥများ တစ်ပတ်ကိုနှစ်ကြိမ်(သို့)သုံးကြိမ်စားသုံးသင့်တယ်။ သက်သက်လွတ်စားသုံးရင် ပဲအမျိုးမျိုး၊ အခွံမာသီး၊ အစေ့၊ တို့ဟူးတို့စုံလင်အောင် စားပါ။

**(ဃ) အရောင်အသွေးစုံလင်သော သစ်သီးနှင့်အသီးအနှံတို့ များများစားခြင်း၊** အရောင်အသွေးစုံလင်တဲ့ လတ်ဆတ်သန့်ရှင်းတဲ့ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များဟာ အာဟာရတန်ဖိုးကောင်းတွေဖြစ်တဲ့ ဗီတာမင်နဲ့သက်စောင့်ဓာတ်များဖြစ်ပြီး သတ္တုဓာတ်၊ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများနဲ့အမျှင်များ ရောနှောပါဝင်တဲ့ ကယ်လိုရီဓာတ်နည်းတာကြောင့် နေ့စဉ်ထည့်သွင်းစားသုံးသင့်ပါတယ်။

**(င) အရိုးကြီးထွားသန်မာစေဖို့** နို့နှင့်နို့ထွက်ပစ္စည်း၊ အစိမ်းရောင်ရှိဟင်းသီးဟင်းရွက်များ၊ ပဲအမျိုးမျိုးတို့ဟာ ကယ်လ်ဆီယမ်ကြွယ်ဝတဲ့အစာများဖြစ်တယ်။ အစားအစာမှ လုံလောက်မှုမရှိရင် ဗီတာမင်စီနှင့်ကယ်လ်ဆီယမ်အားပြည့်ဆေးများ သောက်သုံးရယူနိုင်ပါတယ်။


**(စ) သကြားနှင့် ဆားကို ချင့်ချိန်စားသောက်ခြင်း။** သကြားလုံး၊ အချိုရည်များကို လျှော့စားရမယ်။ သဘာဝလတ်ဆတ်တဲ့ သစ်သီးဖျော်ရည်ဟာ အကောင်းဆုံးဖြစ်တယ်။ သဘာဝအလျောက်ချိုတဲ့အစာများ၊ သစ်သီး၊ ပန်းသီးတို့ကို ထည့်စားသင့်တယ်။ တစ်နေ့မှာ ဆားလက်ဖက်စားဇွန်းတစ်ဇွန်းသာ စားသင့်တယ်။ ဆားပါဝင်မှုနည်းတဲ့ အစားအသောက်များ ရွေးချယ်ပြီးမိမိပုံမှန်စား နေကျသာစားသင့်ပါတယ်။

**(ဆ) ရေများများသောက်ခြင်း။** ရေကိုတစ်နေ့ အနည်းဆုံးနှစ်လီတာသောက်သင့်ပါတယ်။ မိမိစားသောက်တဲ့ ကယ်လိုရီပမာဏနဲ့ မိမိအသုံးပြုခဲ့တဲ့ ကယ်လိုရီပမာဏမှန်ကန်သင့်လျော်သင့်တယ်။ ပိုလျှံတဲ့ကယ်လိုရီဟာ ကိုလက်စထရောအနေနဲ့ သွေးအတွင်းများပြီး အသည်းအဆီဖုံးစေတယ်။

**(ဇ) လေ့ကျင့်ခန်း။** လူတိုင်းနေ့စဉ်နာရီဝက်လေ့ကျင့်ခန်း(အပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး)လုပ်သင့်တယ်။


**(ဈ) ဘီအမ်အိုင်။** ဘီအမ်အိုင် ခန္ဓာကိုယ်အချိုးအဆဆိုတာ အလေးချိန်(ကီလိုဂရမ်)ကို အရပ်အမြင့်မီတာ(နှစ်ထပ်ကိန်း)နဲ့စား လို့ရတဲ့ကိန်းဖြစ်ပြီး ပုံမှန်(၁၈ ဒသမ ၉)မှ (၂၄ ဒသမ ၉)အတွင်း ရှိတယ်။ ဘီအမ်အိုင်(၃၀)မှ (၄၀)ကျော်လျှင် အဝလွန်ခြင်းသတ်မှတ်တယ်။

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၂၉-၆-၂၀၁၅ မှ ၅-၇-၂၀၁၅ ရက်နေ့ထိ
### ဒေါ်မြတ်မြတ်အေး (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)




**တနင်္ဂနွေသားသမီးများအတွက်** သူတစ်ပါးအားသည်းခံလိုစိတ်ကြီးမားပြီးဒေါသဖြစ်ခဲ့သော်လည်း ဒေါသထွက်ပြီဆိုလျှင်ပြတ်ပြတ်သားသားပြင်းပြင်းထန်ထန်တိုက်ခိုက်တတ်သော အကျင့်စရိုက်ရှိနေတတ်ပါသည်။ ခေါင်းမာပြီးကိုယ်တိုင်က ခံယူချက်ယုံကြည်ချက် ခိုင်မာသူဖြစ်မည်။ ရာထူးတက်ခြင်း၊ အလုပ်တိုးတက်ခြင်းရှိမည်။ စီးပွားရေး အခြေအနေ တိုးတက်သည့်သဘောလည်းရှိနေတတ်ပါသည်။ အလုပ်အကိုင်အခွင့်အလန်းများ ပွင့်လင်းလာပါလိမ့်မည်။ အချစ်ရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေးသင့်တင့်နေမည်။


**ယတြာ။ ဥသျှစ်သီး ဖျော်ရည်လှူပေးပါ။**



**တနင်္လာသားသမီးများအတွက်** စိတ်ခံစားချက်ကိုရှေ့တန်းတင်လုပ်ဆောင်မိသည်မှ-အမှားဖြစ်ရတတ်သည်။ သိပ့်စိတ်ညစ်မခံ ဘဲပျော်ပျော်ပါးပါးစဉ်းစားဆုံးဖြတ်လုပ်ကိုင်မိသော ကိစ္စများရှိနေတတ်သည်။ မျှော်လင့်မထားသောအခွင့်အရေးများ၊ ကံကောင်းခြင်းများရရှိလာပါလိမ့်မည်။ ပညာရေးနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်း အောင်မြင်မည်။ လူမှုရေးကိစ္စများပြားပြီး လုပ်ငန်းကိစ္စနှောင့်နှေးပျက်ကွက်ခြင်းလည်း ရှိလာတတ်ပါသည်။ ကျန်းမာရေးဂရုစိုက်သင့်သော ကာလဖြစ်နေတတ်ပါသည်။ **ယတြာ။ ခရမ်းချဉ်သီးယိုလှူပါ။**



**အင်္ဂါသားသမီးများအတွက်** ငွေပုံအော၍ ရင်းနှီးမှုမျိုးစီးပွားရေးကို အကောင်အထည်မဖော်သင့်သေးပါ။ အပျော်အပါးကိစ္စများလည်း ရှုပ်ထွေးပါဝင်လာတတ်သည်။ ကျန်းမာရေးအနေဖြင့် ကိုယ်ခန္ဓာကြံ့ခိုင်မှုအားနည်းတတ်သည်။ အပူရောဂါ အဖြစ်များလိမ့်မည်။ မိမိကိုယ်ပိုင် စီးပွားရေးလုပ်ငန်းမှ ငွေကြေးအလုံးအရင်းနှင့် ကံကောင်းမှုများကြုံလိမ့်မည်။ **ယတြာ။ ဆီထမင်းလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** တွေ့ကြုံလာသမျှသောပြဿနာအခက်အခဲများ၊ အတိုက်အခံများကို အောင်မြင်ပြေလည်အောင်ဆောင်ရွက်နိုင်စွမ်းရှိနေတတ်ပါသည်။ ငွေကြေးလာဘ်ကံကောင်းမည်။ ဘာသာရေးကိစ္စအကျင့်သီလများဖြင့် ဖြည့်ကျင့်ဆောင်ရွက်ပါက ပို၍အကျိုးဖြစ်ထွန်းလိမ့်မည်။ အနုပညာလုပ်ငန်း ပိုမိုအဆင်ပြေမည်။ အချစ်ရေးတွင် နှလုံးသားလှုပ်ရှားမှု အားနည်းနေတတ်သည်။ အိမ်ထောင်ရေးသင့်တင့်နေမည်။ ကျန်းမာရေးအနေဖြင့် စိတ်ရှုပ်ခြင်း၊ ငြီးငွေ့ခြင်း၊ မွန်းကြပ်ခြင်းတို့ ဖြစ်တတ်ပါသည်။

**ယတြာ။ မိမိကိုးကွယ်ထားသော ဘုရားကို ရေသပ္ပာယ်လိုက်ပါ။**



**ကြာသပတေးသားသမီးများအတွက်** မိမိလုပ်ကိုင်သမျှအလုပ်ကိစ္စများတွင် အောင်မြင်မှုရသည်က များနေတတ်သည်။ အများ၏လေးစားခြင်း၊ ချီးမွမ်းခြင်းခံရမည်။ အသိုင်းအဝိုင်းကျယ်ပြန့်လာတတ်ပါသည်။ လိမ္မာပါးနပ်စွာ လုပ်ကိုင်နိုင်မှုကြောင့် စီးပွားရေးအောင်မြင်ဖြစ်ထွန်းနေမည်။ မိမိကိုယ်ပိုင် တစ်ဦးတည်းပိုင်လုပ်ငန်း ပိုမိုအားကောင်းလိမ့်မည်။ ပြည်ပခရီးသွားရကိန်းကြုံနေမည်။ ငွေဝင်မည်။ထီပေါက်သလိုအလုံးအရင်းဖြင့်ရရှိခြင်းများ ရှိတတ်ပါသည်။ ကျန်းမာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေးတို့ပျော်ရွှင်အေးချမ်းနေမည်ဖြစ်သည်။

**ယတြာ။ ငါးစာ ပေါက်ပေါက်ကျွေးပါ။**



**သောကြာသားသမီးများအတွက်** လုပ်ငန်းကိစ္စများတွင် အပြိုင်အဆိုင်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်စွမ်းရှိမည်။ ငွေကြေးပြဿနာကိစ္စများလည်း အဆင်ပြေမှုများရှိလာမည်။ ကူညီဖြေရှင်းပေးမည့်သူများလည်းရှိမည်။ စေတနာ့ဝန်ထမ်းလုပ်ငန်း၊ ပရဟိတလုပ်ငန်းများ အကျိုးရှိနေလိမ့်မည်။ ကျန်းမာရေးအား နည်းချက်ရှိတတ်သည်။ အစားအသောက်မှားခြင်းကြောင့် ဝမ်းဗိုက်ဥပဒ်ပေးသော ဝေဒနာခံစားရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးကိစ္စသံယောဇဉ်မှန်သမျှ သည်းခံအောင့်အီးမြိုသိပ်ခံစားနေရတတ်သည်။ **ယတြာ။ ဘုရားတွင် သစ်သီးလှူပါ။**



**စနေသားသမီးများအတွက်** ငွေကြေးအရင်းအနှီးစိုက်ထုတ်သူများနှင့်နိုင်ငံခြားသားများပါ အကျိုးတူပူးပေါင်းဆောင်ရွက်လုပ်မည့် စီးပွားရေးလုပ်ငန်းများ ကောင်းမွန်စွာလည်ပတ်နိုင်ပြီး လုပ်ငန်းများတိုးချဲ့ရန်ကိုပါ လျာထားချက်ရှိနေတတ်ပါသည်။ အချစ်ရေးမှာချစ်သူပေါသော်လည်း သိပ်အကောင်းချည်းမဟုတ်ပါ။ အိမ်ထောင်ရေးအဆင်ပြေမှုများ ရှိနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် လေရောဂါဝေဒနာခံစားရမှုရှိတတ်သောကြောင့် အအေးခံခြင်းကိုသတိရှိပါ။ **ယတြာ။ နဂါးမောက်သီးဆွမ်းကပ်ပါ။**

# ရွှေဘိုခရိုင်တွင် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် နှမ်းပါးရိတ်သိမ်းသူများပြားလာ

ရွှေဘိုခရိုင်ဟာ သဖန်းဆိပ်နဲ့ ကာဘိုးဆည်ရေကို အမှီပြုပြီး နှမ်းပါးစိုက်ဧက ၇၈၀၀၀ ကျော်ကို စိုက်ပျိုးခဲ့ပြီး ယခုအခါ ဧက ၁၀၀၀ ကျော် ရိတ်သိမ်းနေပြီဖြစ်ပါတယ်။ ယခုနှစ် လုပ်သားဖြင့် ရိတ်သိမ်းမှုနည်းပါးပြီး၊ ရိတ်သိမ်းခြွေလှေ့စက်ကို အသုံးပြုသူ များပြားလာကြောင်း ဒေသခံတောင်သူများထံမှ သိရပါတယ်။

လူလုပ်အားဖြင့် ခြွေလှေ့ပါက လယ်တစ်ဧကကို လုပ်သား ၁၂ ဦး၊ ရိတ်၊သယ်၊ စုပုံပြုလုပ်ရပြီး စပါးခြွေလှေ့ရန် ခြွေလှေ့စက်အတွက် လုပ်သား သုံးဦးအသုံးပြုရကြောင်း၊ သယ်ယူမည့်လယ်မှ စုပုံရမည့်နေရာ (ခြွေလှေ့) အကွာအဝေးပေါ်မူတည်ပြီး လယ်တစ်ဧကေ ကျပ် ၃၀၀၀၀ မှ ၅၀၀၀၀ ကျပ်အထိ ပေးရကြောင်း သိရပါတယ်။ ခြွေလှေ့ခအဖြစ် စပါးတင်း ၁၀၀၊ စပါး ၃ တင်းပေးရခြင်း၊ လုပ်သား ၃ ဦး နေ့တွက် ကျပ် ၆၀၀၀ ကုန်ကျခြင်းတို့ကြောင့် လယ်တစ်ဧကစုစုပေါင်းကုန်ကျစရိတ် ၅၅၀၀၀ ကျပ်မှ ၇၀၀၀၀ ကျပ်ခန့် ကုန်ကျပြီး အချိန်ကြာမြင့်ချိန်မှာ ၅ နာရီမှ ၇ နာရီထိရှိကြောင်းသိရပါတယ်။

ရိတ်သိမ်းခြွေလှေ့စက်ကို အသုံးပြုပါက ကြာမြင့်ချိန် (၂း၃၀ နာရီမှ ၃ နာရီခန့်) သာကြာမြင့်ပြီး တစ်ဧက ကုန်ကျစရိတ်မှာ ကျပ် ၄၀၀၀၀ သာကုန်ကျစရိတ်ရှိသဖြင့်၊ အချိန်သက်သာမှု နာရီ ၄ နာရီနဲ့ ငွေကြေး ကျပ် ၁၅၀၀၀ ကျပ်မှ ၃၀၀၀၀ ကျပ်ထိ ထုတ်လုပ်မှု၊ ကုန်ကျစရိတ်သက်သာကြောင်း သိရပါတယ်။

ရိတ်သိမ်းခြွေလှေ့စက်ကို အသုံးပြုသဖြင့် သီးနှံအရည်အသွေးထိခိုက်မှုနည်းပါးခြင်း၊ လုပ်သားရှားပါးမှုကို ကုစားနိုင်ခြင်း၊ မိုးကြိုထွန်ရေးအချိန်မီပြုပြင်နိုင်ခြင်းစတဲ့ အားသာချက်များရှိကြောင်း သိရှိရပါတယ်။

ရွှေဘိုခရိုင်တွင် သမဝါယမဝန်ကြီးဌာနမှ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် လူမှုဘဝမြင့်တင်နိုင်ရေးအတွက် ရိတ်သိမ်းခြွေလှေ့စက်များကို နှစ်ရှည်အရစ်ကျစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့တဲ့အပြင် ပုဂ္ဂလိကကုမ္ပဏီများမှလည်း တင်သွင်းရောင်းချပေးလျက်ရှိနေတဲ့အတွက် ယခုအခါ ရွှေဘိုခရိုင်မှာ တောင်သူပုဂ္ဂလိကပိုင် ရိတ်သိမ်းခြွေလှေ့စက် ၁၉၀ ကျော်ရှိနေပြီး ထွက်ပေါ်နေတဲ့ နှမ်းပါးများကို ကျယ်ပြန့်စွာရိတ်သိမ်းခြွေလှေ့ပေးလျက်ရှိကြောင်း သိရှိရ ပါတယ်။

**အောင်မင်း-တန့်ဆည်**

# ရက်ကန်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းဖွင့်လှစ်



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ လက်လှုပ်ကျေးရွာအုပ်စု၊ လက်လှုပ်(တ) ရွာ ဘုန်းတော်ကြီးကျောင်းမှာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ပံ့ပိုးမှုနဲ့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနကကြီးမှူးပြီး မုံရွာရက်ကန်းနှင့်အသက်မွေးပညာ သင်တန်းကျောင်းမှ သင်တန်းပို့ချတဲ့ ရက်ကန်း လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းကို ဇွန်လ ၁၉ ရက်နေ့က ဖွင့်လှစ်ခဲ့ရာ ဖွင့်ပွဲအခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး၊ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်မောင်း၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးခမ်လျန်စွမ်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဒီပဲယင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးငြိမ်းချမ်းအောင်နဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ရက်ကန်းနဲ့ အသက်မွေးပညာသင်တန်းကျောင်း (မုံရွာ) မှ နည်းပြများ၊ တိုင်းဒေသကြီးနဲ့ ခရိုင်ဦးစီးမှူးရုံးဝန်ထမ်းများ၊ ရွှေဘိုခရိုင်လက်အောက်ရှိ မြို့နယ်တာဝန်ခံများ၊ လက်လှုပ်ကျေးရွာ ရပ်မိရပ်ဖနဲ့ကျေးရွာအုပ်ချုပ်ရေးမှူး၊ သင်တန်းသူ၊ သင်တန်းသား ၁၄၂ ဦး အပါအဝင် စုစပေါင်း ၁၉၃ ဦး တက်ရောက်ခဲ့ကြပါတယ်။

ဖွင့်ပွဲအခမ်းအနားမှာ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်မောင်းက အမှာစကားပြောကြားရာမှာ အစိုးရသစ်တာဝန်ယူပြီး နိုင်ငံတော်သမ္မတရဲ့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲရလဒ်မှာ နိုင်ငံတော် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် ကဏ္ဍ ရှစ်ရပ်နဲ့ သွားမှာဖြစ်ကြောင်း၊ ၎င်းကဏ္ဍ များအနက် တတိယကဏ္ဍမှာ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ကြောင်း၊ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဦးမော့လာစေရန် အတိုးနှုန်းသက်သာတဲ့ အရင်းအနှီး မတည်ငွေများ ထုတ်ပေးခဲ့ကြောင်း၊ နှစ်နှစ်ကာလကြာပြီး နိုင်ငံတော်မူဝါဒအရ အရင်းအနှီးထုတ်ပေးခြင်းမပြုတော့ဘဲ လုပ်ငန်းနဲ့ပတ်သက်တဲ့ နည်းပညာများ ရရှိနိုင်ရေး ဆောင်ရွက်ပေးကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆင်းရဲမှုလျှော့ချရေး အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေနဲ့ ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ဖြစ်ထွန်းပေါ်ပေါက်လာအောင် ပြည်သူများ သူ့ခွန်သူ့အားနဲ့ ကိုက်ညီမှုရှိတဲ့ လုပ်ငန်းအတတ်ပညာများ ရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးအောင်၊ လုပ်ငန်းကျွမ်းကျင်လာပါက ကုန်ထုတ်စွမ်းအားတွေ တိုးတက်ထုတ်လုပ်နိုင်အောင်၊ ရက်ကန်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး နည်း ပညာပေးသင်တန်းကရရှိတဲ့ အသိပညာ၊ အတတ်ပညာများနဲ့ မိမိတို့ရဲ့ လုပ်ငန်းနယ်ပယ်မှာ လက်တွေ့အသုံးချပြီး ရက်ကန်းခတ်သူဘဝမှ ရက်ကန်းလုပ်ငန်းရှင်များဘဝသို့ ဖြစ်ကြပါစေကြောင်း ဆန္ဒပြုပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး ဒီပဲယင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌက သင်တန်းနဲ့ပတ်သက်တဲ့ အမှာစကားများ ပြောကြားခဲ့ပြီး သင်တန်းမစခင်မှာ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးခမ်လျန်စွမ်းနဲ့ တိုင်းဒေသကြီးဦးစီးမှူး ရုံးဝန်ထမ်း ၂ ဦးတို့ က စားသုံးသူ အကာအကွယ်ပေးရေး အသိပညာများကိုဟောပြောခဲ့ပါတယ်။

အဆိုပါ ရက်ကန်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကို ဇွန်လ ၂၃ ရက်နေ့အထိ ၅ ရက်ကြာဖွင့်လှစ် သင်ကြားခဲ့ကြောင်းသိရပါတယ်။

**ခင်မောင်ဆွေ-ဝက်လက်**

# မြို့ကြီးများ၏ ၂၉-၆-၂၀၁၅ မှ ၃-၇-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၉-၆-၂၀၁၅) | အင်္ဂါ(၃၀-၆-၂၀၁၅) | ဗုဒ္ဓဟူး(၁-၇-၂၀၁၅) | ကြာသပတေး(၂-၇-၂၀၁၅) | သောကြာ(၃-၇-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၂၉C/၈၅°F | ၇၀% ၃၀°C/၈၆ F | ၆၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၂°C/၈၉°F |
| ရန်ကုန်မြို့ | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F |
| မန္တလေးမြို့ | ၄၀% ၃၄°C/၉၄°F | တိမ်အသင့်အတင့် ၃၆°C/၉၇°F | တိမ်အသင့်အတင့် ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F | တိမ်အသင့်အတင့် ၃၇°C/၉၉°F |
| မြစ်ကြီးနား | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F |
| လားရှိုး | ၄၀% ၂၈°C/၈၂°F | ၄၀% ၂၈°C/၈၃°F | ၄၀% ၂၈°C/၈၃°F | ၄၀% ၂၉°C/၈၄°F | ၅၀% ၂၉°C/၈၅°F |
| ကျိုင်းတုံ | ၄၀% ၃၁°C/၈၈°F | ၄၀% ၃၁°C/၈၇°F | ၄၀% ၃၁°C/၈၈°F | ၄၀% ၃၂°C/၉၀°F | ၃၀% ၃၃°C/၉၂°F |
| လွိုင်ကော် | ၆၀% ၂၇°C/၈၁°F | ၆၀% ၂၈°C/၈၂°F | ၄၀% ၂၈°C/၈၃°F | ၄၀% ၂၈°C/၈၃°F | ၄၀% ၂၉°C/၈၄°F |
| တောင်ကြီး | ၆၀% ၂၄°C/၇၅°F | ၅၀% ၂၅°C/၇၇°F | ၅၀% ၂၅°C/၇၇°F | ၅၀% ၂၆°C/၇၈°F | ၅၀% ၂၆°C/၇၈°F |
| မော်လမြိုင် | ၉၀% ၂၈°C/၈၂°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၆၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F |
| ဘားအံ | ၉၀% ၂၈°C/၈၂°F | ၈၀% ၂၉°C/၈၄ F | ၈၀% ၂၉°C/၈၄ F | ၆၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၅°F |
| တောင်ငူ | ၈၀% ၂၈°C/၈၃°F | ၈၀% ၃၀°C/၈၆°F | ၆၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၈°F |
| မုံရွာ | တိမ်ထူထပ် ၃၃°C/၉၂°F | တိမ်အသင့်အတင့် ၃၆°C/၉၆°F | တိမ်အသင့်အတင့် ၃၆°C/၉၇°F | တိမ်အသင့်တင့် ၃၇°C/၉၈°F | တိမ်အသင့်အတင့် ၃၇°C/၉၉°F |
| ပုသိမ် | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F |
| မြိတ် | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၆၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၄°F |
| စစ်တွေ | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F |
| မကွေး | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F |
| ဖလမ်း | ၇၀% ၂၃°C/၇၃°F | ၇၀% ၂၄°C/၇၅°F | ၈၀% ၂၄°C/၇၆°F | ၆၀% ၂၅°C/၇၇°F | ၆၀% ၂၅°C/၇၇°F |

# အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားကာ လူပေါင်း ၇၀ ကျော်သေဆုံး

အိန္ဒိယနိုင်ငံ၊ အနောက်ပိုင်းပြည်နယ်တစ်ခုဖြစ်သည့် ဂူဂျာရတ်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ရာ လူပေါင်း ၇၀ ကျော်သေဆုံးခဲ့ရကြောင်း တိုင်းမ်အော့ဖ်အိန္ဒိယသတင်းတွင် ဖော်ပြထား သည်။

မိုးရွာသွန်းမှုများကြောင့် ရေလွှမ်းမိုးမှုဖြစ်ပွားသည့်ဧရိယာမှာ တဖြည်းဖြည်း တိုးလာသဖြင့် ရေဘေးဒုက္ခသည်များ ပိုမိုများပြားလာနိုင်ကြောင်း၊ ယခု လောလောဆယ်တွင် ရေနစ်မြုပ်နေသည့် ကျေးရွာများမှ လူပေါင်း တစ်သောင်းကျော်ကို ရေလွတ်ရာနေရာများသို့ ရွှေ့ပြောင်းပေးလျက်ရှိကြောင်း၊ အိန္ဒိယလေတပ်မတော်မှ ရေကြီးနစ်မြုပ်သည့် ဒေသများသို့ သွားရောက်၍ ရဟတ်ယာဉ်များဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း အဆိုပါသတင်းတွင်ဖော်ပြထားသည်။

ရေလွှမ်းမိုးမှု အဆိုးရွားဆုံး ဖြစ်ပွားသည့်ဒေသမှာကမ်းခြေဒေသတစ်ခုဖြစ်သည့် Amreli ပြည်နယ်ပင်ဖြစ်ကြောင်း၊ အဆိုပါဒေသမှကျေးရွာပေါင်း ၆၀၀ ကျော်မှာ ရေလွှမ်းမိုးမှုဒဏ်ကို အဆိုးရွားဆုံးခံစားရသည့် ဒေသများပင်ဖြစ်ကြောင်း၊ နှစ်ပေါင်း ၉၀ အတွင်း အဆိုးရွားဆုံးရေလွှမ်းမိုးမှုပင်ဖြစ်ကြောင်း အဆိုပါသတင်းတွင်ဖော်ပြထားသည်။

ရေလွှမ်းမိုးမှုကြောင့် ဂူဂျာရတ် ပြည်နယ်ရှိ သီးနှံစိုက်ခင်းများမှာ လုံးဝပျက်စီးခဲ့ရပြီဖြစ်ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများက ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း၊ ဂူဂျာရတ်ပြည်နယ် ကျန်းမာရေးဝန်ကြီး နီတင်ပက်တဲလ်က ပြောကြားခဲ့သည်။

ထို့ပြင် ယင်းဒေသ၏ အဓိကမြစ်ကြီးနှစ်သွယ်ဖြစ်သည့် ဂျဟီလင်မြစ်၏ မြစ်ရေမြင့်တက်မှုသည် စိုးရိမ်ရေမှတ်အထက်သို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရေလွှမ်းမိုးမှုများ ပိုမိုဖြစ်ပွားလာနိုင်ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ထုတ်ဖော်ပြောကြားခဲ့သည်။





# ပါကစ္စတန်နိုင်ငံ ဆင်းပြည်နယ်တွင် အပူချိန် မြင့်တက်မှုကြောင့် ခြောက်ရက်အတွင်း လူတစ်ထောင်ကျော်သေဆုံး

ပါကစ္စတန်နိုင်ငံ၊ တောင်ပိုင်းပြည်နယ်တစ်ခုဖြစ်သည့် ဆင်းပြည်နယ်တွင် အပူချိန်မြင့်တက်လာမှုကြောင့် ခြောက်ရက်အတွင်းလူပေါင်း ၁၀၅၀ ဦးသေဆုံးခဲ့ရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

သေဆုံးသူများသည် ရေဓာတ်ခန်းခြောက်ခြင်း၊ အပူရှပ်ခြင်းတို့ကြောင့်ဖြစ်ပေါ်သည့် ဦးနှောက်သွေးကြောပြတ်ခြင်း၊ လေဖြတ်ခြင်းစသည့် ရောဂါများဖြစ်ပွားကာ သေဆုံးခဲ့ကြခြင်းဖြစ်သည်ဟုဆိုသည်။

အဆိုပါသေဆုံးသည့် လူပေါင်း ၁၀၁၇ ဦးအနက် ၉၅၅ ဦးမှာကရာချိမြို့တောင်ပိုင်းရှိ ဆေးရုံအသီးသီးတွင် သေဆုံးခဲ့ကြခြင်းဖြစ်ကြောင်း၊ အပူချိန်မြင့်တက်လျက်ရှိသည့် ဆင်းပြည်နယ်တွင် ပြည်သူ သန်း ၂၀ကျော်နေထိုင်လျက်ရှိပြီး ဒေသခံပြည်သူများသည် အပူချိန်လွန်ကဲစွာ မြင့်တက်မှုဒဏ်ကို ခံစားနေကြရကြောင်းဖြင့် အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ကရာချိမြို့ရှိ အကြီးဆုံးဆေးရုံကြီးတစ်ရုံဖြစ်သည့် ဂျင်နက်ဆေးကုသရေးစင်တာတွင် အပူချိန်မြင့်တက်မှုကြောင့် ပြီးခဲ့သည့်ဇွန်လ ၂၀ရက်နေ့မှ ဇွန် ၂၅ ရက်အထိ လူပေါင်း ၂၁၂ ဦး သေဆုံးခဲ့ကြောင်း၊ ယင်းဆေးရုံ၏ အရေးကြီးလူနာကုသခန်းတွင်လည်း လူနာပေါင်း တစ်ထောင်ကျော်မှာ အဆိုပါ အပူချိန်မြင့်တက်သည့် ဒဏ်ကြောင့် ရောက်ရှိလာသည့် လူနာများပင်ဖြစ်ကြောင်း၊ အဆိုပါ လူနာများသည်လည်း သေမင်းနှင့်ရင်ဆိုင်နေကြရကြောင်းဖြင့် ဂျင်နက်ဆေး ကုသရေးစင်တာမှ အကြီးအကဲတစ်ဦးကပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဇွန် ၁၉ရက်မှစ၍ အပူချိန်များမြင့်တက်လျက်ရှိရာ ကရာချိမြို့တွင် အပူချိန်သည် ၁၁၂ ဒသမ ၆၄ ဒီဂရီဖာရင်ဟိုက် (၄၄ ဒသမ ၈ ဆဲလ်ဆီးယပ်စ်)အထိရှိလာကြောင်း၊ မုတ်သုံရာသီကိုရောက်ရှိလာပြီဖြစ်သော်လည်း အပူလှိုင်းဖြတ်သန်းမှုကြောင့် နေ့အပူချိန်များ မြင့်တက်နေရခြင်းဖြစ်ကြောင်း ကရာချိဒေသခံတစ်ဦးက ပြောကြားခဲ့သည်။

ထို့ပြင် အပူချိန်မြင့်တက်မှုကြောင့် လျှပ်စစ်ဓာတ်အားမလုံလောက်သည့် ပြဿနာနှင့်လည်း ရင်ဆိုင်နေကြရသည်။ သေဆုံးသူတို့၏ ရုပ်အလောင်းများကို ထားရှိရာ ရေခဲတိုက်အတွင်းတွင်ပင် အအေးဓာတ်ကို ကောင်းစွာပေးထားနိုင်ခြင်းမရှိသည့်အတွက် လူသေများ၏ အပုပ်နံ့များထွက်ပေါ်နေကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

Domestic Sport News
Vol: 15, No.24 Monday June 29 2015

## ရန်ကုန်ယူနိုက်တက်အသင်း၏နည်းပြဟောင်း အဲရစ်ဝီလျံကို ယူ-၁၆ အသင်း၏ နည်းပြချုပ်အဖြစ် ခန့်အပ်ရန် စီစဉ်




၂၀၁၆ အာရှ ယူ-၁၆ချန်ပီယံရှစ် ခြေစစ်ပွဲနှင့် အာဆီယံ ယူ-၁၆ချန်ပီယံရှစ် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်ယူ-၁၆အသင်းအတွက် နည်းပြချုပ်အဖြစ် အဲရစ်ဝီလျံကို တာဝန်ပေးခန့်အပ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဩစတြေးလျလူမျိုးတစ်ဦးဖြစ်သည့် အဲရစ်ဝီလျံသည် မြန်မာနေရှင်နယ်လိဂ်ကလပ် အသင်းတစ်သင်းဖြစ်သည့် ရန်ကုန်ယူနိုက်တက်အသင်းကို ၂၀၁၁ ခုနှစ်တွင် ရောက်ရှိလာခဲ့ပြီး ၂၀၁၁၊ ၂၀၁၂ ဘောလုံးရာသီတို့တွင် အသင်းအား လိဂ်ဖလားရယူပေးခဲ့ပြီး အသင်းနှင့် လမ်းခွဲခဲ့သူဖြစ်သည်။ ထို့နောက် ၂၀၁၄ ဘောလုံးရာသီတွင် ရန်ကုန်ယူနိုက်တက်အသင်းသို့ တစ်ကျော့ပြန်ရောက်ရှိလာခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့သဖြင့် အသင်းနှင့်ထပ်မံလမ်းခွဲခဲ့သည်။

"အဲရစ်ဝီလျံကို ယူ-၁၆အသင်းကို တာဝန်ပေးဖို့ရန်ကုန်အသင်းကတစ်ဆင့် ဆက်သွယ်ခိုင်းထားပါတယ်။ ဒီယူ-၁၆ အသင်းလေးက အကယ်ဒမီကထွက်လာတဲ့ကလေးအများစု ပါတဲ့အတွက် ကောင်းပါတယ်။ အဲရစ်ကလည်းနည်းပြကောင်းတစ်ယောက်ဆိုတော့ ချိတ်ကြည့်တာပါ။ဒီအရွယ်ကတည်းက ကလေးတွေကိုပံ့ပိုးထားမှ နောင်မှာ ဒီထက်ပိုကောင်းလာနိုင်မှာပါ။ ယူ-၁၈အသင်းကိုတော့ဖရိုင်းဒရစ်ကပဲ ကိုင်တွယ်သွားမှာပါ"ဟုမြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးဇော်ဇော်က ပြောကြားခဲ့သည်။

မြန်မာ့လက်ရွေးစင်ယူ-၁၆အသင်းကို လက်ရှိတွင် မန္တလေးအကယ်ဒမီမှ ကစားသမားများဖြင့် ဖွဲ့စည်းထားပြီး နည်းပြချုပ်အဖြစ် ဦးသန်းလွင်က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

မြန်မာယူ-၁၆ အသင်းသည် ၂၀၁၅ အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲတွင် အိမ်ရှင်အင်ဒိုနီးရှား၊ ဩစတြေးလျ၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ကမ္ဘောဒီးယားအသင်းတို့နှင့် အုပ်စု(ခ)တွင် တစ်အုပ်စုတည်းကျရောက်လျက်ရှိပြီး ဇူလိုင်လ ၂၇ ရက် နေ့မှ ဩဂုတ်၉ရက်အထိယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

၂၀၁၆အာရှယူ-၁၆ခြေစစ်ပွဲတွင် အိမ်ရှင် ဩစတြေးလျ၊ ဗီယက်နမ်၊ ဂူအမ်အသင်းတို့နှင့် အုပ်စု(ဆ)တွင် ကျရောက်နေပြီး လာမည့်စက်တင်ဘာ ၂၆ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

## မြန်မာ့လက်ရွေးစင်အသင်းကို အသစ်ပြန်လည်ဖွဲ့စည်းမည် နယူးဇီလန်၊ ယူအေအီးလက်ရွေးစင်အသင်းတို့နှင့် ခြေစမ်းကစားရန် စီစဉ်



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၈ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲခြေစစ်ပွဲနှင့် ၂၀၁၉ အာရှဖလားခြေစစ်ပွဲများ ယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းကို ဩဂုတ်လအတွင်း အသစ် ပြန်လည်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိစုဖွဲ့ထားသည့် မြန်မာ့လက်ရွေးစင်အသင်းကို ခွင့်ပေးထားပြီး ကစားသမားအများစုကို အပြောင်းအလဲပြုလုပ်မည်ဖြစ်ပြီး ယူ-၂၀ နှင့်ယူ-၂၃ အသင်းတို့မှ အဓိက ကစားသမားများ ပါဝင်လာနိုင်ဖွယ်ရှိကြောင်းနှင့် ပြည်ပတွင် သွားရောက်လေ့ကျင့်ရင်း ခြေစမ်းပွဲများကိုလည်း ကစားမည်ဖြစ်ကြောင်း လက်ရွေးစင်အသင်းကြီး၏ အတွင်းရေးမှူး ဦးထွန်းထွန်းအောင်က ပြောကြားခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ၏ တတိယပွဲစဉ်အဖြစ် စက်တင်ဘာလ ၃ရက်နေ့တွင် ကူဝိတ်အသင်း၊ အောက်တိုဘာလ ၈ ရက်နေ့တွင် လက်ဘနွန်၊ အောက်တိုဘာလ ၁၃ရက်နေ့တွင် လာအို၊ နိုဝင်ဘာလ ၁၂ရက်နေ့တွင် တောင်ကိုရီးယား၊ နိုဝင်ဘာလ ၁၇ရက်နေ့တွင် ကူဝိတ်၊ ၂၀၁၆ခုနှစ် မတ်လ ၉ရက်နေ့တွင် လက်ဘနွန်အသင်းတို့နှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မြန်မာ့လက်ရွေးစင်အသင်းသည် နယူးဇီလန်လက်ရွေးစင်အသင်း၊ ယူအေအီးလက်ရွေးစင်အသင်းတို့နှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် နယူးဇီလန်၊ ယူအေအီးဘောလုံးအဖွဲ့ချုပ်များသို့ ပြီးခဲ့သည့်ရက်အတွင်းက ဆက်သွယ်ကမ်းလှမ်းခဲ့ခြင်းဖြစ်ပြီး အဆိုပါအသင်းများကလည်း ခြေစမ်းကစားရန် သဘောတူပါကြောင်း ပြန်လည်အကြောင်းပြန်ခဲ့သည်။

မြန်မာအသင်းသည် ကမ္ဘာ့အဆင့် ၇၃ရှိသော ယူအေအီးအသင်းနှင့် ဩဂုတ် ၂၈ရက်တွင် ယူအေအီးနိုင်ငံ၌ ခြေစမ်းပွဲသွားရောက်ကစားမည်ဖြစ်သည်။ နယူးဇီလန်အသင်းနှင့် ခြေစမ်းပွဲကိုမူ ရန်ကုန်မြို့တွင် စက်တင်ဘာလ ၇ ရက်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နယူးဇီလန်အသင်းသည် လက်ရှိတွင် ကမ္ဘာ့အဆင့် ၁၃၈နေရာတွင်ရပ်တည်နေပြီး အင်္ဂလန်ပရီးမီးယားလိဂ်၊ ပြင်သစ်လီဂူးစသည့်လိဂ်များတွင် ဝင်ရောက်ကစားလျက်ရှိသည့် ကစားသမားအများစုဖြင့် ဖွဲ့စည်းထားသည့် အသင်း ဖြစ်သည်။

## ဂျာမန်နည်းပြ ဂတ်ဖရိုင်းဒရစ် တာဝန်ယူမည့်အသင်းကို ယခုလအတွင်း ထုတ်ပြန်ကြေညာမည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဂျာမန်နည်းပြ ဂတ်ဖရိုင်းဒရစ်တာဝန်ယူမည့်အသင်းကို ယခုလအတွင်း ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ဂျာမန်နည်းပြ ဂတ်ဖရိုင်းဒရစ်ကိုယ်တိုင်ကလည်း မြန်မာ ယူ-၁၈အသင်းကို ကိုင်တွယ်ခွင့်ရရှိရန်တောင်းဆိုထားပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကလည်း ၎င်း၏တောင်းဆိုမှုကို လိုက်လျောပေးရန် စဉ်းစားလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ ဒီရက်ပိုင်းအတွင်းမှာ နည်းစနစ်ကော်မတီက အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်သွားမှာပါ။ သူနဲ့လည်း ညှိနှိုင်းမှုတွေထပ်မံပြုလုပ် သွားမှာပါ"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဂတ်ဖရိုင်းဒရစ်သည် မြန်မာ ယူ- ၁၉အသင်းအား ယူ-၂၀ကမ္ဘာ့ဖလားပြိုင် ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် နည်းပြတစ်ဦးဖြစ်ပြီး မြန်မာပရိသတ်များ၏ အားပေးမှုကို ရရှိထားသည့် နည်းပြတစ်ဦးလည်းဖြစ်သည်။ လက်ရှိတွင်မြန်မာယူ-၁၈အသင်းအား မြန်မာနည်းပြ ဦးသန်းထိုက်က တာဝန်ယူလျက်ရှိကြောင်း သိရသည်။

## မြန်မာယူ-၂၃အသင်း၏ နောက်ခံကစားသမား ဝင်းဇင်ဦး နှစ်လခန့် အနားယူရမည်



မြန်မာယူ-၂၃အသင်း၏လက်ရွေးစင် နောက်ခံကစားသမား ဝင်းဇင်ဦးသည် စင်ကာပူတွင်ကျင်းပသည့်ဆီးဂိမ်းပြိုင်ပွဲတွင် ရရှိခဲ့သည့်ဒဏ်ရာကြောင့် နှစ်လခန့် အနားယူရမည်ဖြစ်ကြောင်း သိရသည်။

ဝင်းဇင်ဦးသည် မြန်မာအသင်း၏ အုပ်စုပွဲစဉ်တစ်ပွဲဖြစ်သည့် အိမ်ရှင်စင်ကာပူအသင်းနှင့်ပွဲစဉ်တွင် စင်ကာပူအသင်း၏တိုက်စစ်ဆင်မှုကို ကာကွယ်ဖျက်ထုတ်ရင်း ခြေသလုံးရိုးကျိုးသွားခဲ့ခြင်းဖြစ်သည်။

၎င်းရရှိခဲ့သည့်ဒဏ်ရာသည် ယခုအချိန်အထိပြန်လည်သက်သာလာခြင်းမရှိသေးသဖြင့် နောက်ထပ်နှစ်လခန့် အနားယူရဦးမည်ဖြစ်သည်။

"သူ့ဒဏ်ရာက အချိန်တော်တော်ကြာကြာနားရမယ်ထင်ပါတယ်။ ဇူလိုင်လလောက်အထိတော့ ဇေယျာရွှေမြေအသင်းမှာ ပါဝင်ကစားနိုင်ဦးမှာမဟုတ်ပါဘူး"ဟု ဇေယျာရွှေမြေအသင်းမှတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ဝင်းဇင်ဦး၏ကာကွယ်ဖျက်ထုတ်မှုများကြောင့် စင်ကာပူအသင်းအား ဂိုးများမပေးခဲ့ရဘဲ အိမ်ရှင်စင်ကာပူအသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

## မြန်မာ့လက်ရွေးစင်အသင်း၏ နည်းပြချုပ် အေဗရာမိုဗစ်ချ်အား သက်တမ်းတိုးစာချုပ် ချုပ်ဆိုမည်



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်း၏ နည်းပြချုပ် အေဗရာမိုဗစ်ချ်အား သက်တမ်းတိုးစာချုပ် ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါသက်တမ်းတိုးစာချုပ်ကို ရက်ပိုင်းအတွင်း ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

အေဗရာမိုဗစ်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့၏ စာချုပ်သည် ယခုဇွန်လကုန်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ရာ ယခုနှစ်အတွင်း ထပ်မံသက်တမ်းတိုးခြင်းဖြစ်ကြောင်း သိရသည်။

"သူ့လက်ထက်မှာမြန်မာ့လက်ရွေးအသင်းအနေနဲ့ ကြီးကြီးမားမားအောင်မြင်မှုမရရှိသေးပါဘူး။ ဒါပေမယ့် ရေရှည်အတွက် ရည်ရွယ်ပြီး ခုလိုသက်တမ်းတိုးဖို့ စီစဉ်တာပါ။ သူနဲ့လည်း အကြမ်းမျဉ်းအားဖြင့် သဘောတူထားပြီးပါပြီ"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် အေဗရာမိုဗစ်အား တစ်နှစ်ခွဲသက်တမ်းရှိစာချုပ်ကို ထပ်မံချုပ်ဆိုသွားမည်ဖြစ်ပြီး ယင်းစာချုပ်အရ ၎င်းသည် ၂၀၁၆ ခုနှစ်ဆူဇူကီးဖလားပြိုင်ပွဲအထိ တာဝန်ယူသွားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အေဗရာမိုဗစ် လက်ထက်တွင်ကမ္ဘာ့ဖလားခြေစစ်ပွဲအာရှဇုန်အုပ်စုတွင် နှစ်ပွဲကစားခဲ့ရာ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ကိုသာ ရရှိထားခဲ့သည်။

## ရီးရဲလ်မက်ဒရစ်နောက်ခံလူ ရာမိုစ့်ကို ပေါင်သန်း ၃၀ ဖြင့် မန်ယူအသင်း ကမ်းလှမ်း



မန်ချက်စတာယူနိုက်တက်အသင်းသည် ရီးရဲလ်မက်ဒရစ်နောက်ခံလူရာမို့စ်ကို ပေါင်သန်း ၃၀ဖြင့် ကမ်းလှမ်းလိုက်ကြောင်း သိရသည်။ ရာမို့စ်အနေဖြင့်လည်း ရီးရဲလ်ကစားသမားဘဝကို အဆုံးသတ်ရန် ဆန္ဒရှိနေပြီး မန်ယူအသင်း၏ ကမ်းလှမ်းမှုကို လက်ခံရန်ရီးရဲလ်အသင်းမှ တာဝန်ရှိသူများကို ပြောကြားခဲ့သည်။

မန်ယူအသင်းသည် ရာမို့စ်ကိုခေါ်ယူနိုင်ရေးအတွက် ၎င်းနှင့်အကြိမ်ကြိမ်ဆွေးနွေးထားပြီးဖြစ်သည်။ ရာမို့စ်နှင့် ရီးရဲလ်အသင်းတို့ မကျေလည်မှုကို အခွင့်ကောင်းယူကာ မန်ယူအသင်းကခေါ်ယူရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၉ နှစ်အရွယ်ရှိ နောက်ခံကစားသမား ရာမို့စ်၏အပြောင်းအရွှေ့သည် မန်ယူဂိုးသမား ဒီဂီအာ၏ အပြောင်းအရွှေ့နှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ရီးရဲလ်မက်ဒရစ်အသင်းသည် မန်ယူအသင်း၏ဂိုးသမား ဒီဂီအာကို အလိုရှိနေသလို ဒီဂီအာကလည်း ရီးရဲလ်သို့ ပြောင်းချင်နေကြောင်း သိရသည်။


သို့သော်လည်း ရာမို့စ်၏ အပြောင်းအရွှေ့သည် ဒီဂီအာ၏ အပြောင်းအရွှေ့နှင့် တစ်စိတ်တစ်ပိုင်းမျှ ပတ်သက်နေနိုင်ကြောင်း သတင်းများထွက်ပေါ်လျက်ရှိသော်လည်း မန်ယူအသင်းကမူ အဆိုပါသတင်းနှင့်ပတ်သက်၍ ပြောကြားရန် ငြင်းဆန်ခဲ့သည်။

## မန်စီတီးအသင်း၏အီတီဟတ်ကွင်း တောင်ဘက်တန်းအား တိုးချဲ့ပြင်ဆင်လျက်ရှိရာ လာမည့် ရာသီအစတွင် ပရိသတ် ၆၀၀၀ ပို၍ ဝင်ဆံ့မည်ဟုဆို

မန်ချက်စတာစီတီး အသင်း၏ အိမ်ကွင်းဖြစ်သည့် အီတီဟတ်ကွင်း၏ တောင်ဘက်တန်းရှိ ပွဲကြည့်စင်ကို တိုးချဲ့ပြင်ဆင်လျက်ရှိရာ လာမည့် ပရီးမီးယားလိဂ် ဘောလုံးရာသီတွင် ပရိသတ် ၆၀၀၀ ပိုမို ဝင်ဆံ့မည်ဖြစ်ကြောင်း မန်စီတီးအသင်းမှ တာဝန်ရှိသူများက ပြောကြားလိုက်သည်။

ပရီးမီးယားလိဂ်ပွဲစဉ်များ စတင်ရန် ရက်ပေါင်း ၄၅ရက်သာလိုတော့သော်လည်း အချိန်မီပြီးစီးနိုင်ရေးအတွက် လုပ်ဆောင်လျက်ရှိသည်ဟုဆိုသည်။

သို့သော်၂၀၁၅-၁၆ဘောလုံးရာသီအစတွင် မန်စီတီးအသင်းသည် ပထမပတ်တွင် ဝက်စ်ဘရွန်းဝစ်ချ်၏အိမ်ကွင်းတွင် သွားရောက်ကစားရမည်ဖြစ်ရာ ကွင်းပြင်ဆင်ရန် အချိန်တစ်ပတ်ခန့်ပိုမိုရရှိသဖြင့် အိမ်ကွင်းတွင် ဧည့်ခံကစားသည့်အချိန်တွင် ကွင်းပြင်ဆင်မှုများမှာ အပြီးသတ်နေပြီဖြစ်သည်။



မန်စီတီးအသင်း၏အိမ်ကွင်းဖြစ်သည့် အီတီဟတ်ကွင်းသည် မူလက ပရိသတ် ၅၅၀၀၀ သာ ဆံ့သည့်ကွင်းတစ်ကွင်းဖြစ်ရာ ယခုအခါတွင် နောက်ထပ် ပရိသတ် ၆၀၀၀ ပိုမိုဝင်ဆံ့အောင် တိုးချဲ့လိုက်သဖြင့် စုစုပေါင်း ပရိသတ် ၆၁၀၀၀ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

မန်စီတီးအသင်းသည် လာမည့် ရာသီ၏ ဒုတိယပတ်တွင် လက်ရှိ ချန်ပီယံချဲလ်ဆီးအသင်းကို ဧည့်ခံကစားရမည်ဖြစ်ရာ ချဲလ်ဆီးအသင်းအနေဖြင့် အိမ်ရှင်ပရိသတ်၏ ဖိအားပေးမှုကို ခံစားရမည်ဖြစ်ကြောင်း ဒေးလီးမေးလ် သတင်းတွင် ဖော်ပြထားသည်။

အဆိုပါကွင်း ပြန်လည်ပြုပြင်တိုးချဲ့သည့် လုပ်ငန်းများသည် လာမည့် ဩဂုတ် ၁၅ရက်တွင် အဆုံးသတ်မည်ဖြစ်သည်။ ၂၀၁၅-၁၆ပရီးမီးယားလိဂ် ဘောလုံးပွဲများကို ဩဂုတ်လ ၈ရက်တွင် စတင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

တိုးချဲ့လိုက်သည့်နေရာတွင် မန်စီတီးအသင်း၏ အိမ်ကွင်းပရိသတ်များသာ ကြည့်ရှုခွင့်ရရှိမည်ဖြစ်သည်။

မန်စီတီးအသင်းသည် အိမ်ကွင်းကို ယခုကဲ့သို့ တိုးချဲ့လိုက်သည့်အတွက် အင်္ဂလိပ်ဘောလုံး လောကတွင် တတိယ အကြီးဆုံးသောဘောလုံးကွင်းတစ်ကွင်းဖြစ်လာခဲ့ကြောင်း သိရသည်။

အင်္ဂလိပ် ဘောလုံးလောကတွင် ဝင်ဘာလေ ဘောလုံးကွင်းသည် ပရိသတ် ကိုးသောင်းဆံ့သည့် အကြီးဆုံးသော ဘောလုံးကွင်းတစ်ကွင်းဖြစ်ပြီး မန်ချက်စတာယူနိုက်တက်အသင်း၏ အိုးလ်ထရက်ဖို့ကွင်းသည် ပရိသတ် ၇၅၆၃၅ ဦးဆံ့သည့် ဒုတိယအကြီးဆုံးကွင်းဖြစ်သည်။ အာဆင်နယ်အသင်း၏ အိမ်ကွင်းဖြစ်သည့် အီးမရိတ်ကွင်းသည် ပရိသတ် ၆၀၂၇၂ ဦးဆံ့သည့်ကွင်းဖြစ်ပြီးယခင်က တတိယ အကြီးဆုံးကွင်းဖြစ်သော်လည်း ယခုအခါတွင် မန်စီတီးအသင်း၏အီတီဟတ်ကွင်းက ပရိသတ် ၆၁၀၀၀ ဖြင့် တတိယအကြီးဆုံး ဖြစ်သွားခဲ့သည်။

## အသက်အငယ်ဆုံးချန်ပီယံအဖြစ် စပိုက် စံချိန်တင် မာစတာနှင့်ယူအက်စ်ချန်ပီယံဆုကို ဆက်တိုက်ရယူခဲ့



အသက် ၂၁နှစ်သာရှိသေးသော အမေရိကန် ဂေါက်သီးသမားလေး ဂျော်ဒန်စပိုက်သည် ၁၉၂၃နောက်ပိုင်း နှစ်ပေါင်း ၉၀ ကျော်အတွင်း အသက်အငယ်ဆုံး ယူအက်စ်အိုးပင်းချန်ပီယံအဖြစ် စံချိန်တင်ခဲ့သည်။

စပိုက်သည် ဇွန်လ ၁၈ ရက်နေ့မှ ၂၁ရက်နေ့အထိ ကျင်းပခဲ့သော ၁၁၅ ကြိမ်မြောက် ယူအက်စ်အိုးပင်းပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၇၅(-၅)ချက်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

စပိုက်သည် နောက်ဆုံးနေ့ ပွဲစဉ်များတွင် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရပြီး ချန်ပီယံဆုအတွက် ၇ဦးခန့်အားပြိုင်ခဲ့ရသည်။ ဒုတိယနေ့ ပွဲစဉ်ပြီးကတည်းက ထိပ်ဆုံးနေရာ၌ ပူးတွဲရပ်တည်ခဲ့သော စပိုက်သည် နောက်ဆုံးနေ့တွင် ဘာဒီလေးကြိမ်သာရခဲ့သလို တစ်ချက်ပို၍လည်းရိုက်ခဲ့သည်။

ထို့ပြင် သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်စီပိုရိုက်ခဲ့သေးသော်လည်း ပူးတွဲဒုတိယရခဲ့သည့် အမေရိကန်မှ ဒက်စတင် ဂျွန်ဆင်နှင့်တောင်အာဖရိကမှ အော့တူ ဇန်တို့ကို တစ်ချက်အသာဖြင့် ဗိုလ်စွဲ နိုင်ခဲ့သည်။

နောက်ဆုံး ကျင်းအမှတ်၁၈တွင် ဘာဒီရခဲ့လျှင် ဂျွန်ဆင်သည်ပလေးအော့ဖ်ကစားခွင့်ရမည်ဖြစ်သော်လည်း လွဲချော်ခဲ့သဖြင့် ချန်ပီယံအိပ်မက်ပြက်ပျယ်ခဲ့ရသည်။ ကမ္ဘာ့အဆင့်တစ် မက်အီရွိုင်းမှာ နောက်ဆုံးနေ့တွင် ၆၆ချက်ရိုက်နိုင်ခဲ့သော်လည်း ပူးတွဲအဆင့်ကိုးဖြင့်သာ ကျေနပ်ခဲ့ရသည်။

လွန်ခဲ့သည့် ဧပြီလကမှ မာစတာ ချန်ပီယံဖြစ်ခဲ့သေးသော စပိုက်မှာ မာစတာပြိုင်ပွဲ စတင်ကျင်းပသည့်၁၉၃၄ နောက်ပိုင်း အသက်၂၁နှစ်မှာပင် ဂရင်းဆလင်းဖလားနှစ်လုံး ဆွတ်ခူးနိုင်သည့် ပထမဆုံး ဂေါက်သီးသမားဖြစ်လာသလို နှစ်တစ်နှစ်၏ ပထမဆုံးဂရင်းဆလင်း ပြိုင်ပွဲနှစ်ခုဆက် ဗိုလ်စွဲနိုင်သည့် ခြောက်ယောက်မြောက်ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

နှစ်လနီးပါးအတွင်းမှာပင် ဂရင်းဆလင်းပြိုင်ပွဲနှစ်ခုဆက်ဗိုလ်စွဲခဲ့သော စပိုက်သည် ဂရင်းဆလင်း ပြိုင်ပွဲလေးခုစလုံး ဗိုလ်စွဲနိုင်သူကို ခေါ်ဆိုသည့် Career Grand Slam ဖြစ်လာရန် မျှော်လင့်ချက်ရှိလာခဲ့သည်။ ထိုသို့စွမ်းဆောင်နိုင်ခဲ့သူများမှာ တိုက်ဂါးဝုဒ်၊ ဂယ်ရီပလေယာ၊ ဂျက်နစ်ကလော့စ်၊ အာနိုးပါလ်မာနှင့် ဘင်ဟိုဂန်တို့ ငါးဦးသာ ရှိခဲ့ဖူးသည်။

ယူအက်စ်အိုးပင်း အောင်မြင်မှုကြောင့် ဂျော်ဒန်စပိုက်သည် ကမ္ဘာ့အဆင့် နှစ်နေရာတွင် ပျမ်းမျှရမှတ်၁၁ ဒသမ ၀၆သို့ တိုးမြှင့်ရပ်တည်နိုင်ခဲ့ပြီး ၁၂ ဒသမ ၇၇မှတ်ဖြင့် ထိပ်ဆုံးတွင် ဆက်ရှိနေသော မက်အီရွိုင်းကို မှီရန် နီးစပ်လာခဲ့သည်။




## ဝင်ဘယ်ဒန်ချန်ပီယံဖြစ်စဉ်ကထက် အန်ဒီမာရေးပိုကောင်းလာ

Aegon ချန်ပီယံရှစ်ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့ပြီးနောက် ဗြိတိန်တင်းနစ်သမား အင်ဒီမာရေးက ၂၀၁၃ ဝင်ဘယ်ဒန်ချန်ပီယံဖြစ်စဉ်ကထက် လက်စွမ်းပိုကောင်းလာသည်ဟု ပြောကြားခဲ့သည်။

မာရေးသည် နောက်ဆုံးဗိုလ်လုပွဲတွင် တောင်အာဖရိကတင်းနစ်သမားကီဗင်အန်ဒါဆင်ကို ၆-၃၊ ၆-၄ဖြင့် အနိုင်ရပြီး လေးကြိမ်မြောက်အဖြစ် ချန်ပီယံဖလားကို ကိုင်မြှောက်ခွင့်ရခဲ့ခြင်းဖြစ်သည်။ ဇွန်လ ၂၀ရက်နေ့တွင် ဆားဘီးယားမှထရော့စကီးနှင့် ကစားရမည့်ဆီမီးပွဲကို မိုးရွာသွန်းမှုကြောင့် ရွှေ့ဆိုင်းပြီး ဇွန်လ ၂၁ရက်နေ့တွင်မှကစားခဲ့ရသဖြင့် မာရေးသည် တစ်ရက်တည်းမှာပင် ဆီမီးနှင့်ဗိုလ်လုပွဲ နှစ်ပွဲဆက် ကစားခဲ့ရသည်။

ပြိုင်ပွဲအပြီးတွင်မာရေးကဝင်ဘယ် ဒန်ချန်ပီယံဖြစ်စဉ်ကထက် ကစားပုံ ပိုကောင်းလာပြီး ရုပ်ပိုင်းကြံ့ခိုင်မှုလည်း ပိုကောင်းလာကြောင်း၊ ယခင်က ရုန်းကန်ခဲ့ရသည့် လက်ပြန်ရိုက်ချက်များလည်း ပိုမိုတိုးတက်လာခဲ့ကြောင်း၊ သို့ရာတွင် ယခုပြိုင်ပွဲ၌ ဗိုလ်စွဲရုံဖြင့် ဝင်ဘယ်ဒန် မြက်ခင်းစိမ်းများပေါ်၌ ရလဒ်ကောင်းမည်ဟု ယုံကြည်မှုမလွန်ကဲရန်လိုကြောင်း ပြောကြားခဲ့သည်။ ယခုလ ၂၉ရက်နေ့တွင် စတင်မည့် ဝင်ဘယ်ဒန်ချန်ပီယံရှစ်တွင် အန်ဒီမာရေးသည် ကမ္ဘာ့အဆင့်တစ် ဂျိုကိုဗစ်နောက်မှ ဒုတိယရေပန်းအစားဆုံးဖြစ်နေသည်။

# တိကျစွာတိုင်းတာမှုပညာ တိုးတက် ဖွံ့ဖြိုးလာပုံ အဆင့်ဆင့်နှင့် မြန်မာနိုင်ငံ အခြေအနေ

|ဒေါက်တာသစ်သစ်လွင်|

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ ကမ္ဘာလုံးဆိုင်ရာဈေးကွက်ဖော်ဆောင်မှုတွင် ဖွံ့ဖြိုးဆဲနိုင်ငံများရင်ဆိုင်ရသည့် စိန်ခေါ်မှုမှာ စံချိန်စံညွှန်း၊ တိကျစွာတိုင်းတာမှုနည်းပညာ၊ စမ်းသပ်စစ်ဆေးခြင်းနှင့် အရည်အသွေးဆိုင်ရာ စွမ်းရည်များမရှိမှုဖြစ်ကြောင်း လေ့လာချက်များအရတွေ့ရှိရပါသည်။

အဆိုပါ အရည်အသွေးများတိုးမြှင့်ရန် အခြေခံအဆောက်အအုံဆိုင်ရာဌာန၊ အဖွဲ့အစည်းများကို အားဖြည့်ပေးရန်လိုအပ်ပါသည်။

စာရေးသူအနေဖြင့် အဆိုပါ အရည်အသွေးများတိုးတက်ရေးအတွက် အလျဉ်းသင့်သလို ရေးသားလေ့ရှိရာ ယခုဆောင်းပါးတွင် တိကျစွာတိုင်းတာမှုနည်းပညာတိုးတက်ဖွံ့ဖြိုးလာပုံနှင့် မြန်မာနိုင်ငံအခြေအနေကို ရေးသားလိုပါသည်။

လူသားတို့သည် မိမိတို့၏ အိမ်နီးချင်းနိုင်ငံများနှင့် ကုန်စည်ခြင်းဖလှယ်သည့်ကုန်သွယ်မှုစတင်ချိန်ကတည်းက တိုင်းတာမှုကို စတင်ပြုလုပ်ခဲ့ကြပါသည်။ ယင်းတို့အနက် အလျားနှင့်ဒြပ်ထုသည် လူသားတို့ဦးစွာအသုံးပြုသည့် တိုင်းတာမှုအမျိုးအစား ဖြစ်ပါသည်။ သမိုင်းဝင်အထောက်အထားများအရ ဘီစီ ၈၀၀၀ နှင့် ၇၀၀၀ ကြားက အီဂျစ်နိုင်ငံတွင် ဒြပ်ထုတိုင်းတာရန် "ဘီဂါ" ဟူသည့် ယူနစ်ကို အသုံးပြုကြောင်းတွေ့ခဲ့ရပါသည်။

အလားတူ "ကာရက်"သည်လည်း အာရပ်နိုင်ငံများတွင် အသုံးပြုသည့် "ကွီရက်"ဟူသည့် ယူနစ်မှ ပြောင်းလဲသည်ဟု ယူဆရပါသည်။

ဘီစီ ၂၂၁ တွင် ဧကရာဇ် "ဇီ"သည် အလေးနှင့် အတိုင်းအတာများကို တစ်သမတ်တည်းသတ်မှတ်၍ တရုတ်အက္ခရာဖြင့် ရေးထိုးသုံး စွဲစေခဲ့ပါသည်။

ရှေးဦးအလျားတိုင်းတာမှုသည် ဖာရိုဘုရင်တို့ခန္ဓာကိုယ်အစိတ်အပိုင်းကို အခြေခံပါသည်။ အီဂျစ်နိုင်ငံတွင် ဘီစီ ၂၈၀၀ နှင့် ၂၃၀၀ ကြားက သိရှိကြသည့် "ကုဘစ်"ဟူသည့် ယူနစ်သည် လက်တင်ဘာသာဖြင့် "တံတောင်ဆစ်" ဟူသည့် စကားရပ်မှ ဆင်းသက်လာရာ "ကုဘစ်"သည် တံတောင်ဆစ်မှ လက်ခလယ်ဆန့်တန်းထားသည့် ထိပ်အထိအကွာအဝေးဖြစ်သည်။ တစ်နည်းအားဖြင့် "တစ်တောင်" ဟုဆိုလိုပါသည်။ နောက်ပိုင်းတွင် "တော်ဝင်ပင်မကုဘစ်" အတိုင်းအတာကို မာဘယ်ကျောက်တုံးနက်ဖြင့် စံသတ်မှတ်ထားပြီး (အလျား ၅၂ စင်တီမီတာခန့်) ရှည်လျားပါသည်။ ယင်းကုဘစ်စံကို အစိတ်ပေါင်း ၂၈ စိတ်ခွဲခြားထားပြီး (တစ်စိတ်သည် လက်ချောင်းတစ်ချောင်း၏ အကျယ်ခန့်) ရှိပါသည်။

နောက်ပိုင်းတွင် အင်္ဂလို-ဆက္ကဆန်စနစ်ကို အခြေခံပြီး အလျားတိုင်းတာမှုပြုလုပ်ခဲ့ပါသည်။ ယင်းမှာ အဓိကအားဖြင့် ဘာလီစေ့ အလျား၊ လက်မအကျယ်တို့ကို အခြေခံပြီး တိုင်းတာခဲ့ပါသည်။ တစ်နည်းအားဖြင့် တစ်လက်မကို ဘာလီစေ့ ၃ စေ့ ဆက်ထားသည့် အလျားနှင့် တူညီသည်ဟု သတ်မှတ်တိုင်းတာခဲ့ပါသည်။ ရှည်လျားသော အတိုင်းအတာများအတွက် "ဂတ်"ဟူသည့် အတိုင်းအတာကို အသုံးပြုခဲ့ပါသည်။ ယင်းယူနစ်မှာ သဘာဝခြေထောက်နှင့် တိုင်းတာပါက ခြေဖဝါးပေါင်း ၂၀ ဆက်စပ်တိုင်းသည်နှင့် တူညီပါသည်။ နော်မန်တို့ အင်္ဂလန်ကိုမသိမ်းပိုက်မီက ထုထည်တိုင်းတာမှုကို "အမ်ဘာ" "မစ်တာ" "ဆက်စ်တာ" "ကုမ်းဘ်" စသည်ဖြင့် အဆင့်ဆင့်တိုင်းတာခဲ့ပြီး ၁-အမ်ဘာသည် နောမန်-၆ ဂါလန်နီးပါး ရှိသည်။ ထို့နောက် အင်္ဂလိပ်အတိုင်းအတာစနစ်ကို နော်မန်တို့၏ အတိုင်းအတာ၊ ၎င်းတို့မှတစ်ဆင့် ဂရိတို့၏ အတိုင်းအတာများက လွှမ်းမိုးခဲ့ပါသည်။ သို့ရာတွင် ၁၃-ရာစုအထိ အင်္ဂလိပ်အတိုင်းအတာများကို သင့်လျော်မှန်ကန်စွာ စံတိုက်စစ်ဆေးမှု မရှိခဲ့သေးပါ။ ထို့အပြင် တစ်ဂါလံ၏ ယူနစ် ၃-မျိုး ("အေးလ်" "ဝိုင်" "ကွန်းန်") ဟူ၍ ကွဲလွဲနေမှုကို ၁၈၂၄ ခုနှစ် (ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲကာလခန့်) ရောက်မှသာ စံတိုက်ညှိသတ်မှတ်နိုင်ခဲ့ပါသည်။

ပေ-ပေါင်-စက္ကန့် စနစ်မှာ အရွယ်အစားအတိုင်းအတာနှင့် ဒြပ်ပစ္စည်းပမာဏကို တိုင်းတာသည့် နည်းစဉ်တစ်ခုဖြစ်သည်။ တစ်ပေကို တံတောင်ဆစ်မှ လက်ကောက်ဝတ်အထိ ပမာဏအဖြစ်လည်းကောင်း၊ တစ်တောင်၏ သုံးပုံနှစ်ပုံအဖြစ် လည်းကောင်း သတ်မှတ်ပြီးလက်မအကျယ်ပေါင်း ၁၂-ကြိမ်နှင့် ညီမျှသည်ဟု သတ်မှတ်ပါသည်။ ယခုအခါ သုည ဒသမ ၃၀၄၈ မီတာနှင့်ညီသည်ဟု သတ်မှတ်ပါသည်။ တစ်ပေါင်ဆိုသည်မှာ ၄၅ ဒီဂရီမြောက်လတ္တီကျူနေရာတွင်ရှိသည့် ကမ္ဘာ့ဆွဲအားအခြေအနေ၌ အချိန်တစ်စက္ကန့်တွင် ၃၂ ဒသမ ၁၇၄၀ ပေသို့ ရောက်ရှိနိုင်သည့် အရှိန်ကိုဖြစ်ပေါ်စေသည့် အားဖြစ်ပါသည်။

ပေ-ပေါင်-စက္ကန့်စနစ်သည် နှစ်ပေါင်းများစွာကြာမြင့်လာသောအခါ မက်ထရစ်စနစ်နှင့် နှိုင်းယှဉ်ပါက သုံးစွဲမှုလျော့နည်းပပျောက်လာပါသည်။ ဤစနစ်ကို အင်္ဂလန်နှင့်မြောက်အိုင်ယာလန်၊ အမေရိကန်ပြည်ထောင်စုတို့တွင် သုံးစွဲခဲ့သော်လည်း ကမ္ဘာ့ကုန်သွယ်ရေး၌ ဆက်စပ်ပါဝင်ရာတွင် အဆိုပါနိုင်ငံနှစ်နိုင်ငံအတွက် ယင်းစနစ်သည် နည်းပညာအတားအဆီးဖြစ်လာသဖြင့် ထိုနိုင်ငံများသည် မက်ထရစ်စနစ်ကို လက်ခံသုံးစွဲရန် ဆုံးဖြတ်ခဲ့ကြပါသည်။ သို့ရာတွင် ဥပဒေအရ လက်ခံသုံးစွဲခဲ့သော်လည်း ထိုနိုင်ငံများရှိစက်မှုနှင့် ကုန်သွယ်ရေးတွင် ပေ-ပေါင်-စက္ကန့်ကို အတိုင်းအတာတစ်ခုအထိ ဆက်လက်သုံးစွဲနေဆဲဖြစ်ပါသည်။

ပြင်သစ်တော်လှန်ရေးကာလ ၁၇၉၀ ပြည့်နှစ်တွင် "အတိုင်းအတာနှင့် အလေးချိန်များအားလုံးအတွက် ပြောင်းလဲလွယ်သော "စံစနစ်တစ်ခု ပြုစုပေးရန်" ပြင်သစ်အမျိုးသားညီလာခံက ပြင်သစ်သိပ္ပံအကယ်ဒမီသို့ တောင်းဆိုခဲ့ပါသည်။ ထို့ကြောင့် အလျားအတိုင်းအတာအတွက် ဂရိစကားလုံး "မီထရမ်"မှ ဆင်းသက်လာသည့် "မီတာ"ကို သတ်မှတ် ပြီး တစ်မီတာသည် ကမ္ဘာ့စက်ဝန်းတစ်စိတ် (၄ ပုံ ၁ ပုံ) ၏ ဆယ်သန်းပုံတစ်ပုံနှင့် ညီမျှပါသည်။ ထုထည်နှင့် ဒြပ်ထုတို့သည်လည်း အလျား ယူနစ်မှ ဆင်းသက်လာပါသည်။ သာဓကအားဖြင့် အပူချိန် ၄ ဒီဂရီ ဆဲလ်ဆီးယပ်၌ အလျား၊ အနံ၊ အမြင့် ၁-ဒက်ဆီမီတာရှိသော ထုထည်အတွင်းတွင် ထည့်ထားသည့် ပေါင်းခံရေ၏ ဒြပ်ထုကို ၁- ကီလိုဂရမ်အဖြစ် သတ်မှတ်ပါသည်။ ထို့အတူ လီတာကိုလည်းကီလိုဂရမ်ယူနစ်ဖြင့် အဓိပ္ပာယ်သတ်မှတ်ထားသည်။ ထို့ကြောင့် မက်ထရစ်စနစ်၏ အခြေခံယူနစ်များသည် တစ်ခုနှင့်တစ်ခုသည် ဆက်စပ်နေသည်။ ထို့အပြင် ယူနစ်အဆင့်ဆင့်သည် ဆယ်လီဆတိုးစနစ်ဖြစ်သဖြင့် ရှင်းလင်းလွယ်ကူပြီး ဒသမကိန်းများ ပြောင်းရွှေ့ရန်လွယ်ကူ သည်။

မက်ထရစ်စနစ်ကို အစပိုင်းတွင် အားတက်သရော လက်ခံပြောင်းလဲကျင့်သုံးမှုမရှိကြပေ။ သို့ရာတွင် ပြင်သစ်က ၁၈၄၀ ပြည့်နှစ်တွင် မသုံးမနေရသတ်မှတ်ခဲ့ပြီးနောက် နိုင်ငံအများစုက တဖြည်းဖြည်းလက်ခံပြောင်းလဲလာကြသည်။ မက်ထရစ်စနစ်၏ စံကိုက်ညီသည့် သွင်ပြင်လက္ခဏာနှင့် ဒသမကိန်းရွှေ့ပြောင်းမှုသည် သိပ္ပံပညာနှင့် အင်ဂျင်နီယာလုပ်ငန်းများအတွက် သင့်လျော်အဆင်ပြေပါသည်။ ၁၈၆၆ ခုနှစ်တွင် အမေရိကန်လွှတ်တော်က အမေရိကန်နိုင်ငံအတွင်းရှိ ရောင်းဝယ်ရေးစာချုပ်များနှင့် တရားရုံးများတွင် မက်ထရစ်စနစ်ကို ကျင့်သုံးရန်ဥပဒေပြဌာန်းခဲ့ပါသည်။

၁၈၇၅ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် မီတာကွန်ဗင်းရှင်းက မက်ထရစ်စနစ်၏ အလျားနှင့်ထုထည်ယူနစ်အတွက် ပြည့်စုံတိကျမှန်ကန်သော အခြေခံ "စံ"များ တည်ထောင်ထိန်းသိမ်းထားရန်နှင့် မက်ထရစ်စနစ်၏ အခြားယူနစ်များ အသေးစိတ်ခွဲထွက်မှုကို အမြဲတမ်းတွက်ချက်၊ အကြံပြုပေးနိုင်သည့် နည်းဗျူဟာစနစ်တစ်ခုတည်ဆောက်ရန် သဘောတူခဲ့ပါသည်။ မီတာကွန်ဗင်းရှင်းတွင် အမေရိကန်အပါအဝင် ၁၇ နိုင်ငံပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။ ၁၉၀၀ ခုနှစ်သို့ရောက်သောအခါ ဥရောပနှင့် တောင်အာဖရိကနိုင်ငံများပါဝင်သည့် စုစုပေါင်း ၃၅ နိုင်ငံပါဝင်သည့် အဖွဲ့ဖြစ်လာပါသည်။ မက်ထရစ်စနစ်အစပိုင်းတွင် စင်တီမီတာကို အခြေခံသဖြင့် "စင်တီမီတာ-ဂရမ်-စက္ကန့်" စနစ်ဖြစ်သော်လည်း နောက်ပိုင်းတွင် "မီတာ-ကီလိုဂရမ်-စက္ကန့်" အခြေခံသည့် စနစ်အဖြစ်သုံးစွဲခဲ့ပါသည်။ မီတာကွန်ဗင်းရှင်းသည် အမြဲတမ်း နည်းဗျူဟာအဖြစ် "အလေးချိန်နှင့် အတိုင်းအတာဆိုင်ရာ အထွေထွေညီလာခံ"ကို တည်ထောင်ခဲ့ပြီး ပထမဆုံးအစည်းအဝေးကို ၁၈၈၉ ခုနှစ်တွင် ကျင်းပခဲ့ပြီးနောက် လေးနှစ်မှခြောက်နှစ်ခြား တစ်ကြိမ်စီ အမြဲတမ်း အစည်းအဝေး ကျင်းပကာ ညှိနှိုင်းကြပါသည်။

အထွေထွေညီလာခံသည် ၁၉၄၈ ခုနှစ်တွင် စတုတ္ထအခြေခံယူနစ်အဖြစ်လျှပ်စစ်ယူနစ် "အမ်ပီယာ" ကိုလည်းကောင်း၊ ၁၉၅၄ ခုနှစ်တွင် ပဥ္စမနှင့် ဆဋ္ဌမအခြေခံယူနစ် "ကယ်လ်ဗင်" ကို လှုပ်ရှားအပူအခြေခံ ယူနစ်အဖြစ်လည်းကောင်း၊ "ကန်ဒလာ"ကို အလင်းဖောက်ထွင်းမှုပြင်းအား အခြေခံယူနစ်အဖြစ်လည်းကောင်း၊ ၁၉၇၁ ခုနှစ်တွင် "မိုးလ်" ကိုအရာဝတ္ထုတစ်ခု၏ ပမာဏအခြေခံယူနစ်အဖြစ်လည်းကောင်းသတ်မှတ်ခဲ့ကြပါသည်။ ထို့အပြင် အလျားယူနစ်တစ်မီတာကို အလင်းအလျင်နှင့် အဓိပ္ပာယ်သတ်မှတ်မှုပြုခဲ့ကြပါသည်။

ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ တိုင်းတာမှုယူနစ်စနစ်-SI System (တစ်နည်းအားဖြင့် မက်ထရစ်စနစ်သစ်) တွင်အခြေခံယူနစ် ၇ ခုရှိပြီး ကျန်ယူနစ်များမှာ အဆိုပါအခြေခံယူနစ်များမှ ဆင်းသက်လာပြီး ဆက်စပ်တွက်ချက်ကြခြင်း ဖြစ်ပါသည်။

ယခုလက်ရှိ ကမ္ဘာတွင် ကျင့်သုံးနေသည့် SI အခြေခံယူနစ် ၇ ခုမှာ-

| | |
|---|---|
| အလျား (Length) | မီတာ (Metre) |
| ဒြပ်ထု (Mass) | ကီလိုဂရမ်(Kilo-gram) |
| အချိန် (Time) | စက္ကန့် (Second) |
| လျှပ်စစ် (Electricity) | အမ်ပီယာ (Ampere) |
| အပူ (Thermo Dynamic) | ကယ်လ်ဗင် (Kelvin) |
| အလင်း (Luminous Intensity) | ကမ်ဒလာ (Candela) |
| အရာဝတ္ထုပမာဏ (Amount of Substance) | မိုးလ် (Mole) |

တို့ဖြစ်ပါသည်။

ဤနေရာတွင် မက်ထရစ်စနစ်၏ အထက်ပါအတိုင်းတိုးတက်ပြောင်းလဲမှုအဆင့်ဆင့်ကို မြန်မာနိုင်ငံနှင့် နှိုင်းယှဉ်တင်ပြလိုပါသည်။ မြန်မာနိုင်ငံတွင်လည်း ရှေးဦးတိုင်းတာမှု ယူနစ်များမှာ "မိုက်" "ထွာ" "တောင်" "လံ" စသည့် တိုင်းတာမှုများဖြစ်ပြီး အီဂျစ်နှင့် အင်္ဂလန်တို့တွင် စတင်သုံးစွဲခဲ့သည့် အတိုင်းအတာများနှင့် အလားတူပင် ကာလဒေသအလျောက် အုပ်ချုပ်သူများကသတ်မှတ်ခဲ့ကြသည်ကို တွေ့ရှိရပါသည်။

"မန်ကျည်းစေ့" ခန့် "စပါးလုံးတစ်ထောက်"ခန့်စသည့်တိုင်းတာမှုများကိုလည်း အသုံးပြုခဲ့ကြသည်မှာ ခေတ်အခါအလျောက် ခေတ်မီခဲ့သည်ဟုသာ ဆိုနိုင်ပါသည်။ ထို့ကြောင့် ထိုခေတ်ထိုအခါက အတိုင်းအတာဆိုင်ရာ မြန်မာရှေးလူကြီးများ၏ ယဉ်ကျေးမှုအဆင့်အတန်း၊ ရှေးမြန်မာဘုရင်များ၏ အမြော်အမြင်မှာ ခေတ်နောက်ကျသည်ဟုမဆိုနိုင်ပါ။

အင်္ဂလိပ်ခေတ်သို့ ရောက်သောအခါ အင်္ဂလိပ်အစိုးရသည် မြန်မာ၊ မိုက်၊ ထွာ၊ လံ၊ တောင်တို့ကို အင်္ဂလိပ် လက်မ၊ ပေ (တစ်နည်းအားဖြင့် ခြေဖဝါး) တို့နှင့် ညှိနှိုင်းသတ်မှတ်ခဲ့သလို မြန်မာပြည်၊ တင်း၊ တောင်းတို့ကို အင်္ဂလိပ် ဂါလန်နှင့် ညှိနှိုင်းသတ်မှတ်ခဲ့ပြီး ပိဿာ၊ ကျပ်သားတို့ကိုပေါင်ချိန်ဖြင့် ညှိနှိုင်းသတ်မှတ်ခဲ့ပါသည်။ ထိုခေတ်ထိုအခါက ကမ္ဘာမှာတွင်ကျယ်နေသည့် ပေ-ပေါင်-စက္ကန့် စနစ်ကိုပင် မြန်မာကလက်ခံပြောင်းလဲကျင့်သုံးခွင့် ရရှိခဲ့ပါသည်။ သို့သော်လည်း အင်္ဂလိပ်တို့က ၎င်းတို့အုပ်ချုပ်ရေးလွယ်ကူစေရန် အနီးစပ်ဆုံး သတ်မှတ်ညှိနှိုင်းခဲ့သဖြင့် အားနည်းချက်အဖြစ် မြန်မာတို့၏ရှေးရိုးအတိုင်းအတာအချို့ (ဥပမာ-"လမယ်" "စလယ်" "ဥဿဖ") ပပျောက်ခဲ့သော်လည်း ယင်းတို့မှာခေတ်အလျောက် ပျောက်ကွယ်သွားရမည့် အတိုင်းအတာများပင် ဖြစ်ပါသည်။ ထို့ကြောင့် တစ်နည်းအားဖြင့် အင်္ဂလိပ်ခေတ်ရောက်သည်အထိ မြန်မာတို့၏ တိုင်းတာမှုစနစ်မှာ ခေတ်မီလျက်ပင်ရှိနေသေးသည်ဟု ဆိုနိုင်ပါသည်။

သို့ရာတွင် ဖဆပလခေတ်နောက်ပိုင်း အတိုင်းအတာနှင့်ပတ်သက်၍ မည်သည့်ဌာနကမျှ ထိရောက်စွာတာဝန်ယူ ဆောင်ရွက်ခဲ့ခြင်းမရှိတော့ပါ။ ထို့ကြောင့် ခေတ်မီကမ္ဘာတွင် တိုင်းတာမှုကို တိကျနိုင်သမျှတိကျစေရန် အလင်းအလျင်နှင့် တိုင်းတာနေ သည့်ခေတ်တွင် မြန်မာ နိုင်ငံ၌မူ တိကျမှုမရှိနိုင်သည့် လူ့ကိုယ်ခန္ဓာအစိတ်အပိုင်းကို အခြေခံ သည့် တောင်၊ ထွာ၊ လံတို့နှင့် အသုံးပြုနေခြင်း၊ မန်ကျည်းစေ့ကို အခြေခံသည့် တိုင်းတာမှုများကို အသုံးပြုနေခြင်းစသည့် အခြေအနေမှာ ရာစုနှစ်တစ်ခုကျော်နောက်ကျကျန်နေကြောင်း ပြသနေပါသည်။

**(ဆက်လက်ဖော်ပြပါမည်)**

## ဒေါက်တာမောင်အောင်၏ ကုန်သွယ်မှုဖြင့်ထိရောက်သည့် ဆင်းရဲမှုလျှော့ချရေး စာအုပ်သစ်ထွက်ပြီ

ယနေ့ပွင့်လင်းလာသည့် မြန်မာ နိုင်ငံကို နိုင်ငံတကာ၏ ပေါင်းစည်းမှု အဘက်ဘက်မှ တိုးတက်လာသည့်အချိန်တွင် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှင့်ဆင်းရဲမှုလျှော့ချရေးတို့အတွက် မြန်မာ့ပို့ကုန်များ (ကုန်စည်နှင့်ဝန်ဆောင်မှု ပို့ကုန်များ) တိုးတက်ဖွံ့ဖြိုးမှု မှတစ်ဆင့် ထိရောက်သည့် ဆင်းရဲမှုလျှော့ချရေး နည်းလမ်းများ ဖော်ပြထားသည့်အတွက် နိုင်ငံသားတိုင်း မဖြစ်မနေ ဖတ်ရှုလေ့လာလုပ်ဆောင်ခြင်းဖြင့် ဆင်းရဲမှုလျှော့ချနိုင်သလို ဖွံ့ဖြိုးတိုး တက်မှုကိုပါ အထောက်အပံ့ဖြစ်စေ မည့်အသိပညာပေးစာအုပ်ဖြစ်ပါကြောင်း ဆက်လက်၍ ဖွံ့ဖြိုးမှုဆောင်းပါးများ အမှတ် (၂) မကြာမီ ဆက်လက်ထွက် ရှိလာပါမည်။

## လက်ပံတန်းမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၅ ခုနှစ် မိုးစပါးအတွက်စိုက်ပျိုးစရိတ်များ ချေးငွေထုတ်ပေး

လက်ပံတန်းမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၅ မိုးစပါးချေးငွေအတွက် ကနဦးရန်ပုံငွေကျပ် သိန်းပေါင်း ခုနှစ်သောင်းကျော် ခွင့်ပြုပြီးဖြစ်ပါတယ်။ ချေးငွေထုတ်ချေးရာတွင် ပုံစံ (၇)ရရှိပြီး အမှန်တကယ် စပါးစိုက်ဧကများကို စိစစ် ထုတ်ချေးသွားမှာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်အတွင်း မိုးချေးငွေကြေသူများ၊ ဆောင်းချေးငွေ၊ မိုးကြိုချေးငွေ၊ ကြွေးအားလုံးကြေသူများကို ပထမအသုတ်အဖြစ် ဇွန်လ ၃၀ ရက်မှာ ထုတ်ချေးသွားမှာဖြစ်ပါတယ်။ မတ်လ ၃၁ ရက်နောက်ပိုင်း ကြွေးအားလုံးကြေသူများကို ဒုတိယအသုတ် ထုတ်ချေးသွားမှာဖြစ်ပါတယ်။

ချေးငွေနှုန်းထားမှာ တစ်ဧက တစ်သိန်းနှုန်းဖြစ်ပြီး အတိုးနှုန်း ငွေ ၁၀၀ ကျပ်ကို ၁၂ လ ၅ ကျပ်နှုန်း အတိုးဖြစ်ပါတယ်။ ဇွန်လ ၂၄ ရက်အထိ ကျေးရွာအုပ်စု ၁၂ အုပ်စု တောင်သူ ၁၇၄၉ ဦး၊ ဧက ၁၁၁၅၈ အတွက် ငွေကျပ် ၁၁၁၅၈ သိန်း ထုတ်ချေးပြီးဖြစ်ကြောင်း သိရပါတယ်။

**အောင်ဇော်လွင် - လက်ပံတန်း**

## ဒီပဲယင်းကွဲသရက် စင်ကာပူဈေးကွက်အတွက် မြန်မာရွှေကုမ္ပဏီက ဝယ်ယူ

စစ်ကိုင်းမြို့နယ်၊ ဒီပဲယင်းကွဲကျေးရွာ သရက်အစုအဖွဲ့အနေနဲ့ ယခုနှစ်ထွက်ရှိတဲ့ သရက်မျိုးစုံကို တရုတ်ပြည်အတွက် မူဆယ်ဈေးကွက်ကိုသာ သမားရိုးကျတင်ပို့ခဲ့ကြရလို့ သစ်သီးပေါ်ချိန်မှာ ဈေးအနှိမ်ခံရခြင်းကြောင့် ပြည်ပဈေးကွက်သစ်များသို့ ထိုးဖောက်ရောင်းချနိုင်ရန် မြန်မာရွှေသစ်သီးဝလံကုမ္ပဏီနှင့်ချိတ်ဆက်ပြီး MOU စာချုပ်များဖြင့် စိန်တစ်လုံးသရက်များကို ပြီးခဲ့တဲ့ဧပြီလကထဲက ရောင်းချခဲ့ရာ ဇွန်လလယ်မှာ တန် ၆၀ ပြည့်မီအောင် တင်ပို့အပ်နှံပြီးဖြစ်တယ်လို့ ဒီပဲယင်းကွဲရွာသား တိုင်းသစ်သီးဝလံ အသင်းဥက္ကဋ္ဌ ဦးကျော်မြင့်ကပြောပါ တယ်။

အဆိုပါ စိန်တစ်လုံးသရက်သီးများကို MOU စာချုပ်ချုပ်ဆိုစဉ်က တစ်တန် အနည်းဆုံး ကျပ် ၆သိန်းမှ ကျပ် ၁၃သိန်းအထိရရှိခဲ့ကြလို့ ယနေ့ပေါက်ဈေး (မူဆယ်) ဈေးကွက်နဲ့ယှဉ်ရင် များစွာအကျိုးအမြတ်ရရှိခဲ့ တယ်လို့သိရပါတယ်။ ဒီပဲယင်းကွဲကျေးရွာက သရက်အစုအဖွဲ့ဝင် ၁၅ ဦးမှ စိန်တစ်လုံး သရက် တန် ၆၀ ကို ရောင်းချခဲ့ခြင်းမှ အကျိုးအမြတ်ရရှိခဲ့သလို ဇွန်လ ၂၃ ရက်နေ့က ဒီပဲယင်းကွဲကျေးရွာ သရက်အစုအဖွဲ့ဝင် တောင်သူ ၃၅ ဦးရဲ့ ရင်ကွဲသရက်သီး ၃၅ တန်ကို မြန်မာရွှေကုမ္ပဏီမှ လာရောက်ဝယ်ယူခဲ့တယ်လို့ အသင်းဥက္ကဋ္ဌက ဆိုပါတယ်။

ယခုအခါ မြန်မာရွှေကုမ္ပဏီအနေနဲ့ ဒီပဲယင်းကွဲကျေးရွာထွက် ရင်ကွဲသရက်သီးများကို အရည်အသွေးနဲ့ အလေးချိန်အလိုက် လေးမျိုးခွဲကာ ၂၅၀ မှ ၃၀၀ ဂရမ်ကြား၊ တစ်တန် ကျပ် ၄ ဒသမ ၅ သိန်းနှုန်း၊ ၃၀၀ ဂရမ်မှ ၃၅၀ ဂရမ်ကြား တစ်တန် ကျပ် ၅ ဒသမ ၅သိန်းနှုန်း၊ ၃၅၀ ဂရမ်မှ ၄၀၀ ဂရမ်ကြား တစ်တန် ၆ ဒသမ ၅ သိန်းနှုန်းနဲ့ ၄၀၀ ဂရမ်အထက် တစ်တန် ၇ ဒသမ ၅ သိန်းနှုန်းနဲ့ လာရောက်ဝယ်ယူလျက်ရှိပြီး စင်္ကာပူသို့တင်ပို့ရန် နေပြည်တော်ရှိ ထုတ်ပိုးစက်ရုံကို သယ်ယူလျက်ရှိတယ်လို့သိရပါတယ်။

ရင်ကွဲသရက်နဲ့အတူ ယခုနှစ်မှ စတင်ထွက်ရှိတဲ့ ပတ္တမြားငမောက်သရက်သီး သုည ဒသမ ၅ တန်ကို တစ်တန် ၁၃ သိန်းဈေးနဲ့ စင်ကာပူဈေးကွက်မှာ စမ်းသပ်ရောင်းချနိုင်တဲ့အတွက် မြန်မာသရက်သီးဈေးကွက်အလားအလာဟာ အနာဂတ်မှာ ကျယ်ပြန့်အောင်မြင်လာနိုင်တဲ့အတွက် သရက်တောင်သူတွေအနေနဲ့ စနစ်တကျ စိုက်ပျိုးကြဖို့ လိုအပ်လာပြီလို့ စစ်ကိုင်းတိုင်းဒေသကြီး သစ်သီးဝလံပန်းမန်နဲ့ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးကျော်မြင့်က အကြံပြုတယ်လို့သိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## အရာတော်မြို့နယ်က ဇင်ရွေးရွက် အထွက်လျော့ပြီး ဈေးမကိုက်ပေမယ့် တောင်သူတွက်ခြေကိုက်နေ

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်အရာတော်မြို့နယ်မှာ ပြည်ပပို့ကုန်အမယ်သစ်သီးနှံဖြစ်တဲ့ ဇင်ရွေးရွက်ကို ဈေးကွက်လိုအပ်ချက်အရ တစ်စထက်တစ်စ တိုးချဲ့စိုက်ပျိုးလာခဲ့ကြရာ လွန်ခဲ့တဲ့ ငါးနှစ်ခန့်က စိုက်ဧက ၇၇၀ သာရှိခဲ့ရာမှ ယခုအခါ ဧက ၁၇၀၀ ကျော်သွားပြီလို့ သိရပါတယ်။

ဇင်ရွေးပင်ဟာ နှစ်ရှည်ပင် ဖြစ်သလို တစ်နှစ်အတွင်း အရွက် သုံးကြိမ်ခူးဆွတ်နိုင်ကာ မေ၊ ဇွန်လများမှာ ပထမတစ်ကြိမ်၊ ဇူလိုင်၊ ဩဂုတ်လများမှာ ဒုတိယအကြိမ်နဲ့ စက်တင်ဘာ၊ အောက်တိုဘာလများမှာ တတိယအကြိမ်သာ ခူးဆွတ်နိုင်ပြီး တစ်နှစ်ပျမ်းမျှ အထွက်နှုန်းမှာ တစ်ဧက ဇင်ရွေးရွက်ခြောက် ပိဿာ ၄၅၀ မှ ၆၀၀ ကြားထွက်ရှိနိုင်တယ်လို့ ဆိုပါတယ်။

ယခင်နှစ်က အောက်ခံဈေး တစ်ပိဿာ ၂၀၀၀ ကျပ်မှ ၂၁၀၀ ကျပ်ထိ ရခဲ့လို့ ပထမတစ်ကြိမ် ခူးဆွတ်ရောင်းချစဉ်ကပင် ဝင်ငွေ ကျပ်သုံးသိန်းခန့်ရရှိခဲ့ပြီး၊ ယခုနှစ်မှာတော့ ရာသီဥတုအရ မိုးခေါင်တဲ့အတွက် အထွက်နှုန်းမှာ တစ်ဧက ပိဿာ ၁၅၀ သာ ထွက်သလို ဈေးကွက်အစမှာ တစ်ပိဿာ ၁၅၀၀ ကျပ်နဲ့ ဖွင့်ခဲ့ရာမှ ယခု ၁၂၀၀ ကျပ်ထိ ကျဆင်းသွားလို့ ပထမတစ်ကြိမ် ဝင်ငွေမှာ ကျပ် တစ်သိန်းခွဲခန့်သာ ရရှိခဲ့ကြတယ်လို့ တော်လှရွာ ဇင်ရွေးစိုက်တောင်သူတွေက ဆိုပါတယ်။

အခုလို အထွက်လျော့ဈေးနှုန်းကျဆင်းနေပေမဲ့ မိုးခေါင်တဲ့အတွက် ပဲနဲ့ဆီထွက်သီးနှံစိုက်ရင်လည်း အရှုံးပေါ်သလို အခြားဝင်ငွေရ လုပ်ငန်းလည်းမရှိတဲ့အတွက် ယခုလိုပေါက်ဈေးအေးနေချိန်မှာပင် တစ်ဧက ဝင်ငွေ ၃ သိန်းရနိုင်လို့ စားဝတ်နေရေး အာမခံချက်ရှိတဲ့ သီးနှံအဖြစ် အခုလို တိုးချဲ့စိုက်ပျိုးလာကြခြင်းဖြစ်တယ်လို့ ဒေသခံတောင်သူတွေက ဆိုပါတယ်။

**စိုးအောင်-စစ်ကိုင်း**

## ယင်းမာပင်မှာ နွေနှမ်းများစတင်ရိတ်သိမ်းနေပြီ

ယင်းမာပင်ခရိုင်တွင် ၂၀၁၄-၂၀၁၅ နွေနှမ်းများစတင်ရိတ်သိမ်းနေပါပြီ၊ ယင်းမာပင်ခရိုင်ချုပ်အနေဖြင့် နွေနှမ်းစိုက်ဧက ၇၅၀၀ ကျော်ဖြစ်ပြီး နှမ်းမျိုးများအနေဖြင့် ရိုးစိမ်းဧက ၃၇ ကျော်၊ ရှပ်ကလေး ဧက ၂၆၀၀၊ ဆင်းရတနာ-၃ (နှမ်းနက်) ဧက ၉၀၀၊ ရေဆင်း-၁၂ (နှမ်းဖြူ) ဧက ၁၅၀၊ ရေဆင်း-၁၄ ၁၆၀ ဧက စိုက်ပျိုးပြီး ရေမြေနှင့် သွင်းအားစုမျိုး အပင်ပြုစုစောင့်ရှောက်မှုအပေါ် မူတည်ပြီး တစ်ဧက ၁၀ တင်းမှ ၁၅ တင်းအထိ ထွက်ရှိကြောင်း သိရှိရပါတယ်။

ဖလန်ကန်အုပ်စု၊ သနပ်မြောင်ကျေးရွာတောင်သူ ဦးစန်းလွင်၏ ပြောပြချက်အရ နှမ်းနက်တစ်တင်း ၅၀၀၀၀ ကျပ်ဝန်းကျင်၊ နှမ်းဖြူတစ်တင်း ၃၈၀၀၀ ကျပ်-၄၀၀၀၀ ကျပ်ဝန်းကျင်နှင့် ရိုးစိမ်း၊ ရှပ်ကလေး နှမ်းမျိုးများမှာ တစ်တင်း ၃၀၀၀၀ ကျပ်ဝန်းကျင်ဈေးပေါက်ကြောင်း သိရပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနမှလည်း ဆင်းရတနာ-၃ (နှမ်းနက်) နှင့် ဆင်းရတနာ-၂ နှမ်းမျိုးများ စမ်းသပ်စိုက်ပျိုးလျက်ရှိပြီး နွေနှမ်းများကို ယင်းမာပင်မြို့နယ်တွင် ဧက ၃၀၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၂၃၀၀ ကျော်၊ ပုလဲမြို့နယ်တွင် ဧက ၂၁၀၀ ကျော်နဲ့ ကနီမြို့နယ်တွင် ၃၅ ဧကစိုက်ပျိုးကြောင်း သိရှိရပြီး၊ ၂၀၁၅-၂၀၁၆ မိုးနှမ်းစိုက်ဧက ၂ ဒသမ ၀၇ သိန်းကျော် စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် ငါးမောင်းကျေးရွာ နွေနှမ်းစိုက်တောင်သူ ဦးဝင်းမှလည်း ဆင်းရတနာ-၃ (နှမ်းနက်)မျိုး ၃ ဧကစိုက်ပျိုးထားရာ တစ်ဧက အနည်းဆုံး ၁၀ တင်းထွက်မည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါတယ်။

**သန်းပို - ယင်းမာပင်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-2121093,Ph:081-2121627 email:m.myintmaungmaung@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

Organizations News
Vol: 15, No.24 Monday June 29 2015

# အာဆီယံလျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ ပြန်ပြည့်မြဲစွမ်းအင်က ထက်ဝက်ခန့်ပါဝင်

၂၀၀၂ ခုနှစ်မှ ၂၀၁၂ ခုနှစ်ကာလအတွင်း အာဆီယံဒေသမှာ ပြန်ပြည့်မြဲစွမ်းအင်အတွက် ရင်းနှီးမြှုပ်နှံမှုက ၈၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း အင်္ဂလန်နဲ့ ဝေလနယ်ရှိ မှတ်ပုံတင်စာရင်းကိုင်များတက္ကသိုလ်က ပြုစုတဲ့ အစီရင်ခံစာတစ်စောင်ဖြစ်တဲ့ Economic Insight အစီရင်ခံစာကို ကိုးကားပြီး နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။ ပြန်ပြည့်မြဲစွမ်းအင် အရင်းအမြစ်များက ယခုအချိန်မှာ အာဆီယံဒေသ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အားလုံးရဲ့ ထက်ဝက်ခန့်သာ ရှိပါသေးတယ်။ ဒါပေမယ့် ယေဘုယျအားဖြင့် အာဆီယံနိုင်ငံတွေမှာ ပြန်ပြည့်မြဲစွမ်းအင်က ရေနံထုတ်လုပ်မှု အချိုးအစားထက် မြင့်တက်လာတာကို မတွေ့ရသေးပါဘူး။

စင်ကာပူနဲ့ မလေးရှားနိုင်ငံတွေမှာ အချိုးအစားတိုးတက်မှုက တစ်ရာခိုင်နှုန်းစီသာရှိနေပါသေးတယ်။ ၂၀၂၀ ပြည့်နှစ်မှာ စင်ကာပူနိုင်ငံရဲ့ပြန်ပြည့်မြဲစွမ်းအင်မှ လျှပ်စစ်ဓါတ်အားထုတ်လုပ်မှုက စုစုပေါင်းစွမ်းအင်ထုတ်လုပ်မှုရဲ့ ၁၀ ရာခိုင်နှုန်းရှိလိမ့်မယ်လို့ စင်ကာပူနိုင်ငံရေရှည်တည်တံ့တဲ့စွမ်းအင်အသင်း (Sustainable Energy Association of Singapore) ကပြောပါတယ်။

ဒီလိုဆောင်ရွက်ဖို့ဆိုရင် ပြန်ပြည့်မြဲစွမ်းအင် ထုတ်လုပ်မှုတိုးတက်နှုန်းက ရုပ်ကြွင်းလောင်စာမှစွမ်းအင်ထုတ်လုပ်မှုတိုးတက်နှုန်းထက်ပိုမို လျင်မြန်စွာတိုးတက်အောင် ဆောင်ရွက်ဖို့လိုကြောင်း ပြောပါတယ်။

တစ်ချိန်တည်းမှာ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနဲ့ ဖွံ့ဖြိုးရေးအဖွဲ့မှ အဖွဲ့ဝင်နိုင်ငံတွေကလည်း သူတို့ထုတ်လုပ်မှုကို လျင်မြန်စွာတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ ဖွံ့ဖြိုးတိုးတက်မှုနှုန်းက နှေးကွေးနေတယ်လို့ ထင်ရပေမယ့် ၂၀၀၈ ခုနှစ်နောက်ပိုင်းမှာ အရှိန်အဟုန်နဲ့ တိုးတက်လာခဲ့ပါတယ်။ ဥရောပဒေသရဲ့ တိုးတက်မှုက အိုအီးစီဒေသတိုးတက်မှုထက်ပိုမိုလျှင်မြန်ခဲ့ပါတယ်။ ၂၀၀၂ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှာ ပြန်ပြည့်မြဲစွမ်းအင်ရဲ့ခွဲတမ်းက ၉ ရာခိုင်နှုန်းပိုမိုလာတာကို တွေ့ရပါတယ်။ တောင်အာဖရိကမှာ သန့်ရှင်းတဲ့ စွမ်းအင်အတွက် ရင်းနှီးမြှုပ်နှံမှုက ၂၀၁၄ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံရှိခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းမှ ၈ ရာခိုင်နှုန်း တိုးတက်လာတာကို တွေ့ရပါတယ်။

# ဒဗလျူတီအိုဝင်ရောက်ရေး သမိုင်းဝင်ဆွေးနွေးပွဲကို ကာဇက်စတန်နိုင်ငံက အပြီးသတ်ဆောင်ရွက်

ယခင်က ဆိုဗီယက်ယူနီယံရဲ့ ပြည်နယ်တစ်ခုဖြစ်ခဲ့တဲ့ ကာဇက်စတန်နိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) ဝင်ရောက်ရေးအတွက် နှစ်ပေါင်း ၂၀ မျှဆွေးနွေးခဲ့ရာမှ အပြီးသတ်ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒါကြောင့် ကာဇက်စတန်နိုင်ငံအတွက် မိုးကုတ်စက်ဝိုင်းတစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း ကာဇက်စတန်သမ္မတက ဇွန်လ ၂၂ ရက်နေ့မှာ ပြောပါတယ်။




ကာဇက်စတန်နိုင်ငံက လူဦးရေ ၁၇ သန်းရှိပြီး စွမ်းအင်ကြွယ်ဝတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒဗလျူတီအိုအဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ဖို့ ၁၉၉၆ ခုနှစ်က စတင်လျှောက်ထားခဲ့ပေမယ့် ကာဇက်စတန်နိုင်ငံက ရုရှားနိုင်ငံဦးဆောင်တဲ့ ယူရေးရှစီးပွားရေးသမဂ္ဂ (Eurasian Economic Union) ရဲ့ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်နေတဲ့အတွက် စေ့စပ်ညှိနှိုင်းရာမှာ ရှုပ်ထွေးခက်ခဲမှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ယခုနှစ်ဒီဇင်ဘာလရောက်တဲ့အခါ ကာဇက်စတန်နိုင်ငံဟာ ဒဗလျူတီအိုရဲ့ ၁၆၂ နိုင်ငံမြောက်အဖွဲ့ဝင်နိုင်ငံဖြစ်လာပြီးနောက်ပိုင်းမှာလည်း အစိုးရအနေနဲ့ လယ်ယာစိုက်ပျိုးရေးကို ထောက်ပံ့မှုတွေ ပေးသွားဦးမှာဖြစ်ကြောင်း သမ္မတနာဆူလ်တန်နာဇာဘာယက်က စေ့စပ်ဆွေးနွေးပွဲတွေ အပြီးသတ်ဆောင်ရွက်နိုင်ခဲ့တာကို ချီးကျူးပြောကြားခဲ့ပါတယ်။

"ဒီအဖြစ်အပျက်က ကျွန်တော်တို့အတွက် သမိုင်းဝင်အဖြစ်အပျက်တစ်ခုဖြစ်ပါတယ်။ ဒဗလျူတီအိုအဖွဲ့ဝင်ဖြစ်လာတဲ့အတွက် ကျွန်တော်တို့ရဲ့စီးပွားရေးလုပ်ငန်းတွေ နိုင်ငံခြားဈေးကွက်သို့ ဝင်ရောက်နိုင်ပြီး စားသုံးသူတွေက ကုန်ပစ္စည်းတွေနဲ့ ဝန်ဆောင်မှုတွေကို ရွေးချယ်ခွင့်ရတော့မှာ ဖြစ်ပါတယ်"လို့ နာဇာဘာယက်က ပြောပါတယ်။ ကာဇက်စတန်နိုင်ငံရဲ့ ကုန်သွယ်မှုတွေအနက် ၉၀ ရာခိုင်နှုန်းက ဒဗလျူတီအိုအဖွဲ့ဝင် နိုင်ငံတွေနဲ့ ကုန်သွယ်တာဖြစ်ပါတယ်။

ကာဇက်စတန်ရဲ့ အဓိကကုန်သွယ်ဖက်နိုင်ငံတွေဖြစ်တဲ့ ရုရှားနဲ့ တရုတ်နိုင်ငံတို့က ၂၀၁၂ ခုနှစ်နဲ့ ၂၀၀၁ ခုနှစ်မှာဒဗလျူတီအို အဖွဲ့ဝင်နိုင်ငံတွေ ဖြစ်ခဲ့ပါတယ်။ ကာဇက်စတန်နိုင်ငံ ဒဗလျူတီအို ဝင်ရောက်ရေးဆွေးနွေးပွဲကို ဇွန်လ ၁၀ ရက်ကဂျီနီဗာမှာ ကျင်းပတဲ့ လုပ်ငန်းအဖွဲ့အစည်းအဝေးမှာ အပြီးသတ်ဆုံးဖြတ်ခဲ့ပါတယ်။ ဒဗလျူတီအိုရဲ့သမိုင်းမှာ စိန်ခေါ်မှုအမြင့်ဆုံးစေ့စပ်ညှိနှိုင်းပွဲတစ်ခုဖြစ်ကြောင်းလုပ်ငန်းအဖွဲ့ဝင်တွေက ချီးကျူးပြောကြားခဲ့ပါတယ်။

# အကောက်အခွန်များ လျှော့ချပေးရန် ဒဗလျူတီအိုက အဇာဘိုင်ဂျန်ကိုတောင်းဆို

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) အဖွဲ့သို့ဝင်ရောက်ရေးဆွေးနွေးပွဲများမှာ ပါဝင်တဲ့အစိတ်အပိုင်းတစ်ခုအဖြစ် စက်မှုနဲ့လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များအတွက် အကောက်ခွန်ဆိုင်ရာအဆိုပြုချက်သစ်များ ပြင်ဆင်ထားဖို့ အဇာဘိုင်ဂျန်နိုင်ငံကပြင်ဆင်ထားရမှာဖြစ်ကြောင်း အဇာဘိုင်ဂျန်ဒုတိယနိုင်ငံခြားရေးဝန်ကြီးမာမွတ်မမ်မာ ဂူလီယက်ရဲ့ပြောကြားချက်ကို ကိုးကားပြီး Trend သတင်းမှာ ဇွန်လ ၂၄ ရက်နေ့က ဖော်ပြပါတယ်။

"အမေရိကန်ပြည်ထောင်စု၊ အီးယူနိုင်ငံတွေနဲ့ နော်ဝေ နိုင်ငံတို့အပါအဝင်ဒဗလျူတီအိုအဖွဲ့ဝင်နိုင်ငံတွေက တင်သွင်းလာတဲ့ကုန်စည်တွေအတွက် အကောက်ခွန်တွေကိုလျှော့ချဖို့ အဇာဘိုင်ဂျန်ကိုအဆိုပြုထားပါတယ်။ ဒီလိုလျှော့ချရမဲ့အထဲမှာ စက်မှုနဲ့လယ်ယာစိုက်ပျိုးရေးထုတ်ကုန်အမြောက်အမြားပါဝင်ပါတယ်" လို့ ဝန်ကြီးကပြောပါတယ်။

အထူးအရေးပေးအခွန်နှုန်း (Bound Traiff) ဆိုသည်မှာ တချို့ကုန်ပစ္စည်းတွေရဲ့ သွင်းကုန်ခွန်မှာအမြင့်ဆုံးအခွန်ဖြစ်ပါတယ်။ ထိုအခွန်မှာ သက်ဆိုင်ရာနိုင်ငံကပေးအပ်ထားတဲ့ ကတိကဝတ်တွေအတွင်း ဒဗလျူတီအိုက ချမှတ်ထားတဲ့နှုန်းထားဖြစ်ပါတယ်။ သွင်းယူသောနိုင်ငံက သတ်မှတ်ထားတဲ့အခွန်ကို တစ်ဘက်သတ်ပြောင်းလဲခွင့်မရှိပါ။ ဒဗလျူတီအို အဖွဲ့ဝင်အဖြစ်လာရန်အတွက်စေ့စပ်ညှိနှိုင်းမှုကာလအတွင်းအဇာဘိုင်ဂျန် အစိုးရရဲ့ ရည်ရွယ်ချက်မှာ အမျိုးသားစီးပွားရေးလုပ်ငန်းများနဲ့ ကုန်ချောထုတ်လုပ်သူများကို အမြင့်ဆုံးအကာအကွယ်ပေးနိုင်ရန် ဖြစ်ပါတယ်။

ဒဗလျူတီအိုအဖွဲ့သို့ဝင်ရောက်နိုင်ရေးအတွက် စောစောပိုင်းကဆောင်ရွက်ချိန်ကာလအတွင်း အဇာဘိုင်ဂျန်က Primary-bound Tariff ကိုပျမ်းမျှအားဖြင့် ၁၃ ဒသမ ၂ ရာခိုင်နှုန်းနဲ့ အကူးအပြောင်းကာလမှာ Final-bound Rate ကို ၁၁ ဒသမ ၇ ရာခိုင်နှုန်းထားရှိရမှာ ဖြစ်ပါတယ်။

အဇာဘိုင်ဂျန်နိုင်ငံက ဒဗလျူတီအိုနဲ့ စေ့စပ်ညှိနှိုင်းမှုတွေကို ၂၀၀၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ဒဗလျူတီအို အတွင်းရေးမှူးရုံးမှာ အဇာဘိုင်ဂျန်ဆိုင်ရာလုပ်ငန်းအဖွဲ့ကို ၁၉၉၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်ကစတင်ဖွဲ့စည်းပေးခဲ့ပါတယ်။ လောလောဆယ်မှာတော့ အဇာဘိုင်ဂျန်နိုင်ငံက ဒဗလျူတီအိုကို ဝင်ရောက်နိုင်ရေးအတွက် အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ဘရာဇီး၊ အီကွေဒေါ၊ သီရိလင်္ကာ၊ ဥရောပသမဂ္ဂ၊ နော်ဝေ၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ တရုတ် (တိုင်ပေ)၊ ကနေဒါ၊ ဆွစ်ဇာလန်နဲ့ ဟွန်ဒူရပ်တို့နဲ့ စေ့စပ်ညှိနှိုင်းမှုတွေဆောင်ရွက်လျက် ရှိပါတယ်။

# CLMV နိုင်ငံများက စီးပွားရေး ပူးပေါင်းဆောင်ရွက်ဖို့ အတည်ပြု

အရှေ့တောင်အာရှဒေသမှာ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ သာယာဝပြောရေးတို့အတွက် ကဏ္ဍအလိုက် ကျယ်ကျယ်ပြန့်ပြန့်တိုးချဲ့ပြီး ပူးပေါင်းဆောင်ရွက်ဖို့ ဇွန်လ ၂၂ ရက်နေ့က CLMV (ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ်) နိုင်ငံတွေက သဘောတူခဲ့ကြကြောင်း ရှင်ဟွာသတင်းမှာ ဖော်ပြပါ တယ်။

CLMV နိုင်ငံတွေအချင်းချင်းချုပ်ဆိုထားတဲ့ လက်ရှိသဘောတူစာချုပ်တွေအားလုံး ကို အကောင်အထည်ဖော်ခြင်း၊ ယခုနှစ် နှစ်ဦးပိုင်းက ဖွင့်လှစ်ပေးထားတဲ့ လာအို-မြန်မာချစ်ကြည်ရေးတံတားကို အမြန်ဆုံးအသုံးပြုရေး စတဲ့နိုင်ငံများအချင်းချင်း ထားရှိတဲ့ ကတိကဝတ်များကို အကောင်အထည် ဖော်ဖို့ မြန်မာနိုင်ငံ နေပြည်တော်မှာ ကျင်းပတဲ့ (၇) ကြိမ်မြောက် CLMV ထိပ်သီးအစည်းအဝေးမှာ ထပ်မံအတည်ပြုခဲ့ကြပါတယ်။

ဒန်ဆန်ဗန် (လာအို) နဲ့ လာအိုဘောင် (ဗီယက်နမ်) မှာ ရှိတဲ့ အပြည်ပြည်ဆိုင်ရာနယ်စပ်စခန်းမှာ ဆောင်ရွက်နေတဲ့ တစ်ကြိမ်တည်း ရပ်တန့်စစ်ဆေးမှု (Single Stop Inspection) ကို CLMV နိုင်ငံတွေအချင်းချင်းတိုးချဲ့ ဆောင်ရွက်ပြီး ကုန်သွယ်မှုရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်းနဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေ လွယ်ကူချောမွေ့အောင်ဒီလိုစစ်ဆေးမှုပုံစံကို ကွန်ရက်တစ်ခုအဖြစ် ဖွဲ့စည်းဆောင်ရွက်ဖို့ ထိပ်သီးအစည်းအဝေးမှာ သဘောတူခဲ့ကြပါတယ်။

သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေ ပူးပေါင်းဆောင်ရွက်ရာမှာ မဟာမဲခေါင်ဒေသခွဲ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီမှုအရ CLMV နိုင်ငံတွေအတွင်းမှာ တည်ရှိနေတဲ့ စီးပွားရေးစင်္ကြံတွေကို အသုံးပြုပြီး ပေါင်းစပ်ညှိနှိုင်းမှုတွေကို ထိထိရောက်ရောက်ဆောင်ရွက်ဖို့ CLMV ခေါင်းဆောင်တွေက သဘောတူခဲ့ကြပါတယ်။

လယ်ယာစိုက်ပျိုးရေး၊ စက်မှု၊ စွမ်းအင်၊ သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးနည်းပညာ (အိုင်စီတီ) ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးမှာ အက်စ်အမ်အီးဖွံ့ဖြိုးရေး၊ ဓါတ်သတ္တုရှာဖွေရေး၊ ပြန်ပြည့်မြဲစွမ်းအင်၊ ရေအားလျှပ်စစ်ဖွံ့ဖြိုးရေးနဲ့ ရေနံနဲ့ သဘာဝဓာတ်ငွေ့ရှာဖွေရေးစတဲ့ အရေးပါတဲ့နယ်ပယ်တွေမှာ လွယ်ကူချောမွေ့စွာ ရင်းနှီးမြှုပ်နှံနိုင်ဖို့ CLMV ခေါင်းဆောင်တွေက သဘောတူခဲ့ကြပါတယ်။

အလားတူ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးနဲ့ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများမှာလည်း ပူးပေါင်းဆောင်ရွက်ကြဖို့နဲ့ အာဆီယံပေါင်းစည်းရေး ကြိုးပမ်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြင့် ဆောင်ရွက်ဖို့လည်း CLMV ခေါင်းဆောင်တို့က သဘောတူခဲ့ကြပါတယ်။

(၈) ကြိမ်မြောက် CLMV ထိပ်သီးအစည်းအဝေးကို ဗီယက်နမ်က အိမ်ရှင်အဖြစ် ကျင်းပပေးဖို့ အဲဒီအစည်းအဝေးက သဘောတူခဲ့ကြပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# စီးပွားရေးလုပ်ငန်းအောင်မြင်မှုအတွက် စီအီးအိုများရဲ့နာမည်ကောင်းရှိမှုက အရေးပါ

ပြည်တွင်း၊ ပြည်ပ ဆက်ဆံရေးတွေမြင့်မားလာတာနဲ့အမျှ အမှုဆောင်အဖွဲ့များ (စီအီးအို) များရဲ့ နာမည်ကောင်းရရှိရေးကို ကြိုးပမ်းဆောင်ရွက်ပြီး ကုမ္ပဏီရဲ့ ပုံရိပ်ကိုလည်း ကောင်းမွန်အောင်တည်ဆောက်ကာ စီးပွားရေးလုပ်ငန်းရေရှည်တည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းသင့်ကြောင်း လူထုဆက်ဆံရေး ပညာရှင်ရဲ့ ပြောကြားချက်ကို ကိုးကားပြီး နေးရှင်းသတင်းမှာဖော်ပြပါတယ်။

"ကုမ္ပဏီရဲ့ နာမည်ကောင်းနဲ့ စျေးကွက်တန်ဖိုးမြင့်မားရေးအတွက် အမှုဆောင်အရာရှိချုပ် (စီအီးအို) ရဲ့နာမည်ကောင်းရှိမှုက အရေးကြီးပါတယ်။ အလားတူ ဝန်ထမ်းတွေကိုဆွဲဆောင်ပြီး လုပ်ငန်းခွင်တည်မြဲအောင်ထိန်းသိမ်းရာမှာလည်း အရေးကြီးပါတယ်" လို့ နယူးယောက်အခြေစိုက် ဝက်ဘာဆင်းဒဝစ်ချ်အေဂျင်စီရဲ့ ကမ္ဘာ့နာမည်ကောင်းဆိုင်ရာ မဟာဗျူဟာမှူး လက်စလီဂိန်းနက်စ်ရှော့စ်က ယခင်ရက်သတ္တပတ်အတွင်းက ဗန်ကောက်မြို့မှာပြောပါတယ်။

ထိုင်းသုတေသနအဖွဲ့နဲ့KRC Research တို့ပူးတွဲပြီး နိုင်ငံပေါင်း ၁၉ နိုင်ငံမှ အမှုဆောင်အရာရှိ ၁၇၀၀ ကို စစ်တမ်းကောက်ယူခဲ့ပါတယ်။ ကုမ္ပဏီတွင်းနဲ့ ကုမ္ပဏီပြင်ပ ဆက်ဆံရေးတွေရှိနေတဲ့အတွက် စီအီးအိုရဲ့ နာမည်ကောင်းက ပို၍ပင်အရေးကြီးလာနိုင်ကြောင်း စစ်တမ်းကောက်ယူခဲ့တဲ့ ၅၇ ရာခိုင်နှုန်းက ပြောကြောင်းစစ်တမ်းမှာ ဖော်ပြပါတယ်။

စီအီးအိုနဲ့သူရဲ့ အမှုဆောင်အဖွဲ့က လုပ်ငန်းကို ကောင်းမွန်စွာစီမံခန့်ခွဲနိုင်တဲ့ နာမည်ကောင်းရှိရင် သူတို့ကုမ္ပဏီက ဝန်ထမ်းသစ်တွေကိုဆွဲဆောင်နိုင်ပြီးလက်ရှိဝန်ထမ်းတွေကိုလည်း ထိန်းထားနိုင်လိမ့်မယ်လို့ ပြည်သူ့ဆက်ဆံရေးမဟာဗျူဟာမှူးက ပြောပါတယ်။

သုတေသနအရ စီအီးအိုနဲ့သူ့အဖွဲ့ရဲ့ နာမည်ကောင်းရှိရင် ဝန်ထမ်းသစ်တွေကို ဆွဲဆောင်နိုင်မယ်လို့ ပြောသူ ၈၂ ရာခိုင်နှုန်းရှိပြီး လက်ရှိဝန်ထမ်းတွေကို ထိန်းထားနိုင်မယ်လို့ ပြောသူက ၇၆ ရာခိုင်နှုန်းရှိပါတယ်။



# အရှေ့နဲ့ အရှေ့တောင်အာရှမှ အခြေခံအဆောက်အအုံ တိုးတက်ရေး ရင်းနှီးမြှုပ်နှံမှု စံချိန်တင်

အရှေ့နဲ့ အရှေ့တောင်အာရှဒေသမှာ အခြေခံအဆောက်အအုံ တည်ဆောက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုက တိုးတက်လျက်ရှိနေပြီး ဒေသတွင်းနိုင်ငံ ခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုက အဓိကမောင်းနှင်အားတစ်ခု ဖြစ်နေကြောင်း အသစ်ထုတ်ပြန်လိုက်တဲ့ ကုလသမဂ္ဂကုန်သွယ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ (UN. Conference on Trade and Development-UNCTAD) ရဲ့ ၂၀၁၅ ခုနှစ်ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုအစီရင်ခံစာကို ကိုးကားပြီး ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။ နိုင်ငံအချင်းချင်း ဆက်သွယ်မှုများကလည်း နယ်ပယ်အသီးသီးမှာ တစ်ဟုန်ထိုး တိုးတက်ကောင်းမွန်လာကြောင်း ဖော်ပြထားပါတယ်။

အထူးသဖြင့် လျှပ်စစ်ဓာတ်အား၊ တယ်လီကွန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးနဲ့ ရေအရင်းအမြစ် နယ်ပယ်တွေမှာ အခြေခံအဆောက်အအုံက ဒေသတွင်း ချိတ်ဆက်မှုအတွက် အရေးပါတဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း အစီရင်ခံစာမှာဖော်ပြပါတယ်။

မည်သို့ပင်ဆိုစေ နိုင်ငံအချင်းချင်း၊ ဒေသခွဲ အတွင်းနဲ့ ကဏ္ဍတွေအချင်းချင်း အခြေခံအဆောက်အအုံဆိုင်ရာ ချိတ်ဆက်မှုရဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာ မညီမညာရှိနေဆဲဖြစ်ကြောင်း အစီရင်ခံစာမှာ ဖော်ပြပါတယ်။

မကြာသေးမီက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ အမျိုးသားအဆင့်၊ ဒေသဆိုင်ရာအဆင့်၊ အပြည်ပြည်ဆိုင်ရာ အဆင့်မှာရှိတဲ့ အစီအစဉ်တွေက ဒေသတွင်းနဲ့ ဒေသပြင်ပရှိ အခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုနဲ့ ချိတ်ဆက်မှုအတွက် တိုးတက်မှု အလားအလာတွေ ဖြစ်ပေါ်ခဲ့ကြောင်း အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းကြီးတွေက အခြေခံအဆောက်အအုံ တည်ဆောက်ရေးမှာ အဓိကရင်းနှီးမြှုပ်နှံသူတွေဖြစ်ပြီး ဒေသတွင်းချိတ်ဆက်မှု တိုးတက်ကောင်းမွန်ရေးကို အထောက်အကူဖြစ်စေခဲ့ကြောင်း အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

# ဗီယက်နမ်အထည်ချုပ်ပို့ကုန်များ ပထမခြောက်လအတွင်း မြင့်တက်

ယခုနှစ် ပထမခြောက်လအတွင်း ဗီယက်နမ်ချည်မျှင်နဲ့ အထည်ချုပ်ပို့ကုန်လုပ်ငန်းက အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၁၈ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း ဗီယက်နမ်ချည်မျှင်နဲ့ အထည်ချုပ်လုပ်ငန်း (Viet Nam Textile and Garment Group - Vinatex) ရဲ့ပြောကြားချက်ကို ကိုးကားပြီး VNS သတင်းမှာ ဖော်ပြပါတယ်။ ဒီပို့ကုန်လုပ်ငန်းက ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ရင် ၁၀ ဒသမ ၂၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါတယ်။

ဗီယက်နမ်ချည်မျှင်နဲ့ အထည်ချုပ်လုပ်ငန်းမှ ထွက်ရှိတဲ့အဝတ်အထည်ပို့ကုန်တွေကို အမေရိကန်ပြည်ထောင်စုသို့ အများဆုံးတင်ပို့ခဲ့ပြီး စုစုပေါင်း အမျိုးသားပို့ကုန်တန်ဖိုးရဲ့ ၄၂ ရာခိုင်နှုန်းရှိပါတယ်။ ပို့ကုန်တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၈ ဘီလီယံရှိပြီး တိုးတက်မှုနှုန်းက ၁၁ ဒသမ ၀၁ ရာခိုင်နှုန်းရှိပါတယ်။ ဒုတိယအထည်ချုပ် အများဆုံး တင်ပို့တဲ့နိုင်ငံက ဥရောပသမဂ္ဂ (အီးယူ) ဖြစ်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၅ ဘီလီယံရှိရာ တိုးတက်မှုနှုန်းက ၈ ဒသမ ၂ ရာခိုင်နှုန်းရှိပါတယ်။

တစ်ချိန်တည်းမှာ ဂျပန်နဲ့ တောင်ကိုရီးယားနိုင်ငံတွေကို တင်ပို့တဲ့ဗီယက်နမ်ရဲ့ ပို့ကုန်တန်ဖိုးက အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံနဲ့ ၉၄၈ သန်း အသီးသီးရှိခဲ့ကြောင်း Vinatex က ပြောပါတယ်။ ယခင်နှစ် ကာလတူနဲ့နှိုင်းယှဉ်ရင် ယခုနှစ် ပထမနှစ်ဝက်မှာ ၇ ဒသမ ၃ ရာခိုင်နှုန်းမှ ၈ ဒသမ ၃၃ ရာခိုင်နှုန်း အသီးသီးရှိခဲ့တယ်လို့ ဆိုပါတယ်။ ဂျပန်နဲ့ တောင်ကိုရီးယားကိုချည်မျှင်နဲ့ အထည်ချုပ်ပို့ကုန်တင်ပို့မှုမှာ တရုတ်နိုင်ငံကအများဆုံးဖြစ်ပြီး ဗီယက်နမ်က ဒုတိယအများဆုံး ဖြစ်ပါတယ်။



ယခုနှစ် ပထမခြောက်လမှာ Vinatex ရဲ့ ပို့ကုန်ဝင်ငွေက အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံထိရှိခဲ့ပြီး နှစ်အလိုက်အခြေခံအရ ၁၀ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ခဲ့ပါတယ်။

# အင်ဒိုနီးရှားနိုင်ငံ၏ သင်္ဘောတည်ဆောက်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံဖို့ လေးနိုင်ငံစိတ်ဝင်စား



၂၀၁၄ ခုနှစ်မှ ၂၀၁၅ ခုနှစ် မေလအထိကာလအတွင်း အင်ဒိုနီးရှားနိုင်ငံရဲ့ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံဖို့ ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်နဲ့ ဩစတြေးလျနိုင်ငံတို့မှ စိတ်ဝင်စားမှုရှိကြောင်း အင်ဒိုနီးရှား ရင်းနှီးမြှုပ်နှံမှု ပေါင်းစပ်ညှိနှိုင်းရေးဘုတ်အဖွဲ့ (BKPM) အကြီးအကဲရဲ့ ပြောကြားချက်ကို ကိုးကားပြီး အင်တာရာသတင်းဌာနမှာ ဖော်ပြထားပါတယ်။

အထူးသဖြင့် အမေရိကန်ဒေါ်လာသန်း ၄၀ ရင်းနှီးမြှုပ်နှံဖို့ ဂျပန်ကုမ္ပဏီတစ်ခုက စိတ်ဝင်စားမှုရှိကြောင်း BKPM အကြီးအကဲ ဖရန်ကီဆီဘာရာနီက ဇွန် ၂၄ ရက်က ပြောပါတယ်။ တောင်ကိုရီးယားကုမ္ပဏီနှစ်ခုအနက် တစ်ခုက အမေရိကန်ဒေါ်လာ ၄ ဘီလီယံရင်းနှီးမြှုပ်နှံမယ်လို့ ကတိပြုထားပါတယ်။ ဒါ့ပြင် တရုတ်ကုမ္ပဏီတစ်ခုက အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၅ ဘီလီယံနဲ့ ဩစတြေးလျ ကုမ္ပဏီတစ်ခုက အမေရိကန် ဒေါ်လာ သန်း ၁၅၀ ရင်းနှီးမြှုပ်နှံဖို့ ကတိပြုထားပါတယ်။

"ကိုရီးယားကုမ္ပဏီတစ်ခုက သင်္ဘောပြုပြင်ထိန်းသိမ်းရေးနယ်ပယ်မှာ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေကို လေ့လာစူးစမ်းလျက်ရှိပါတယ်"လို့ ဖရန်ကီက ပြောပါတယ်။

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းခွင်ကို ရွေးချယ်ရာမှာ ဘုတ်အဖွဲ့က ရင်းနှီးမြှုပ်နှံသူတွေကို အကူအညီပေးပါတယ်။ ဒါကြောင့် ဘုတ်အဖွဲ့ကလည်း လမ်ပန်း၊ ကမွန်ဂန်၊ ဂရက်စစ်၊ ဘီတန်နဲ့ တောင်ပိုင်းဆူလာဝေစီစတဲ့ ဒေသအများအပြားကို ရင်းနှီးမြှုပ်နှံမှုနေရာများအဖြစ် စီစဉ်ဆောင်ရွက်ပေးပါတယ်။ ဒီလိုလမ်းညွှန်ပေးတဲ့ အပြင်လုံလောက်တဲ့ အထောက်အကူပြုလုပ်ငန်းတွေကိုလည်း စီစဉ်ပေးပါတယ်။ ယခုနှစ်အတွင်းမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကို လက်စသတ်ဆောင်ရွက်နိုင်လိမ့်မယ်လို့ မျှော်လင့်ကြောင်း ဖရန်ကီကပြောပါတယ်။

သင်္ဘောတည်ဆောက်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် BKPM က အဆင့်ဆင့်ဆောင်ရွက်လျက်ရှိပါတယ်။ ဘုတ်အဖွဲ့က ဒေသဆိုင်ရာစက်မှုလုပ်ငန်းတွေအတွက် လိုင်စင်များပေါင်းစည်းနိုင်ရေးကို အလေးပေးဆောင်ရွက်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံမှုလိုင်စင်တွေကို ရှင်းလင်းလွယ်ကူအောင် ဆောင်ရွက်လျက်ရှိပါတယ်။ ထို့မျှမက ဘုတ်အဖွဲ့ကသက်ဆိုင်ရာ ဝန်ကြီးဌာနတွေအဖွဲ့အစည်းတွေနဲ့ပူးတွဲပြီး လူသားအရင်းအမြစ်တွေ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

## အာလင်

လာမယ့်ငါးရက်အတွင်း ဂရိအစိုးရက သူ့ရဲ့မြီရှင်တွေနဲ့ဆွေးနွေးညှိနှိုင်းရာမှာ အဖြေတစ်ခုခုကို မရခဲ့ပါက ဂရိနိုင်ငံအနေနဲ့ယူရိုဇုန်မှ မလွဲမသွေ ထွက်ခွာရတော့မှာဖြစ်ကြောင်း ဇွန်လ ၂၆ ရက်နေ့က ဂျာမနီနိုင်ငံမှ အီးယူကော်မရှင်နာ Guenther Oettinger ရဲ့ပြောကြားချက်ကို ကိုးကားပြီးရိုက်တာသတင်းမှာဖော်ပြပါတယ်။

## စင်ကာပူ

စင်ကာပူရဲ့ ကုန်ချောထုတ်လုပ်မှုက ၂၀၁၅ ခုနှစ်မေလမှာ နှစ်အလိုက်နှိုင်းယှဉ်မည်ဆိုပါက ၂ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဇွန် ၂၆ ရက်က စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့ (Economic Development Board-EDB) မှ နောက်ဆုံးထုတ်ပြန်သောကိန်းဂဏန်းများကို ကိုးကားပြီးစီအင်အေသတင်းမှာ ဖော်ပြထားပါတယ်။

## ကုလာလမ်ပူ

ယူကရိန်းနိုင်ငံတွင် မလေးရှားအဲလိုင်းပစ်ချခံရစဉ်က သေဆုံးခဲ့ရတဲ့ မိသားစုများအတွက် တရားမျှတမှုရှိအောင် ဆောင်ရွက်နိုင်ရန် အပြည်ပြည်ဆိုင်ရာ ခုံသမာဓိအဖွဲ့ကိုဖွဲ့စည်းပေးဖို့ ဩစတြေးလျနိုင်ငံအစိုးရက မလေးရှား၊ ယူကရိန်း၊ နယ်သာလန်နဲ့ ဘယ်လ်ဂျီယံနိုင်ငံတို့ကို နှိုးဆော်တိုက်တွန်းခဲ့ကြောင်း ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။

## ကွာလာလမ်ပူ

မလေးရှားနိုင်ငံရဲ့ ပျမ်းမျှအလုပ်လက်မဲ့နှုန်းက ၂၀၁၄ ခုနှစ်မှာ ၂ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုနှစ်မှာ ၃ ဒသမ ၁ ရာခိုင်နှုန်း အထိရောက်ရှိနိုင်ကြောင်း မလေးရှားနိုင်ငံရဲ့ အကြီးဆုံးဘဏ်ကြီးဖြစ်တဲ့ Maybank ရဲ့ Maybank Investement Bank Research က ဇွန် ၂၆ ရက်မှာ ထုတ်ပြန်လိုက်တဲ့ အချက်ကို ကိုးကားပြီး သည်စတားအွန်လိုင်းသတင်းမှာ ဖော်ပြပါတယ်။

**SOUTH ASIA**

# ဂျုံအများဆုံးတင်သွင်းဖို့ အိန္ဒိယနိုင်ငံ စီစဉ်

မတ်လနောက်ပိုင်းကစပြီး ဂျုံတန်ချိန်ငါးသိန်းတင်သွင်းဖို့ အိန္ဒိယဂျုံမှုန့်လုပ်ငန်းရှင်တွေနဲ့ ပြည်တွင်းကုန်သွယ်မှုလုပ်ငန်းတွေ စီစဉ်လျက်ရှိကြောင်း ကုန်သွယ်မှုသတင်းရပ်ကွက်မှ သတင်းများကို ကိုးကားပြီးသည်ဟိန္ဒူသတင်းမှာ ဖော်ပြပါတယ်။ ပြည်တွင်းအရန်သိုလှောင်မှုတွေ ရှိနေပေမယ့် ဆယ်စုနှစ်တစ်စုအတွင်း အများဆုံးဝယ်ယူခဲ့ကြတာ ဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံမှာ ဖေဖော်ဝါရီနဲ့ မတ်လမှာအခါမဲ့ မိုးရွာသွန်းမှုကြောင့် ဂျုံအထွက်လျော့ကျနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။ အထူးသဖြင့် အိန္ဒိယအလယ်ပိုင်းဒေသမှာ စိုက်ပျိုးပြီး ပရိုတိန်းဓာတ်မြင့်မားတဲ့ ဂျုံအမျိုးအစားအထွက်ကျမှာကို စိုးရိမ်စိတ်ကြောင့် အိန္ဒိယတောင်ပိုင်းမှ ဂျုံမှုန့်ကြိတ်လုပ်ငန်းတွေက အမှာစာတွေကိုတိုးမြှင့်ပေးဖို့ လျက်ရှိနေပါတယ်။ ဒီနောက်ပိုင်းမှာလည်း Gargill, Louis Dreylus နဲ့ ဂလင်ကိုးစတဲ့ ကုန်သည်တွေကလည်း အလားတူ ဆောင်ရွက်လာတာကို တွေ့ရကြောင်း ဒီလုပ်ငန်းမှာ တိုက်ရိုက်ပါဝင်နေတဲ့ သတင်းရပ်ကွက် သုံးခုမှ တစ်ဆင့် သိရပါတယ်။

ကုန်သည်များနဲ့ ဂျုံမှုန့်ကြိတ်လုပ်ငန်းရှင်တွေက ဂျုံရိတ်သိမ်းရာသီနီးကပ်နေပြီဖြစ်တဲ့ ပြင်သစ်နဲ့ ရုရှားတို့မှလည်း ဂျုံတန် ငါးသိန်းမှာယူဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလို ဆောင်ရွက်မှုတွေကြောင့် မကြာသေးမီ အချိန်ကတည်းက မြင့်တက်ပြီးသား ဖြစ်နေတဲ့အခြေခံဈေးနှုန်းတွေကို မြင့်တက်စေခဲ့ပါတယ်။

ယခုလောလောဆယ် စာချုပ်ပြီးဖြစ်နေတဲ့ ဈေးနှုန်းကတစ်တန်ကို ၂၅၅ ဒေါ်လာနဲ့ ၂၇၅ ဒေါ်လာကြားမှာရှိပြီး မှာယူထားတဲ့ ထက်ဝက်ခန့်က အိန္ဒိယကိုရောက်နေပြီး ကျန်တဲ့ပမာဏကိုဇူလိုင်လထဲမှာ တင်ပို့မယ်လို့ အမည်မဖော်လိုတဲ့ သတင်းရပ်ကွက်ကပြောပါတယ်။

**EU**

# ဂရိဘဏ်များအတွက် အရေးပေါ်ငွေဖြစ်လွယ်မှု အစီအစဉ်ကို အီးစီဘီက ထပ်မံ အတည်ပြု

ဂရိဘဏ်များက ဂရိနိုင်ငံဗဟိုဘဏ်မှ အရေးပေါ်ငွေဖြစ်လွယ်မှု အစီအစဉ်အဖြစ် ခြောက်ရက်အတွင်း ဥရောပဗဟိုဘဏ်(အီးစီဘီ)က တတိယအကြိမ် တိုးမြှင့်ပေးလိုက်ကြောင်း ဘဏ်လုပ်ငန်းသတင်းရပ်ကွက်က ပြောကြားချက်ကို ကိုးကားပြီး ဇွန်လ ၂၂ ရက်က ရိုက်တာသတင်းမှာ ဖော်ပြပါ တယ်။




ဒါပေမယ့် ပမာဏ အတိအကျပြောကြားခြင်း မရှိပါဘူး။ ဂရိ နိုင်ငံက မြီရှင်တွေနဲ့စေ့စပ်ညှိနှိုင်းမှု မအောင်မြင်မှာကို စိုးရိမ်တဲ့အတွက် ဂရိ ငွေကြေးစုဆောင်းသူတွေက ဂရိငွေချေးဘဏ်များမှ ယူရို ၄ ဒသမ ၂ ဘီလီယံကို ပြန်လည်ထုတ်ယူပြီးနောက်ပိုင်း အီးစီဘီ အုပ်ချုပ်မှုကောင်စီက ဇွန် ၂၂ ရက်မှာ တယ်လီကွန်ဖရင့်တစ်ခုကိုကျင်းပပြီး အရေးပေါ်ငွေဖြစ်လွယ်မှုချေးငွေကိစ္စကို ဆွေးနွေးတိုင်ပင်ခဲ့ကြပါတယ်။

"အုပ်ချုပ်မှုကောင်စီက အရေးပေါ်ငွေဖြစ်လွယ်မှု အကူအညီအမြင့်ဆုံးပမာဏကို မြှင့်တင်ပေးခဲ့ပါတယ်။ လိုအပ်မယ်ဆိုရင် တယ်လီကွန်ဖရင့်ကနေ နောက်ထပ် ဆွေးနွေးညှိနှိုင်းကြဦးမှာ ဖြစ်ပါတယ်"လို့ အမည်မဖော်လိုသူ သတင်းရပ်ကွက်တစ်ခုမှ ပြောပါတယ်။

အီးစီဘီက အရေးပေါ်ငွေဖြစ်လွယ်မှုအကူအညီ အမြင့်ဆုံးသတ်မှတ်ချက်ကို ယူရို ၁ ဒသမ ၁ ဘီလီယံ ထပ်တိုးပြီး ဇွန်လ ၁၇ ရက်မှာ ယူရို ၈၄ ဒသမ ၁ ဘီလီယံထိတိုးမြှင့်ပေးခဲ့ပါတယ်။ ဒ့ါပြင် ဇွန်လ ၁၉ ရက်နေ့မှာနောက်ထပ် ယူရို ၁ ဒသမ ၈ ဘီလီယံ ထပ်တိုးပြီး မြှင့်တင်ပေးခဲ့ကြောင်း အစိုးရဘဏ်အရာရှိတစ်ဦးက ပြောပါတယ်။

ယခင်ရက်သတ္တပတ်က ဂရိဘဏ်တွေကနေစုဆောင်းမှု အပ်ငွေတွေကို ယူရို လေးဘီလီယံထိ ပြန်ထုတ်ခဲ့ပြီးနောက် ဇွန် ၂၂ ရက်နေ့မှာ ထုတ်ဖို့ကြိုတင်စာရင်းပေးထားတဲ့ ပမာဏက ယူရိုတစ်ဘီလီယံ ထိရှိပါတယ်။

**EAST ASIA**

# စီးပွားရေးနာလန်ထူမယ့် စီမံကိန်းများကို တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းတို့ အဆိုပြု

မကြာသေးမီက ဖြစ်ပွားခဲ့တဲ့ မားစ်ရောဂါဖြစ်ပွားမှုဒဏ်ကို ခံခဲ့ရပြီး ပြည်တွင်းစီးပွားရေး ကျဆင်းနေမှုကို ပြန်လည်ရှင်သန်စေမယ့် ရှေ့လုပ်ငန်းစဉ်ချမှတ်ဖို့ အမျိုးသားစီးပွားရေးအသိုက်အဝန်းက နှိုးဆော်ထားကြောင်း ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

"မားစ်ရောဂါအတွက် စိုးရိမ်မှုကြောင့် ကျဆင်းနေတဲ့ တောင်ကိုရီးယားစီးပွားရေးကို ထိခိုက်မှုဖြစ်စေခဲ့တဲ့အတွက် စီးပွားရေးခေါင်းဆောင်တွေက ယခုလိုနှိုးဆော်ပေးခဲ့တာ ဖြစ်ပါတယ်" လို့ ကိုရီးယားကုန်သည်ကြီးများနဲ့ စက်မှုလုပ်ငန်းရှင်များအသင်း(ကေစီစီအိုင်) ဥက္ကဋ္ဌ ပတ်ယောင်မန်း ကပြောပါတယ်။

ယခင်လက ဖြစ်ပွားခဲ့တဲ့ မားစ်ရောဂါပြန့်ပွားမှုကြောင့် ငွေကြေးထိခိုက်မှုရှိတယ်လို့ ခံစားနေကြတဲ့ ကိုရီးယားကုမ္ပဏီ အထူးသဖြင့် အသေးစားနဲ့ ကိုယ်ပိုင်လုပ်ငန်းဆောင်ရွက်သူဦးရေက တိုးပွားလျက်ရှိနေပါတယ်။ ရောဂါပြန့်ပွားမှုကြောင့် ကုမ္ပဏီတွေက ပင်လယ်ရပ်ခြားက ဝယ်လက်တွေနဲ့ ဆွေးနွေးပွဲတွေဖျက်သိမ်းခဲ့ရပြီး ရောင်းအားကျဆင်းမှုတွေနဲ့ ကြုံခဲ့ရပါတယ်။

"မားစ်ရောဂါအတွက် စိုးရိမ်မှုကြောင့်ဖြစ်ရတဲ့ အခက်အခဲတွေကိုဖြေရှင်းဖို့နဲ့ ကျဆင်းနေတဲ့ စီးပွားရေးပြန်လည်ဦးမော့လာဖို့အတွက် ကော်ပိုရေးရှင်းတွေက အစိုးရနဲ့ ပိုမိုပြီးလက်တွဲဆောင်ရွက်ဖို့ အရေးကြီးပါတယ်"လို့ ဆိုးလ်မြို့ရှိ Lotte Hotel မှာကျင်းပတဲ့ KCCI ကော်မတီရဲ့ အရေးပေါ် အစည်းအဝေး အဖွင့်အနေနဲ့ ပတ်က ပြောပါတယ်။

စီးပွားရေးမြှင့်တင်ပေးဖို့အတွက် ကော်ပိုရိတ်အဆင့်မှာ ဆွေးနွေးတဲ့ရှေ့လုပ်ငန်းစဉ်တွေအနက် အလုပ်အကိုင်ဖန်တီးရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို စီစဉ်ထားတဲ့အတိုင်း ဆောင်ရွက်ရေးနဲ့ ကိုရီးယားနိုင်ငံအတွင်းသို့ ရင်းနှီးမြှုပ်နှံမှုတွေ ပြန်လည်ဝင်ရောက်လာစေရေးစတဲ့ ကိစ္စတွေ ပါဝင်ပါတယ်။ ယခုနှစ်နွေရာသီမှာ စားသုံးမှုမြှင့်တင်ရေးအတွက် စီမံချက်ချထားတဲ့အတိုင်း စီးပွားရေးနဲ့ပတ်သက်တဲ့ အစည်းအဝေးတွေကျင်းပဖို့နဲ့ နွေရာသီ အားလပ်ရက်တွေမှာ ကိုရီးယားပြည်သူတွေအနေနဲ့ ပြည်တွင်းမြို့တွေကိုသာ သွားရောက်လည်ပတ်ဖို့ ကေစီစီအိုင် ဦးဆောင်ကော်မတီက တိုက်တွန်းထားပါတယ်။

**USA**

# ပထမသုံးလပတ်မှာ အမေရိကန်စီးပွားရေး အနည်းငယ်ကျဆင်း

ရာသီဥတုဆိုးဝါးမှု၊ ဒေါ်လာတန်ဖိုးမြင့်တက်မှု စွမ်းအင်ကဏ္ဍမှာ အသုံးစရိတ်လျှော့ချမှုနဲ့ အနောက်ဘက်ကမ်းခြေဆိပ်ကမ်းတွေမှာ အနှောင့်အယှက်အဟန့်အတားများ ဖြစ်ပေါ်မှုစတဲ့အကြောင်းတွေကို ကြိုးစားရုန်းကန်ဖြေရှင်းနေရတဲ့အတွက် အမေရိကန်စီးပွားရေးက ပထမသုံးလပတ်မှာ ကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် မူလခန့်မှန်းထားသလောက်ကျဆင်းမသွားဘူးလို့ ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ဒါပေမယ့် ဆီးနှင်းတွေ ထူထပ်စွာကျဆင်းမှုနဲ့ ဆိပ်ကမ်းတွေမှာဖြစ်ပေါ်နေတဲ့ အငြင်းပွားမှုတွေ မှေးမှိန်စပြုလာတဲ့အတွက် ဒုတိယသုံးလပတ်အဝင်ကစပြီး စီးပွားရေး ပြန်လည်ဦးမော့လာခဲ့ပါတယ်။ လက်လီရောင်းချမှုလုပ်ငန်းတွေကလည်း မေလမှာ ရောင်းကောင်းခဲ့ကြောင်း အစီရင်ခံစာတင်ပြလာကြပြီး အလုပ်ရှင်များကလည်း အလုပ်အကိုင်အသစ် ခန့်ထားမှုတွေကို တိုးမြှင့်လာပါတယ်။ အိမ်ရာမြေလုပ်ငန်းတွေတိုးတက်ကောင်းမွန်လာသလို ကုန်ချောထုတ်လုပ်မှုလုပ်ငန်းတွေကလည်း တည်ငြိမ်စပြုလာပါတယ်။

စီးပွားရေးတိုးတက်မှုခိုင်မာလာတာနဲ့အမျှ ယခုနှစ်အကုန်မှာ အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းတွေ တိုးမြှင့်ပေးမယ့် လက္ခဏာတွေ တွေ့ရပါတယ်။ ဇန်နဝါရီ-မတ်လအတွက် စုစုပေါင်းပြည်တွင်းထုတ်ကုန် (ဂျီဒီပီ) တိုးတက်မှုနှုန်းက သုည ဒသမ ၇ ရာခိုင်နှုန်းကျဆင်းမယ်လို့ မေလက ခန့်မှန်းခဲ့ရာမှ ဇွန်လ ၂၄ ရက်မှာ သုည ဒသမ ၂ ရာခိုင်နှုန်းသာ ကျဆင်းမယ်လို့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကခန့်မှန်းခဲ့ပါတယ်။

စားသုံးသူသုံးစွဲမှုနဲ့ ကုန်ပစ္စည်းလက်ကျန်ဟာ စောစောပိုင်းက ခန့်မှန်းထားတာထက် ပိုမိုခိုင်မာတာတွေကြောင့် ဂျီဒီပီတိုးတက်မှုနှုန်းကိုပြင်ဆင်ခန့်မှန်းခဲ့တာဖြစ်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်



ဂရိနိုင်ငံကြွေးမြီပေးဆပ်ဖို့ ပျက်ကွက်ပါက ထွန်းသစ်စဈေးကွက်တွေမှာ မတည်ငြိမ်မှုတွေမတည်မငြိမ်ဖြစ်လိမ့်မယ်လို့ တွက်ဆလာကြတဲ့အတွက် တောင်ကိုရီးယားနဲ့ စင်ကာပူငွေကြေးများက ဦးဆောင်ပြီး အာရှငွေကြေးတွေ ရက်သတ္တပတ်အလိုက် ကျဆင်းမယ့်လက္ခဏာတွေကို တွေ့ရပါတယ်။ ဇွန် ၂၅ ရက်က ပြုလုပ်ခဲ့တဲ့ ကြွေးမြီပြန်လည်ပေးဆပ်ရမယ့် ပြဿနာနဲ့ရင်ဆိုင်နေရတဲ့ ဂရိနိုင်ငံအတွက် ကယ်တင်မှုဈေးငွေဆွေးနွေးပွဲ မအောင်မြင်ဘဲ အဆုံးသတ်ခဲ့ရပြီးနောက်ပိုင်း ဇွန် ၂၇ ရက်မှာ ယူရိုနယ်မြေက ဘဏ္ဍာရေးဝန်ကြီးတွေ ဇွန် ၂၇ ရက်မှာ ပြန်လည် တွေ့ဆုံဆွေးနွေးဖို့ စီစဉ်ခဲ့ပါတယ်။ ရက်သတ္တပတ်အကုန် ဆွေးနွေးပွဲက ဂရိနိုင်ငံအတွက် အဆုံးအဖြတ်ပေးမယ့် ဆွေးနွေးပွဲဖြစ်လိမ့်မယ်လို့ ဂျာမန်ဝန်ကြီးချုပ် အိန်ဂျလာမာကယ်က ပြောပါတယ်။

တောင်ကိုရီးယားနိုင်ငံမှာလည်း စီးပွားရေးဖွံ့ဖြိုးမှုနှုန်း နှေးကွေးကျဆင်းလျက်ရှိတဲ့အတွက် ပြည်ပမှငွေကြေးရန်ပုံငွေတွေ ပြန်လည်စီးထွက်လျက်ရှိနေပါတယ်။

**တရုတ်ယွမ်**

တရုတ်နိုင်ငံက နိုင်ငံခြားငွေဖလှယ်ရေးလုပ်ငန်းမှာ ဝင်ရောက်စွက်ဖက်တာကို ကန့်သတ်တော့မှာဖြစ်ကြောင်း တရုတ် အမေရိကန်နှစ်ပတ်လည်ဆွေးနွေးပွဲပြီးနောက် တရုတ်နိုင်ငံက ကတိပြုခဲ့ပါတယ်။ ဒီလိုကတိပြုပြီးတဲ့နောက် ဟောင်ကောင်မှာ ယွမ်ငွေကြေးဖလှယ်နှုန်းက ရက်သတ္တပတ်တစ်ပတ်အတွင်းအနိမ့်ဆုံးနှုန်းကို ရောက်ရှိခဲ့ပါတယ်။ ဆွေးနွေးပွဲအပြီးမှာ တရုတ်နိုင်ငံရဲ့ နိုင်ငံခြားငွေဖလှယ်ရေးမူဝါဒတွေကို ပိုမိုပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ဖို့ တရုတ်နိုင်ငံက ကတိပြုခဲ့ပြီး ယွမ်ငွေကြေးကို ပိုမိုပြောင်းလွယ်ပြင်လွယ်ရှိပြီး ဈေးကွက်အခြေပြုငွေကြေးဖြစ်လာအောင် ဆောင်ရွက်မှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

တရုတ်ပြည်မကြီးရဲ့ ထိန်းချုပ်မှုအောက်ကလွတ်ကင်းတဲ့ဟောင်ကောင်ရှိ ပြည်ပယွမ်ငွေကြေးတန်ဖိုးက ဇွန်လ ၂၅ ရက် ညနေ ၅ နာရီခန့်က သုညဒသမ ဝ၄ ရာခိုင်နှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၆ ဒသမ ၂၇ဝ၁ ယွမ်နှုန်း ရှိခဲ့ကြောင်း ဘလွမ်းဘတ်ကပြုစုထားသော စာရင်းများအရ သိရပါတယ်။ တရုတ် နိုင်ငံခြားငွေရောင်းဝယ်ရေးဌာနမှာ ဗဟိုဘဏ်သတ်မှတ်ချက်က အပြောင်းအလဲ မရှိသလောက်ဖြစ်ပြီး တစ်ဒေါ်လာကို ၆ ဒသမ ၂ဝ၉ဝ ယွမ်နှုန်း ရှိခဲ့ပါတယ်။

**အိန္ဒိယရူပီး**

ပင်လယ်ရပ်ခြား ဒေသမှာ ဒေါ်လာတန်ဖိုးမြင့်တက်မှုကြောင့် ဘဏ်အချင်းချင်း နိုင်ငံခြားငွေဖလှယ်ရေးဈေးကွက်မှာ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ သုည ဒသမ ဝ၃ ရူပီးတန်ဖိုးကျဆင်းပြီး တစ်ဒေါ်လာကို ၆၃ ဒသမ ၆၅ ရူပီးနှုန်းရှိခဲ့ပြီး ဒုတိယမြောက်နေ့အဖြစ် တန်ဖိုးကျဆင်းခဲ့ပါတယ်။ အိန္ဒိယသွင်းကုန်လုပ်ငန်းရှင်တွေက လကုန်စာရင်းရှင်းဖို့ ဒေါ်လာဝယ်ယူမှုနဲ့ ပြည်တွင်းရှယ်ယာဈေးအဖွင့်မှာ ပြည်တွင်းရှယ်ယာတွေ တန်ဖိုးကျဆင်းမှုတို့ကလည်း ရူပီးတန်ဖိုးမြင့်တက်မှုကို အဟန့်အတားဖြစ်စေခဲ့ကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။

**ဂျပန်ယန်း**

ဇွန်လ ၂၆ ရက်နေ့က အာရှဈေးကွက်မှာ အဓိကငွေကြေးတွေနဲ့ ဖလှယ်တဲ့အခါ ဂျပန်ယန်းတွေတန်ဖိုးမြင့်တက်လာတာကို တွေ့ရပါတယ်။

ဂျပန်ယန်းငွေ၏ ဖလှယ်နှုန်းမှာ ဇွန်လ ၂၅ ရက်နေ့ညနေ ၅ နာရီက နယူးယောက်မှာ တစ်ဒေါ်လာကို ၁၂၃ ဒသမ ၅၉ ယန်းနှင့် တိုကျိုတွင် တစ်ဒေါ်လာကို ၁၂၃ ဒသမ ၇၆ ယန်းနှုန်းရှိရာမှ ဇွန် ၂၆ ရက်မနက်က တိုကျိုမှာ တစ်ဒေါ်လာကို ၁၂၃ ဒသမ ၅၈ ယန်းနှုန်းရှိခဲ့ပါတယ်။

ယူရို-ယန်း ဖလှယ်နှုန်းမှာ ဇွန်လ ၂၅ ရက်က နယူးယောက်မှာ တစ်ယူရိုကို ၁၃၈ ဒသမ ၅ဝ ယန်းနှင့် တိုကျိုမှာ တစ်ယူရိုကို ၁၃၈ ဒသမ ၆၆ ယန်းနှုန်းရှိရာမှ နောက်တစ်နေ့တွင် တိုကျို၌ တစ်ယူရိုကို ၁၃၈ ဒသမ ၄၄ ယန်းနှုန်းရှိခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

ရင်းဂစ်ငွေကြေးကို ဝယ်လိုအားကျဆင်းလာတဲ့အတွက် ဒေါ်လာနဲ့ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးကျဆင်းပြီး ဖလှယ်နှုန်းက ဇွန်လ ၂၅ ရက်နေ့မှာ တစ်ဒေါ်လာကို ၃ ဒသမ ၇၅၅ဝ ရင်းဂစ်နှုန်း ရှိခဲ့ရာမှ ၂၆ ရက်နေ့နံနက် ၉ နာရီမှာ တစ်ဒေါ်လာ ကို ၃ ဒသမ ၇၆၄ဝ ထိ ရောက်ရှိခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုက စက်တင်ဘာလမှာ အတိုးနှုန်းတိုးမြှင့်ဖို့ စီစဉ်တဲ့အတွက် အမေရိကန်အခြေစိုက် အဆင့်သတ်မှတ်ရေး အေဂျင်စီ Fitch Rating က ရင်းဂစ်ငွေကြေးကို အဆင့်လျှော့ချသတ်မှတ်ခဲ့တဲ့အတွက် ရင်းဂစ်ငွေကြေးကို စိတ်ဝင်စားမှုနည်းခဲ့ကြောင်း ဝယ်ရောင်းသမားတစ်ဦးက ပြောပါတယ်။ တခြားငွေကြေးတွေနဲ့ ဖလှယ်ရာမှာလည်း ရင်းဂစ်တန်ဖိုး ကျဆင်းစေခဲ့ပါတယ်။

**တောင်ကိုရီးယားဝမ်**

တောင်ကိုရီးယားစီးပွားရေးဖွံ့ဖြိုးမှုနှေးကွေးလာတဲ့အတွက် တောင်ကိုရီးယားရှိ နိုင်ငံခြားရန်ပုံငွေအဖွဲ့တွေ ပြန်လည် ထွက်ခွာသွားတဲ့အတွက် ဝမ်ငွေကြေးတန်ဖိုးက ငါးရက်အတွင်း သုည ဒသမ ၇ ရာခိုင်နှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၁၁၂ဝ ဝမ်ဝန်းကျင်ရှိခဲ့ပါတယ်။ အဲဒီလို ကျဆင်းမှုက ရက်သတ္တပတ် ၄ ပတ်အတွင်း အနိမ့်ဆုံးဖြစ်ခဲ့ပါတယ်။

**ထိုင်းဘတ်**

ထိုင်းဗဟိုဘဏ်က အတိုးနှုန်းကို ဧပြီလကုန်ပိုင်းမှာ ဒုတိယအကြိမ်အဖြစ် သုည ဒသမ ၂၅ ရာခိုင်နှုန်းလျှော့ချခဲ့ပြီးနောက်ပိုင်း ဒေါ်လာနဲ့ဖလှယ်ရာမှာ ၂ ဒသမ ၅ ရာခိုင်နှုန်းကျော်ကျဆင်းခဲ့ပါတယ်။ ဇူလိုင်လမှာလည်း ထိုင်းနိုင်ငံရဲ့ ပို့ကုန်သွင်းကုန်တွေ ဆက်လက်ကျဆင်းမယ်လို့ စီးပွားရေးပညာရှင်တွေက ခန့်မှန်းထားပါတယ်။ ဒေါ်လာနဲ့ ဘတ်ငွေဖလှယ်နှုန်းက ဇွန်လ ၂၆ ရက်မှာ တစ်ဒေါ်လာကို ၃၃ ဒသမ ၇၇ ဘတ်နှုန်း ရှိခဲ့ပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

## ယွမ်ငွေကြေးကို အပြည်ပြည်ဆိုင်ရာသုံးငွေကြေးအဖြစ်ရောက်ရှိအောင် ကြိုးပမ်းရာမှာ စင်ကာပူလို ဗဟိုအချက်အချာဌာနများက အရေးပါ

ယွမ်ငွေကြေးကို အပြည်ပြည်ဆိုင်ရာငွေကြေးအဖြစ် တရုတ်နိုင်ငံရဲ့ ကြိုးပမ်းမှုက အရှိန်ရလာပြီဖြစ်ကြောင်းနဲ့ ဒီလိုဆောင်ရွက်ရာမှာ စင်ကာပူအပါအဝင် ဗဟိုအချက်အချာဒေသများက အရေးပါတဲ့အခန်းကဏ္ဍမှ ပါဝင်လာကြောင်း အပြည်ပြည်ဆိုင်ရာအတိုင်ပင်ခံ အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အတ္တလန္တိတ်ကောင်စီရဲ့ ထုတ်ပြန်ချက်ကို ကိုးကားပြီးစီအင်အေသတင်းမှာ ဖော်ပြထားပါတယ်။ လွန်ခဲ့တဲ့နှစ်နှစ်ကစပြီး စင်ကာပူမှာယွမ်ငွေကြေးနဲ့ ငွေပေးငွေယူကိစ္စကို တာဝန်ယူဆောင်ရွက်ဖို့ တရုတ်စက်မှုနဲ့ကူးသန်းရောင်းဝယ်ရေးဘဏ် (Industrial and Commercial Bank of China-ICBC) ကို တရုတ်ဗဟိုဘဏ်က တာဝန်ပေးအပ်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အတွက် စင်ကာပူအခြေစိုက်ဘဏ်တွေက အပ်နှံငွေဘွန်းစာချုပ်များနဲ့ စတော့တွေအပါအဝင် ယွမ်ငွေကြေးနဲ့ တန်ဖိုးသတ်မှတ်ထားတဲ့ စာချုပ်စာတမ်းတွေအတွက် ငွေပေးချေရှင်းလင်းမှုဆောင်ရွက်ရာမှာ အထောက်အကူဖြစ်စေခဲ့ပါတယ်။

ယွမ်ငွေကြေးနဲ့ တန်ဖိုးသတ်မှတ်ထားတဲ့ ဒင်ဆမ်ဘွန်းစာချုပ်တွေထုတ်ဝေရာမှာ စင်ကာပူက ဟောင်ကောင်ကို မီအောင် မလိုက်နိုင်ပေမယ့် ယွမ်ငွေကြေးနဲ့ ကုန်သွယ်မှုပြုရာမှာတော့ စင်ကာပူနိုင်ငံက ပိုမိုသာလွန်ကြောင်း ဘဏ်လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူတွေက ပြောပါတယ်။

ယွမ်ငွေကြေးကို ကမ္ဘာ့အတိုင်းအတာအရ လက်ခံလာအောင်ဆောင်ရွက်ရေးက စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း အတ္တလန္တိတ်ကောင်စီကပြောပါတယ်။ ယွမ်ငွေကြေးသုံးစွဲမှုကိုအပြည်ပြည်ဆိုင်ရာအဆင့် ရောက်ရှိအောင်ဆောင်ရွက်မှုကြောင့် ငွေကြေးစာချုပ်စာတမ်းလုပ်ငန်းတွေကို အမျိုးအစားစုံလင်အောင် ဆောင်ရွက်ရာမှာ အထောက်အကူ ဖြစ်စေနိုင်ပေမယ့် မူဝါဒရေးဆွဲသူတွေအနေနဲ့ ငွေကြေးနဲ့ကြီးကြပ်မှုဆိုင်ရာ ဂယက်ရိုက်ခတ်မှုတွေကိုထည့်သွင်းစဉ်းစားဖို့လိုကြောင်း ကောင်စီက ပြောပါတယ်။ တရုတ်နိုင်ငံအနေနဲ့ ကမ္ဘာ့ဈေးကွက်အတွင်း ပါဝင်လှုပ်ရှားနေသူတွေရဲ့ ထောက်ခံမှုကိုရနိုင်ဖို့အတွက် ဘဏ္ဍာရေးဗဟိုဌာနတွေနဲ့လက်တွဲပြီး ဆောင်ရွက်ဖို့လိုကြောင်း ပြောကြားပါတယ်။

## တောင်ကိုရီးယားနိုင်ငံက ဒေါ်လာ ၁၄ ဘီလီယံရှိ စီးပွားရေးလှုံ့ဆော်အားပေးမှုအစီအစဉ်ကို ကြေညာ

တောင်ကိုရီးယားအစိုးရက မားစ်ရောဂါဖြစ်ပွားမှုကြောင့် တောင်ကိုရီးယားနိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ စားသုံးသူသုံးစွဲမှုတွေအပေါ် ယုံကြည်မှု ကျဆင်းစေခဲ့တဲ့အတွက် အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံရှိ စီးပွားရေး လှုံ့ဆော်တွန်းအားပေးမှုအစီအစဉ်ကို ဇွန် ၂၅ ရက်ကကြေညာပြီး စီးပွားရေးမြှင့်တင်ပေးဖို့ ဆောင်ရွက်ခဲ့ကြောင်း မလေးရှားအင်ဆိုက်ဒါးသတင်းမှာ ဖော်ပြပါတယ်။

တောင်ကိုရီးယားအစိုးရဟာ ယခင်လက ဗဟိုဘဏ်အတိုးနှုန်းတွေကို စံချိန်တင်အနိမ့်ဆုံးဈေးနှုန်းအထိ လျှော့ချပေးပြီးနောက်ပိုင်း (ဝမ်ငွေကြေးဖြင့် တွက်ချက်မည်ဆိုပါက ဝမ် ၁၅ ထရီလီယံရှိ) ဒီအစီအစဉ်ကို ကြေညာခဲ့တာဖြစ်ပါတယ်။ ဒီလိုကြေညာတဲ့ အချိန်မှာ ယခုနှစ်အတွက် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကိုလည်း လျှော့ချခန့်မှန်းခဲ့ပါတယ်။

အရှေ့အလယ်ပိုင်းအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်တဲ့ မားစ်ရောဂါ (Middle East Respiratory Syndrone-MERS) ဖြစ်ပွားမှုကို လျင်မြန်စွာထိန်းချုပ်နိုင်ရေးအတွက် အလျင်အမြန်ကြိုးပမ်းဆောင်ရွက်နေချိန်မှာ ယခုဆောင်ရွက်ချက်က အရေးပါလှကြောင်း ဘဏ္ဍာရေးဝန်ကြီး ချွိုင်ကျွန်းဟွန်ကပြောပါတယ်။

မားစ်ရောဂါဖြစ်ပွားနေကြောင်း မေလ ၂ဝ ရက်နေ့က ပထမဆုံးအကြိမ်အတည်ပြုပြီးနောက်ပိုင်း ဇွန်လ ၂၅ ရက်နေ့အထိပြုစုထားတဲ့ စာရင်းများအရ တောင်ကိုရီးယားနိုင်ငံမှာ မားစ်ဗိုင်းရပ်စ်ပိုးပျံ့နှံ့မှုကြောင့် လူ ၂၉ဦးသေဆုံးပြီး လူ ၁၅ ဦးရောဂါကူးစက်မှုခံခဲ့ရပါတယ်။ ယခုကဲ့သို့ ရောဂါပြန့်ပွားမှုမှာ ဆော်ဒီအာရေးဘီးယားနိုင်ငံပြီးလျှင် ဒုတိယမြောက်အဆိုးဆုံးဖြစ်ခဲ့ပါတယ်။

စီးပွားရေးပြန်လည်ဦးမော့လာမှသာ မားစ်ရောဂါအကျပ်အတည်းကို အောင်မြင်စွာကျော်လွှားနိုင်ပြီလို့ ပြောနိုင်မှာဖြစ်ကြောင်း ချွိုင်ကပြောကြားပြီး သုံးစွဲမှုကိုတိုးမြှင့်မပေးပါက စီးပွားရေးဖွံ့ဖြိုးမှုက ၃ ရာခိုင်နှုန်းအောက်မှာသာရှိနိုင်တယ်လို့လည်း သတိပေးပြောကြားပါတယ်။

# ဗီဖာရဲ့ ခြစားမှုအရှုပ်တော်ပုံကို အသက်သွင်းတော့မယ် ဘင်အက်ဖ်လက်နဲ့မတ်ဒမွန်

ပင့်ကူလူသားအဖြစ် ကမ္ဘာကျော်ခဲ့တဲ့ ဘင်အက်ဖ်လက်နဲ့ ကမ္ဘာကျော်မှုခင်း ဇာတ်လမ်းတွေနဲ့ သိပ္ပံဆိုင်ရာစွန့်စားခန်းတွေ၊ သည်းထိပ်ရင်ဖိုစွန့်စားခန်းတွေမှာ ပါဝင်ရိုက်ကူးနေတဲ့ဟောလိဝုဒ်ရဲ့ ကမ္ဘာကျော်မင်းသားနှစ်ဦးဟာ တစ်ကမ္ဘာလုံးက ဘောလုံးချစ်သူတွေ အံ့အားသင့်စေခဲ့တဲ့ ဖြစ်ရပ်တစ်ခုကို အသက်သွင်းဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။

ငယ်သူငယ်ချင်းနှစ်ဦးဖြစ်တဲ့ ဘင်နဲ့ မတ်တို့နှစ်ဦးဟာ ဗီဖာရဲ့ကွန်ကာကက်ဖ်ဇုန်ရဲ့ အထွေထွေအတွင်းရေးမှူးဖြစ်တဲ့ ချော့ဘလေဇာရဲ့ ထုတ်ဖော်ပြောပြမှုတွေကြောင့် ဗီဖာရဲ့ခြစားမှုအရှုပ်တော်ပုံကို စိတ်ဝင်စားလာခဲ့တယ်လို့ ဆိုပါတယ်။

ဘလေဇာကိုယ်တိုင်ကလည်း ၂၀၁၀ ကမ္ဘာ့ဖလားပွဲကို တောင်အာဖရိကနိုင်ငံမှာ ကျင်းပခွင့်ရဖို့အတွက် ဗီဖာအမှုဆောင်တွေ ၁၉၉၈ ခုနှစ်က မဲပေးစဉ်က လာဘ်ငွေပေးခဲ့ရတယ်လို့ ထုတ်ဖော်ပြောကြားခဲ့တာကြောင့် ဗီဖာရဲ့ ရာသက်ပန်ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ဖို့ စဉ်းစားနေတဲ့ ဆပ်ဘလတ္တာဟာ နှုတ်ထွက်သွားခဲ့ရပါတယ်။ အဲဒါကြောင့်လည်း သူတို့နှစ်ဦးဟာ ဒီခြစားမှုအရှုပ်တော်ပုံကို စိတ်ဝင်တစားနဲ့ ဇာတ်အဖြစ်ဖန်တီးဖို့ ဆုံးဖြတ်လိုက်တာဖြစ်ပါတယ်။

သူတို့နှစ်ဦးဟာ အမြဲလိုလိုလက်တွဲပြီး ဇာတ်လမ်းကောင်းတွေကို ဖန်တီးတတ်တာကြောင့် အခုသူတို့ဖန်တီးမယ့် ကမ္ဘာကျော်ခြစားမှုအရှုပ်တော်ပုံကြီးကို ရိုက်ကူးနိုင်ဖို့အတွက် ဝါနာဘရားသားစ်ရုပ်ရှင်ဖြန့်ချိရေးကုမ္ပဏီနဲ့ ချိတ်ဆက်နေတယ်လို့ ဆိုပါတယ်။

ဝါနာဘရားသားစ်ကုမ္ပဏီကလည်း မူအားဖြင့် သဘောတူညီထားပြီးဖြစ်သလို အဲဒီဇာတ်ကားကို အမည်ပေးဖို့ ဝါနာဘရားသားစ်ကုမ္ပဏီရဲ့ စတူဒီယိုခန်းထဲမှာ တိုင်ပင်နေကြတယ်လို့ ဟောလိဝုဒ်ရဲ့ သတင်းထောက်တစ်ဦးက ပြောကြားခဲ့ပါတယ်။

အဲဒီဇာတ်ကားကို ၂၀၁၇ ခုနှစ်မတိုင်ခင်မှာ ပြသနိုင်ဖွယ်ရှိတယ်လို့ ဆိုပါတယ်။



## ဟယ်ရီပေါ်တာဇာတ်လမ်းအသစ်ကို မျက်နှာစာဖွင့်လှစ်လိုက်တဲ့ ဂျေကေရိုးလင်း

ကမ္ဘာကျော် ဘက်ဆဲလားစာရေးဆရာမတစ်ဦးဖြစ်တဲ့ ဂျေကေရိုးလင်းဟာ သူ့ရဲ့အဓိကဇာတ်ကောင်တစ်ဦးဖြစ်တဲ့ ဟယ်ရီပေါ်တာဇာတ်လမ်းတွဲ အသစ်ကို လန်ဒန်မြို့ အနောက်ပိုင်းမှာ လာမယ့်နှစ်မှာ စတင် ပြသမယ်လို့ ထုတ်ဖော် ပြောကြားလိုက်ပါတယ်။




ဂျေကေရိုးလင်းက သူ့ရဲ့ထပ်မံ ထွက်ပေါ်လာမယ့် ဟယ်ရီပေါ်တာဆို တဲ့ဇာတ်ကောင်ဟာ စိတ်ကူးယဉ်ဆန်တဲ့ဇာတ်ကောင်မျိုး မဟုတ်ဘဲ တကယ့်ဇာတ်လမ်းအမှန်အတိုင်းကိုသာ ရေးသားထားတယ်လို့ သူ့ရဲ့တွစ်တာကနေ ပြောကြားလိုက်ပါတယ်။

"ကျွန်မ အခုရေးပြီးသွားတဲ့ဇာတ်လမ်းတွဲဟာ အရင်တုန်းက ရေးသလိုမျိုး စိတ်ကူးယဉ်အိပ်မက်ကမ္ဘာထဲကအရာတွေကို ရေးသားပုံဖော်ခဲ့တာမျိုး မဟုတ်ပါဘူး။ အခုတွေ့ရမယ့် ဟယ်ရီပေါ်တာဟာ တကယ့်အပြင်မှာလက်တွေ့ဖြစ်ပျက်နေတဲ့ဇာတ်လမ်းမျိုးကိုပဲ ရေးသားထားတာပါ"လို့ ဂျေကေရိုးလင်းက ပြောကြားခဲ့ပါတယ်။

သူ့ရဲ့ဟယ်ရီပေါ်တာဇာတ်လမ်းတွဲ အသစ်ကို Harry Porter and the Cursed Child လို့ အမည်ပေးထားတယ်လို့ ဆိုပါတယ်။ အဲဒီဇာတ်လမ်းမှာ ဟယ်ရီပေါ်တာရဲ့မိဘနှစ်ဦးစလုံးကို လူသတ်သမားတွေက ရက်ရက်စက်စက်သတ်ဖြတ်သွားခဲ့လို့ ဟယ်ရီပေါ်တာက ပြန်ပြီးလက်စားချေတဲ့ဇာတ်လမ်းမျိုးကို သူများနဲ့မတူတဲ့ပုံစံနဲ့ရေးသားဖွဲ့နွဲ့ထားတယ်လို့ ဆိုပါတယ်။

ဇွန် ၂၆ ရက်နေ့ဟာ သူ့ရဲ့ပထမဦးဆုံး စာအုပ်ထုတ်ဝေခဲ့တဲ့နေ့ဖြစ်တယ်လို့ ဆိုပါတယ်။ သူ့ရဲ့ပထမဦးဆုံးစာအုပ် ဖြစ်တဲ့ Harry Potter and the Philosohper'Stone ကို ယူနိုက်တက်ကင်းဒမ်းမှာ စတင်ဖြန့်ချိခဲ့တာ လွန်ခဲ့တဲ့ ၁၈နှစ်က ဖြစ်ပါတယ်။

## တေလာဆွစ်ရဲ့ ကောင်းမှုကြောင့် ကျန်တဲ့အဆိုတော်တွေကိုပါ ငွေပေးချေရတော့မယ့် Apple Music

အဆိုတော် တေလာဆွစ်ရဲ့ ကောင်းမှုကြောင့် ကျန်တဲ့အဆိုတော်တွေကိုပါ သီချင်းအသုံးပြုခွင့်အတွက် Apple Music က ငွေပေးချေရတော့မှာ ဖြစ်ပါတယ်။

အဆိုတော်တေလာဆွစ်ဖ်ဟာ ၁၉၈၉က ဆိုတဲ့ တေးသီချင်းအယ်လ်ဘမ်ကိုစတင်ထွက်ရှိခဲ့ပြီးနောက် အွန်လိုင်းကနေ ရောင်းချမှုဟာ စံချိန်တင်လောက်တဲ့ပမာဏကို ရောက်ခဲ့ပါတယ်။

Apple Music ဟာ ကမ္ဘာတစ်လွှားက အဆိုတော်တွေရဲ့ သီချင်းတွေကို Apple ကုမ္ပဏီရဲ့ လုပ်ငန်းခွဲတစ်ခုဖြစ်တဲ့ Apple Music Store မှာ လစဉ်ကြေး ပေးဆောင်ထားတဲ့ သူတို့ရဲ့ ဖောက်သည်တွေကို သုံးလ တိတိ အခမဲ့နားထောင်ခွင့်ပေးထားတာပဲ ဖြစ်ပါတယ်။

ဒါပေမယ့်လည်း အဆိုတော်မလေး တေလာဆွစ်ဖ်ကတော့ သူ့ရဲ့နောက်ဆုံးထွက်ရှိတဲ့ ၁၉၈၉ အယ်လ်ဘမ်ကို Apple Music Store မှာ အသုံးပြုခွင့်မပေးနိုင်ဘူးလို့ အတိအလင်းကြေညာခဲ့ပါတယ်။ တကယ်လို့ အသုံးပြုချင်တယ်ဆိုရင်တော့ သူ့ကို အဲဒီသီချင်းတွေအတွက် အခကြေးငွေပေးရမယ်လို့ သူက တောင်းဆိုလိုက်တာဖြစ်ပါတယ်။



"ကျွန်မအနေနဲ့ရိုးသားစွာ တောင်းဆိုတာပါ။ ဒါဟာ ကျွန်မတို့ အနုပညာသည်တွေအတွက် ရသင့်တဲ့အခွင့်အရေးပါ။ ကျွန်မရဲ့ အယ်လ်ဘမ်ဟာ ကျွန်မတို့ရဲ့အသက်ပါပဲ။ ရှင်တို့ရဲ့စိတ်တွေကို ပြောင်းပစ်သင့်နေပြီ Apple ရေ"လို့ သူ့ရဲ့တွစ်တာမှာ ရေးသားဖော်ပြခဲ့ပါတယ်။ တေလာဆွစ်ဖ်ရဲ့ အယ်လ်ဘမ်ဟာ အရောင်းရဆုံးအယ်လ်ဘမ်ဖြစ်ခဲ့ပြီး အမေရိကန်နိုင်ငံတစ်ဝန်းမှာပင် အချပ်ရေပေါင်း ၄ ဒသမ ၉သန်းကျော် ရောင်းချခဲ့ရပြီလို့ ဆိုပါတယ်။

## သူသာသမ္မတဖြစ်ရင် အိုဘားမားထက် ပိုသာအောင် လုပ်ပြမယ်လို့ ကြွေးကြော်လိုက်တဲ့ အာနိုးရှာဇင်ဂါ



ဟောလိဝုဒ်ရဲ့ ကမ္ဘာကျော်ဇာတ်လိုက်မင်းသားကြီးအာနိုးရှာဇင်ဂါက သူသာ သမ္မတဖြစ်ခဲ့မယ်ဆိုရင် အခုလက်ရှိ သမ္မတတာဝန်ထမ်းဆောင်နေတဲ့ ဘားရတ်အိုဘားမားထက် သာလွန်အောင် လုပ်ပြနိုင်မယ်လို့ ကြွေးကြော်လိုက်ပါတယ်။

သည်ဂါဗာနာ (The Gorvernor)လို့ လူသိများတဲ့ အသက် ၆၇နှစ်ရှိပြီဖြစ်တဲ့ မင်းသားကြီးအာနိုးဟာ ရီပတ်ဘစ်ကင်ပါတီဝင်တစ်ဦးဖြစ်ပြီး အမေရိကန်သမ္မတဟောင်းဂျော့ချ်ဘုလက်ထက်မှာ ကာလီဖိုးနီးယားပြည်နယ်ကနေ အမတ်အဖြစ် ဝင်ရောက်ရွေးချယ်ခံခဲ့ရာမှာ မဲအပြတ်အသတ်နဲ့ အနိုင်ရရှိခဲ့ပါ တယ်။

သမ္မတဘုရှ်လက်ထက်မှာ ၂၀၀၃ ခုနှစ်မှာရော ၂၀၀၆ ခုနှစ်မှာပါ ကာလီဖိုးနီးယားပြည်နယ်အတွက် ရွေးချယ်ခံခဲ့ရတာဖြစ်ပါတယ်။ ဒါပေမယ့် သူဟာ လက်ရှိသမ္မတ အိုဘားမားလက်ထက်မှာတော့ ဒီမိုကရက်တစ်ပါတီကသာ အနိုင်ရရှိသွားတဲ့အတွက် အာနိုးဟာ အမတ်မင်းဘဝကို စွန့်လွှတ်ခဲ့ရတာဖြစ်ပါတယ်။

မင်းသားကြီးအာနိုးက သူ့ရဲ့အန္တိမ ရည်မှန်းချက်က အမေရိကန်သမ္မတဖြစ်ရေးပါလို့ ဒေးလီးတယ်လီဂရပ်သတင်းစာကို ဖွင့်ဟပြောကြားခဲ့တာပါ။

"ကျွန်တော်သာသမ္မတဖြစ်ခဲ့ရင် အိုဘားမားထက်သာအောင် လုပ်ပြနိုင်ပါတယ်"လို့လည်း သူက ထပ်မံပြောခဲ့ပါသေးတယ်။

ဒါပေမယ့်လည်း သူ့အနေနဲ့ အမေရိကန်နိုင်ငံရဲ့သမ္မတဖြစ်ဖို့အခွင့်အရေး မရှိနိုင်ဘူးလို့ ဆိုပါတယ်။ သူဟာ အမေရိကန်နိုင်ငံမှာမွေးတဲ့ အမေရိကန်နိုင်ငံသားမဟုတ်ဘဲ သူ့ရဲ့ဇာတိချက်ကြွေမွေးရပ်မြေက ဩစတြေးလျနိုင်ငံဖြစ်နေလို့ပါလို့ ဆိုပါတယ်။

မင်းသားကြီးအာနိုးဟာ အမေရိကန်နိုင်ငံသားအဖြစ်ကို ၁၉၈၃ ခုနှစ်ကမှ ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီလိုအမေရိကန်နိုင်ငံသားအဖြစ်ကို ခံယူခွင့်ရပြီးမှ သမ္မတဘုရှ်လက်ထက်မှာ ကာလီဖိုးနီးယားပြည်နယ်ရဲ့လွှတ်တော်အမတ် ဖြစ်လာခဲ့တာပါ။

# KYAW YE WIN AUTO SERVICE CO., LTD.






လူကြီးမင်းတို့စိတ်တိုင်းကျ
ဝန်ဆောင်မှုပေးနေပါသည်။

No. 67/B, Pho Sein Street, Bahan Township, Yangon, (Myanmar).
Tel 01-8604416, 01-394682, E-mail : saoodmeah@gmail.com

COMMERCE INTERNATIONAL

# ဗီယက်နမ်ငါးမွေးမြူရေးလုပ်ငန်းက အပြည်ပြည်ဆိုင်ရာ စံနှုန်းများကိုအလေးထားလာ



ဗီယက်နမ်နိုင်ငံမှာ ငါးမွေးမြူရေးလုပ်ငန်း တိုးတက်ကောင်းမွန်ရေးအတွက် ရည်ရွယ်ပြီး ဗီယက်နမ်နိုင်ငံ ငါးလုပ်ငန်းဦးစီးဌာနနဲ့ ငါးမွေးမြူရေးလုပ်ငန်းကြီးကြပ်ရေး ကောင်စီ (Aquaculture Stewardship Council) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း VNS သတင်းမှာ ဖော်ပြပါတယ်။ အဲဒီလို ပူးပေါင်းဆောင်ရွက်ရေးအတွက် ဟန္နိုင်းမြို့မှာ ကျင်းပလျက်ရှိတဲ့ Responsible Business Forum ပထမနေ့ဖြစ်တဲ့ ဇွန်လ ၂၂ ရက်နေ့မှာ အဲဒီဌာနနှစ်ခုတို့ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။

နားလည်မှုစာချွန်လွှာအရ နှစ်ဖက်အဖွဲ့အစည်းတွေက ငါးမွေးမြူရေးလုပ်ငန်း အလေ့အကျင့်တွေကို တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ပြီး ဗီယက်နမ်နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Viet Gap) စံနှုန်းကနေ ASC အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်တဲ့အထိ တိုးမြှင့်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ငါးမွေးမြူရေးလုပ်ငန်းက ဗီယက်နမ် ငါးလုပ်ငန်းရဲ့ အဓိကကျတဲ့ အစိတ်အပိုင်းလေးခုအနက် တစ်ခုအပါအဝင်ဖြစ်ပြီး စုစုပေါင်းထုတ်လုပ်မှုရဲ့ ၆၀ ရာခိုင်နှုန်းထိပါဝင်ပါတယ်။

၂၀၂၀ ပြည့်နှစ်မှာ ဗီယက်နမ်ငါးမွေးမြူရေးလုပ်ငန်းဟာ ၇၀ ရာခိုင်နှုန်းအထိ မြင့်တက်လာလိမ့်မယ်လို့ ခန့်မှန်းထားကြောင်း ငါးလုပ်ငန်းဦးစီးဌာန အကြီးအကဲ ဖမ်းအန်းတူအန်က ပြောပါတယ်။

ငါးမွေးမြူရေးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက လယ်ယာစိုက်ပျိုးရေး အလေ့အကျင့်ကောင်းများ Viet Gap ကိုစတင်ချမှတ် ကျင့်သုံးခဲ့ပြီး ယခုနောက်ဆုံး ဆောင်ရွက်တဲ့အစီအစဉ်အရ တိုးတက်မှုတွေရရှိအောင် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ယခုကျင်းပတဲ့ ဆွေးနွေးပွဲမှာ Viet Gap စံနှုန်းတွေနဲ့ ASC စံနှုန်းတွေရဲ့ ကွဲပြားမှုတွေကို ညှိနှိုင်းဆွေးနွေးပြီး Viet Gap လက်မှတ်ရ လယ်သမားတွေကို ASC အသိအမှတ်ပြုလက်မှတ်ရ လယ်သမားတွေဖြစ်လာအောင် လမ်းပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**UNT**


Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

DATE : 29th June 2015

<< May And June Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.CITY OF MUMBAI V.19 | 1.55 | 1.90 | 2.20 | 3.50 | | | 8.5.2015 | 11.5.2015 | 10.5.2015 | 9.5.2015 | | | 19.5.2015 | 22.5.2015 | 30.5.2015 |
| | S/O CUT | | | | | | 4.5.2015 | 7.5.2015 | 6.5.2015 | 7.5.2015 | | | | | |
| MV.HOEGH CHENNAI V.13 | 1.55 | 1.90 | 2.20 | 3.50 | | | | | 23.5.2015 | 25.5.2015 | 22.5.2015 | 28.5.2015 | 5.6.2015 | 9.6.2015 | |
| | S/O CUT | | | | | | | | 19.5.2015 | 24.5.2015 | 18.5.2015 | | | | |
| MV.CITY OF MUMBAI V.20 | 1.55 | 1.90 | 2.20 | 3.50 | | | 8.6.2015 | 11.6.2015 | 10.6.2015 | 9.6.2015 | | | | 22.6.2015 | 30.6.2015 |
| | S/O CUT | | | | | | 4.6.2015 | 4.6.2015 | 6.6.2015 | 5.6.2015 | | | | | |
| MV.HOEGH CHENNAI V.14 | 1.55 | 1.90 | 2.20 | 3.50 | | | | | 25.6.2015 | 26.6.2015 | 24.6.2015 | | | 9.7.2015 | |
| | S/O CUT | | | | | | | | 21.6.2015 | 22.6.2015 | 20.6.2015 | | | | |
| MV.CITY OF MUMBAI V.21 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.7.2015 | 9.7.2015 | 10.7.2015 | | | 18.7.2015 | 22.7.2015 | 30.7.2015 |
| | S/O CUT | | | | | | | 4.7.2015 | 5.7.2015 | 6.7.2015 | | | | | |
| MV.HOEGH CHENNAI V.15 | 1.55 | 1.90 | 2.20 | 3.50 | | | | | 25.7.2015 | 27.7.2015 | 24.7.2015 | | 5.8.2015 | 9.8.2015 | |
| | S/O CUT | | | | | | | | 21.7.2015 | 23.7.2015 | 20.7.2015 | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ဘ်ပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။

Andaman Lines Sailing Schedule

July 2015 Sailings Schedule

Date : 29.6.2015

SAILING SCHEDULE FOR IMPORT

| VESSEL | VOYAGE | ETD/ETA | |
|---|---|---|---|
| | | RANONG | YANGON( AIPT ) |
| MV. JRS CARINA | RY-1507-018N | 2-Jul-15 | 4-Jul-15 |
| MV. JRS CARINA | RY-1507-019N | 9-Jul-15 | 11-Jul-15 |
| MV. JRS CARINA | RY-1507-020N | 16-Jul-15 | 18-Jul-15 |
| MV. MOONLIGHT | RY-1507-1VN | 20-Jul-15 | 23-Jul-15 |
| MV. JRS CARINA | RY-1507-021N | 22-Jul-15 | 25-Jul-15 |

SAILING SCHEDULE FOR EXPORT

| VESSEL | VOYAGE | ETD/ETA | |
|---|---|---|---|
| | | YANGON( AIPT ) | RANONG |
| MV. JRS CARINA | RY-1507-018S | 5-Jul-15 | 8-Jul-15 |
| MV. JRS CARINA | RY-1507-019S | 12-Jul-15 | 15-Jul-15 |
| MV. MOONLIGHT | RY-1507-1VS | 17-Jul-15 | 19-Jul-15 |
| MV. JRS CARINA | RY-1507-021S | 19-Jul-15 | 22-Jul-15 |
| MV. MOONLIGHT | RY-1507-2VS | 23-Jul-15 | 27-Jul-15 |

*Please note that above mention schedules will change with or without prior notice. You are kindly request to us for details ( arrival/departure ) time.
*Please note that cargos arrived into CY after closing time, loading of cargos and any cost incurred will not be our responsibilities.
*Cargo closing time is two days before departure.

Golden Land Express Ltd.
Dagon Center II,Pyay Road,No.268,Room 14 C,14th Floor.Sanchoung Township,Yangon,Myanmar.
Tel : +95 1 2305542,2306027,2306028
Fax : +95 1 2305543
Hot Line : +95 9 260996074 ,+95 9 5035797
Email : nephyu@goldenlandexpress.com ( Export / Import )
marketing-imp@goldenlandexpress.com ( Import Marketing )
marketing-exp@goldenlandexpress.com ( Export Marketing )
cs-import@goldenlandexpress.com ( Import Document )
cs-export@goldenlandexpress.com ( Export Document )
operation@goldenlandexpress.com ( Operation Department )

Business Development Manager : Ms.Nway Ei Phyu ( +95 9 253036301 )
Export/Import Dep : Mr.Thiha Thiek ( +95 9 261594515 )
Export/Import Dep : Mr.Soe Min Thu ( +95 9 260996073 )
Documentation and Customer Service Department :
Ms.Khin Swe Lwin ( +95 9 260996074 )
Operation Dep : Mr.Kaung Zaw ( +95 9 5202871 )

Agility Project Logistics
TransOffshore Logistics Pte Ltd
NCL INTERNATIONAL LOGISTICS PUBLIC COMPANY LIMITED
Dee Delight Maritime & Consultants Co Ltd